www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်သည် ပြည်သူလူထုအား မှုခင်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။ BURMESE CLASSIC

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com
စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ် ရှာဖွေ မဂ္ဂဇင်း 2014 JUNE

အတွဲ(၁)၊ အမှတ်(၉)

8 - JUN 2014

အယ်ဒီတာချုပ် - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

BURMESE CLASSIC

ထုတ်ဝေသူ
ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ
သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်
Min Group

ကွန်ပျူတာစာစီ
နေမျိုးအောင်

ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)



မျက်နှာဖုံးပုံ စာရေးဆရာ ထက်ထက်ဦးဝေ

ဖြန့်ချိရေး - ကန့်ကော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# JUNE 2014 CONTENTS




## ကဗျာ

မာန်အောင်မင်းနီ၊ ရာဇဖွား(မန္တလေး)၊
မိုးသောက်ကြယ်(မြို့သစ်)၊ မန်းစံရွှေ၊
ရဲဝဏ္ဏ၊ လေလှိုင်းစစ်သည်၊
ဆုမွန်ဦး(ဟသ်ာတ)၊ ရွှေနဝင်း(ပုသိမ်)

## ကာတွန်း

သူရိန်၊ ရာဇာသာစည်၊ အေကေ(အထက်မင်းလှ)
မောင်နေမွန်၊ ဟန်၊ ပေါက်ကျိုင်း၊ ကျော်ကျော်ဌေး
မြင့်သန်း(မဂ်လာဒုံ)

## ဆောင်းပါး

**ဝင်းသော်တာ(ဥပဒေ)**
သတိပြုဖွယ်လူကုန်ကူးမှုအန္တရာယ် ၂၃
**ရဲနောင်လင်း**
အမိန့်နာခံခြင်းနှင့် မနာခံခြင်း ၂၉

## တစ်ခန်းရပ်ဟာသ

ထက်ထက်(ဟာသ) ၁၂၉






www.burmeseclassic.com

www.burmeseclassic.com



## ဘာသာပြန်

ထဲက အနုပညာအကြမ်းဖက်မှုများ ၁၀၂
)
သတ်နှောင်း ရေကြောင်းကြမ္မာငင်မှုကြီး ၁၁၆

## တစ်မျက်နှာဝတ္ထု

)
ား ၁၄၀

## ရုပ်ရှင်မိတ်ဆက်

(သရုပ်ဆောင်)
ဆန့်သော တစ္ဆေမလေး ၁၀၈

## ဗေဒင်

ဝေဒသုတေသီတစ်ဦး

## သတင်း

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း





www.burmeseclassic.com

www.burmeseclassic.com

## မှုခင်းဝတ္ထုတို


**ထက်ထက်ဦးဝေ**
နွေအလွန် ၃၂
**တိုးမြင့်**
နှလုံးသားအိပ်မက် မေသက်ထားရွှေဆန္ဒ ၅၈
**သရက်တန်းစိုးရွှေ(မြစ်ငယ်)**
အရက်ကျွန်ဖြစ် နွံနစ်နီဒါန်း ၆၇
**နင်းစက်(လားရှိုး)**
ရှင်သန်ခြင်းအသချေ ၇၂
**ကိုမိုး(ရွှေပြည်သာ)**
ပြုသူအသစ်၏ အဖြစ်မရှိသောလှည့်ကွက် ၈၃
**နွေအလွန်**
သီးကုန်းအထွက် ၂၈၄ မိုင် ၉၀
**ကျွန်းစဉ်မြေဇာခက်**
အပူကြိုက်တဲ့ ပန်းမိုက် ၁၂၂
မီးလောင်တိုက်ထဲလွင့်မျောစေ
**ခင်မဦး**
ရှာပုံတော်ကောင်လေး ၁၃၃
**သီတာသန်းအောင်(မြင်းခြံ)**
အဆိုးအမှားအသွင်ကို ၁၄၂
အကျိုးတရားဖြင့်မြင်သော်
**ရွှေဘိုဘာမထီခင်အောင်**
ကံကြမ္မာလား ကျိန်စာလား ၁၅၀
**အောင်ကျော်ဇေ**
နောက်ဆုတ်မရတဲ့ ခြေလှမ်း ၁၅၆






BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# လှူခဲ့သည်ပဲ



BURMESE CLASSIC .com

() ညိုမှိုင်းရယ်ဝေ
တို့တိုင်းပြေ(ပြည်) တောင်စစ်ကိုင်းမှာလ
ရှုတိုင်းလေ ဘယ်ခါမရိုးအောင်ပ
ထူပါရုံ ဖြူဖြူဖွေးရယ်တို့
မြင်အာရုံ လွှမ်းကြည်နူးလို့ရယ်
ဖူးခဲ့သည်ပဲ။ ။

() တောင်သေလာ ဦးထိပ်များဆီက
ဆွမ်းဦးရှင် ပုည ဘုရားမှာဖြင့်
ဆွေသဟာ မိတ်အပေါင်းတို့နှင့်
ခညောင်းကာ မာလာပန်းကို
လှူခဲ့သည်ပဲ။ ။

ရစွား (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com




# အနုတ္တအကျွာအဝေးဆီသို့

၌ ဆည်းလည်းမပြည့် ကြေးစည်သံတိတ်
ကျေးငှက်လည်း နှုတ်ဆိတ်
ဝေးနေဆဲ ဟိုအတိတ်ဆီ
တရိပ်ရိပ်နဲ့ မြင်ယောင်မိဆဲ
ငါ့အသိထဲ။

၌ သွေးဖည်ကာ မကြင်နာမှုများ
ရင်နာလှ၊ ခုချိန်ထိ
ဆွေးမြည့်နေဆဲ အသည်းထဲမှာ
နှလုံးသားနဲ့ ရင်းရှုံသာ။

၌ ထုဆစ်ခဲ့ ဘဝပုံရိပ်အချို့
ငှံ့လျှို့ကာ ကွယ်ပျောက်ခဲ့အခိုက်တန့်
အဆုံးမဲ့ ဘဝပင်လယ်ထဲ
မဟာဇနက္ကဖွဲ့နဲ့ ကူးခတ်နေဆဲပါ။ ။



မိုးသောက်ကြယ် (မြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com





## အလှူခံ

✔ သူ့ကိုမြင်လျှင်၊ ပီတိရွှင်၏
ကြည်လင်မျက်နှာ၊ အေးချမ်းရှာပြီး
ဒါနကောင်းမှု၊ အစုစုတို့
ပြုဖို့အရေး၊ ညွှန်းဆိုသေးမို့
မနေးဆက်ဆက်၊ ပေးလှူခဲ့။
✔ လက်အုပ်ချီလျက်၊ ပြုံးပန်းဖက်ရင်း
နှုတ်ဆက်တတ်သော၊ သူ့သဘောကို
လိုလားအားရ၊ နှစ်သက်ကြ၍
လောကအလယ်၊ တုယှဉ်ဖွယ်ဟု
တကယ်ထင်ကြ၊ တဒင်္ဂ။
✔ ညနေအစောင်း၊ အချိန်နှောင်းလျှင်
အပေါင်းအဖော်၊ မသူတော်နှင့်
ပျော်၍နေရှာ၊ ယမကာဆိုင်
ချာလည်ထိုင်ရင်း၊ တေးသီချင်းစုံ
သံကုန်ဟစ်အော်၊ အလွန်ပျော်ကာ
သူတော်ကောင်းကြီး၊ ဇိမ်ခံပြီးလျှင်
ခရီးနက်ဖြန်၊ အလှူခံတွက်
ဆက်လက်ထွက်ရေး၊ အားသစ်မွေးသည်
ပေးကမ်းလှူသူ၊ သတိမူ။ ။

မန်းစံရွှေ

www.burmeseclassic.com

www.burmeseclassic.com



# သစ်တော သစ်ပင် ကျေးရူးရှင်

✦ တောတောင်မှိုင်းညို့
စိမ်းလို့ဖြင့်ဝေဆာ
တို့ကမ္ဘာ တစ်ခွင်လုံးမယ်
ရှင်ပြုံးသာယာ။


✦ သူတို့အလှ သူတို့ကမ္ဘာ
မျှယူကာ အေးချမ်း
တို့တစ်တွေ အတွေးရိပ်ဝယ်
ချွေးသိပ်လန်းဆန်း။

✦ ဘေးအန္တရာယ်
ကာကွယ်ဖို့မနှေး
နည်းမျိုးစုံသွေမတိမ်းအောင်
ထိန်းသိမ်းလို့ပေး။

✦ အရွက်မှသည်
ပင်စည်ထိ လူတို့သုံး
အမြစ်ပါမကျန်သေးတယ်
ဆေးဖက်ဝင်ဆုံး။

✦ ဤသို့မြော်မြင်
ကျေးရူးရှင်သစ်ပင်များ
ရှင်သန်အောင် စိုက်ကာပျိုးတဲ့
တို့ရဲ့ဘိုးဘွား။

✦ နောင်တစ်ခေတ်ထိဝယ်
ရည်ရွယ်ကာ စေတနာထား
စုပေါင်းညီညာလို့
ဝေဆာသည့်အရိပ်ရအောင်
ပျိုးထောင်ကာ စိုက်ပျိုးစို့
တို့တာဝန်များ။ ။



ရုံဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com





# ငါ

() မိုးမှာလည်း အချွန်နဲ့
ပထဝီမြေမှာ ထိုးဖောက်လာ၏။
မျှစ်မှာလည်း အချွန်နဲ့
ပထဝီမြေမှာ ထိုးဖောက်လာ၏။
ငှက်ပျောမှာလည်း အချွန်နဲ့
ပထဝီမြေမှာ ထိုးဖောက်လာ၏။
ပေပင်မှာလည်း အချွန်နဲ့
ပထဝီမြေမှာ ထိုးဖောက်လာ၏။
အားလုံးကိုယ်စီ
ဖူးကြ၊ ပွင့်ကြ၊ သီးမှည့်ကြ၏။

() မှိုပွင့်သည်လည်း ဖူးပွင့်သည့်ခါ
အမြစ်ကနုတ် ပင်လုံးပြုတ်၏။
မျှစ်ဝါးမှာလည်း သီးပွင့်သည့်ခါ
အမြစ်ကနုတ် ပင်လုံးပြုတ်၏။
ငှက်ပျောပင်လည်း သီးမှည့်သည့်ခါ
အရင်းမှခုတ် ပင်လုံးပြုတ်၏။
ပေပင်မှာလည်း သီးရင့်ကြွေခါ
တစ်သက်တာငုတ် ပင်လုံးပြုတ်၏။
အားလုံးတစ်ဘဝမှာ တစ်ခါသာတည်း။

() ဩော်.....
ဖြစ်နဲ့ပျက်ကြား
စက္ကန့်ခြားနေ
ကုဋေတစ်သိန်း
ချုပ်ငြိမ်းနေကြ
ဒီဘဝမှာ
"ငါ"ဆိုတာ ဘယ်မှာလဲ။ ။

လေလှိုင်းစစ်သည်

www.burmeseclassic.com

www.burmeseclassic.com




# အပူကြိုက်သူများ

+ အပူဆိုပဲ
လူထဲကိုတော့
ကမ္ဘာဦးကတည်းက ရောက်လာတယ်။

+ ပိုးဖလံ
အနိုးတလှုံ့လှုံ့နဲ့
လေးပေမီးချောင်းကိုတိုးဝှေ့။

+ အလင်းကအပူ
မီးချောင်းကအပူ
အမှောင်မကြိုက်
အလင်းကြိုက်သူ
အပူတွေစား
အစာပဲဝသွားကြတာလား
မီးချောင်းအစွန်းမှာချိတ်ဆွဲ
ကျွတ်ကျွတ်အိတ်မည်းမည်းထဲမှာတော့
ပြွတ်သိပ်ခဲ့လို့
သေပွဲဝင်နေ။ ။



ဆုမွန်ဦး (ဟင်္သာတ)

www.burmeseclassic.com

www.burmeseclassic.com



# အစိမ်းရောင်လွင်ပြင်၏ခြားနားခြင်း




() တောတောင်စိမ်းလန်း.....
လွင်ပြင်ဝှန်းမှ.....
အစိမ်းရောင်လမ်းကလေး.....
ကြည့်ရသူ ဘဝင်အေး.....မြင်ရသူငေး။
() မြရည်စိမ်းစိမ်း.....
သံလွင်စိမ်းက.....
ငြိမ်းချမ်းရေး.....
နိမိတ်ဆောင်.....အစိမ်းရောင်လင်းလက်ပြောင်။
() မလိုတမာအစိမ်းက.....
အချိုသကာမလိမ်းတဲ့.....
စိမ်းကားခြင်းဆောင်.....
နိမိတ်အရောင်.....စိမ်းမှောင်မှောင်။
အစိမ်းရောင်.....
လွင်ပြင်ထဲမှ.....
အစိမ်းရောင်များ.....ဘာလို့ကွဲပါလိမ့်။

ရွှေနဝင်း (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com



ဝင်းသော်တာ
(ဥပဒေ)

# သတိပြုဖွယ်လူကုန်ကူးမှုအန္တရာယ်

ယနေ့လူတွေသည် မိမိတို့၏ ဘဝရပ်တည်မှုအတွက် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှ ကြားဝင်အမြတ်ထုတ်လိုသူ လူပွဲစားများ၊ လူကုန်ကူးဂိုဏ်းများဆိုသည့် လူတန်းစားတစ်ရပ်ပေါ်ပေါက်လာပြီး ခေတ်သစ်ကျွန်စနစ်ဟုခေါ်သော လူကုန်ကူးမှုများ ပေါ်ပေါက်လာခြင်းသည် ကမ္ဘာ့သမိုင်းစောစောပိုင်းက ပေါ်ထွန်းခဲ့သော ကျေးကျွန်စနစ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ခန့်က ကွယ်ပျောက်သွားခဲ့ပြီး ၁၉၈၀ ပြည့်နှစ်အလွန်များတွင် ထို ကျေးကျွန်စနစ်သည် ခေတ်သစ်ကျေးကျွန်စနစ်အဖြစ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။

လူကုန်ကူးမှုပြဿနာသည် ယခုအချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းပျံ့နှံ့ဖြစ်ပွားလျက်ရှိပါသည်။ လူသားများအတွက် ခါးသီးဆိုးဝါးလှသော မှုခင်းတစ်ရပ်လည်းဖြစ်ပါသည်။ ဝိသမလောဘသားများက ဘဝရပ်တည်ရန် ခက်ခဲသူများကို သွေးဆောင်ဖြားယောင်းပြီး တစ်နိုင်ငံမှတစ်နိုင်ငံသို့ အုပ်စုဖွဲ့အရောင်း အဝယ်လုပ်ခြင်းဖြင့် ၎င်းတို့အတွက် အမြတ်အစွန်းရလွယ်သော စီးပွားရေးလုပ်ငန်းတစ်ရပ်ကဲ့သို့ ဖြစ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ကြီးမှူး နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလ မဂ္ဂကွန်ဗင်းရှင်း (CTOC)ကို အီတလီနိုင်ငံ၊ ပလာမို တွင် ပြုလုပ်ခဲ့ပါသည်။ ထိုကွန်ဗင်းရှင်းတွင် နောက် ဆက်တွဲစာချုပ်များဖြစ်သည့် TIP,SoM နှင့် Fair Arm တို့ ပါသည်။ ညီလာခံတွင် အတွင်းရေးမှူးချုပ် ကိုဖီအာ နံက "ကမ္ဘာမှာရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ် ၍ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးက ဝိုင်းဝန်းတိုက်ဖျက်" ဟု ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၄ နှစ်တွင် CTOC ကွန်ဗင်းရှင်းနှင့် သူ၏နောက်ဆက် တွဲစာချုပ်ဖြစ်သော TIP နှင့် SoM တို့တွင် ပူးပေါင်းဆောင် ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၅ ခုနှစ်တွင် TIP LAW ကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် CBTIP ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီးနှင့် အခြားဝန်ကြီးဌာနများ ပါဝင်ဖွဲ့စည်း သည်။ ထို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ များကိုလည်း ဖွဲ့စည်းသည့်အပြင် ရပ်ရွာအခြေပြုစောင့် ကြည့်ရေးအဖွဲ့များကိုပါ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိ သည်။

လူကုန်ကူးမှုများကို တားဆီးနှိမ်နင်းရန်အတွက် ၂၀၀၄ ခုနှစ်တွင် "လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့" (Anti-Trafficking Unit-ATU)ကို ဖွဲ့စည်းပြီး ၂၀၀၄ ခု နှစ်၊ ဇွန်လ (၃)ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင် (၄၀)ဦးနှင့် ATU ကို စတင်ဖွဲ့စည်းခဲ့သည်။ ATU လက်အောက်မှ ၂၀၀၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လူကုန်ကူးမှု တား ဆီးနှိမ်နင်းရေးအထူးအဖွဲ့ (Anti-Trafficking Task Force ATTF) ၂၆ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုအဖြစ်များ သော Hot Sport ဒေသများနှင့် နယ်စပ်ဒေသများတွင် အဓိကထား ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တားဆီးနှိမ်နင်းရေး အဖွဲ့များသည် CBTIP ၏ လမ်းညွှန်မှုနှင့် Prevention Prosecution, Protection နှင့် Capacity Building လုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့သည်။

ယနေ့ခေတ်တွင် လူသားများသည် မိမိရပ်ရွာကို စွန့်ခွာပြီး အခြားဒေသသို့ ရွှေ့ပြောင်းသွားလာအလုပ် လုပ်ကိုင်ခြင်း များပြားလာသည်။ အဖြေရှာကြည့်လျှင် မက်လုံးပေးသော စကားများကြောင့်ဖြစ်ပြီး မြို့ကြီးပြ ကြီး၊ နယ်စပ်ဒေများ၊ အခြားနိုင်ငံများတွင် အလုပ်အကိုင် ပေါများကြောင်း၊ အလုပ်သွားလုပ်သည့်သူများ အဆင် ပြေကြောင်း၊ မိဘနှင့် မိသားစုဝင်များကို ထောက်ပံ့နိုင် ကြောင်း စသည့်စကားများကို အယုံလွယ်ရာမှ ကြိုတင် မျှော်လင့်မထားသည့် အန္တရာယ်များ ကြုံတွေ့ရတတ် သည်။

ခရီးစဉ်အစတွင် ငွေနှင့်လှည့်ဖြား၍ ဝယ်ယူခံရခြင်း၊ လစာကောင်းသည့်အလုပ်ကောင်းရမည်ဟု အလိမ်ခံရ ခြင်း၊ တန်ဖိုးရှိသည့်ပစ္စည်းကို ပေးအပ်၍ မြှူဆွယ်ခံရ ခြင်း၊ သိမ်မွေ့သောစကားနှင့် ဖြားယောင်းသွေးဆောင် ၍ ခေါ်ယူခံရခြင်း၊ ကြွေးဖြင့်ချည်နှောင်ခံရခြင်းနှင့် အကြမ်းဖက်၊ ပြန်ပေးဆွဲခေါ်ဆောင်ခြင်းတို့ကို ကြုံတွေ့ ရနိုင်ပါသည်။

လမ်းခရီးတွင်လည်း အနေအထိုင်၊ အစား အသောက် ပင်ပန်းဆင်းရဲစွာဖြင့် ပုန်းရှောင်၍ သွားလာ ရခြင်း၊ အသက်အန္တရာယ် ကြုံရနိုင်ခြင်း၊ ခြိမ်းခြောက် ခြင်း၊ အတင်းအဓမ္မစေခိုင်းခြင်း၊ ပြောသည့်အတိုင်းမလုပ် လျှင် အဖမ်းခံရမည်ဟုလည်းကောင်း၊ ရဲလက်ထဲအပ် မည်ဟုလည်းကောင်း ခြိမ်းခြောက်ခံရခြင်း၊ အဓမ္မပြုခံရ ခြင်း၊ လိင်မှုဆိုင်ရာ အလွဲသုံးစားပြုခံရခြင်း၊ လက်ပြောင်း လက်လွှဲ ပြုလုပ်ခံရခြင်း၊ တစ်ဆင့်အရောင်းစားခံရခြင်း တို့ ကြုံတွေ့ရမည်မှာ ကောန်မလွဲပင်ဖြစ်ပါသည်။

လမ်းခရီးအဆုံးတစ်နေရာ၌ မိမိအားပြောထားသော လစာအတိုင်းမဟုတ်ဘဲ လစာကို လျှော့နည်းစွာရရှိခြင်း၊ (သို့)လုံးဝမရရှိခြင်း၊ အလုပ်ခွင်တွင် အသုံးအဆောင် ပစ္စည်းနှင့် စားစရိတ်များအတွက် ကျသင့်သည့်တန်ဖိုး ထက် အဆမတန်ပေးပြီး အကြွေးများဆပ်ရခြင်း၊ ပင် ပန်းဆင်းရဲစွာ လုပ်ကိုင်ရခြင်း၊ နှိပ်စက်ခံရခြင်း၊ လိင် မှုဆိုင်ရာ အလွဲသုံးစားပြုခံရခြင်း၊ ပိတ်လှောင်ခံရခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်ထုတ်ရောင်းစားခံရနိုင် ခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်ဆုံးရှုံးရခြင်း၊ HIV/AIDS ရောဂါကူးစက်ခံရခြင်းတို့ ကြုံတွေ့ရနိုင်ပါသည်။

ထို့ကြောင့် အခြားနေရာ၊ ဒေသ၊ နိုင်ငံများတွင်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ အလုပ်သွားလုပ်ရတော့မည်ဆိုလျှင် လမ်းခရီး အစ၊ အလယ်၊ အဆုံးတွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကိုကြိုတင်ကာကွယ်နိုင်အောင် ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုပါသည်။ မိမိသွားမည့်နေရာ၊ ဒေသ၊ နိုင်ငံ၏အကြောင်းကို အကြမ်းဖျင်းတော့ သိထားသင့်သည်။ဥပမာ အနေနှင့် မြေပုံ၊ လူနေမှုဓလေ့၊ အခြေခံဘာသာစကား၊ ယဉ်ကျေးမှုတို့ဖြစ်သည်။ မိမိ လက်ခံမည့်အလုပ်၏ အလုပ်ချိန်၊ လုပ်ငန်းသဘာဝ၊ လုပ်အားနှင့် လုပ်အားခပုံစံ၊ အလုပ်ခွင်တွင် ရသင့်ရထိုက်သော အလုပ်သမားခံစားခွင့်၊ ကျန်းမာရေး(သို့) အလုပ်ထွက်ချင်လျှင် မိမိနိုင်ငံသို့ ပြန်လာခွင့် ရှိ/မရှိ လိပ်စာ၊ ဖုန်းနံပါတ်နှင့် အလုပ်ရှင်၏နာမည်များကို မှန်မှန်ကန်ကန်၊ တိတိကျကျ သိထားသင့်ပါသည်။

မိမိသွားမည့်နေရာ၏ လူနေမှုဓလေ့၊ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း လေ့လာသင်ယူသွားသင့်ပြီး အိမ်မှာကျန်ခဲ့သည့် မိသားစုကို မိမိနှင့်ဆက်သွယ်၍ရမည့် အလုပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မိတ္တူကူးပြီး အစုံအလင်ထားခဲ့ပေးသင့်ပါသည်။ သို့မှသာ အရေးအကြောင်းရှိလျှင် မိမိကို ရှာဖွေဆက်သွယ်ရန် လွယ်ကူမည်ဖြစ်သည်။ လိုအပ်သည့် ခရီးသွားစာရွက်စာတမ်းများကိုလည်း မိမိနှင့်မကွာဆောင်ထားသင့်ပါသည်။ မိမိကို ကူညီပေးနိုင်မည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ လိပ်စာ၊ ဖုန်းနံပါတ်များကို ဆောင်ထားပါ။ အလွတ်ကျက်ထားနိုင်လျှင် အကောင်းဆုံးဖြစ်ပြီး နိုင်ငံ၊ ဒေသအလိုက် မည်သည့် Code နံပါတ်များနှင့် ခေါ်ဆိုရမည်ဆိုသည်ကိုလည်း ...ထားသင့်ပါသည်။

မိမိနှင့် အကျွ... တဝင်မရှိသောဘာသာ... စကားကိုပြောဆိုသ... ဒေသ၊ နိုင်ငံသို့သွ... မည်ဆိုလျှင် အ... ကိစ္စရှိခဲ့လျှင် အ... အညီတောင်း၍ရမ... စကားလုံးများကိုလ... ကြိုတင်သိထားသ... ပါသည်။ အချိန်မ... လျှင် စကားလုံးများ... စာရွက်တွင် ရေး... အသင့်ဆောင်ထား... သင့်ပါသည်။

လူကုန်ကူးမှုများအား ထိရောက်စွာအရေးယူနိုင်... ရန် ရည်ရွယ်ပြီး ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ... ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ... ပြဋ္ဌာန်းခဲ့ပါသည်။ မိမိကို ခေါင်းပုံဖြတ် အမြတ်ထုတ်... လူကုန်ကူးခံရပြီဆိုလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများ... အကူအညီတောင်း၍ရပါသည်။ ဥပဒေနှင့် အရေးယူ... ရပါသည်။ အရေးကြီးသည်မှာ သက်သေအထော... အထား ခိုင်လုံရန်တော့လိုပါသည်။ လူကုန်ကူးသူမှ... အတွက် ချမှတ်ထားသည့် ပြစ်ဒဏ်များမှာ ပြဋ္ဌာ... ဥပဒေပါ ပုဒ်မ ၂၈ အရ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျ... လွန်သူ၊ အုပ်စုဖွဲ့ကျူးလွန်ပါက အမြင့်ဆုံး ထောင်ဒဏ်... တစ်သက်နှင့် ငွေဒဏ် (သို့)ထောင်ဒဏ် အနှစ်(၂၀)န... ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်အရ လူကုန်ကူးမှုကို ကျ... လွန်ရာတွင် ကြီးလေးသောပြစ်မှုကိုပါ (ဥပမာ လူသ... မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါးမှု)ကျူးလွန်ပါက ထောင်ဒဏ်... (၁၀)နှစ်(သို့)ထောင်ဒဏ်တစ်သက်(သို့)သေဒဏ်အ... ချမှတ်ခံရမည်ဖြစ်ပါသည်။

အထက်ပါ လူကုန်ကူးမှုအန္တရာယ်များကို မိဘပြ...

www.burmeseclassic.com

လူကုန်ကူးခံရသူများအား ပြန်လည်ကယ်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ဘဝပြန်လည်ထူထောင်ခြင်းတို့မှာ လွန်စွာမှ အရေးကြီးသောအချက်များဖြစ်ပြီး လူကုန်ကူးခံရသူများမှာ မူလက အခြေအနေကောင်းမွန်သော်လည်း လူကုန်ကူးခံရပြီးနောက်ပိုင်းမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာများ ယုတ်လျော့အားနည်းလာခြင်း၊ စိတ်ကျရောဂါဖြစ်ပွားခြင်း၊ စိတ်ချောက်ချားခြင်း၊ ထိတ်လန့်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ တစ်ဆက်တည်းဆိုသလို ထိတ်လန့်ခြင်းကြောင့် အိပ်မပျော်သော ရောဂါဖြစ်ပွားနိုင်ပါက ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများလည်း ရရှိနိုင်ပြီး ကူးစက်ရောဂါများလည်း ခံစားရနိုင်ပါသည်။ ထို့ကြောင့် လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ပေးရန် လွန်စွာလိုအပ်ပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကို အဓိက တာဝန်ယူလျက်ရှိသည်။ လူကုန်ကူးခံရသူများနှင့် ပထမဆုံး တွေ့ဆုံရသူများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး ထိုသူတို့အတွက် နှစ်သိမ့်ဆွေးနွေးခြင်း၊ လိုအပ်သည်များ ကူညီပံ့ပိုးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ Victim များနှင့်ပတ်သက်ပြီး Victim ဟုတ်/မဟုတ် ခွဲခြားသတ်မှတ်ကာ အဆိုပါ Victim များကို ကူညီထောက်ပံ့ခြင်း၊ နေရပ်သို့ပြန်ပို့ပြီး မိသားစုနှင့်ပြန်လည်ပေါင်းစည်းပေးခြင်းများကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ UN အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ကတစ်ခုနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့(၂၃)ဖွဲ့ ဖွဲ့စည်းထူထောင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအထူးအဖွဲ့သည် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လူကုန်ကူးမှု (ရ၃၆)မှုကို ဖော်ထုတ်ခဲ့ပြီး တရားခံ(၂၀၅၅)ဦးအား အရေးယူနိုင်ခဲ့သည့်အပြင် လူကုန်ကူးခံရသူ(၁၃၀၀)ဦးကို ကယ်တင်၍ မိဘရပ်ထံသို့ ပြန်လည်အပ်နှံနိုင်ခဲ့ပါသည်။


လူကုန်ကူးမှုနှင့်ပတ်သက်၍ သတိပြုသင့်သည့် အချက်များလည်းရှိပါသည်။ "လူကုန်ကူးတယ်"ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ကလေးသူငယ်၊ အမျိုးသမီးများကိုသာ လူကုန်ကူးခံရသည်ဟု ထင်ကြပါသည်။ အမျိုးသားများလည်း လူကုန်ကူးခံရနိုင်ပါသည်။ နယ်ခြားသတ်မှတ်ခြင်းမရှိဘဲ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူကုန်ကူးမှုများ ဖြစ်ပွားပါသည်။ လူကုန်ကူးမှုသည် လူ့အခွင့်အရေးကို ဆိုးဝါးစွာ ချိုးဖောက်ခြင်းဖြစ်သည်ကို သတိပြုပြီး ကာကွယ်စောင့်ရှောက်မည်ဖြစ်ပါသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးကို နိုင်ငံတော်က ဘက်စုံ၊ ထောင့်စုံမှနေပြီး UNICEF,NGO,INGOS များနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေခြင်းကို UN နှင့် နိုင်ငံတကာမှ အသိအမှတ်ပြု လက်ခံခဲ့ပြီးဖြစ်ပါသည်။ ပြည်သူများအနေနှင့်လည်း တစ်ယောက်တစ်လက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် လူကုန်ကူးခြင်းဆိုသည့် အဖြစ်ဆိုးများ ပပျောက်သွားမည်ဖြစ်ပါသည်။ မိဘပြည်သူများအနေနှင့် မိမိတို့၏ အမျိုးအနွယ်များ ပျက်စီးခြင်းမဖြစ်ရလေအောင်၊ လူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းဆုံးရှုံးခြင်းများ မပေါ်ပေါက်ရလေအောင် ဝိုင်းဝန်းကာကွယ်ပါ၊ စောင့်ရှောက်ပါ၊ ဗဟုသုတဖြန့်ဝေပါဟု ပြောကြားချင်ပါသည်။ ယနေ့ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ကျင်းပပြုလုပ်နေသော အသိပညာပေးဟောပြောပွဲများကို ယခုထက်ပိုမိုပြီး လုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုပါသည်။

ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေကြသူများကလည်း သတိပြုစရာကောင်းသော လူကုန်ကူးမှုအန္တရာယ်များကို မိဘပြည်သူများအနေနှင့် သိရှိလောက်ပြီဟု ယူဆပါသည်။ ထို့ကြောင့် တစ်ရပ်တစ်ကျေးသို့ ခရီးမသွားခင် မည်သည်တို့ကို ဆောင်သင့်၊ ရှောင်သင့်သည်ဆိုသည်ကို သိလောက်ပြီဟု ယူဆမိပါသည်။

ဝင်းသော်ဇာ (ဥပဒေ...

www.burmeseclassic.com

# ရဲနောက်လေဒီ

## အမိန့်နာခံခြင်းနှင့် မနာခံခြင်း

စာရေးသူသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ နှစ်ပေါင်း ၃၅ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ရယူခဲ့ပါသည်။

၁၉၇၆ ခုနှစ်က ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း (ယခု ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)တွင် ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၀)တွင် တက်ရောက်ခဲ့ပါသည်။

မြန်မာပြည်အနှံ့ ကျေးရွာဒေသနေရာများ၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

စာရေးသူ၏ လုပ်သက်တစ်လျှောက်တွင် 'အမိန့်' နှင့်ပတ်သက်ပြီး အမိန့်နာခံခြင်း၊ မနာခံခြင်း အကြောင်း နှစ်ရပ်အနက် အမိန့်မနာခံခြင်း၏ ဆိုးကျိုး၊ အပြစ်များအား သာဓက၊ ဥပမာများဆောင်ကာ ရှင်းလင်းတင်ပြချင်ပါသည်။

ရဲတပ်ဖွဲ့သည် တပ်မတော်ကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ "အမိန့်" သည်လည်း တပ်ဖွဲ့၏ အဓိကကျောရိုးသဖွယ်ဖြစ်သည်။ အထက်ကပေးအပ်သောအမိန့်ကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းသည် မိမိ၏လုပ်ငန်းတာဝန်များကို ကျေပွန်ခြင်းဖြစ်သကဲ့သို့ သစ္စာရှိရာလည်းရောက်ပါသည်။

တစ်နည်းအားဖြင့် အမိန့်မလိုက်နာခြင်းသည် မိမိ၏ ဆောင်ရွက်ရမည့်တာဝန်ကို ပျက်ကွက်ခြင်းဖြစ်ပြီး တပ်ဖွဲ့အပေါ်၌ သစ္စာမဲ့ရာလည်းရောက်ပါသည်။

'အမိန့်'ဆိုရာတွင် ထာဝစဉ် လိုက်နာဆောင်ရွက်ကြရမည့် 'တည်မြဲ'အမိန့်များရှိသကဲ့သို့ လုပ်ငန်းပေါ်ပေါက်ချက်အရ အခြေအနေတစ်ရပ်ရပ်ကြောင့် လိုက်

www.burmeseclassic.com

www.burmeseclassic.com

နာရမည့် အမိန့်များလည်းရှိပါသည်။ အကြမ်းဖျင်းအားဖြင့် 'ဆောင်ရွက်ရန်'အမိန့်နှင့် 'တားမြစ်ခြင်း'အမိန့် နှစ် မျိုးရှိပါသည်။

စာရေးသူတို့ တပ်ဖွဲ့ဝင်များ နံနက်တိုင်း ရွတ်ဆိုနေကြသော သစ္စာအဓိဋ္ဌာန်လေးချက်၌ "အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပါမည်"ဟူသောအပိုဒ်တစ်ပိုဒ်ပါရှိပါသည်။

**<u>"တာဝန်"မှာ မိမိတို့ နေ့စဉ်ပြုမြဲတိုင်း၊ ဆောင် ရွက်နေကျကိစ္စရပ်များဖြစ်သော်လည်း "အမိန့်"မှာ တာဝန်ထက်ပိုပြီး လေးနက်ပါသည်။ ပိုကြီးလေးပါ သည်။ ပိုပြီးပြင်းထန်ပါသည်။ အချို့သောတပ်ဖွဲ့ဝင် များမှာ အမိန့်နှင့်တာဝန်ကို မကွဲပြားကြပါ။</u>**

"အမိန့်"အရ ဆောင်ရွက်ရာ၌ မိမိစိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ မိမိသဘောဆန္ဒနှင့် ကိုက်ညီသည်ဖြစ်စေ။ မညီသည်ဖြစ်စေ "သတ်မှတ်အချိန်ကာလ"ရှိသဖြင့် ထိုအချိန်၊ ကာလအတွင်း၌ ပြီးဆုံးအောင် ဆောင်ရွက်ကြရပါသည်။

စာရေးသူအနေဖြင့် မိမိအား အထက်မှပေးအပ်သော 'အမိန့်'များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါသည်။ ထို့အတူ မိမိလက်အောက်ရှိ တပ်ဖွဲ့ဝင်များအား အမိန့်ပေးစေခိုင်းရာတွင် တာဝန်ပျက်ကွက်မှုများတွေ့ရှိပါက မလွှဲမရှောင်သာ အရေးယူ၊ အပြစ်ပေးခဲ့ရသည့် သာဓကများ၊ ဖြစ်စဉ်များရှိခဲ့ပါသည်။

စာရေးသူ စခန်းမှူးတာဝန်ဆောင်ရွက်စဉ် ရဲစခန်းတစ်ခု၌ ညအချိန် လှည့်ကင်းဆောင်ရွက်ရန် ညဉ့်ဦးပိုင်းတန်းစီရာတွင် အမိန့်ပေးစေခိုင်းခဲ့ပါသည်။ ထိုည[…] နယ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ အရက်များမူးယစ်ပြီ[…] ရဲစခန်းအတွင်း ဆဲဆိုနေခဲ့ကာ လှည့်ကင်းထွက်ရန် တာဝန်လည်း ပျက်ကွက်ခဲ့ပါသည်။

အဆိုပါနယ်ထိန်း လှည့်ကင်းထွက်ရမည့်ရပ်ကွက်[…] ၌ ထိုညက နေအိမ်ဖောက်ထွင်းမှုကြီးဖြစ်ပြီး ငွေကြေ[…] ပစ္စည်းများစွာ ပါဆုံးခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍[…] အမိန့်မနာခံဘဲ တာဝန်ပျက်ကွက်သည့် တပ်ဖွဲ့ဝင်အာ[…] အရေးယူခဲ့ရပါသည်။ ၎င်းတစ်ယောက်တည်း အမိန့်[…] မနာခံ၊ တာဝန်ပျက်ကွက်မှုကြောင့် မိသားစုမှာ မြို့ပေါ်[…] ရဲစခန်းမှ ဝေးလံသော တောရွာအဆင့်ရှိ မြို့ကလေးသို့[…] ပြောင်းရွှေ့ခံခဲ့ရပါသည်။

တစ်ကြိမ်တွင်လည်း မိမိ၏လက်အောက် ရဲစခန်း[…] နယ်မြေအတွင်း၌ အချက်အချာကျပြီး လုံခြုံရေးအတွက်[…] အလွန်အရေးကြီးသော ရဲကင်းတစ်ခုရှိပါသည်။ ထို[…] ကင်း၌ ရဲတပ်ကြပ်ကြီးတစ်ဦး ခေါင်းဆောင်သည့် ၁+[…] အဖွဲ့တစ်ဖွဲ့ရှိပါသည်။

အဆိုပါ ရဲကင်းအဖွဲ့အား လက်နက်လည်း တ[…] ဆင်ထားပါသည်။ မြို့မီးလင်းရေးအတွက် ဓာတ်အာ[…] ဖြန့်ဖြူးပေးရာ ဓာတ်အားခွဲရုံလည်းဖြစ်သဖြင့် အရေ[…] ကြီးသောရဲကင်းဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုရဲကင်း[…] အား နေ့/ည လုံခြုံရေးတာဝန်ကို မိမိတို့ရဲတပ်ဖွဲ့ဝင်များ[…] မှ တာဝန်ယူဆောင်ရွက်ကြရပါသည်။

အထူးသဖြင့် လုံခြုံရေးအတွက် အရေးကြီးသော[…] ညအချိန် ကင်းသမားများ နိုးကြားစွာရှိရေး၊ လက်နက်[…] ခဲယမ်းများ လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ကြ[…]

**မိမိလက်အောက်တပ်ဖွဲ့ဝင်များအား မိမိတာဝန်အရ အရေးယူဆောင်ရွက်ခဲ့ရသော်လည်း မုန်းစိတ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါ။ မျိုးဆက်သစ်ရဲတပ်ဖွဲ့ဝင်များ အမိန့်နာခံခြင်းဖြင့် အောင်မြင်မှုများရကြပါစေဟု ဆန္ဒပြုရင်း ..**

www.burmeseclassic.com

www.burmeseclassic.com



ရန် မိမိအနေဖြင့် အသေးစိတ်မှာကြားထားပါသည်။ ထို့ပြင် လိုက်နာဆောင်ရွက်ရန်၊ ရှောင်ကြဉ်ရန် "တည်မြဲအမိန့်"များကိုလည်း ရဲကင်း၌ ချိတ်ဆွဲထားစေခဲ့ပါသည်။

ထိုရဲကင်းအား မိမိနှင့် လက်အောက်အရာရှိများမှ အချိန်မရွေး ဝင်ရောက်စစ်ဆေးခဲ့ကြပါသည်။ တစ်ညသ၌ မိမိကိုယ်တိုင် ညဥ့်နက်ပိုင်းကင်းစစ်ဆေးခြင်းကိုပြုလုပ်ရာ ကင်းမှူး ရဲတပ်ကြပ်ကြီးနှင့် ကင်းသားများမှာ ကင်း မစောင့်ဘဲ အားလုံးအိပ်ပျော်နေကြပါသည်။ တာဝန်ကျ ကင်းသမား၏လက်နက်ကို မိမိမှ လျှို့ဝှက်စွာ သိမ်း ဆည်းယူဆောင်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ထိုဖြစ်စဉ်အား အထက်အဆင့်ဆင့်သို့ တင်ပြခဲ့ရာ ၎င်းရဲတပ်ကြပ်ကြီးမှာလည်း မြို့ပေါ်ရဲစခန်းမှ အခြားဝေးလံသော ရဲစခန်းသို့ ပြောင်းရွှေ့အပြစ်ပေးခြင်းခံရပါသည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုမှာ စာရေးသူ ပြည်နယ်တစ်ခု၌ တာဝန်ထမ်းဆောင်နေစဉ်ကဖြစ်ပါသည်။ စာရေးသူမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦးဖြစ်ပြီး မြို့နယ်၏ အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်သဖြင့် ကျေးရွာများမှ ဥက္ကဋ္ဌ(ယခု အုပ်ချုပ်ရေးမှူး)များနှင့်လည်း အမြဲတွေ့ဆုံဆက်ဆံရသူဖြစ်ပါသည်။ ၎င်းတို့နှင့်ရင်းနှီးသဖြင့် မကြာခဏ မြို့နယ်အတွင်းရှိ ထူးခြားသောသတင်းများကိုလည်း လက်ခံရရှိလေ့ရှိပါသည်။ တစ်နေ့တွင် ကျေးရွာတစ်ရွာမှနွားများ တစ်ဖက်နိုင်ငံသို့ စက်လှေကြီးတစ်စီးဖြင့် မှောင်ခိုရောင်းဝယ်ရန် ထွက်ခွာမည်ဖြစ်ကြောင်း နေ့ရက်၊ အချိန်တို့ကို တိကျစွာ သတင်းရရှိခဲ့ပါသည်။

အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ မိမိနိုင်ငံမှ ခိုင်းကျွဲ၊ နွားများ တစ်ဖက်နိုင်ငံသို့ တရားမဝင် ခိုးထုတ်ရောင်းချနေခြင်းမှာ တရားဥပဒေနှင့်လည်း မညီညွတ်ပါ။ မိမိအနေဖြင့် သတင်းရရှိသောနေ့မှာပင် သက်ဆိုင်ရာ နယ်ထိန်းအဖွဲ့နှင့် ခေါင်းဆောင်ဖြစ်သူ ဒုရဲအုပ်အား ခေါ်ယူခဲ့ပါသည်။

ရရှိသောသတင်းပေါ်တွင် အခြေခံကာ နယ်ထိန်းအဖွဲ့အား ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို မိမိ၏ရုံးခန်း၌ (လျှို့ဝှက်)တွေ့ဆုံကာ လမ်းညွှန်မှာကြားခဲ့ပါသည်။ ထိုသို့မှာကြားရာတွင် မိမိ၏ပစ်မှတ်ဖြစ်သော 'စက်လှေ' ထွက်ရာလမ်းကြောင်းနှင့် ကင်းပုန်းဝပ်စောင့်ဆိုင်းရမည့် နေရာများအား မြေပုံနှင့်တကွ အသေးစိတ် (မိမိကိုယ်တိုင်)ရှင်းလင်းပြသပြီး နယ်ထိန်းအဖွဲ့အား ညတွင်းချင်း အဆိုပါရွာသို့ စက်လှေတစ်စီး(လက်နက်အပါအဝင်)ဖြင့် စေလွှတ်ခဲ့ပါသည်။

နောက်တစ်နေ့ နေ့လယ် ၁၁ နာရီခန့်တွင် ၎င်းတို့အဖွဲ့ ပြန်လည်ရောက်ရှိလာကြပြီး နွားများမှောင်ခိုသယ်ဆောင်သည့် စက်လှေအား ဖမ်းဆီးရရှိခြင်းမရှိကြောင်း မိမိထံ သတင်းပို့ခဲ့ပါသည်။

နောက်သုံးရက်ခန့်အကြာတွင် မြို့နယ်အစည်းအဝေးသို့ တက်ရောက်လာသော အဆိုပါကျေးရွာမှ ကျေးရွာဥက္ကဋ္ဌ(ယခုအုပ်ချုပ်ရေးမှူး)၏ သတင်းပေးချက်အရ မိမိတပ်ဖွဲ့ဝင်များမှာ နွားမှောင်ခိုသူများအား ဖမ်းဆီးခြင်းမပြုဘဲ ငွေကျပ် (––)ရယူပြီး ပြန်သွားကြကြောင်း မိမိထံ သတင်းပေးပို့ခဲ့ပါသည်။

မိမိအနေဖြင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံးသို့ အဆင့်ဆင့်သတင်းပေးပို့ တင်ပြခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ထိုဖြစ်စဉ်မှ အဓိကတာဝန်ရှိသူ ဒုရဲအုပ်နှစ်ဦးမှာ ချင်းပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရပါသည်။

ထိုဖြစ်စဉ်မှာ မိမိအထက်မှပေးအပ်သော အမိန့်နှင့်တာဝန်အား မကျေပွန်သည့်အပြင် မိမိ၏တပ်ဖွဲ့နှင့် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်မှုလည်းဖြစ်ပါသည်။

စာရေးသူအနေဖြင့် မိမိလုပ်သက် (၃၅)နှစ်ကျော်ကာလ၌ မိမိအား အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သဖြင့် အပြစ်ပေး အရေးယူခံရခြင်းမရှိပါ။ ဆုငွေများနှင့် ရဲချုပ်၏ နာမည်ကောင်းလက်မှတ်များသာ ရရှိခဲ့ပါသည်။

မိမိလက်အောက် တပ်ဖွဲ့ဝင်များအား မိမိတာဝန်အရ အရေးယူဆောင်ရွက်ခဲ့ရသော်လည်း မုန်းစိတ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါ။ မျိုးဆက်သစ် ရဲတပ်ဖွဲ့ဝင်များ 'အမိန့်'နာခံခြင်းဖြင့် အောင်မြင်မှုများ ရကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသည်။

မေတ္တာဖြင့်
ရဲနောင်လင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**"ဒေါက်တာနွေအလွန်**
**M.B.,B.S (Ygn)"**

ပြောင်လက် အရောင်တောက်နေသော ကျွန်းသားလေးပေါ်ရှိ အမည်လေးကို တစ်စုံတစ်ယောက်မှ အသံထွက်ရွတ်ဖတ်နေသံကို ဆေးခန်းထဲတွင် လူနာစမ်းသပ်နေရင်းမှ ကျွန်မ ကြားလိုက်မိ၏။ ထို့ကြောင့် ရှေ့ဆက်ပြောလာသည့် စကားများက နားထဲသို့ အလိုလို ဝင်ရောက်လာကြတော့သည်။

"နာမည်လေးက ဆန်းတယ်နော်"

"အစ်မက ဒေါက်တာ့ဆေးခန်းကို တစ်ခါမှ မလာဖူးဘူးလား"

"အခုမှအိမ်ပြောင်းလာတာလေ၊ လမ်းမကြီးရဲ့ အတွင်းလမ်းမှာပါ။ ဒီဆေးခန်းရောက်တိုင်း ဒေါက်တာ့အမည်ဆန်းလေးကို နေ့တိုင်းမြင်နေရပေမယ့် ခုလို ဖျားနာမှပဲ ရောက်လာမိတာ"

"ဩော်.....ဩော်၊ ဒါဆို ဒေါက်တာ့ကိုတွေ့ရင် ဒီ့ထက်တောင် အံ့သြသွားရဦးမှာ၊ ချောလည်းချော၊ သဘောလည်းကောင်းတယ်"

"ဟုတ်လား၊ မြင်တွေ့ချင်လိုက်တာ"

ဆေးခန်းလာ အမျိုးသမီးနှစ်ဦး၏ အသံများပဲဖြစ်ကြသည်။ သည်လိုပါပဲ။ တချို့က ကျွန်မ၏အမည်လေးကိုတွေ့သည်နှင့် စူးစမ်းလိုသူများ။ တစေ့တစောင်း အကဲခတ်သူများနှင့်လည်း ကြုံဖူးပါ၏။ တချို့ဆို ရောဂါမရှိ ရောဂါရှာပြီး ရောက်လာသူများလည်းရှိကြသည်။

"ဒါတင်ဘယ်ကမလဲကွယ်၊ ဆရာဝန်မလေးက စေတနာလည်းပါတယ်၊ သက်ကြီးရွယ်အိုတွေဆို ဆေးဖိုးတောင်ယူတာမဟုတ်ဘူး။ ဒီခေတ်ကြီးထဲမှာ ဒီလိုစေတနာဆရာဝန်မျိုးက ရှားပါးသွားပြီလေ"

စောစောကအသံရှင်များ မဟုတ်တော့ပေ။ သူတို့၏အနီးအနားရှိ အမျိုးသမီးလူနာတစ်ဦးဦးထံမှပဲ ဖြစ်ပါလိမ့်မည်။ ကျွန်မနှင့် ပတ်သက်ပြီးပြောလာသော စကားများကို တိုက်ရိုက်ကြားနေရ၍ ကျေနပ်ပီတိဖြစ်မိခြင်းထက် ကျွန်မ၏ စိတ်သန္တာန်ကို သိမြင်ကြခြင်းကြောင့် စိတ်ချမ်းမြေ့မိသည်ကိုတော့ မငြင်းနိုင်ပါ။ ကိုယ်တတ်မြောက်ထားသည့် ဆေးပညာဖြင့် တတ်အားသရွေ့ ကုသိုလ်ဒါနပြုနေခြင်းကို သက်ဆုံးတိုင် လှူဒါန်းနေပါမည်။

ကျွန်မ၏ဆေးခန်းလေးသည် လူကုံထံများ အရောက်များသော နေရာမျိုးတော့မဟုတ်ပါ။ အေးချမ်းသောရပ်ကွက်လေးအတွင်းရှိ ဆိတ်ငြိမ်သောနေရာမျိုးတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။ သည်နေရာလေးကို အဘယ်ကြောင့် ကျွန်မ ရွေးချယ်ခဲ့မိပါလိမ့်။ ရပ်ကွက်ဆိုသော်လည်း ဆူညံခြင်းကင်းမဲ့ပြီး အေးချမ်းသည့်နေရာလေးပဲဖြစ်ပါ၏။ ကျွန်မအဖို့ လူသိများနိုင်သော၊ ငွေရလွယ်ကူသော နေရာမျိုးတွင် ဆေးခန်းထိုင်ခဲ့ဖူးသည်။ သို့ပေမယ့် ကျွန်မစိတ်က ငွေထက် စိတ်ချမ်းသာမှုကိုသာ အဓိကထားတတ်သည့်အတွက် စိတ်ကျဉ်းသည့်နေရာမှ ရုန်းထွက်လာသူမှန်း မည်သူမျှ မသိခဲ့ကြပေ။

---

ကျွန်မဘဝထဲ
ဝင်ရောက်လာသော
ယောကျာ်းများသည်
အဘယ်ကြောင့်
ကျွန်မထက်ပိုသော
သံယောဇဉ်တွေ
ရှိထားခဲ့ကြပါသနည်း။
ဘာကြောင့်များ
ကျွန်မကိုမှ သူတို့
သဘောကျနှစ်မြို့က်ခဲ့သလဲ
ဆိုသည်ကို
မစဉ်းစားတတ်တော့ပေ
...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏တစ်ချိန်က လုပ်ဖော်ကိုင်ဖက်များကပင် ထိုနေရာလေးကို မသိခဲ့ကြ။ သိခဲ့လျှင်လည်း အပြစ်ပြောကြမည်ထက် ကျွန်မကို ကဲ့ရဲ့ရှုတ်ချသော စကားများသာ ကြားရပါလိမ့်မည်။

လူနာခုတင်ပေါ်ရှိ အမေအိုကို ဆေးထိုးပေးပြီးချိန်တွင် အရိုးပေါ်အရေတင်နေသော တင်ပါးလေးကို ဂွမ်းစဖြင့်ပွတ်ချေပေးမိသည်။ အမေအိုမှာ ကျွတ်နေသောထဘီအား မဝတ်နိုင်သေးပေ။ ခုတင်ထက်မှ လူးလဲထကာ အတွင်းခံအကျီအိတ်ညစ်ညစ်လေးထဲမှ တစ်စုံတစ်ခုကို နှိုက်နေရှာ၏။ ကျွန်မ၌ အကူမရှိ။ လူနာများလာလျှင် အိမ်ရှင်မှ လာရောက်အကူအညီပေးတတ်၏။ အမေအိုအတွက် သောက်ဆေးများ စီစဉ်ပြီး ဆေးတိုက်ရန် အမေအိုနှင့်အတူပါလာသည့်မိန်းကလေးကို ညွှန်ကြားရ၏။

"စက္ကူအိတ်ပေါ်မှာ နံနက်၊ နေ့လယ်၊ ညလို့ ရေးထားတယ်နော်၊ အိမ်မှာ လူကြီးတွေရှိတယ်မဟုတ်လား၊ သူတို့ကိုပြပြီးမှ ဆေးတိုက်ပါ"

ရှစ်နှစ်အရွယ် ကလေးငယ်လေးမှာ ခေါင်းလေးအသာညိတ်ပြရှာသည်။ ကစားရာမှ ခေါ်လာခဲ့သည်လားမသိပေ။ ကလေးငယ်၏ တစ်ကိုယ်လုံးတွင် ညစ်ပေနေလေ၏။ ကလေး၏မျက်နှာပေါ်တွင် ဘွားအေအတွက် စိုးရိမ်သည့် အရိပ်အယောင်လေးများကို တွေ့မိသည်။ မြေးနှင့်ဘွားအေ၏ အပြန်အလှန်မေတ္တာများပါတကား။

"သမီးရဲ့အဘွားအတွက် စိုးရိမ်စရာမရှိပါဘူးကွယ်၊ ဒီဆေးတွေသာ အချိန်မှန်မှန်တိုက်၊ အားရှိမယ့်အစာကိုကျွေး၊ အမြန်ဆုံးနေကောင်းလာလိမ့်မယ်နော်"

"ဘွားဘွားကို ဘယ်လိုအစာမျိုး ကျွေးရမှာလဲဟင်၊ သမီးက ကောင်းကောင်းကျွေးချင်ပေမယ့် ဆေးဖိုးတောင် အနိုင်နိုင်ပါ"

နွမ်းပါးသောမိသားစုဘဝလေးတွင် အာဟာရချို့တဲ့သောရောဂါဖြစ်ကြရပါလား။ သူတို့၏စိတ်ထဲတွင် ဆေးခန်းပြဖို့အတွက် ရင်လေးစရာ မဖြစ်စေချင်ပါ။ ငွေစက္ကူနွမ်းနွမ်းလေးများကို အမေအို၏လက်ထဲသို့ ပြန်ထည့်ပေးလိုက်ပြီး.....

"ဒီငွေနဲ့ အာဟာရဖြစ်မယ့် အစားအစာကို ဝယ်စားပါ အမေ၊ ဆေးဖိုးငွေ ပေးစရာမလိုပါဘူး၊ သမီးကုသိုလ်ယူချင်လို့ပါ၊ မနက်ဖြန်လည်း လာပြပါနော်"

"သာဓုကွယ်...သာဓု..သာဓု"

မျက်ရည်လေးတစမ်းစမ်းနှင့် အမေအို၏ သာဓုခေါ်သံလေးသည် ကျွန်မ၏ခန္ဓာကိုယ်တွင်းမှ အသွေးအသားများပင် စိမ့်ခနဲဖြစ်ရလောက်အောင် ခံစားသွားရပါပြီ။ ကျွန်မ၏ ဆေးဒါနကုသိုလ်ပြုလိုက်ရခြင်းအတွက် ပီတိများစွာ ဖြစ်မိရသည်။ အမေအိုကို ခုတင်ပေါ်မှ အသာတွဲချပြီးနောက် ဆေးခန်းအပြင်မှ ဆိုက်ကားပေါ်ထိ လိုက်ပို့ပေးလိုပေမယ့်...

"ကျွန်မ တွဲပို့ပေးပါ့မယ် ဒေါက်တာ"

ဆေးခန်းလာသော အမျိုးသမီးတစ်ဦးက ကူညီပို့ဆောင်ပေ ရန် ပြောလာ၍ အမေအိုသည် ကျွန်မကိုနှုတ်ဆက်ပြီး ဆေးခန်း မှ တရွေ့ရွေ့ပြန်လည်ထွက်ခွာသွ ရှာ၏။ ထိုမြင်ကွင်းကိုကြည့်၍ကြ နူးမိသော်လည်း ကြာရှည်ရပ်မကြ နိုင်ပါ။ အခြားလူနာများအတွ အချိန်ပေးရပါဦးမည်။ ထို့ကြော နောက်တစ်ဦးအား ခေါ်လိုက်မိ အပြင်တွင် သုံးဦးသာကျန်ပါတေ သည်။ သူတို့ပြီးလျှင် တိုက်ခ လေးသို့ပြန်ရန်သာရှိပါ၏။

နောက်ဆုံးလူနာမှာ မိ ကလေးဖြစ်ပြီး အဖော်ပါလာသ ဆေးခန်းလေးထဲ တွဲပို့ခေါ်လ သည်။ လူနာ၏အခြေအနေကို စမ်းပြီးနောက်

"ဘာဖြစ်လဲ"

"ဗိုက်ထဲကအောင့်တယ အစာစားပြီးတိုင်း ပြန်အန်တယ ဒေါက်တာ"

"အရင်ကဖြစ်ဖူးလား"

"ဟင့်အင်း"

မိန်းကလေးကို ခုတင်ပေ တက်ခိုင်းပြီး စစ်ဆေးကြည့်မိ ဗိုက်ကိုစမ်းသပ်ပြီး လုပ်ဆောင်စ များကို သွက်လက်စွာ မေးမြ ကုသရတော့သည်။ လူနာရှင်မိ ကလေးမှာ ကျွန်မ မေးမြန်းသမျှ ပြန်လည်ဖြေဆိုနေသလို ကျန်တ ယောက်က နားထောင်ကာ ငြိ စွက်ဝင်ပြောပြ၏။

"အိမ်မှာ ချဉ်ပေါင်ဟင်းချ တာ စားတယ် ဒေါက်တာ၊ မနက က လက်သုပ်စုံနှစ်ပွဲ စားခဲ့သေ

www.burmeseclassic.com

www.burmeseclassic.com




ဘုရင့်နောင်၏
နောင်ရိုးတိုက်ပွဲသည်
သမိုင်းတွင်
ကျန်ရစ်ခဲ့သလို
ကျွန်မနလုံးသားတွင်လည်း
ကမ္ဗည်းတင်
ကျန်ရစ်ခဲ့ရသည်
...

တယ်၊ နေ့လယ်မှာ လက်ဖက်သုပ်ချဉ်ငံစပ် သူကိုယ်တိုင် သုတ်စားခဲ့တာ''

"ဟုတ်တယ်လေ၊ အချဉ်တွေများသွားတော့ အစာအိမ်ကအချဉ်ပေါက်သွားတာပေါ့ကွယ်၊ စိုးရိမ်စရာမရှိပါဘူး၊ နောင်ကိုသာ အစားမများစေနဲ့ပေါ့ ညီမရယ်၊ အစာအိမ်ဆိုတာမျိုးက နည်းနည်းမှ အတိမ်းအစောင်းခံတာမဟုတ်ဘူး၊ အထူးသဖြင့် မာတဲ့အစာနဲ့ အချဉ်မျိုးကို ရှောင်ကြဉ်ပါ''

"ဟုတ်ကဲ့၊ ကျွန်မ ဆင်ခြင်ပါ့မယ်''

လူနာတွေသည် ဆရာဝန်၏ ရှေ့တွင်တော့ ကတိကို လွယ်လွယ်ပေးတတ်ကြသည်။ ဆရာဝန်၏ ကွယ်ရာရောက်သည်နှင့် မဖြစ်တန်ရာပါဘူးလေဟု ယူဆပြီး ဖြစ်လာမှ ဆေးခန်းသို့ ပြေးလာကြသူများပင်။

"အလကားပြောနေတာ ဒေါက်တာ၊ အိမ်ရောက်ရင် တွေ့ကရာ လျှောက်စားဦးမှာ''

ညီမဖြစ်သူအား ရိုက်ဟန်ပြုပြီးမှ အားတုံ့အားနာ ဖြစ်သွားရှာပါ၏။ ကျွန်မ လုပ်ဆောင်သမျှကို ငေးကြည့်ပြီး တိတ်ဆိတ်သွားကြပြန်သည်။

"မနက်ဖြန် လာရဦးမလား ဒေါက်တာ''

"ဆေးတစ်လုံးထိုးပေးပြီးပြီ၊ သောက်ဆေးနဲ့လုံလောက်လို့ ပျောက်သွားရင် မလာနဲ့တော့လေ၊ ပြီးတော့ ပြောစကားနားထောင်ရင် ရောဂါက မြန်မြန်ပျောက်မှာပေါ့နော်''

မိန်းကလေးနှစ်ဦးမှာ ကျွန်မ၏စကားကို နားလည်စွာဖြင့် ပြုံးနေရှာလေသည်။ အပြင်တွင်လည်း လူရှင်းသွားလေပြီ။ သောက်ဆေးပေးပြီး လိုအပ်သမျှကို မှာကြားရ၏။ ပြီးလျှင် ဆေးခန်းပိတ်ပြီး ပြန်ရုံသာ။ စောတော့စောနေပါသေးသည်။ ယခုမှ သတိရသည်။ စောစောကအသံရှင်မှာ သူတို့ဖြစ်နေကြောင်း သိမိ၍ အေးအေးဆေးဆေး စကားလက်ဆုံကျမိပြန်၏။

"ဒေါက်တာက အပျိုကြီးလားဟင်''

မထင်မှတ်သည့် စကားတစ်ခွန်းကြောင့် မရဲတရဲမေးလာသော အငယ်မလေးအား ခေါင်းညိတ်ပြလိုက်မိသည်။ သို့သော်လည်း.....

"ဘာဖြစ်လို့ အပျိုကြီးဖြစ်နေရတာလဲ ဒေါက်တာ''

မဖြေချင်သည့် မေးခွန်းအတွက် ကျွန်မ၌ အဖြေမရှိခဲ့ပေ။ လူငယ်များ၏သဘာဝ၊ စူးစမ်းသိလိုစိတ်ကလေးများ ရှိတတ်ကြောင်း ကျွန်မ နားလည်ပြီးသားပါ။ သို့သော် ကျွန်မ မဖြေချင်။

"တယ်....ဒီကောင်မလေး ဘာတွေလျှောက်မေးနေတာလဲ၊ စိတ်မဆိုးနဲ့နော် ဒေါက်တာ၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မတို့ကို သွားခွင့်ပြုပါဦးရှင်''

ညီမဖြစ်သူ၏ လက်ကလေးကို ဆွဲခေါ်ကာ မျက်လုံးလေးကလည်လည်နှင့် လိုက်ပါသွားရှာသူလေး

www.burmeseclassic.com

www.burmeseclassic.com

အား ကျွန်မကြည့်နေပြီး ရင်မှာ ဗလောင်ဆန်၍ ကျန်ရစ်ခဲ့ရ၏။ အသက်သုံးဆယ်ကျော် ဆရာဝန်မ တစ်ယောက်သည် ချို့ယွင်းချက် အပြစ်တစ်စုံတစ်ရာမရှိပါဘဲနှင့် အပျိုကြီးဖြစ်နေသည်ကိုက ထူး ဆန်းနေပါပြီ။ ဟုတ်ပါလား။ ကျွန်မ ဘာကြောင့် အပျိုကြီးဖြစ်နေရပါ သလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်လည် ဆန်းစစ်ကြည့်မိ၏။ ကျွန်မဘက်မှ ယောက်ျားများကို မုန်းတီးခြင်းမဖြစ် ပါဘဲနှင့် အကြောင်းကြောင်းတွေ ကြောင့် လက်လွှတ်ဆုံးရှုံးခံလိုက်ရ သည်ကို ကျွန်မမှလွဲ၍ မည်သူသိ နိုင်ပါမည်နည်း။ ဤသို့ဆိုလျှင် ကျွန်မ၏ အပျိုကြီးဖြစ်ရသည့် အကြောင်းရင်းမှာ အားလုံးနှင့် ကွဲ ပြားနေပါလိမ့်မည်။

ကျွန်မဘဝထဲ ဝင်ရောက်လာ သော ယောက်ျားများသည် အဘယ် ကြောင့် ကျွန်မထက်ပိုသော သံ ယောဇဉ်တွေ ရှိထားခဲ့ကြပါသနည်း။ ဘာကြောင့်များ ကျွန်မကိုမှ သူတို့ သဘောကျ နှစ်ခြိုက်ခဲ့သလဲဆို သည်ကို မစဉ်းစားတတ်တော့ပေ။ ကျွန်မ၏နှလုံးလမ်းကြောင်းကပဲ ကျွန်းခံနေ၍လား။ သူတို့၏နှလုံးသား တွေကပဲ ကျွန်မအသည်းကို ခွဲလို ၍လားမသိ။ ကျွန်မဘဝထဲသို့ တိုး ဝင်လာသည်ကဖြင့် သေချာသည်။

တကယ်တော့ သူတို့အားလုံး သည် ကျွန်မ၏ချစ်သူများ မဟုတ် ကြသလို ကျွန်မဘဝထဲ အလည် သဘောမျိုး ဝင်ရောက်လာကြသည့် ချစ်သူငယ်ချင်းသည်များပင်ဖြစ်ကြ၏။ သည်အတွက် ကျွန်မ ဝမ်းနည်း ခြင်းမဖြစ်ခဲ့ပါ။ အဘယ်ကြောင့်ဆို သော် သူတို့ကို ကျွန်မ အသည်း နှင့်အောင် မချစ်ခဲ့၍ဖြစ်ပါသည်။

"မမ ဆေးခန်းပိတ်လိုက်တော့ မယ်နော်"

"ဪ.....အေး.....အေး"

အတွေးက အတိတ်ကိုရောက် နေရာ အိမ်ရှင်မိန်းကလေး ရောက် လာမှ အသိဝင်လာရ၏။ ပစ္စည်း များကို သိမ်းဆည်းပြီးနောက် ခြံ ဝင်းထဲရပ်ထားသည့် ကားလေးဆီ သို့ ထွက်လာချိန်သည် အမှောင်ထု ပင် စိုးမိုးနေလေပြီ။ ပုရစ်နှင့် ပုစဉ်း ရင်ကွဲတို့၏ အော်သံများနှင့်အတူ မည်းမှောင်သော ကောင်းကင်ထက် ၌ ကြယ်ကလေးများပင် တလက် လက် တောက်ပနေကြ၏။ အေးစိမ့် သော ဆောင်းလေ၏တိုက်ခတ်ခြင်း ကြောင့် အပြင်တွင် လူသွားလူလာ ရှင်းစပြုနေပေပြီ။ ယခုအချိန်သည် အိမ်ထဲတွင်ကွေး၍ အနားယူရန် အကောင်းဆုံးအချိန်ပါ။

"သွားမယ်နော်"

"ဟုတ်ကဲ့ မမ"

ခြံတံခါးလေးကို ပိတ်ရန်ကျန် ခဲ့သော မိန်းကလေးကို နှုတ်ဆက် ထွက်လာမိသည့်တိုင် အေးစက် သော အထိအတွေ့ကြောင့် ဘေး မှန်လေးများကို တင်လိုက်ရာ လေ လုံသွားမှ အချမ်းပြေသွားရ၏။ လမ်း တစ်လျှောက်လုံးရှိ မာကျူရီမီးတိုင် များအောက်မှ တရွေ့ရွေ့ဖြတ်ကျော် ရင်း ဖြည်းဖြည်းနှင့်မှန်မှန် မောင်း လာခဲ့သည်။ ဆယ်ကျော်သက် အရွယ်က ဖြစ်တည်လာခဲ့သော အချစ်တစ်ခုက နှလုံးသားထဲတွင် မေ့ပျောက်၍ မသွားနိုင်ခဲ့ပေ။

ထိုစဉ်က အချစ်ကို မသိသေး သည့် ဆယ်ကျော်သက်ဘဝက ရင် ခုန်သံများတွင် 'နောင်ရိုး'သည် ကျွန်မဘဝတွင် ပထမဆုံးလူတစ် ယောက် ဖြစ်ခဲ့ရသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က နောင်ရိုးနှင့်ကျွန်မ ဆုံစည်းခဲ့ရ၏။

+++

**နောင်ရိုး.....**

ဘုရင့်နောင်၏ နောင်ရိုးတိုက် ပွဲသည် သမိုင်းတွင်ကျန်ရစ်ခဲ့သလို ကျွန်မနှလုံးသားတွင်လည်းကမ္ပည်း တင် ကျန်ရစ်ခဲ့ရသည်။ နောင်ရိုး ဟူသည့် အမည်ဆန်းဆန်းလေး ကြောင့် မိန်းကလေးများ၏ စိတ်ဝင် စားခြင်းကို ခံခဲ့ရသူပါ။ သို့သော် စည်းကမ်းကြီးပြီး စည်းစနစ်ကျ သော အသိုင်းအဝိုင်းမှဖြစ်၍ မိဘ ၏ သြဇာအောက်တွင် ပုံစံတကျရှိ ခဲ့သည့် နောင်ရိုးကို ကျွန်မ သနား မိပါသည်။ သူ့ဘဝလေးသည် မည် မျှကျဉ်းကျပ်နေပါမည်နည်း။ ပြီး တော့ နောင်ရိုးက စာတော်၏။ စာ ကိုအကြောင်းပြချဉ်းကပ်သည့် မိန်း ကလေးများတွင် ကျွန်မ မပါပါ။ နောင်ရိုးမိခင်သည် ကျောင်းမှ အထက်တန်းပြ ဆရာမတစ်ဦးဖြစ် နေ၍လည်း နောင်ရိုးနှင့်ပတ်သက် ပြီး ရဲရဲဝံ့ဝံ့ မလုပ်ရှားရဲကြချေ။ မိန်း ကလေးများနှင့် စကားပြောလျှင်ပင်

www.burmeseclassic.com


စာသင်ခန်းဝ၌ ခါးထောက်ရပ်ကြည့်လာသည့် မိခင်ကြောင့် ကြာတော့ သူ့တွင် လွတ်လပ်ခွင့်မရခဲ့ရှာ။

နောင်ရိုးနှင့်ကျွန်မက အတန်းချင်းတူ၏။ ကျောင်းသူအသစ်တစ်ယောက်ဖြစ်၍လည်း နောင်ရိုးနှင့် စိမ်းသည်က မထူးဆန်းပေ။ နောင်ရိုးအား မျက်မှန်းတန်းမိချိန်က အတန်းပိုင်ဆရာမ၏ တစ်ဦးချင်း မိတ်ဆက်ပေးစဉ် .....

"နောင်ရိုးက ဒီအခန်းထဲမှာ စာအတော်ဆုံး"

ဆိုသည့်စကားကြောင့်ပဲ ဖြစ်ပါမည်။ ကျွန်မ၏ပြိုင်ဘက်အဖြစ် သဘောထားရာမှ နောင်ရိုး အကြောင်းကို စိတ်ဝင်စားလာရသည်။ နောင်ရိုးသည်လည်း ကျွန်မနည်းတူပင်။ ပထမဆုံးအကြိမ် အတန်းတွင်းစစ်ဆေးရာတွင် ကျွန်မနှင့်နောင်ရိုးက အမှတ်ချင်းတူညီနေကြရာ နောင်ရိုးသာမက နောင်ရိုး၏မိခင်ကပါ ကျွန်မအပေါ် စိတ်ဝင်စားခြင်းခံခဲ့ရလေသည်။ တစ်တန်းလုံးတွင် နောင်ရိုးသာ Top ဖြစ်စေချင်သည့် မိခင်၏အတ္တကြောင့် ခံပြင်းမိ၏။ လူတိုင်းတွင် အတ္တနှင့် မကင်းနိုင်ကြသော်လည်း နောင်ရိုးမိခင်၏အဖြစ်က ပိုလွန်းသည်ဟု ထင်မိခဲ့သည်။

"မေမေ့ဆီမှာ ထမင်းလာစားနော် သား"

နေ့လယ်မုန့်စားဆင်းသည်ကိုပင် စိတ်မချသည့်အဖြစ်ပါလား။ နောင်ရိုးက လိုက်ပါချင်ပုံမရပေမယ့် မိခင်၏စကားကို ပယ်ရှားဝံ့သူမျိုး မဟုတ်ပေ။ မူကြိုကလေးပမာ ဂရုစိုက်လွန်းသည့် မိခင်ကြောင့် အခက်တွေ့နေရ၏။



"မင်း အမေက လွန်လွန်းတယ်ဟာ၊ သားကို သူငယ်နှပ်စားလေး များထင်နေသလားမသိဘူး၊ ပိုလွန်းပါတယ်"

"မေမေနဲ့တော့ ခက်ပါတယ်ကွာ၊ ပညာသင်ချိန်မှာ ချစ်သူမရှာရဘူးတဲ့၊ ကိုယ့်ဘဝတိုးတက်မှု နှောင့်နှေးလိမ့်မယ်တဲ့ကွာ"

"ဆရာမ,ပြောတာ မှန်ပေမယ့် အရာရာမှာ တစ်ဖက်စွန်းရောက်မိရင် မကောင်းဘူးလေကွာ၊ သားသမီးရဲ့ခြေလှမ်းကို မမှားအောင်သာ ကြပ်မတ်ပြီး စောင့်ကြည့်နေရမှာ၊ တည့်မတ်တဲ့လမ်းကို သွားတတ်အောင် လမ်းညွှန်ပေးရမှာပါ၊ ခုတော့ လှမ်းမယ့်ခြေကို အမိန့်ပေးသလိုမျိုး တုပ်နှောင်ထားတော့ လမ်းလျှောက်တဲ့သူ စိတ်ညစ်နေရမှာပေါ့"

မိခင်အဖြစ်က အချစ်ရေးကို ရင်လေး၍ တားဆီးနေသလို ဖြစ်မလာပါဘဲနှင့် လမ်းပြဖော်ဆောင်ပေးလိုက်သလို ဖြစ်နေလေပြီ။ ငုပ်လျှိုးနေသော အချစ်စိတ်များ ကိန်းအောင်းသန္ဓေတည်လာကြပြီး အချစ်စိတ်ကို တားဆီးလေ၊ ပို၍ခိုင်မြဲလေ ဖြစ်လာခဲ့ရ၏။

ဆယ်ကျော်သက်အရွယ်သည် အပျိုသင်စဖြစ်ပြီး မိုက်ရူးရဲဆန်တတ်ကြ၏။ တားမြစ်၊ တားဆီးလျှင် ဖွတ်တိုးချင်တတ်ကြ၏။ မကောင်းမှုကို လက်တွေ့စမ်းသပ်ချင်သည့်အရွယ်။ ယခုလည်း မိခင်၏ ဂရုစိုက်လွန်းမှုက အချစ်ကို စိတ်ကူးယဉ်မိစေသည့်အဖြစ်ပါ။ ထိုမှ ကျွန်မထံသို့ စာဖြင့်ချဉ်းကပ်လာခဲ့သည်။

"မနေ့က Chemistry ရလား ဟင်၊ ကျွန်တော် မရှင်းဘူးဖြစ်နေတယ်"

www.burmeseclassic.com

**ဒီတောင်တွေမှာ တန်ခိုးရှိတဲ့ ပုထိုးတော်ကြီးတွေရှိကြတယ်၊ လူသူအရောက်အပေါက်နည်းပေမယ့် အဓိဋ္ဌာန်ဝင်တဲ့သူတွေရှိကြတယ် . . .**

"ရတော့ရတယ်၊ အဖြေမှန် မမှန်တော့ မသိဘူးနော်"

"ဟုတ်လား၊ ဒါဆို ခဏငှား လေ၊ ကျွန်တော်နဲ့ အဖြေတိုက်ကြည့်ရအောင်"

တစ်ခါမျှ မငှားဖူး၍ ကျွန်မ အဖို့ ထူးဆန်းသွားရ၏။ သူငယ်ချင်းများကလည်း ရှိနေသည့်အတွက် စာနှင့်ပတ်သက်ပြီး တစ်မျိုးတစ်မည် အထင်မခံနိုင်ပါ။ ထို့ကြောင့် ငှားလိုက်မိသည်။ ထိုနေ့က Chemistry ချိန် မရှိ၍ ကျွန်မလည်း သတိမေ့လျော့စွာ စာအုပ်ကို ပြန်မတောင်းမိ။ ညနေကျောင်းဆင်းချိန်ရောက်မှ အောက်သို့အဆင်းလှေကားထစ်များအလယ်အရောက် အပေါ်ထပ်မှပြေးဆင်းလာသည့် နောင်ရိုးက ကျွန်မကို လှမ်းခေါ်သည့်အတွက် လှည့်ကြည့်မိ၏။

"ဟိုလေ.....ကျွန်တော် စာအုပ်လာပြန်ပေးတာပါ၊ မေ့နေလို့"

"ဟင်.....ဟုတ်ပါရဲ့၊ ကျေးဇူးပဲနော်"

နောင်ရိုးလက်ထဲမှ ကျွန်မစာအုပ်လေးကိုယူပြီး လွယ်အိတ်ထဲသို့ ထည့်လိုက်သော်လည်း သူကထွက်မသွားသေးပေ။ ကျွန်မ၏ပြုမူလှုပ်ရှားပုံကို တစိမ့်စိမ့်ကြည့်နေသေးသည်။

"သွားမယ် နောင်ရိုး"

သူ့နောက်မှ အဖော်ရောက်လာ၍ နှုတ်ဆက်ထွက်လာမိ၏။ အောက်သို့အရောက်တွင် နောက်လှည့်ကြည့်မိသည်ကို နောင်ရိုးက မမြင်ပါ။ သူ့အဖော်သူငယ်ချင်းနှင့် စကားပြောနေသေးသည်။ ကျွန်မလည်း သူငယ်ချင်းများနှင့်အတူ စက်ဘီးထားရာ နေရာလေးဆီသို့ ထွက်လာခဲ့ကြ၏။

ကျောင်းလွှတ်ချိန်သည် ဖူးပွင့်ခါစပန်းကလေးများ ရောင်စုံရောယှက်နေကြသလို ဟိုမှာသည်မှာ ဖြင့် အခိုင်လိုက်၊ အဆုပ်လိုက် ဖူးပွင့်ဝေဆာနေကြ၏။ ကျွန်မတို့ တက်ရောက်နေသော အထက်တန်းကျောင်းလေးသည် ကျောင်းသားဦးရေ ငါးထောင်ကျော်ရှိ၏။ မနက်၊ နေ့လယ် နှစ်ချိန်ခွဲတက်ရသော ကျောင်းဖြစ်ပြီး စည်းကမ်းကြီး၏။ ကျွန်မက အဒေါ်အပျိုကြီးနှင့်အတူ ဒေါ်လေးတာဝန်ကျရာ ပြည်မြို့သို့ လိုက်ပါခဲ့ရာမှ ထိုကျောင်း လေးသို့ တက်ရောက်ခဲ့ခြင်းဖြစ် သည်။

ဒေါ်လေးသည် ကျွန်မဘဝ၏ အားထားရာ၊ မှီခိုရာ မြင်းမိုရ်တောင်ကြီးတစ်ခုပါ။ ဖေဖေအိမ်ထောင်ကျချိန်ထိ မောင်နှမနှစ်ယောက် အတူနေထိုင်ခဲ့ပြီး အစ်မကို မိခင်လို ရိုသေခဲ့ရသူပါ။ သို့ပေမယ့် ကြာရှည်အတူနေထိုင်ခွင့် မရခဲ့။ မန္တလေးသို့ အရောင်းအဝယ်ကိစ္စဖြင့်အတက် လမ်းခရီးတစ်နေရာတွင် ကားမှောက်၍ ဖေဖေနှင့်မေမေ သေဆုံးသွားခဲ့ရသည်။ ထိုအချိန်မှစ၍ ကျွန်မ၏ဘဝသည် ဒေါ်လေး၏ လက်ထဲသို့ လုံးလုံးလျားလျား ကျရောက်သွားရတော့၏။

မေမေက ကျောက်ဆည်ဇာတိဖြစ်သော်လည်း ဖေဖေရှိရာ မိတ္ထီလာသို့ ပြောင်းလာရ၍ မိခင်ဘက်မှ ဆွေမျိုးများနှင့်ပါ ဝေးခဲ့ရသည်။ ကျွန်မ ၁၀ နှစ်သမီးခန့်က ကျောက်ဆည်သို့ တစ်ခေါက်ရောက်ခဲ့ဖူးပါသည်။ မေမေ့ဆွေမျိုးများနှင့် ဆုံခဲ့ရဖူးသော်လည်း ယခုတော့ မမှတ်မိတော့ပါ။ မေမေဆုံး၍ အကြောင်းကြားပေမယ့် ရောက်မလာကြပေ။

"မလာတာပဲကောင်းပါတယ် သမီးရယ်၊ တော်ကြာ သမီးအတွက်နဲ့ စကားပြောနေရပါဦးမယ်၊ ဒေါ်လေးလည်း မကြာခင်မှာ ပြည်ကိုပြောင်းရလိမ့်မယ်ထင်တယ်ကွယ်၊ သမီးမှာ နှစ်ဖက်အဘိုးအဘွားတွေမှ မရှိကြတာ၊ ဒေါ်လေးအသက်ရှင်နေသမျှ သမီးလေးကို စောင့်ရှောက်နေမှာပါပဲ"

ထိုစဉ်က ကျွန်မမှာ အလယ်တန်းကျောင်းသူဘဝသာရှိပါသေး

www.burmeseclassic.com



သည်။ ဒေါ်လေး၏စကားများကို နားလည်သလို မိဘ၏အဖြစ်ဆိုးကို ကြေကွဲဝမ်းနည်းမိသည်မှလွဲ၍ ထွေထွေထူးထူး အားငယ်မိခြင်းမဖြစ်ခဲ့ပေ။ ကျွန်မတွင် အနီးကပ်စောင့်ရှောက်နေသူ ဒေါ်လေးရှိနေခဲ့သည်။ မိဘများရှိစဉ်ကတည်းက ဒေါ်လေးနှင့်အနေများ၍ သံယောဇဉ်ဖြစ်ခဲ့ရသူပါ။

အသက်လေးဆယ်ခန့်သာရှိသေးသည့် ဒေါ်လေးသည်လည်း ကျွန်မအပေါ်မှလွဲ၍ မည်သည့်သံယောဇဉ်မျှ မရှိခဲ့ပေ။ ယုတ်စွအဆုံး ကျွန်မကြောင့် ဒေါ်လေးသည် ချစ်သူအား စွန့်လွှတ်နိုင်ခဲ့သူပါ။ အရွယ်ရောက်နေပြီဖြစ်သော တူမအတွက် တစိမ်းယောကျ်ားတစ်ဦးနှင့်အတူ တစ်အိမ်တည်းတွင်နေရမည်မှာ မသင့်တော်ဟု မြင်မိ၏။ ကျွန်မ၏ ရှေ့ရေးအတွက် ချစ်သူကို စွန့်နိုင်ခဲ့သည်အထိ ကျွန်မအပေါ် သံယောဇဉ်ကြီးရှာခဲ့သူပါ။ ဝန်ထမ်းအိမ်ရာတွင် တူအရီးနှစ်ယောက် အတူနေထိုင်ရင်း သားသမီးသဖွယ် ထိန်းကျောင်းပေးခဲ့သည့် ဒေါ်လေး၏ ကျေးဇူးများက ကျွန်မထံတွင် အပုံအပင်ပါ။

သို့ပေမယ့် ပြည်ရောက်မှ ကျွန်မအတွက် အစစအရာရာ အဆင်ပြေလာခဲ့ရသည်။ ဝန်ထမ်းအချင်းချင်း မိသားစုသဖွယ် တစ်ဦး၏အခက်အခဲကို တစ်ဦးက ကူညီဆောင်ရွက်ပေးကြပြီး ခင်မင်စရာ သူငယ်ချင်းနှစ်ဦးကို တွေ့ဆုံခဲ့ရလေပြီ။

"လေးမူရေ.....လေးမူ၊ အိမ်ရှေ့မှာ နင့်သူငယ်ချင်းတွေ ရောက်နေပြီ၊ အိမ်သစ်ကမိန်းကလေးနဲ့ ကြူကြူတို့ဟေ့"

ရေခပ်နေသော လေးမူအစ်ကိုက အိမ်ထဲသို့ အော်ပြောလိုက်ရာ၏။ လေးမူမှာ အိမ်ရှေ့သို့ ပြေးဆင်းလာတော့သည်။ ကျွန်မတို့ကိုတွေ့သည်နှင့်.....

"စက်ဘီးကိုယ်စီနဲ့ပါလား၊ ဘယ်သွားကြမလို့လဲ"

"ရွှေဆံတော်ဘုရားကိုလေ၊ ပြီးရင် နွေအလွန်က တို့နှစ်ယောက်ကို ပြောစရာရှိနေလို့တဲ့ မြစ်ဆိပ်ဘက် လမ်းလျှောက်ရင်းပေါ့"

"ဒါဆို ခဏနော်"

အိမ်ထဲပြေးဝင်သွားပြီး မိခင်ကို ခွင့်တောင်းနေ၍ အိမ်ထဲမဝင်ဘဲ ရပ်နေမိကြ၏။ ခဏအကြာတွင် လေးမူပြန်ထွက်လာလေသည်။

"မြန်မြန်ပြန်လာခဲ့ကြနော်၊ မမှောင်ပါစေနဲ့ကွယ်"

"ဟုတ်ကဲ့ပါ အမေ"

အိမ်ရှေ့ရပ်ထားသော စက်ဘီးလေးကိုတွန်းပြီး ကျွန်မတို့နှင့်လိုက်ရန် အသင့်ဖြစ်နေပါပြီ။ ထို့ကြောင့် လေးမူမိခင်အား နှုတ်ဆက်မိ၏။

"အန်တီ သမီးတို့သွားမယ်နော်"

"အေး.....အေး"

ဝရန်တာတွင် ရပ်ကြည့်ကျန်ခဲ့သည့် လေးမူမိခင်မှာ စိတ်မချသည့်အလား ငေးမျှော်ရပ်ကြည့်နေဆဲပင်။ ဝန်ထမ်းအိမ်ရာ ခြံဝင်းအပြင်တွင် ဒေါ်လေးနှင့် ဆုံရပြန်၏။

ဒေါ်လေးနှင့်အတူ ညှော်သည်ပါလာသည်ကိုလည်း တွေ့ရသည်။

"ဟဲ့...ဘယ်သွားကြမလို့လဲ၊ စက်ဘီးကိုယ်စီနဲ့၊ ကြည့်သွားကြနော်"

"ဟုတ်ကဲ့ ဒေါ်လေးမေမေ၊ ထမင်းဆာရင် စားထားနှင့်နော်၊ သမီးကို စောင့်မနေနဲ့"

"အေးပါအေ၊ အဲဒါ ကိုယ့်တူမလေးပေါ့၊ ဒီနှစ် ကိုးတန်းရောက်နေပြီလေ"

"ဟုတ်လား။ တူမက ကြီးနေပြီပဲ၊ အချောလေးပါလား"

စက်ဘီးကို အရှိန်လျှော့ပြီး ဒေါ်လေးနှင့် ညှော်သည်အမျိုးသမီးအား ပြုံးပြကာ ထိုအနားမှ နင်းထွက်လာကြတော့သည်။ ပြည်မြို့၏ ညနေခင်းလေးသည် စည်ကားနေလေပြီ။ အထူးသဖြင့် မြို့ထဲလမ်းပေါ်ရောက်သည်နှင့် ကားများ၊ ဆိုင်ကယ်များ၊ စက်ဘီးများမှာ ဥဒဟို သွားလာလှုပ်ရှားနေကြ၏။ ရွှေဆံတော်ဘုရားသည်လည်း ဘုရားဖူးလာကြသူများ ပေါ်များလောက်အောင် တန်ခိုးကြီးလှပေသည်။ ဘုရားပရိဝုဏ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများကိုလည်း တွေ့ရ၏။ တချို့က မြင်းလှည်းလေးများဖြင့်လည်း ရောက်လာကြသည်။

ပြည်မြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး သမိုင်းဝင်မြို့တော်ဖြစ်ခဲ့သည်။ ပြည်မြို့၏အရှေ့ဘက်ရှိ ပန်းတောင်းမြို့နယ်နှင့် ဆက်သွယ်မည့် ပြည်–

www.burmeseclassic.com



ရောဝတီမြစ်ကူးတံတား (နဝဒေးတံတားကြီး)ကို မကြာမီ တည်ဆောက်တော့မည်ဟု သိရ၏။ ထိုတံတားကြီး ဖွင့်လှစ်သောအခါ မြန်မာနိုင်ငံအရပ်ရပ်နှင့် ရခိုင်ပြည်နယ်အထိ သွားရေးလာရေး လွယ်ကူပါလိမ့်မည်။ ယခုတော့ ပြည်တစ်ဖက်ကမ်းသို့ ဖက်ဖြင့်ကူးနေရ၍ လမ်းပန်းဆက်သွယ်ရေးမှာ အဆင်မပြေသေးပေ။ ထင်သလောက် ခရီးမပေါက်ခဲ့ကြပါ။ (နဝဒေးတံတားကြီးအား ယခုအချိန်တွင် ဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်)

ရွှေဆံတော်ကုန်းပေါ်မှနေ၍ ရောဝတီမြစ်ကြီးနှင့် တောင်တန်းများ၏ရှုခင်းကို ကြည်နူးစွာ ကြည့်နေမိရင်းက သန့်ရှင်းလတ်ဆတ်သည့်လေကို ရှူရှိုက်နေရသည်။

''ဘုရားရိပ်ဟာ အေးချမ်းလိုက်တာဟယ်၊ ဘယ်နေရာကိုပဲ ကြည့်ကြည့် ဘုရားတွေချည်းပဲနော်၊ ဟိုဘက်ကမ်းက တောင်တန်းကြီးတွေမှာလည်း ဘုရားပုထိုးတွေတွေ့နေရတာပဲနော်''

ကျွန်မ၏အဆိုကို လေးမူက ထောက်ခံလာသည်။ ကြူကြူက ပြည်ဇာတိဖြစ်၍ ကျွန်မတို့ကို ရှင်းပြခဲ့သည်။

''ဟိုးကတွေ့ရတာ ဖိုးဦး၊ ဖိုးဖြူ၊ မဥ္ဇူ၊ တန့်ကြည်တောင်တန်းတွေပေါ့ဟာ၊ ဒီတောင်တွေမှာ တန်ခိုးရှိတဲ့ ပုထိုးတော်ကြီးတွေရှိကြတယ်၊ လူသူအရောက်အပေါက်နည်းပေမယ့် အဓိဋ္ဌာန်ဝင်တဲ့သူတွေရှိကြတယ်၊ အဲဒီကနေ ကားလမ်းနဲ့ဆက်သွားရင် ရွှေစက်တော်ဘုရားကို ရောက်လိမ့်မယ်၊ သွားဘူးကြလား''



''ဟင့်အင်း၊ လေးမူက မိဘတာဝန်ကျတဲ့နေရာကလွဲပြီး ဘယ်ကိုမှသွားလာဘူးတာမှမဟုတ်တာ''

''တို့လည်းအတူတူပါပဲလေ၊ ကြီးကြီးမေလိုက်ပို့မှ ရောက်ရတာ၊ ရွှေစက်တော်ဘုရားကိုတော့ ကြားဖူးပါတယ်''

ရွှေစက်တော်ဘုရားသည်လည်း သမိုင်းဝင်ဘုရားပဲလေ။ ဘုရားသမိုင်းအကြောင်းကို စာအုပ်တွေထဲတွင် ဖတ်ဖူးပါ၏။

''ဘုရားပွဲတော်ဆို အရမ်းစည်ကားတာ၊ ပြည်ကဆို သိပ်တော့မဝေးပါဘူး၊ တချို့များ ရန်ကုန်မြို့ကြီးကတောင် ဘုရားဖူးလာတတ်ကြတာ၊ ခရီးဝေးက ပင်ပင်ပန်းပန်းလာကြရပြီး ရွှေစက်တော်ကတောင်ကျရေကို ချိုးလိုက်ရင် နွမ်းနယ်သမျှ ပျောက်ရော၊ ပျော်ဖို့လည်း အရမ်းကောင်းတာတဲ့''

''ဟုတ်လား''

ကျွန်မပင် ကြူကြူပြောပြရုံနှင့် အရောက်သွားလိုက်ချင်ပါဘိ။

''ဒီကနေ ရန်ကုန်မြို့ကြီးကို တော်တော်ဝေးသလားဟင်''

''မနက်သွား နေ့လယ်ရောက်တာပေါ့၊ ရန်ကုန်မြို့ကို တစ်ခေါက်ပဲရောက်ဖူးတာ၊ ဒါတောင် ရုံးချုပ်ကို ဖေဖေသွားလို့ လိုက်သွားခဲ့တာပါ၊ ရွှေတိဂုံဘုရားကို ဖူးခဲ့ရတယ်လေ''

ကျွန်မလည်း ရွှေတိဂုံမပြောနှင့် ရန်ကုန်မြို့ကြီးပင်

www.burmeseclassic.com

မသိခဲ့ပါ။ ဘုရားဖူးချင်သည့်ဆန္ဒတော့ရှိ၏။

"နောင်ဆို ကားကြုံရင် မင်းတို့ ရောက်သွားကြမှာပါ၊ စိတ်ပူမနေကြနဲ့၊ ရွှေတိဂုံဘုရားဆိုတာ ကမ္ဘာပေါ်မှာ တန်ခိုးအကြီးဆုံးဘုရားတစ်ဆူပဲမဟုတ်လား"

"တို့တွေ ဘုရားပေါ်ကဆင်းကြရအောင်၊ တော်ကြာ မှောင်သွားဦးမယ်"

ဟုတ်ပါရဲ့။ သူတို့ကို တစ်ခုခုပြောပြချင်သည့်ဆန္ဒကို တဒင်္ဂ မေ့လျော့သွားမိရာ လေးမူပြောမှပင် သတိရသွားမိ၏။

+++

ရောဝတီမြစ်ကမ်းဘက်မှ တိုက်ခတ်လာသော လေနုအေးကို ရှူရှိုက်ရင်းလမ်းလျှောက်ခဲ့ကြသည်။ ဟိုးဝေးဝေးမှ ဇက်ပေါ်တွင် ကားများ၊ လူများ၊ ပစ္စည်းများဖြင့် ပြည်မြို့ဆီသို့ တရွေ့ရွေ့ကူးလာနေရာ ကမ်းနဖူးမှ မြင်တွေ့နေရပါ၏။ ရောဝတီမြစ်လယ်တွင်တော့ စက်တပ်ယာဉ်များ၊ သမ္ဗန်လှေများတို့ဖြင့် ကူးခတ်လှုပ်ရှားနေသည်မှာ သဘာဝပန်းချီကားတစ်ခုအလား မြင်တွေ့နေရပြန်ပါပြီ။

"နွေအလွန်၊ တို့တွေကိုပြောစရာရှိနေတယ်ဆို"

တိတ်ဆိတ်မှုကို လေးမူက ဖြိုခွင်းလိုက်ပြန်သည်။ သူတို့မှာ ကျွန်မပြောလာမည့်စကားအား စိတ်ဝင်စားနေကြပေမယ့် ရင်မှာစိုးထိတ်ခြင်း

**အဲဒီ
အချိန်ကတည်းက
နောင်ရိုးဆို
မိန်းကလေးတွေက
ကြည့်ရုံ၊ ခင်ရုံ၊
စကားပြောရုံကလွဲပြီး
ဘယ်သူမှ
မချစ်ရဲကြတော့ဘူး**

...

ဖြစ်နေပြီး တွန့်ဆုတ်မိ၏။

"တို့တိုင်ပင်တဲ့ကိစ္စကို မင်းတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှမသိစေချင်ဘူးကွာ"

စကားပလ္လင်ခံပြီး သူတို့၏ အခြေအနေကို ကြည့်မိရာ ကျွန်မ၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ပြုံးတူခေါင်းညိတ်ပြကြသည်။ ကျွန်မက လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်ပြီး စာအုပ်ကြားထဲမှ စာအိတ်လေးတစ်ခုကို ပေးလိုက်၏။ ထိုစာအိတ်လေးကို အလျင်အမြန်ယူပြီး အထဲမှ စာရွက်ဖြူဖြူလေးကို ဖွင့်ဖတ်နေကြသည်။ သူတို့စိတ်တွေ လှုပ်ရှားနေသလို ကျွန်မလည်း သက်ပြင်းတစ်ချက်ကို ချမိလေပြီ။ စာလေးကို ဖတ်ပြီးသည့်နောက်တွင်တော့.....

"ဟယ်.....ဒါ နောင်ရိုးက မင်းကိုပေးတဲ့ ရည်းစားစာပဲ"

"မနေ့က Chemistry စာအုပ်ငှားသွားပြီး ထည့်ပေးလိုက်တာနေမှာပေါ့"

"ဟုတ်တယ်လေ၊ ဒါကြောင့် ကျောင်းလွှတ်မှ စာအုပ်လိုက်ပေးတာပေါ့၊ တို့လည်း စာအုပ်ကို လှန်မကြည့်မိဘူး၊ တွေ့ရင်တော့ ပြန်ပေးလိုက်မှာပါဟာ၊ ပညာသင်ချိန်မှာ ဒါတွေစိတ်မကူးသင့်ပါဘူး"

စာအိတ်လေးကို စာအုပ်ကြားထဲပြန်ထည့်ပြီး လွယ်အိတ်ထဲသွင်းလိုက်၏။ ကျွန်မအတွက် သူတို့လည်း ဝိုင်တွေစဉ်းစားနေကြလေပြီ။ တုံ့ပြန်ရမည့်အဖြေကို တိုင်ပင်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီစာကိုပြပြီး သူ့အမေဆီ သွားတိုင်လိုက်ဟာ၊ ဒါဆိုရင် မင်းကို စာပေးရဲတော့မှာမဟုတ်ဘူး"

"အဲဒါဆို မိုးမီးလောင်သွားမှာပေါ့၊ နွေအလွန်လည်း သိက္ခာကျမယ်၊ နောင်ရိုးလည်း စိတ်ညစ်ပြီး ရက်ရမ်းရမ်းမှုဖြင့် ဒုက္ခရောက်ကုန်လိမ့်မယ်၊ ဒီလိုလုပ်....."

လေးမူက အကြံပေးလာ၏။ နောင်ရိုးသည် မိန်းကလေးတိုင်းမှ စိတ်ဝင်စားနေခဲ့သူဖြစ်၍ တစ်ချက်ခုတ် နှစ်ချက်ပြတ်အနေဖြင့် ကျောင်းကြော်ငြာသင်ပုန်းပေါ်တွင်သွားကပ်ရန် တိုင်ပင်လာသည့်နောက် ကျွန်မ ငြင်းဆန်မိပါ၏။ ဤသည်ကို လေးမူနှင့်ကြူကြူက နားမလည်နိုင်ပေ။

"လူတစ်ယောက် အရှက်သိက္ခာကျရမယ့်အလုပ်မျိုး မလုပ်ပါရစေနဲ့ကွာ၊ အထူးသဖြင့်ယောကျ်ားတစ်ယောက်ရဲ့ မာနကို ရိုက်ချိုးဖျက်ဆီးစေမယ့် ကိုယ်လည်းအကျိုးမရှိ၊ သူလည်းအကျိုးမဲ့စေတဲ့လုပ်ရပ်မျိုး မလုပ်ကြပါနဲ့လား"

"ဒါဆို နောင်ရိုးကို မင်းချစ်နေပြီနဲ့တူတယ်နော်"

လေးမူက ကျွန်မကို ခပ်ထေ့ထေ့လေး ခနဲ့လာ၏။ ကြူကြူက မျက်လုံးလေးလှန်ကာ မယုံသင်္ကာကြည့်လာသည့်အတွက် ကျွန်မဘက်က ဖြေရှင်းချက်ပေးရတော့သည်။

"နွေအလွန်ဆိုတဲ့မိန်းကလေးဟာ နောင်ရိုးဆိုတဲ့ကောင်လေးကို ဘယ်တော့မှ ချစ်လာလိမ့်မယ် မထင်ပါနဲ့၊ ဒါပေမဲ့ကွာ မိဘမျက်လုံးဒေါက်ထောက်ကြည့်နေပြီး နေရထိုင်ရ မလွတ်လပ်တဲ့ သားအဖြစ်ကိုတော့ စာနာ၊ သနားမိတယ်လေ၊ သူ့ခမျာ ဘယ်လောက်အနေကျဉ်းကျပ်နေရှာမလဲ၊ စဉ်းစားကြည့်ကွာ"

"အေး.....ဟုတ်တယ်ဟ၊ မနေ့ကတောင် ဆရာဝင်ချိန်မှာ သူ့အမေကြီး ပြတင်းပေါက်က လာချောင်းနေသေးတာ၊ တို့တွေ့လိုက်သေးတယ်"

ကြူကြူက ကျွန်မစကားကို ထောက်ခံလာပြန်သည်။ နောင်ရိုးအဖြစ်က တကယ့်ကိုမလွယ်ပါ။ မုန့်စားဆင်းချိန်ဆို မိခင်ရှိရာ နားနေခန်းအထိ အရောက်သွားရပြီး ကလေးတစ်ဦးနှယ် မိခင်အနားတွင် ရှိနေတတ်၏။ မိခင်၏ စနစ်တကျစောင့်ကြပ်မှုအပေါ် မလှုပ်ရဲဘဲ လိုက်နာခဲ့ရသည့် နောင်ရိုးပါလား။

"ဒီလောက်တောင်ဖြစ်လှတာ နောင်ရိုးကို ပြန်ကြိုက်လိုက်ကွာ၊ ဆရာမက သူ့သားကို ကလေးအရွယ် သူငယ်နို့စားလေးလို့ ထင်နေသလားမသိဘူးနော်"

"မလုပ်ကြပါနဲ့ကွာ၊ ဖာတ်လမ်းတွေ ပိုရှုပ်လာမှ ရှင်းမရဖြစ်နေဦးမယ်"

လေးမူ၏ မခံချင်စိတ်နှင့်ပြောလာသည့်စကားအား ငြင်းဆန်မိပြန်သည်။ ပြီးနောက် ကျွန်မရင်ထဲမှ စကားကို သူတို့သိစေရန် ပြောချလိုက်မိ၏။

"မိဘစကားကို မလွန်ဆန်ဝံ့တဲ့ ယောကျ်ားတစ်ယောက်မှာ ချစ်သူကောင်းအရည်အချင်းနဲ့ မပြည့်စုံနိုင်ဘူးလေ၊ နောင်ရိုးကိုချစ်မိတဲ့ မိန်းကလေးဟာ သိပ်ကိုကံဆိုးမှာပါ"

"ဒါက ငယ်သေးတာကိုး နွေအလွန်ရဲ့၊ အိမ်ထောင်ကျရင် တစ်မျိုးဖြစ်ချင်ဖြစ်လာမှာပေါ့"

မထင်ပါ။ နောင်ရိုး၏မျက်ဝန်းထဲတွင် မိခင်၏အရိပ်က စိုးမိုးနေကြောင်း ဘယ်သူမှမသိကြပေမယ့် ကျွန်မ သိ၏၊ မြင်၏။ ထို့အတူ နောင်ရိုး၏ မရိုးသားသော အကြည့်များနှင့် သူ့မျက်ဝန်းပေါ်မှ သင်္ကေတများကို ဘာသာပြန်တတ်သည့် အတတ်ပညာမှာ ကျွန်မတို့ မိန်းမသားတိုင်း၏ မွေးရာပါပညာရပ်တစ်ခုပင်ဖြစ်သည်။

"နောင်ရိုးကြောင့် ဆရာမအပြောကိုခံရပြီး ကျောင်းထွက်သွားတဲ့မိန်းကလေး ရှိခဲ့ဖူးတယ် နွေအလွန်၊ တို့တွေ ၈ တန်းနှစ်ကနဲ့တူတယ်နော် ကြူကြူ"

"အင်း.....ဟုတ်တယ်လေ၊ ဖြူဖြူသန့်မဟုတ်လား"

"အေး...ဟုတ်တယ်၊ သနားပါတယ်ကွာ၊ အဲဒီတုန်းကဆို သူ့သားကို စာပေးရမလားဆိုပြီး ပြောလိုက်တာကွာ ပျစ်ပျစ်နှစ်နှစ်ပဲ၊ သားသမီးချင်း ကိုယ်ချင်းမစာနာတဲ့ ဖြူဖြူသန့်မိဘတွေ မျက်နှာမပြရဲတဲ့အထိ ဆရာမစကားတွေက သိပ်ကိုရင့်သီးတာပဲဟာ"

သူတို့စကားကို စိတ်ဝင်စားစွာ နားထောင်မိ၏။ နောင်ရိုးမိခင်သည် သားနှင့်ပတ်သက်လျှင် ရှေ့ဆုံးမှ မားမားမတ်မတ် ရပ်တည်နေမည့်

မိခင်တစ်ဦးပါပဲလား။ ကျွန်မ အံ့သြခြင်းမဖြစ်မိပါ။

"နောက်ဆုံးတော့ ဖြူဖြူသန့်ဟာ ကျောင်းမတက်ချင်တဲ့အထိ စိတ်ညစ်ပြီး ပညာရေးကို စွန့်လွှတ်လိုက်တယ်ကွာ၊ ခုတော့ ပြည်မှာတောင် မတွေ့တော့ဘူး၊ အမျိုးတွေရှိတဲ့ ကလောကို ပို့လိုက်တယ်ဆိုလား၊ သနားပါတယ်ကွာ"

"ဖြူဖြူသန့်ကအရင် စာပေးခဲ့တာလားဟင်"

"အဲဒါတော့ လေးမူလည်း မသိဘူးလေ၊ နောင်ရိုးကို စာပေးနေတုန်း မိသွားတာပဲ၊ တကယ်ဆို ဆရာမတစ်ယောက်အနေနဲ့ မသိချင်ယောင်ဆောင်နေပြီး ညင်ညင်သာသာလေး ဆုံးမရမှာ၊ ခုတော့ မိန်းကလေးဘက်က ဘယ်လောက်နစ်နာလဲ၊ အဲဒီအချိန်ကတည်းက နောင်ရိုးဆို မိန်းကလေးတွေက ကြည့်ရုံ၊ ခင်ရုံ၊ စကားပြောရုံကလွဲပြီး ဘယ်သူမှ မချစ်ရဲကြတော့ဘူးလေ၊ ဆရာမအရိပ်မြင်တာနဲ့ ပြေးရော"

လေးမူသည် သူ့စကားကိုသူ သဘောကျပြီး ရယ်မောနေလေ၏။ ကျွန်မမှာသာ အတွေးများစွာဖြင့် မဆီမဆိုင် ဖြူဖြူသန့်ကို ဒေါသဖြစ်မိရသည်။ အချစ်အတွက်နှင့် ဘဝကိုအရှုံးပေးသည့် စိတ်မျိုးရှိသည့် ဖြူဖြူသန့်ကိုယ်စား ခံပြင်းမှုများစွာဖြင့် ပျော့ညံ့သူဟု ထင်ခဲ့မိ၏။ ကြီးကြီးမေသည် စိတ်ဓာတ်နှင့်ပတ်သက်ပြီး ကျွန်မအား အဆုံးစွန်ထိ ဆုံးမပေးတတ်သူပါ။ ထို့ကြောင့်ပင်လားမသိပေ။ ကျွန်မသည် လူတစ်ယောက်ကို အရှုံးမပေးတတ်။ ကိုယ့်ပြိုင်ဘက်တစ်ယောက်လို သဘောထားပြီး သူ့ကိုကျော်လွှားအောင် လုပ်တတ်၏။ ရင်ဆိုင်ချင်လာ၏။ စိန်ခေါ်ပွဲကြီးတစ်ခုအလား နောင်ရိုးကို ပစ်မှတ်ဟုသဘောထားပြီး နောင်ရိုးမိခင်ကို စတင်ရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချလိုက်မိလေပြီ။



"ဟင်း..ဟင်း၊ တကယ်တော့ နွေအလွန် ရင်ဆိုင်ယှဉ်ပြိုင်ရမှာက နောင်ရိုးမဟုတ်ဘူး၊ ဆရာမပါပဲလေ"

"ဟင်.....ဒါဆို နောင်ရိုးကို ချစ်မယ်ပေါ့၊ ဟုတ်လား"

"မဟုတ်တာကွာ"

"တို့ဆုံးဖြတ်လိုက်ပြီ၊ မပြင်တော့ဘူး လေးမူ၊ လူတစ်ယောက်ကို ချစ်ကြည့်တော့ ဗဟုသုတရတာပေါ့ကွာ၊ အနှစ်မပါတဲ့ အကာလို အပေါ်ယံမေတ္တာမျိုးနဲ့ ချစ်သွားမှာပါ၊ ဒီအတွက် မင်းတို့အကူအညီ လိုနေတယ်နော်"

"မင်း သေသေချာချာ ဆုံးဖြတ်ခဲ့တာလား"

သေချာစေရန် ကျွန်မအား ထပ်မေးနေသေးရာ ပြုံးလျက်က ခေါင်းလေးကို အသာအယာညိတ်ပြမိတော့သည်။ ထိုနေ့က အပြန်လမ်းလေးသည် မိုးချုပ်စပြုနေပြီး ရောဝတီမြစ်ထဲတွင် သမ္ဘန်လေးများပင် အစီအရီ ပြန်နေကြလေပြီ။ ကမ်းနဖူးတွင် လူအသွားအလာ သိပ်မရှိကြတော့။ သို့ပေမယ့် ကျွန်မတို့နည်းတူ ရောဝတီမြစ်ကို ငေးမောခံစားရန် ရောက်လာကြသူများတော့ ရှိနေကြသေး၏။

+++

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့နှစ်ဦးကို စာပေးစာ ယူ ဆက်သွယ်ပေးနေကြသူများ ကား လေးမူနှင့် ကြူကြူပဲဖြစ်၏။ နောင်ရိုးသည် လူပင်ရိုးသားသည် မဟုတ်။ စာရေးရာတွင်လည်း ရိုး သားသည်။ ထို့ကြောင့် နောင်ရိုးဟု အမည်ပေးခဲ့သည်လားမသိပေ။ နောင်ရိုးဆိုသည့်အတိုင်း ရိုးရိုးကြီး ပင်။

"နွေအလွန်.....

ကိုယ့်ရင်ထဲကြီး ပြင်းပြင်းကြွလှုပ်ခတ် ဝမ်းသာမိပါတယ်၊ ဒီစာကို ရင်ထဲမှာ ခံစားရသလို ဖျစ်ညှစ်ထုတ်ပြီး ရေးလိုက်ခြင်းဖြစ်ပါတယ်၊ ရည်း စားစာကို တစ်ခါမှမရေးဖူးတော့ အမှားပါရင် ခွင့်လွှတ်ပါကွာ၊"

နောင်ရိုး

ကဲ.....ကြည့်ပါဦး။ သူ့ရည်း စားစာသည် ဘယ်လိုမှ ခံစား၍မရ နိုင်သည့် စာကြီးဖြစ်နေ၏။ ကျွန်မ ၏ပြန်စာကိုဖတ်ပြီး နောင်ရိုးရင်ထဲ မည်သို့ခံစားနေရမည်ကိုတော့မသိ။ ကျွန်မမှာတော့ သူ့စာဖတ်တိုင်း ရယ်နေရ၏။ တစ်လတစ်ကြိမ် စာ အဆက်သွယ်နှင့်ပင် ကျွန်မတို့နှစ်ဦး ချစ်သူဘဝသို့ ရောက်ခဲ့သည်ကိုက ထူးဆန်းနေပါပြီ။ သူနှင့်ကျွန်မကို ချစ်သူဟုပင် မည်သူမျှမထင်ရ အောင် နောင်ရိုးက ပိရိခဲ့၏။

သို့ပေမယ့် ကျွန်မတို့နှင့် ကျောင်းသွားဖော် လေးမူ၏အစ်ကို ဝမ်းကွဲ ဇင်ကိုနှင့်အတူတွေ့ရတိုင်း နောင်ရိုးမျက်နှာမှာ ညှိုးရော်သွား တတ်ပါ၏။ သဘောက ကျွန်မနှင့် ဇင်ကို့ကို သဝန်တိုတတ်သေး၏။ ဇင်ကိုက ဆယ်တန်းအခန်းမှဖြစ် သော်လည်း နောင်ရိုးမျက်စိနောက်၊ စိတ်မချလောက်အောင်ပင် ကျွန်မ တို့အတန်းထဲသို့ ချောင်းပေါက်လု မတတ် လာတတ်လေသည်။

တစ်နေ့ လေးမူကျောင်းမတက် သည့်အတွက် ကျွန်မထံသို့ ဇင်ကို ပေးလာသည့် ခွင့်တိုင်စာလေးကို မည်သို့ထင်သည်မသိ။ မုန့်စားဆင်း ချိန်တွင် ကျွန်မထံသို့ သူကိုယ်တိုင် ရောက်လာတော့၏။

"နွေအလွန် ဟိုကောင် စာပေး သွားတာမဟုတ်လား၊ ပေး....အဲဒီ စာ"

ကျွန်မမှာ အံ့သြနေပြီး ဘာ ပြန်ပြောရမှန်းမသိပေ။ ထို့ကြောင့် ကြူကြူက ဝင်ပြောလာ၏။

"ဟဲ့.....ဘယ်သူက ဘာစာ ပေးသွားလို့လဲ"

"ဇင်ကိုလေ၊ ကျောင်းတက်ခါ စက လာပေးသွားတာ၊ မမြင်ဘူး မထင်နဲ့"

"နင်ရူးနေပြီလား နောင်ရိုး၊ အဲ ဒါ လေးမူရဲ့ခွင့်စာလာပေးတာ၊ နင် လုပ်တာနဲ့ လူတွေသိကုန်တော့မှာ ပဲ၊ သွားတော့၊ တော်ကြာ နင့်အမေ မြင်သွားရင် နင်ပဲဒုက္ခရောက်မှာ"

ကြူကြူသတိပေးမှ သူ၏လှုပ် ရှားသောစိတ်များ ပြန်လည်တည် ငြိမ်သွားရတော့သည်။ သနားစရာ တော့အကောင်းသားပါ။

"ကိုယ်မှားသွားတယ် နွေ အလွန်၊ ကိုယ့်ကိုခွင့်လွှတ်ပါ"

ကျွန်မထံမှ စူးရှသောအကြည့် များကို ပြန်လည်ရုပ်သိမ်းပြီး ကျွန်မ တို့အနားမှ ထွက်သွားရှာလေသည်။

"ဟင်း.....သူ့အဖြစ်ကလည်း မလွယ်ပါလားနော်၊ နောင်ကိုအနေ အထိုင်ကအစ ဆင်ခြင်ရလိမ့်မယ် နွေအလွန်ရေ၊ သူ့အဖြစ်က နေမြင့် လေ အရူးရင့်လေဆိုတာလို ကြာ ရင်ခက်ကြလိမ့်မယ်ကွာ"

ယောကျ်ားတစ်ယောက်၏ နှလုံးသားကို ထည့်မတွက်မိခဲ့တာ ကျွန်မအမှားပါလား။ နှလုံးသားတစ် ခု၏ချစ်ခြင်းကို တားဆီးခြင်း ပြု ရက်လောက်အောင် ကျွန်မ၌ ရက် စက်ခက်ထန်သည့် နှလုံးသားမျိုး ပိုင်ဆိုင်ထားသည်မှ မဟုတ်ခဲ့သူပဲ လေ။

သီတင်းကျွတ်ကျောင်းပိတ်ရက် ရောက်တော့မည့်အချိန်.....

ကျောင်းတွင် အာစရိယပူဇော် ပွဲအတွက် ကျောင်းသူ၊ ကျောင်း သားအားလုံး လှုပ်ရှားတက်ကြွနေ သလောက် နောင်ရိုးမှာ ငေးငိုင်နေ တတ်လေသည်။

"နောင်ရိုး.....လာကွာ၊ တို့ E.C ကျောင်းသားတွေ အစည်း အဝေးရှိတယ်၊ တို့နဝမတန်းကျောင်း သားတွေက ဒသမတန်းကျောင်း သားတွေနဲ့ ပူးပေါင်းရမှာ၊ အချိန်နီး နေပြီ၊ သွားကြစို့"

စိတ်မပါ့တပါဖြင့် ထသွားသလို အပေါက်ဝတွင် ကျွန်မရှိရာဘက် လှမ်းကြည့်လာသည့် နောင်ရိုး၏ မျက်ဝန်းများကို တွေ့နေရပေမယ့် ကျွန်မ ရင်ခုန်ခြင်းမဖြစ်မိသည်ကို တော့ ဝန်ခံပါသည်။

"အာစရိယပူဇော်ပွဲပြီးရင် ကျောင်းတွေပိတ်တော့မယ်နော်၊

www.burmeseclassic.com

www.burmeseclassic.com


နောင်ရိုးကို မင်းမလွမ်းဘူးလား နွေအလွန်''

''လွမ်းတဲ့အရသာဆိုတာ ချစ်တတ်သူတွေမှ ခံစားတတ်ကြတာပါ၊ တို့နှလုံးသားမှာ နောင်ရိုးရှိမနေဘူး ကြူကြူ၊ တို့တွေရဲ့အနေအထားကို မင်းသိပါတယ်လေ၊ တစ်ခါတစ်ခါတော့လည်း ယောကျ်ားတစ်ယောက်အပေါ် လိမ်ညာရဲတဲ့စိတ်ဟာ တို့ဘဝမှာ အကြီးမားဆုံးသော မိုက်မဲမှုတစ်ခုပဲလို့ ထင်မြင်မိတယ်၊ ဒါကိုလည်း တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ နောင်ရိုးကို တို့ဝန်ချတောင်းပန်မှာပါ၊ တို့ရဲ့ရိုးသားစိတ်ကို တို့သာ အသိဆုံးပါပဲ ကြူကြူရယ်''

''ခုချိန်မှာ သူ့အပေါ်ဖြတ်လိုက်ရင် ပေါက်ကွဲထွက်လာမှာပဲ နွေအလွန်၊ နောင်ရိုးရဲ့နှလုံးသားဟာ နုနယ်လွန်းပါတယ်၊ ဒီလိုခံစားတတ်မှန်းသိခဲ့ရင် မင်းကိုတားမြစ်မိမှာပါကွာ''

ခုချိန်ရောက်မှတော့ ကျွန်မလည်း မည်သို့မျှ မတတ်နိုင်တော့ပါ။ သို့ပေမယ့် ရှေ့ဆက်လျှောက်ရမည့်လမ်းအတွက် တစ်ခုခုကိုတော့ ဆုံးဖြတ်ချက်ချဖို့ လိုအပ်ပါလိမ့် မည်။ ရည်ရွယ်ချက်ကင်းမဲ့သော လမ်းမပေါ် တွေဝေစွာလျှောက်ဖို့ မသင့်တော်တော့ပေ။

''အချစ်ကိုဦးစားပေးတဲ့ နောင်ရိုးအပေါ် တို့သံယောဇဉ်မထားသင့်ဘူးမဟုတ်လား ကြူကြူ''

''တို့တွေက ပညာသင်ရမယ့်အရွယ်တွေပဲ နွေအလွန်၊ အချစ်ဆိုတာ တို့တွေဘဝနဲ့ အလှမ်းဝေးပါသေးတယ်၊ ငေးမျှော်ကြည့်ဖို့မသင့်သလို လျှောက်လှမ်းဖို့လည်း မမိုက်မဲသင့်ဘူးလေ၊ အချစ်ကို ဦးစားပေးလွန်းရင် လမ်းပျောက်သွားလိမ့်မယ်ကွာ''

''တို့တွေက ဘဝကို ခံယူချက်တွေ၊ ခံစားချက်တွေနဲ့ ကြီးပြင်းလာကြတဲ့သူတွေပါ၊ ပြည့်စုံတဲ့သူတွေမှာတော့ တို့တွေလို ခံစားမှုတွေ ရှိကြလိမ့်မယ်မထင်ပါဘူး၊ ဒါပေမဲ့ တို့အတွက်ကြောင့် ဦးတည်ချက်လမ်းကြောင်း ပျောက်သွားမှာကိုတော့ မလိုလားဘူးကွာ''

''အကောင်းဆုံးနည်းလမ်းကိုတော့ စဉ်းစားကြသေးတာပေါ့ နွေအလွန်ရယ်၊ သီတင်းကျွတ်ကျောင်းပိတ်ရက်လည်း နီးပြီမဟုတ်လား၊ ပိတ်ရက်ရှည်မှာ သူ့စိတ်တွေပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်တယ်လေ၊ မီးစင်ကြည့်ပြီး ကကြတာပေါ့ကွာ''

ကြူကြူပြောသလို ကျွန်မလည်း မျှော်လင့်တာပါပဲလေ။ နောင်ရိုးနှင့် ကျွန်မက မည်သို့မျှ ပေါင်းဆုံ၍ရမည်မဟုတ်ပါ။ မထားသင့်သော မာနတစ်ခုကြောင့် ကျွန်မက အစဉ်းစား၊ အဆင်ခြင်မဲ့စွာ ယှဉ်ပြိုင်မိ၏။ နောင်ရိုးနှင့်တွေ့ဆုံချိန်တွင် ကျွန်မ၏ရင်ထဲ၌ မည်သို့မျှ ခံစားမှုမရှိသော်လည်း နောင်ရိုး၏မိခင်နှင့် ဆုံစည်းချိန်တွင် ခံပြင်းမှုများက ရင်မှာလှိုင်းထခဲ့ရ၏။ ကျွန်မတို့အတန်းတွင် သင်ရသော ဆရာမမဟုတ်၍လည်း သူ့မိခင်နှင့်ကျွန်မက ဆုံရခဲ့ပါသည်။ ဥပမာ ကျောင်းလွှတ်ချိန် ဂိတ်ဂျူတီကျတတ်သည့် သောကြာနေ့မျိုးတွင်သာ ဆုံစည်းခဲ့ရ၏။ ထိုအခါမျိုးတွင် အချိန်တိုင်းတင်းမာနေသော သူ့မိခင်၏မျက်နှာထားမှာ တစ်ကျောင်းလုံးရှိ ဆရာမတိုင်းထက် ပိုပါလိမ့်မည်။ ဆရာဝန်ကတော်ဟူသည့် ဂုဏ်ပုဒ်ကြောင့် အချိုပေါ်သကာဖုံးသလို တင်းမာမှုအပြင် ခက်ထန်မှုပါ ရောယှက်နေသည်ဟု မြင်မိ၏။ ထို့အပြင် တစ်ကျောင်းလုံးရှိ ဆရာ၊ ဆရာမများနှင့် သဟဇာတမဖြစ်တဲ့ ပြိုင်ဆိုင်မှုများဖြင့်သာ မာနတံခွန်လွှင့်ထူထားတတ်သူပါ။ ဖြူဖြူသန့်အပေါ် စာနာစိတ်မရှိသည့် သူ့စိတ်ထား၊ ညှာတာမှုမပါသည့် သူ့နှလုံးသားများတွင် မည်သည့်ကြင်နာမှုမျိုးကိုမှ ဟန်ဆောင်ပြုလုပ်ခြင်းပင် မတွေ့ရတတ်ပေ။

အာစရိယပူဇော်ပွဲနေ့တွင် ကျွန်မလက်ထဲသို့ စာတစ်စောင် ထည့်ပေးလာသည့်အတွက် ဖတ်ကြည့်မိ၏။

''နွေအလွန်....

ကျောင်းပိတ်တော့မယ်နော်၊ နောင်ရိုးနှလုံးသားထဲမှာ ဘယ်တော့မှ မေ့ပျောက်သွားနိုင်မှာမဟုတ်တဲ့ချစ်သူ့မျက်နှာလေးကိုမြင်ယောင်နေမှာပါ။ မတွေ့နိုင်ကြရပေမယ့်တို့နှလုံးသားချင်း အနီးဆုံးမှာရှိနေကြသလို တို့နှစ်ယောက်အချစ်တွေလည်းဘယ်တော့မှမဝေးကြရဘူးနော်၊

ချစ်တဲ့

နောင်ရိုး

ထိုစာလေးကိုဖတ်ပြီး သက်ပြင်းအခါခါချမိပါပြီ။ အရေးအသား

www.burmeseclassic.com

ညက်ညှောလာခြင်းသည် ခံစားမှုကြောင့်ဟုဆိုပါလျှင် သူ့ခံစားမှုလေးကို ကျွန်မ မဖျက်ဆီးရက်ပြန်။ အရှိန်ဖြင့်လိမ့်နေသော ဖန်ဂေါ်လီတစ်လုံးလို အရှိန်ကုန်လျှင် သူ့အလိုလိုသာ ရပ်သွားပါလိမ့်မည်။ ထိုအတိုင်းပင် သဘောထားမိပြီး ပင့်သက်မောတစ်ခုကို ချမိတော့၏။

✦✦✦

တစ်ခုသော သီတင်းကျွတ်ကျောင်းပိတ်ရက်တစ်ရက်တွင် ကျွန်မထံ ကြူကြူပေါက်ချလာလေသည်။ အမောတကော ပြေးလာပုံထောက်လျှင် တစ်ခုခုတော့ ထူးခြားနေပြီဆိုသည်ကို သိလိုက်မိပေမယ့် ခပ်လှမ်းလှမ်းတွင် နောင်ရိုးလိုက်ပါလာသည့်အတွက် ခေါင်းနားပန်းများပင် ကြီးသွားရပါပြီ။

"ဘယ်လိုလုပ်မလဲ နွေအလွန်၊ ဟိုမှာ နင့်ဆီလာမယ်ဆိုပြီး တို့ကိုခေါ်လာတာ၊ တစ်ယောက်ယောက်တွေ့သွားရင် ပြဿနာပဲဟာ"

ခေါင်းကို တဗျင်းဗျင်းကုတ်ပြီး ကြူကြူတစ်ယောက် အခက်တွေ့နေတော့၏။ အိမ်ထဲတွင် ဒေါ်လေးရှိနေသည့်အတွက် ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ချလိုက်မိသည်။

"ရွှေဆံတော်ဘုရားမှာစောင့်နေလို့ သွားပြောလိုက်ဟာ၊ ပြီးရင်တို့နဲ့အတူ မင်းပါလိုက်ခဲ့၊ အားတယ်မဟုတ်လား"

"အေး အားပါတယ်၊ ဒါပဲကောင်းတယ်၊ တို့သွားပြောလိုက်ဦးမယ်နော်"

နောင်ရိုးရှိရာ ဆင်းသွားပြီးနောက် မကြာမီတွင် စက်ဘီးလေးကိုတွန်းပြီး နောင်ရိုးပြန်ထွက်သွားတော့သည်။ ကြူကြူပြန်တက်အလာတွင် ကြီးမေထံခွင့်တောင်းပြီး စက်ဘီးကိုယ်စီဖြင့် အိမ်မှထွက်လာခဲ့ရလေပြီ။ လမ်းတစ်လျှောက်တွင်တော့.....

"နောင်ရိုးတော့ စိတ်ထင်ရာတွေ စိုင်းနေပြီနဲ့တူတယ် နွေအလွန်၊ မဖြစ်သင့်တာတွေ မဖြစ်အောင်တော့ မင်းထိန်းဖို့လိုနေပြီ၊ အခုတောင် မင်းဆီကို အတင်းသွားမယ်ဆိုလို့ မနည်းတားထားရတာ"

"အချစ်စိတ်ဆိုတာ ပြင်းထန်လာရင် ကြောက်စရာကောင်းတတ်တယ်တဲ့၊ ပိတ်ဆို့မိရင် ပေါက်ကွဲထွက်လာတတ်ရော၊ လူသိမှာစိုးလေ၊ လူသိအောင်ဖြစ်လာလေ၊ စိတ်ညစ်ပါတယ်ဟယ်"

နံဘေးမှဖြတ်သွားသော ကုန်တင်ကားကြီးကြောင့် စက်ဘီးကိုလမ်းဘေးကပ်နင်းလိုက်ရသည်။ ရန်ကုန်–ပြည်ကားလမ်းမကြီးသည် အထက်အညာဒေသနှင့် မြန်မာပြည်အရပ်ရပ်သို့ ကူးသန်းသွားလာရေးတွင် အဓိက အချက်အချာကျသော ကားလမ်းကြီးဖြစ်၍ ကားကြီး၊ ကားငယ် အသွယ်သွယ် ဝင်ထွက်သွားလာတတ်ကြ၏။ သိပ်မကြာပေ။ ရွှေဆံတော်ဘုရားဝန်းကျင်သို့ ရောက်ရှိလာကြပြီးနောက် သစ်ပင်ရိပ်တွင် ရပ်စောင့်နေသော နောင်ရိုးကိုလှမ်းမြင်နေရလေသည်။ နောင်ရိုးကလည်း ကျွန်မတို့ရှိရာသို့ ငေးမျှော်ကြည့်နေပြီး စောင့်ကြိုနေရှာ၏။

"နွေအလွန် သူ့ကို မင်းသွားတွေ့လိုက်လေ၊ တို့ဒီမှာစောင့်နေမယ်"

ခြေလှမ်းများတုံ့နှေးလွန်းသည်ဟု ထင်မိ၏။ ချစ်သူနှင့် တူယှဉ်တွဲပြီးတွေ့ရချိန်လေးသည် မိန်းကလေးတစ်ယောက်အဖို့ မည်မျှရင်ခုန်စရာကောင်းလိုက်ပါမည်နည်း။ သို့ပေမယ့် ကျွန်မရင်ထဲတွင် စိတ်ညစ်နေမိပါပြီ။ နှေးကွေးသောခြေလှမ်းများဖြင့် နောင်ရိုးအနီးသို့ ရောက်လာချိန်တွင်.....

"သား.....နောင်ရိုး၊ ဒီမှာဘာလာလုပ်နေတာလဲ"

ဘုရားဖူးလာသူ လူအုပ်ထဲမှ တိုးထွက်လာသည့် စူးရှနက်နဲလွန်းသော အသံပိုင်ရှင်မှာ ကျွန်မ ကြားဖူးနေကျ အသံရှင်ပင်။ ထိုသူမှာ နောင်ရိုး၏မိခင်ပင်တည်း။ ကျွန်မတို့နှစ်ယောက်စလုံး ထိတ်လန့်တုန်လှုပ်သွားရလေပြီ။

"မေမေက ညှို့သည်တွေကို ဘုရားလိုက်ပို့ချင်လို့ သားကို အိမ်စောင့်ထားခဲ့တာ၊ မင်းက ဒီနေရာကို ဘာကြောင့်လာရတာလဲ"

ကျွန်မထံ အကြည့်စူးစူးဖြင့် မျက်မှောင်ကုတ်ကြည့်ကာ မေးလာ၏။ နောင်ရိုးမဖြေနိုင်ပေမယ့် မျက်နှာကြောတင်းပြီး ကျွန်မ ဖြေလိုက်မိသည်။

"ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူးနော် ဆရာမ၊ ဘုရားလာဖူးရင်း သူ့ကိုတွေ့လို့ နှုတ်ဆက်ဖို့လာတာ"

www.burmeseclassic.com

www.burmeseclassic.com





မိုးမိုးမြင့်ရဲ့
မေတ္တာကို
ထာဝရပိုင်ဆိုင်ချင်ရင်
သူ့ရင်ထဲက
အသည်းနှလုံးကို
နားလည်အောင်
ကြိုးစားစမ်းပါ။
နားလည်အောင်
မကြိုးစားချင်ရင်တော့
သူ့ရင်ထဲက အနှစ်မပါတဲ့
အကာလိုမေတ္တာမျိုးသာ
မင်းပိုင်ဆိုင်ရမှာ
...

ထိုစကားကို မယုံသင်္ကာမျက်လုံးများဖြင့် ကြည့်နေပြန်သေးသည်။ ထို့ကြောင့် စက်ဘီးစောင့်နေသော ကြူကြူ့ကို လက်ညှိုးထိုးပြ၍ သေချာစေရန် ပြလိုက်မိ၏။

"ဟိုမှာ ကျွန်မအဖော်စောင့်နေလို့၊ ကျွန်မကိုခွင့်ပြုပါဦး ဆရာမ၊ နောင်ရိုး တို့သွားမယ်"

ပြိုင်တူနှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့ရသည်။ နောင်ရိုးတော့ မည်သို့ဖြစ်ကျန်ဦးမည်မသိပါ။ ကျွန်မတို့ ဘုရားဝင်းထဲမှ ထွက်လာသည်အထိ နောင်ရိုးနှင့်ဆရာမကို တွေ့နေရ၏။

"တော်သေးတာပေါ့ နွေအလွန်ရယ်၊ မင်းတို့နှစ်ယောက်တည်းသာ ဘုရားပေါ်မှာတွေ့လိုက်ရင် ငြင်းလို့ရမှာမဟုတ်ဘူးနော်"

နှစ်ယောက်သား စက်ဘီးကို လမ်းမပေါ်မှ မှန်မှန်လေးစီးနင်းလာခဲ့ကြသည်။ ကျန်ကိစ္စကို မသိလိုသော်လည်း ဆရာမရှေ့မှ ရှောင်ထွက်လာခဲ့သည်ကို နောင်ရိုးတစ်ယောက် မကျေမနပ်ဖြစ်၍ ကျန်ခဲ့မည်မှန်း စိတ်ကသိနေ၏။

"ဆရာမကို ရုတ်တရက်ကြီးတွေ့လိုက်ရတော့ မင်းကြောက်မသွားဘူးလားဟင်"

"ဟင့်အင်း၊ ဝမ်းတောင်သာသွားသေးတယ်"

"ဘာဖြစ်လို့"

"ကိုယ့်ပြိုင်ဘက်အပေါ် အနိုင်ရသွားလို့၊ နောင်ရိုးကိုကြည့်လိုက် တဲ့မျက်လုံးတွေမှာ ယူကျုံးမရ စိတ်နဲ့ဝမ်းနည်းမှုတွေကို မြင်တွေ့လိုက်ရလို့ပေါ့၊ ပြီးတော့ ကျေးဇူးလည်းတင်မိတယ်လေ၊ တို့ကနောင်ရိုးကို ချစ်တာမှမဟုတ်တာ၊ သူ့အမေရောက်လာတော့ သူ့ရဲ့ချစ်စကားတွေ မကြားရတော့ဘူးပေါ့ကွာ"

"အင်းလေ၊ ကံကြမ္မာဆိုတာ ဆန်းကြယ်လွန်းတယ်နော်၊ တွေ့စေချင်ရင် တွေ့ချင်မှတွေ့တတ်တာမျိုးပါ"

"ဒီလိုတွေ့သွားတော့ နောက်ဆို နောင်ရိုး လာခေါ်ရဲမှာမဟုတ်တော့ဘူးပေါ့၊ လာခေါ်ရင်လည်း အကြောင်းပြစရာရသွားပြီလေ"

ကျွန်မ၏ တိုးတိတ်စွာပြောလိုက်သော စကားလေးကို ကြူကြူ

www.burmeseclassic.com

က ခေါင်းလေးညိတ်ပြီး ထောက်ခံရှာ၏။ ထို့နောက် စကားသံစဲသွားပြီး အိမ်သို့အမြန်နှင်းပြီး ပြန်လာခဲ့ကြတော့သည်။ အိမ်ရှေ့တွင် ဆည့်သည်၏စက်ဘီး ရပ်ထားသည်ကိုတွေ့လိုက်ရခြင်းကြောင့် အိမ်ထဲတွင် ဦးဖေသော်ရောက်နေပြီမှန်းသိလိုက်မိသည်။

"ဟော.....သမီးလေးပြန်လာပြီ၊ လာလေ၊ ဒီမှာခဏထိုင်ဦး။ သမီးအတွက် ဦးဖေသော်က မြို့အပြန်လက်ဆောင်ယူလာတယ်တဲ့"

စားပွဲခုံပေါ်တွင်ရှိသောပစ္စည်းများကို ကျွန်မ မမက်မောမိပါ။ ထိုပစ္စည်းများ၏နောက်ကွယ်တွင် ဒေါ်လေးမေမေကို သိမ်းပိုက်သွားမည့်အတွက် တူမတစ်ယောက်အနေဖြင့် ကာဆီးမိ၏။

"ဒါတွေပြန်ယူသွားပါ ဦးဖေသော်၊ ကျွန်မအတွက် ဒေါ်လေးမေမေရဲ့မေတ္တာကလွဲပြီး ဘာမှမလိုအပ်တော့ပါဘူး"

"သမီး.....ဘယ်လိုပြောလိုက်တာလဲကွယ်"

ဒေါ်လေးက ဝင်ဟန့်တားပေမယ့် မှန်သောစကားကို သတ္တိရှိရှိပြောမိသည့်အတွက် ဒေါ်လေးဆူလျှင် ခံနိုင်ပါသည်။ ကျွန်မကို စိုးထိတ်သော မျက်ဝန်းများနှင့်ကြည့်နေသည့် ဦးဖေသော်။ သူ့မျက်ဝန်းများကို ရင်မဆိုင်လို၍ အကြည့်လွှဲလိုက်မိ၏။

"သမီးရင်ထဲမှာရှိတဲ့အတိုင်းပြောမိတာ မှားသလားဟင်၊ သမီးဘဝမှာ ဒေါ်လေးကို သူစိမ်းယောကျ်ားတစ်ဦးနဲ့ အပြိုင်လွှန်မဆွဲပါရစေနဲ့ ပြီးတော့ အဆုံးရှုံးလည်း မခံပါရစေနဲ့ ဒေါ်လေးမေမေရယ်၊ အဟင့်...ဟင့်"

"အို.....သမီးလေးရယ်"

ဒေါ်လေးသည် ကျွန်မကို သူ့ရင်ခွင်ထဲ ထွေးဖက်ထားရှာပါသည်။ ကျွန်မစကားအတွက် စိတ်မကောင်းဖြစ်သွားပုံရသည်။

"ကျွန်တော်ပြန်မယ် ဒေါ်မိုးမိုးမြင့်"

"ဩော်.....ဟုတ်ကဲ့၊ ကျွန်မကို နားလည်ပါနော်"

"ကျွန်တော်က အမြဲတမ်းနားလည်မှုပေးနေတဲ့သူပါဗျာ၊ သွားမယ်နော်"

ဒေါ်လေး၏ မျက်ဝန်းလေးများသည် အုံ့မှိုင်းသွားပုံမျိုးဖြင့် စိတ်က ဦးဖေသော်၏ နောက်သို့ လိုက်ပါသွားပုံရပါ၏။ ငေးငိုင်သော အကြည့်လေးများက သက်သေဆိုသည်ကို ကျွန်မ သိမြင်လိုက်ရလေပြီ။ ရင်မှာတလှပ်လှပ်နှင့် ခံပြင်းဒေါသဖြစ်နေမိ၏။



✦ ✦ ✦

"ဦးဖေသော်က မိတ္ထီလာကနေ ရန်ကုန်ကိုပြောင်းသွားပြီးမှ ရာထူးတိုးပြီး ပြည်ကိုရောက်လာတာ ဘာကြာသေးလို့လဲကွာ၊ မင်းရဲ့ဒေါ်လေးမေမေနဲ့က မိတ်ဆွေရင်းတွေတဲ့၊ မနေ့ကမှ မေမေ့ကို မေးကြည့်လို့ သိရတာ၊ ဒါကြောင့်လည်း မင်းတို့အိမ်ကို ဝင်ထွက်သွားလာနေတာနေမှာပေါ့၊ ပြီးတော့ ဦးဖေသော်က လူပျိုကြီးတဲ့"

"တော်စမ်းပါကွာ၊ အိမ်ထောင်သည်ဆိုရင် တားဆီးလို့ ရချင်ရဦးမယ်၊ လူပျိုကြီးဆိုတော့ အိမ်က အပျိုကြီးက အပြတ်ကြွေနေပြီပေါ့၊ တောက်....."

လေးမူမှတစ်ဆင့် ဦးဖေသော်အကြောင်းကို သိလာရစဉ်တွင် ဒေါသအလိပ်လိုက်တက်လာရတော့၏။ သည်လူကြီးနှင့်ဒေါ်လေး မည်ရွေ့မည်မျှ ပတ်သက်နေခဲ့ပြီလဲ။

"ဒါနဲ့ ဒေါ်မိုးမိုးမြင့်က မင်းအဖေရဲ့အစ်မ မဟုတ်လား"

"ဟုတ်တယ်လေ"

"ကြီးကြီးလို့ မခေါ်ဘဲဘာကြောင့် ဒေါ်လေးလို့ ခေါ်နေရတာလဲ၊ ကြီးကြီးမေဆို လည်း ခေါ်လို့ရသားပဲဟာ"

"ငယ်ငယ်က

www.burmeseclassic.com



တို့ပတ်ဝန်းကျင်မှာ ဒေါ်လေးတွေပဲ ရှိခဲ့ကြတာ၊ ဒီတော့ နှုတ်ကျိုးပြီး ဒေါ်လေးပဲခေါ်ခဲ့တာ၊ ခုချိန်ထိ ပဲလေ''

''အေးလေ မင်းဒေါ်လေးက လည်း ငယ်ငယ်ရွယ်ရွယ်ပဲရှိသေး တာပါ၊ ဒါပေမဲ့ အိမ်ထောင်ပြုပါစေ လား နွေအလွန်ရယ်''

ဒေါ်လေးကို အိမ်ထောင်ပြုရန် တိုက်တွန်းသူများသည် ကျွန်မ၏ရန် သူဟုဆိုပါက လေးမူလည်း ကျွန်မ ၏ရန်သူတစ်ယောက် ဖြစ်ပါလိမ့် မည်။ လေးမူထံ နှုတ်ခမ်းကိုရွဲ့ကာ ကြည့်ပစ်လိုက်၏။

''တော်တော့ဟာ၊ ဆက်မပြော နဲ့တော့၊ ဒေါ်လေးအိမ်ထောင်ပြု သွားရင် တို့ကို အခုလိုဂရုစိုက်နိုင် မှာမဟုတ်တော့ဘူး၊ မင်းစဉ်းစား ကြည့်''

''ဩော်.....တို့က နွေအလွန် ဟာ သူ့ဒေါ်လေးကို အတော်ချစ် ရှာတာပဲလို့ ထင်နေတာ၊ မင်းဟာ ကိုယ်ကောင်းစားရေးအတွက် အတ္တ ကြီးလွန်းသူတစ်ယောက်ဖြစ်နေပါ လား၊ ဒီမှာ နွေအလွန်၊ ဒေါ်မိုးမိုး မြင့်ရဲ့ မေတ္တာကို ထာဝရပိုင်ဆိုင်ချင် ရင် သူ့ရင်ထဲက အသည်းနှလုံးကို နားလည်အောင် ကြိုးစားစမ်းပါ၊ နား လည်အောင် မကြိုးစားချင်ရင်တော့ သူ့ရင်ထဲက အနှစ်မပါတဲ့ အကာ လိုမေတ္တာမျိုးသာ မင်းပိုင်ဆိုင်ရမှာ ပါ၊ မင်းစိုးရိမ်နေသလို ဒေါ်မိုးမိုးမြင့် ဟာ ဘယ်တော့မှ မင်းအပေါ်ရက် စက်မှာမဟုတ်ဘူး နွေအလွန်''

ဘာပဲပြောပြော ဦးဖေသော် ကြောင့် ကျွန်မရင်ထဲမှာ မီးတောက် နေရတာကို ဘယ်သူတွေက စာနာ နားလည်ပေးကြမှာလဲလေ။ ဒီလိုသာ ခံစားလာရမယ်ဆိုရင် ပြည်မြို့ကို ပြောင်းလာမိမည်မဟုတ်ပါ။

''တို့ပြန်မယ် လေးမူ''

စက်ဘီးဒေါက်ကို ခြေဖြင့်ပင့် တင်ပြီး စက်ဘီးကို ဘီးအလှိမ့်....

''မင်း အိမ်ကိုပြန်မှာလား နွေ အလွန်''

''တစ်ယောက်တည်း စိတ်ကူး ယဉ်လို့ရနိုင်မယ့်နေရာမျိုးကို သွား ချင်တယ်''

''စိတ်ထင်ရာတွေ လျှောက် လုပ်မနေနဲ့ကွာ၊ ကြူကြူ့ဆီကို သွား ဦးလေ၊ မင်းကိုလာဖို့ လေးမူနဲ့မှာ ထားတယ်''

''အေးပါ၊ သွားမယ်ကွာ''

ကျွန်မ၏ခံစားမှုကို နားလည် စွာဖြင့် တမင်တိုက်တွန်းသည့်စကား ဖြစ်မှန်းသိသော်လည်း ထိုနေ့က ကြူကြူ့ထံ မသွားဖြစ်ပါ။ အိမ်သို့ သာ ကျွန်မပြန်လာမိသည်။ သို့ပေ မယ့် အိမ်အဝတွင် အထဲမှအသံများ ကြောင့် အသာနားစွင့်လိုက်မိ၏။

''မိုးရဲ့အဆုံးအဖြတ်ကို မပြင် တော့ဘူးလားကွာ၊ ကိုယ်ဟာ မိုး အပေါ် နားအလည်ဆုံး ချစ်သူတစ် ယောက်ပါ၊ ခုချိန်ထိ အိမ်ထောင် မပြုဘဲနေခဲ့တာ မိုးကိုစောင့်နေလို့ပေါ့ ကွယ်၊ မိုးရဲ့တူမဟာ ကိုယ့်ရဲ့တူမ လေးပဲပေါ့၊ ကိုယ့်သားသမီးအရင်း လေးလို စောင့်ရှောက်နေမှာပါ၊ ကိုယ် ကတိပေးတယ် မိုး''

ဩော်.....သူတို့ဟာ တစ်ချိန် က ချစ်သူတွေကိုး။ ကျွန်မ မသိတဲ့ ဒေါ်လေးချစ်သူဆိုတာ ဦးဖေသော် ဖြစ်နေတာပါလား။

''ဟုတ်ပါတယ်၊ ဟိုတုန်းက ဒီ ကလေးကြောင့် မစွန့်စားရဲပေမယ့် ခုဆို ပတ်ဝန်းကျင်ကို မိုးတို့ကြည့်ရ တော့မယ်၊ ပြီးတော့ ကလေးဟာ ရှင်နဲ့ပတ်သက်ပြီး ခံစားနေရရှာပါ တယ်၊ သူလေးရင်ထဲမှာ စိတ်ရိုင်း တွေ မဝင်စေချင်ဘူး၊ ဒါကြောင့် မိုး ကိုခွင့်လွှတ်ပါ၊ တည်ငြိမ်နေတဲ့ နှလုံးသားတွေကို ဆက်ပြီးငြိမ်သက် အောင် ထိန်းထားကြပါစို့လား၊ မိုး တို့သားအမိကို သံယောဇဉ်ရှိတယ် ဆိုရင် ဖြူစင်သန့်ရှင်းတဲ့ မေတ္တာမျိုး နဲ့ ကူညီစောင့်ရှောက်နိုင်ပါတယ်၊ မိုး လေ ကိုယ့်နှလုံးသားထဲမှာ ဘယ်လို ပဲ ခံစားနေရပါစေ၊ ဒီကလေးနဲ့ပတ် သက်လာရင် မိုးနှလုံးသားကိုစတေး ရဲပါတယ် အစ်ကိုရယ်၊ ဟင့်..... အဟင့်''

နံရံကို ကျောမှီပြီး တွေတွေ ကြီးရပ်နေမိတဲ့ ကျွန်မ။ ဒေါ်လေး မေမေရဲ့ခံစားမှုကို လေးမူပြောသလို နားလည်မှုမပေးခဲ့တာ ကျွန်မရဲ့အတ္တ အမှားပါလား။ ကျွန်မအပေါ်ထားရှိ တဲ့ သူတို့ရဲ့ စေတနာ၊ မေတ္တာတွေ ကြောင့် ဝမ်းနည်းမိတဲ့အထိ ရင်မှာ တလှပ်လှပ် ခံစားခဲ့ရပါပြီလေ။ ကျွန်မဟာ သူတို့အတွက် ခလုတ် တစ်ခု ဖြစ်နေပြီလား။

''တိတ်ပါတော့ မိုးရယ်၊ ကိုယ် နားလည်ပါပြီ၊ မိုးအပေါ် နားလည် လွန်းတဲ့ ချစ်သူတစ်ယောက်အဖြစ် မိုးရဲ့စိတ်တိုင်းကျ ကိုယ်နေသွားပါ့

www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ဒါဟာ မိုးအပေါ် သိပ်ချစ်လို့ပါကွာ''

''မိုး နားလည်ပါတယ်၊ ဒီအတွက် အစ်ကို့ကို ကျေးဇူးတင်မိပါတယ်၊ ပြီးတော့ အစ်ကို့ကို လေးစားမိတယ်၊ ဆွေမျိုးအသိုင်းအဝိုင်းမရှိတဲ့ မိုးတို့သားအမိကို ဆွေမျိုးရင်းနဲ့မခြား အစ်ကိုစောင့်ရှောက်ပါ''

''စောင့်ရှောက်ပေးပါ့မယ်ကွယ်၊ စိတ်ချပါ''

ချစ်သူမှ မိတ်ဆွေအဖြစ် လျင်မြန်စွာ ပြောင်းလဲသွားနိုင်ခြင်းသည် ကျွန်မအပေါ်ထားရှိသည့် မေတ္တာအရိပ်ကြောင့်ပါလား။ ထိုအရိပ်သည် ကျွန်မအတွက် ထာဝရ အေးမြမှုပေးနိုင်မည့် မေတ္တာမျိုးပဲ ဖြစ်ပါစေ။

''ကိုယ်ပြန်တော့မယ် မိုး၊ သမီးရဲ့ပညာရေးအတွက် လိုအပ်သမျှ ပြောပါကွယ်၊ ကလေးက ပညာရေးကောင်းတယ်ဆို''

''နှစ်တိုင်းအဆင့်ဝင်တယ် အစ်ကို၊ သူက ဆရာဝန်သိပ်ဖြစ်ချင်တာ၊ ဒါပေမဲ့ မိုးဘက်က ကြိုးစားထားပေးရမှာပေါ့လေ''

''အစ်ကိုလည်း ကူညီမှာပေါ့ကွာ''

သူတို့နှုတ်ဆက်နေချိန်မှာ စက်ဘီးကို အသာမပြီး အိမ်ဘေးသို့ သွားထားမိသလို ကျွန်မလည်း ပုန်းနေမိပါ၏။ ဦးဇေသော်၏ အိမ်ပေါ်မှဆင်းသွားသည့် ခြေသံအစုံကို ကြားရပြီးနောက် ခဏအကြာတွင် ခြေသံလုံလုံဖြင့် ခပ်ဖွဖွတက်လာမိချိန်မှာ ဒေါ်လေး၏ မျက်နှာကွယ်ပြီး ငိုရှိုက်နေသောမြင်ကွင်းကြောင့် 'သူတို့ချစ်ခြင်း ဖြူခွင်းသလို ဖြစ်နေခဲ့ပြီလား'ဟု စိတ်မသက်သာစွာဖြင့် အခန်းထဲဝင်လာမိတော့သည်။

မနက်ဖြန်တွင် ကျောင်းတွေ ပြန်ဖွင့်ပေတော့မည်။ အဆင်သင့်ဖြစ်စေရန် လွယ်အိတ်ထဲသို့အချိန်စာရင်းနှင့်တိုက်ပြီး စာအုပ်များကို ထည့်နေမိ၏။ ထိုအချိန်တွင် ဒေါ်လေး၏အသံကို ကြားရသည်။



''သော်.....သမီးလေး ဘယ်အချိန်ကတည်းက ပြန်ရောက်နေတာလဲ၊ ဒေါ်လေးတောင် မသိလိုက်ဘူးကွယ်''

အပူရုပ်ကို ဟန်လုပ်မေးလာသည့်အတွက် လှည့်ကြည့်လိုက်မိရာ ဒေါ်လေး၏မျက်နှာပေါ်တွင် မျက်ရည်များက ခန်းခြောက်မှုမရှိသေးပေ၊ ဝမ်းနည်းရိပ်များကိုတွေ့နေရသော်လည်း ကျွန်မကို ပြုံးပြရှာ၏။

''ပြောလေ၊ ဒေါ်လေးက သမီးလေးပြန်အလာကို စောင့်နေတာပါ''

ကျွန်မ ဘယ်လိုပြောထွက်နိုင်မှာလဲလေ။ ဒေါ်လေးတို့ ချစ်သူနှစ်ဦး၏ သဘောထားများကို သိလိုက်ရချိန်မှာ နားလည်စာနာပေးလိုပေမယ့် ဒေါ်လေးကို ယောက်ျားတစ်ဦး၏ရင်ခွင်ထဲသို့ လက်လွှတ်စပယ်မထည့်ရက်ပြန်ပေ။

''ဒေါ်လေးမေမေရယ်၊ အီး...ဟီး.....ဟီး''

ရုတ်တရက် ဖက်တွယ်ပြီးငိုချလိုက်ခြင်းကြောင့် ဒေါ်လေး၏မျက်နှာတွင် အံ့သြသွားရှာလေသည်။ ပြီးမှ ကျွန်မ ပြောလာမည့်

www.burmeseclassic.com

www.burmeseclassic.com


စကားကို နားလည်စွာဖြင့် ရင်ခွင်ထဲထွေးဖက်ရင်းမှ ကျွန်မ၏ ဆံစလေးများကို ပွတ်သပ်ပေးကာ သက်ပြင်းတစ်ချက်ကို ချလိုက်၏။

"ဒေါ်လေးတို့သဘောထားကို သမီးလေး သိပြီးမှာပါ၊ မငိုပါနဲ့တော့ကွယ်၊ ဒေါ်လေးရဲ့အနာဂတ်ဟာ ဒီသမီးလေးပါပဲနော်၊ မငိုနဲ့တော့ကလေးရယ်၊ တိတ်.....တိတ်"

ဒီစကားကြားရရုံနဲ့တင် ကျွန်မ ပျော်ရွှင်နေမိပါပြီ။ ဒါကြောင့်လည်း ဒေါ်လေးမေမေရဲ့ ခါးလေးကို တင်းတင်းဖက်ထားလိုက်မိပါတော့သည်။

+++

"နွေအလွန် မုန့်မှာဦးမလား၊ တို့ မုန့်ဈေးတန်းသွားမလို့"

ခေါင်းခါပြပြီး ဒေါ်လေးထည့်ပေးလိုက်သည့် မုန့်လေးကို လွယ်အိတ်ထဲမှ ထုတ်ယူပြလိုက်မှ.....

"ဒါဆို တို့သွားမယ်နော်"

လေးမူနှင့် ကြူကြူ ထွက်သွားကြတော့သည်။ မုန့်စားဆင်းချိန်မှာ ဆယ်မိနစ်စွန်းစွန်းပင် ရှိနေချေပြီ။ အတန်းထဲတွင် ကျောင်းသားလေးဦးသာ ရှိတော့၏။ ထိုလေးဦးတွင် နောင်ရိုးတစ်ယောက်လည်း အပါအဝင်ပင်။ သို့ပေမယ့် သူ့အတန်းလေးထဲမှ နောင်ရိုး ထမသွားခဲ့ပါ။ တစ်ခုခုကိုသာ ရေးမှတ်နေပုံရ၏။ ကျွန်မလည်း ရေးလက်စ စာအုပ်ကိုပိတ်ပြီး မုန့်ကိုသာ ထုတ်ယူစားနေမိသည်။ ထိုစဉ် ကျွန်မ၏နံဘေးသို့ဖြတ်သွားသော ကျောင်းသားတစ်ယောက်ထံမှ ကျွန်မ၏ခုံပေါ်သို့ စာအိတ်လေးတစ်ခု ကျရောက်လာလေရာ ဖျတ်ခနဲ မော့ကြည့်မိတော့

"ဟင်.....နောင်ရိုး"

ခပ်တည်တည်ပင် ကျွန်မကို သူကိုယ်တိုင် စာပေးပြီး ထွက်သွား၍ ပတ်ဝန်းကျင်ကို မလုံမလဲကြည့်မိပြန်သည်။

"သူတို့များ မြင်သွားကြပြီလား"

ကျန်ကျောင်းသားများက သိရှိပုံမပေါ်ပါ။ သူတို့အာရုံနှင့်သူတို့ရှိနေကြ၏။ နောင်ရိုးကဖြင့် ထွက်သွားလေပြီ။ သည်တော့မှ စာလေးကို ဖောက်ဖတ်မိရာ

"နွေအလွန်....

ရှေ့ခုံတော်မှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စအတွက် ကိုယ်တောင်းပန်ပါတယ်နော်။ တော်ပါသေးရဲ့ မေမေ မသိမိလို့ နောက်တစ်ခါဆိုရင်တော့ ဆပြီး ရတော့မယ်ကွာ။

**နောင်ရိုး**

ကောင်းတာပေါ့ နောင်ရိုးရယ်။ တို့တွေ မတွေ့ကြရင်အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ ဟုတ်ပြီ၊ ဒီပြန်စာလေးကိုတော့ သူ့ကိုပြန်ပေးရဦးမှာပေါ့လေ။ ဘယ်သူမှမလာခင် စာလေးကို ခပ်မြန်မြန်ထုတ်ရေးပြီး စာအုပ်ကြားထဲ ညှပ်ထားလိုက်မိ၏။

"ဟေး.....ပျင်းနေပြီလား နွေအလွန်"

"မင်းအတွက် မုန့်ယူလာတယ်ရော့....."

ကျွန်မအတွက်ယူလာသောမုန့်များကို ခုံပေါ်တင်ပေးလိုက်စဉ်တွင် ကျောင်းတက်ခေါင်းလောင်းသံကြောင့် ကျောင်းသားများ အတန်းထဲပြန်ဝင်လာကြတော့သည်။ သူတို့နှင့်အတူ နောင်ရိုးလည်း လိုက်ပါလာ၏။

"လေးမူ စာအုပ်ကြားထဲမှာ စာပါတယ်၊ ဟိုမှာလာနေပြီ၊ ပေးလိုက်ဦး"

ကျောင်းသားများနှင့် ရောထွေးပြီး နောင်ရိုးလက်ထဲကို စာအုပ်ရောက်သွားမှ ကျွန်မလည်း စိတ်အေးသွားရလေပြီ။ သို့ပေမယ့် ပြတင်းပေါက်မှ ရပ်ကြည့်လာသော နောင်ရိုးမိခင်ကြောင့်.....

"ဟော့.....လေးမူ၊ ဟိုမှာ သူ့မားသားကြီးကြည့်နေတယ်"

"ဟယ်...ဒုက္ခပါပဲ၊ မြင်သွားသလားမသိဘူးနော်"

"မပြောတတ်ဘူးကွာ"

"နွေအလွန်က ပေးလိုက်ဆိုလို့ လေးမူလည်း ပေးလိုက်မိတာပဲ"

"ကဲ.....အမူအရာတွေ ပျက်မနေကြနဲ့၊ မင်းတို့လုပ်တာနဲ့ သိသွားလိမ့်မယ်၊ ဟော.....ဆရာဝင်လာပြီ၊ ထကြ"

ကျွန်မတို့နှစ်ယောက်အား ကြူကြူက သတိပေးလာ၍ ကျေးဇူးတင်မိရသည်။ ဆရာဝင်လာ၍ နှုတ်ဆက်ပြီး ပြန်ထိုင်လိုက်ရသော်လည်း ကျွန်မ၏အကြည့်က ပြတင်းဆီသို့ ရောက်သွားမိ၏။ သို့သော် နောင်ရိုးမိခင် မရှိတော့ပေ။ သည်တော့မှ သက်ပြင်းမောကြီးကို ချလိုက်မိပါ၏။

ဆရာစာသင်နေသော်လည်း ကျွန်မ၏အတွေးများက တခြားသို့ ရောက်နေရသည်။ နောင်ရိုးနှင့် ကျွန်မအကြောင်း ဆရာမ သိသွား

www.burmeseclassic.com

www.burmeseclassic.com

ပြီလား၊ ဒါမှမဟုတ် ရိပ်မိသွားပြီလား။ ဒါကြောင့်လည်း အတန်းထဲအထိ လိုက်ကြည့်နေခြင်းပဲဖြစ်ပါလိမ့်မည်။ ထိုအတွေးများသည် ကျွန်မ၏ တွေဝေမိန်းမောခြင်းအပေါ် ဦးတည်ချက်လမ်းကြောင်း ပျောက်သွားမည်ကို သတိပေးလိုက်သလို ဖြစ်ခဲ့ရ၍ မကြာမီ ဖြေဆိုရတော့မည့် စာမေးပွဲအတွက် နောက်ဆုံးအကြိမ် ကြိုးစားနိုင်လျှင် တစ်နှစ်တာ စာသင်နှစ်ကုန်ဆုံးသွားပေမည်။ ထိုအောင်စာရင်းတွင် ကျွန်မ၏အမည်သည် အားလုံး၏ထိပ်ဆုံးတွင် ရှိနေရပါမည်။

နှစ်တိုင်းတွင် ပထမရနေသော နောင်ရိုးကို ကျော်ဖြတ်ပြီး သူ့နေရာဝင်လုသလိုမျိုး ဖြစ်ခဲ့လျှင် နောင်ရိုးမိခင်၏အမုန်းနှင့် သူမအပေါ် အနိုင်ရလိုမှုကို ကျွန်မဘက်က ပိုင်ဆိုင်ရမှာပါလား။

ကျွန်မ၏အဖြစ်က အနိုင်အရှုံးကို ပဓာနထားပြီး ယှဉ်ပြိုင်နေရသော ကြိုးဝိုင်းတစ်ခုပေါ်မှ လက်ေ့ှသမားပမာ သက်လုံနှင့် အောင်မြင်ရေးကိုသာ ဦးတည်နေ၏။ ကိုယ့်ဘက်က တစ်ချက်မှားသွားလျှင် ပြိုင်ဘက်၏ အလဲထိုးအနိုင်ယူခြင်းကို ခံရပါလိမ့်မည်။

''နွေအလွန် ကြိုးစားနော် သမီး၊ နဝမတန်းမှာ ပထမက သမီးနဲ့ နောင်ရိုးဖြစ်နေတယ်၊ အတန်းတိုင်းမှာ တို့အတန်းက ဆုဝင်ဖို့သေချာနေပြီ၊ သမီးတို့နှစ်ယောက်သာ ပထမနဲ့ဒုတိယ ယှဉ်ပြိုင်ရမှာ၊ ကိုယ့်ဘက်က တစ်ချက်မှားသွားတာနဲ့ အဆင့်နိမ့်သွားမှာနော်''

အတန်းပိုင်ဆရာမ၏ အားပေးစကားတွေသည် ကျွန်မအတွက်တော့ အားဆေးပါပဲ။ နောင်ရိုးနှင့် ကျွန်မ၏ ကွာခြားချက်မှာ ဆရာမသားဆိုသည့် သူ့ဂုဏ်ပုဒ်ကြောင့် ကျွန်မထက် တစ်ချက်သာနေသည်။ ကျွန်မအတွက် ကံကောင်းခဲ့သည်က ကျွန်မ၏အတန်းပိုင်ဆရာမသည် လွန်စွာမှ ဘက်လိုက်မှုမရှိသော၊ အမှန်တရားကို မြတ်နိုးတတ်သော၊ တိကျလွန်းသည့် ဆရာတစ်ဦးပင်ဖြစ်လေသည်။

''သမီးရေ...ဆရာမလာတယ်ကွယ်''

စာကျက်နေရင်းမှ အခန်းထဲမှ ပြေးထွက်လာမိ၏။ ဧည့်ခန်းထဲတွင် ဆရာမနှင့် ဒေါ်လေးက စကားကောင်းနေကြသည်။ ကျွန်မကိုမြင်သည်နှင့်.....

''အထူးထုတ်လေးတွေ လေ့လာရအောင် လာပေးတာကွယ်၊ စာတော်တဲ့ ကျောင်းသူတစ်ယောက် မှာ အရည်အချင်းတွေပြည့်ဝဖို့ ဗဟုသုတစုံရမယ် သမီးရဲ့''

''ဟုတ်ကဲ့ပါ ဆရာမ၊ ကျေးဇူးတင်ပါတယ်ရှင်''

ဆရာမ၏စေတနာသည် ကျွန်မအဖို့တော့ တန်ဖိုးဖြတ်မရနိုင်သော ကျေးဇူးများပဲဖြစ်ကြ၏။ ဆရာမ၏ ကြည်နူးမှု၊ ဆရာမ၏ ပီတိများသည် ကျွန်မ၏ ကြိုးစားမှုအင်အားများပါတကား။

ပြည်တွင်တာဝန်ကျသော ဆရာမသည် မိဘညီအစ်ကို မောင်နှမများနှင့် ခွဲခွာပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေရှာသော နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်၏။ ဆရာမ၏ဖခင်မှာ အငြိမ်းစားအရာရှိတစ်ဦးဖြစ်ပြီး မိခင်မှာ ကုမ္ပဏီကို ဦးစီးလုပ်ကိုင်၍ မောင်နှမများအား ကုမ္ပဏီတွင် လုပ်ကိုင်စေသည်ဟု သိရသည်။

''အစိုးရအလုပ်လုပ်တဲ့ကျွန်မကို ဖေဖေတစ်ယောက်ကလွဲပြီး ဘယ်သူတွေမှ အားမပေးကြပါဘူး၊ ကျွန်မကလည်း ကိုယ်ဝါသနာပါတဲ့ ကျောင်းဆရာအလုပ်ကို အားထားတယ်၊ နှစ်သက်တယ်၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ တိုင်းပြည်ကိုအလုပ်အကျွေးပြုချင်တယ်၊ ကိုယ့်ရဲ့သမိုင်းမှာ ကိုယ်မွေးထုတ်ပေးခဲ့တဲ့ ပညာတတ်တပည့် ဘယ်နှယောက် ပေါ်ထွက်လာခဲ့သလဲဆိုတာကို ပြနိုင်ရမယ်၊ လူတကာထက် ကိုယ့်တပည့်တွေကို ထူးခြားစေချင်တယ်လေ၊ ကျောင်းဆရာမအလုပ်ကို လျှောက်တဲ့အခါမှာ အားလုံးက တားဆီးခဲ့ကြပါတယ်၊ 'တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား အားရှိပါ၏' ဆိုတဲ့စကားအတိုင်း မောင်နှမတွေထဲမှာ ကျွန်မက အရာရာ မျက်နှာငယ်ခဲ့ရပါတယ်၊ နှစ်တိုင်း အလှူလုပ်တဲ့အခါမှာ ကျွန်မက ကိုယ့်ချွေးနဲ့စာလေးနဲ့ စုဆောင်းမိသမျှ အလှူငွေထည့်ဝင်ပေမယ့် အားလုံးထဲမှာ အနည်းဆုံးလိုလိုဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မ အားမငယ်ပါဘူး၊ လုပ်ငန်းကြီးကြီးကို ပိုင်ဆိုင်လုပ်ကိုင်နေတဲ့သူတွေနဲ့ ငွေအားအရ မယှဉ်

www.burmeseclassic.com


ပြုင်နိုင်ပေမယ့် စေတနာ၊ မေတ္တာ အရတော့ သူတို့ထက်သာပါတယ်၊ ဒါကြောင့်လည်း အရည်အချင်းရှိတဲ့ သူတွေကိုတွေ့ရင် အားပေးတယ်၊ စာနာတယ်၊ မြေတောင်မြှောက်ပေး ချင်တယ်လေ''

ဆရာမသည် သူ့ရင်ထဲမှ ခံစားမှုမှန်သမျှကို ဖွင့်ဟလိုက်ရ၍ မောသွားဟန်ဖြင့် စကားကို ရပ်နားလိုက်ပါသည်။ ပြီးတော့လည်း ကျေနပ်မှုများက ဆရာမ၏မျက်နှာပေါ်တွင် ထင်ဟပ်နေလေပြီ။

''လေးစားပါတယ် ဆရာမရယ်၊ အထူးသဖြင့် ကျွန်မရဲ့တူမလေးဟာ ဆရာမရဲ့ အားပေးမှု၊ စေတနာ၊ မေတ္တာတွေကြောင့် သူ့ဘဝလေး ပိုပြီးအရောင်တောက်လာရတာပါ၊ ခုတလော စာတွေအရမ်းကျက်တာပဲ ဆရာမရယ်၊ ကြည့်ပြောပေးပါဦး''

''ဟုတ်လား နွေအလွန်၊ သမီးက ဉာဏ်ကောင်းပြီးသားပဲဟာ၊ ဝီရိယလွန်ရင်လည်း မကောင်းဘူးလေ၊ မှန်မှန်လေးသာ ကျက်သွား၊ ဆရာမရဲ့ အတွေ့အကြုံအရ ပြောရရင် စာတော်တဲ့ကလေးတစ်ယောက်ဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အမှတ်ကောင်းကောင်းရချင်တာနဲ့ နေ့မနား၊ ညမအား ကြိုးစားတာ၊ ဖြေတဲ့နေ့မှာပဲ မကျန်းမမာဖြစ်ပြီး စာမေးပွဲတောင် မဖြေနိုင်တော့ဘူးလေ၊ ဒီတော့ သူကြိုးစားထားသမျှ အရာထင်မလာတော့ဘူးပေါ့၊ ဆရာမ ပြောတာနားလည် တယ်နော်''

''ဟုတ်ကဲ့ပါ ဆရာမ''

ဆရာမသည် ကျွန်မကိုပြန်မေးပြီး အိမ်ပြန်ရန် မတ်တတ်ရပ်လိုက်၍ ကျွန်မလည်း ဆရာမနှင့်အတူ ထရပ်လိုက်လေသည်။ ဆရာမက ကျွန်မ၏ပခုံးလေးကိုပုတ်ပြီး

''ကြိုးစားမှုရှိသူတွေအတွက် အောင်မြင်မှုပန်းတိုင်က အသင့်ကြို နေမှာပါ၊ စိတ်ပူပြီး ဝီရိယမလွန်နဲ့ကွယ်၊ စိတ်ကိုတည်ငြိမ်အောင်ထား၊ အောင်မြင်မှုခရီးလေးက မဝေးတော့ပါဘူး၊ ကဲ.....ဆရာမ သွားမယ်နော်၊ အစ်မကြီး.....ကျွန်မကို ခွင့်ပြုပါဦးနော်''

''ဟုတ်ကဲ့၊ သမီးလေး ဆရာမကို အပြင်အထိ လိုက်ပို့ပေးလိုက်ဦးနော်''

ဒေါ်လေးမပြောခင်ကတည်းက ကျွန်မက အဆင်သင့်ဖြစ်နေလေပြီ၊ ဆရာမနှင့်အတူ အိမ်ပေါ်မှဆင်းလာခဲ့ကြ၏။

✦✦✦

''နွေအလွန် မင်းပထမရတယ်၊ ဂုဏ်ထူးတွေလည်းပါတယ်၊ ဝမ်းသာလိုက်တာဟာ''

လေးမှုနှင့်ကြုံကြုံမှာ ဘယ်အချိန်ကတည်းက အောင်စာရင်းသွားကြည့်ခဲ့သည်မသိ။ နံနက် ၆ နာရီသာရှိသေးသည်။ ပြန်လာကြလေပြီ၊ ဒေါ်လေးလည်းထွက်လာ၏။

''ပထမရတယ်တဲ့ ဒေါ်လေး မေမေ၊ သမီး ဝမ်းသာလိုက်တာ''

တဒင်္ဂ မေ့လျော့သွားလောက်အောင် ကိုယ့်ကြိုးစားမှုအတွက် မိန်းမောသွားရလေပြီ။ ရင်မှာ ဝမ်းသာလှိုက်လှဲမှုများစွာဖြင့် ပီတိဖြစ်မိရသည်။

''ဒါနဲ့ နင်တို့ရော အောင်ကြတယ်မဟုတ်လား''

''အောင်ပါတယ်ဟာ၊ တို့ရဲ့အောင်မြင်မှုထက် မင်းအတွက်ပဲ စိုးရိမ်နေတာ၊ နောင်ရိုးက ဒုတိယရတယ်လေ၊ ခုချိန်ဆို နောင်ရိုးအမေတော့ ဆွေ့ဆွေ့ခုန်နေမှာပဲနော်''

နောင်ရိုးအတွက်တော့ စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ။ ထို့အတူ ကျွန်မကို မကျေမနပ်ဖြစ်နေမည် သူ့မိခင်။ ကျောင်းဖွင့်စတွင် ကံဆိုးလွန်းစွာပဲ သူ့မိခင်မှာ ကျွန်မ၏အတန်းပိုင်ဆရာမ ဖြစ်လာလေပြီ။ အမြဲတမ်း မျက်လုံးဒေါက်ထောက် ကြည့်နေသည့်အတွက် ကျွန်မထက် အနေခက်ရသူက နောင်ရိုးပဲဖြစ်လေသည်။ သို့ပါသော်လည်း ကျွန်မအား တပည့်တစ်ဦးထက်ပိုကဲသော ဂရုစိုက်မှုမျိုးဖြင့် အပြစ်ကို ရှာဖွေကြည့်မြင်နေသော ဆရာတစ်ဦးဟုဆိုက မမှားပေ။ ကျွန်မ၏ ပျော့ကွက်၊ ဟာကွက်ကို သာမြင်တတ်ပြီး ဆရာဟူသည့် မြင့်မြတ်သောဂုဏ်ပုဒ်ကို မေ့လျော့နေပြီထင့်။ ကျောသားရင်သား ခွဲခြားတတ်သည့်စိတ်ထားရှိ၏။

''ကြုံကြုံဖန်ဖန်ဟယ်၊ သူ့အမေက တို့အတန်းပိုင်ဖြစ်ရတယ်လို့၊ ဆိုးမှဆိုးတတ်တယ်''

''အေးလေဟာ၊ မျက်နှာပူစရာကြီးပါလား နွေအလွန်ရယ်''

www.burmeseclassic.com

www.burmeseclassic.com

"နင်တို့နော် အခုကတည်းက ကြိုမှာထားမယ်၊ နောင်ရိုးနဲ့ပတ်သက်ပြီး အနေအထိုင်၊ အပြောအဆိုကအစ ဆင်ခြင်ကြ၊ ဆရာမက သံသယမျက်လုံးတွေနဲ့ အမြဲတမ်းကြည့်တတ်တာ၊ အတန်းထဲမှာ သူ့လူတွေကို ကြည့်ခိုင်းထားမှာပဲ၊ တို့စိတ်က သိနေသလိုပဲကွာ"

"ဟုတ်မယ်ဟ၊ တစ်နေ့က နောင်ရိုးနဲ့ စကားပြောနေတာ၊ မသိမသာ နားထောင်တဲ့သူက ရှိသေးတယ်၊ နွေအလွန်ပြောမှ သတိရလာတယ်ကွာ"

ကြူကြူက သူ့အထင်ကိုပြောလာတော့သည်။

"ဘယ်သူလဲ၊ လေးမူအမြင်ပြောရရင် ပဲပဲဖြစ်မယ်မဟုတ်လား၊ ဆရာမကို သိပ်ဖားနေတာ၊ အမြင်ကိုကတ်တယ်ဟာ"

"မစ္ဆရိယစိတ် မများကြပါနဲ့ကွာ၊ ကိုယ့်အလုပ်သာ ကိုယ်လုပ်၊ တို့တွေရဲ့ ရည်မှန်းချက် ပြည့်ကိုပြည့်စေရမယ်၊ တို့သုံးယောက်လုံး နှစ်ချင်းပေါက် အောင်ရမယ်ကွာ"

နောင်ရိုးနဲ့ပတ်သက်ပြီး ပဲပဲနဲ့ ကျွန်မ ဆက်ဆံရေးမပြေလည်ရသလို ဘာကြောင့်များ ရန်သူလိုမြင်လာပါလိမ့်။ အဆိုးဆုံးကတော့ ကျွန်မရဲ့အားနည်းချက်ကို လူပုံအလယ်မှာ အရှက်ခွဲလိုက်တာပါပဲလေ။

"တချို့က ကြီးမှဝက်သက် ပေါက်နေကြတာ၊ အဲဒါကို မသိချင်ယောင်ဆောင်ပြီး လွှတ်ထားတဲ့တူမမျိုးက ရှိသေးတယ်ဟဲ့၊ ကေန္တ ဒါမျိုးလုပ်စားနေကျနဲ့တူတယ်နော်၊ အရာရှိကိုမှ အပိုင်ချိုင်ပြီး သိုက်တူးချင်နေလားမှမသိတာ၊ ငါတို့တော့ ဒီလိုကိုယ်ကျင့်တရားမကောင်းတဲ့ မိန်းမမျိုးဆို ရွံတယ်၊ နင်တို့လည်း ဝေးဝေးကရှောင်ကြနော်၊ တော်ကြာ ကိုယ်ပါမကောင်းတဲ့စရိုက် ဝင်သွားလိမ့်မယ်"

ကျောင်းအပြန်မှာ အသားလွတ်ကြီးပြောလာသည့်စကားကြောင့် အသားများပင် တဆတ်ဆတ်တုန်လာရ၏။ အနားတွင် လေးမူနှင့်ကြူကြူသာ မရှိလျှင် ကျွန်မ ပေါက်ကွဲမိမှာအမှန်ပါပဲ။ ကိုယ့်အပေါ် ရန်စလာသူကို တုံ့ပြန်ချင်ပေမယ့် ဒေါ်လေးတို့ဆက်ဆံရေးမှာ သူများအထင်သေးစရာဖြစ်နေပေပြီ။ ဒါကြောင့်လည်း ပဲပဲကို မကျေမနပ်ကြည့်နေရုံကလွဲပြီး ကျွန်မရင်မှာ ခံပြင်းမိသည်။

"စိတ်ကိုလျှော့လိုက် နွေအလွန်၊ ဒါဟာ မနိုင် နိုင်ရာကို ပြောသွားတာပဲ၊ ဂရုစိုက်စရာမလိုဘူး"

"အေးလေ၊ တို့ကလည်း သူပြောသလို ဖြစ်နေတော့ ပြောသမျှ ငုံ့ခံနေရတော့မှာပဲ၊ ဒေါ်လေးကြောင့် အရှုံးပေးနေရတာ"

"အဲဒါကြောင့်ပြောတာပေါ့၊ မင်းဒေါ်လေးကို ဦးဖေသော်နဲ့ သဘောတူလိုက်ပါလားကွာ"

"ဟင်း.....ပြောကြစမ်းပါစေ၊ တို့ ခံနိုင်ရည်ရှိရမှာပေါ့ကွာ၊ ဒေါ်လေးဆန္ဒကို ခေါင်းညိတ်မိရင် တို့ဘဝမှာ အရှုံးတွေနဲ့ချည်း ရင်ဆိုင်



ရတော့မှာပေါ့"

"ဒီလိုလည်း မဟုတ်သေးဘူးလေ"

လေးမူက ကြူကြူ့ကို တားဆီးလိုက်၍ စကားသံဆက်လက် ထွက်ပေါ်မလာတော့ပေ။ ထိုနေ့က တိတ်ဆိတ်စွာပင် အိမ်ပြန်ခရီးကို ငြိမ်သက်စွာ စက်ဘီးစီးနင်းလာခဲ့ရ၏။ သို့သော် ရင်မှာဘဝင်မကျမှုများက အိမ်ရောက်သည်နှင့် ပေါက်ကွဲလာရတော့သည်။ ဖိနပ်ချွတ်တွင် ဦးဖေသော်၏ဖိနပ်ကို တွေ့နေရသောကြောင့် ကျွန်မ၏ဒေါသစိတ်သည် ထိန်းမရတော့ပေ။

www.burmeseclassic.com


"ဒီမှာ ဦးလေး၊ ဖြစ်နိုင်ရင် ကျွန်မတို့ဆီကို မလာပါနဲ့တော့၊ ကျွန်မတို့ရဲ့ သိက္ခာ၊ ကိုယ်ကျင့်တရားကို ငဲ့ကြည့်ပါဦး၊ ဦးလေးကြောင့် လူပြောစရာဖြစ်နေရပြီး သူများတံတွေးခွက်ထဲ မျောနေရပါပြီ၊ မဖြစ်နိုင်တဲ့ ဇာတ်လမ်းတစ်ခုကို ထပ်ပြီးမဆက်ချင်ပါနဲ့တော့၊ တောင်းပန်ပါတယ်ရှင်၊ ဦးလေး ပြန်ပါတော့နော်"

နှစ်ဦးစလုံးမှာ ကျွန်မ၏အပြောကြောင့် ငေးငိုင်မှင်တက်သွားကြရာသည်။ ဒေါ်လေး၏ နောက်ဆုံးသဘောထားကို သိနေခဲ့သော်လည်း ဖွဲ့ကောင်းလွန်းသည့် ဦးဖေသော်အား ကျွန်မ အံ့သြမိပါ၏။



မျှော်လင့်ချက်မရှိတဲ့
မိန်းမတစ်ယောက်အပေါ်
ဖြစ်လာလိမ့်နိုးနိုးနဲ့
စောင့်စားမနေချင်ပါနဲ့တော့၊
အချိန်တွေ
နှမြောစရာ
ကောင်းလှပါတယ်၊
ဒေါ်လေးအပေါ်
မျှော်လင့်နေရင်တော့
ကျွန်မသေမှပဲ
ဦးလေးပိုင်ဆိုင်ရမှာ
. . .

"ဦးလေးလက်ထပ်ချင်တဲ့ မိန်းကလေးမျိုး တခြားတစ်နေရာမှာ သွားရှာပါရှင်၊ ကျွန်မနဲ့ ဒေါ်လေးကိုတော့ သနားပါ၊ မျှော်လင့်ချက်မရှိတဲ့ မိန်းမတစ်ယောက်အပေါ် ဖြစ်လာလိမ့်နိုးနိုးနဲ့ စောင့်စားမနေချင်ပါနဲ့တော့၊ အချိန်တွေ နှမြောစရာကောင်းလှပါတယ်၊ ဒေါ်လေးအပေါ် မျှော်လင့်နေရင်တော့ ကျွန်မသေမှပဲ ဦးလေးပိုင်ဆိုင်ရမှာပါ"

"မဟုတ်ပါဘူး ကလေးရယ်၊ ဦး မင်းတို့အပေါ်မှာ စေတနာနဲ့ စောင့်ရှောက်နေတာပါကွယ်၊ တလွဲမထင်ပါနဲ့ကွယ်"

"ဩော်.....စောင့်ရှောက်တာဟုတ်လား၊ ဟာ...ဟာ...ဟာ၊ ရယ်စရာကြီးပါလားနော်"

ကျွန်မရဲ့ လှောင်ရယ်သံအဆုံးမှာ ဒေါ်လေး၏ မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့်အတူ ပူခနဲဖြစ်သွားသည့် ပါးတစ်ဖက်.....

"ဖြောင်း....."

"နင် သိပ်မိုက်ရိုင်းပါလား နွေအလွန်၊ အခု လူကြီးကိုပြန်တောင်းပန်လိုက်၊ နင့်မှာ ဒီလိုစိတ်ရိုင်းတွေ ဘယ်တုန်းက ဝင်လာရတာလဲ"

တစ်ခါမျှ မရိုက်ဖူးသည့် ဒေါ်လေးသည် ကျွန်မအပေါ် စိတ်ဆိုးမာန်ဆိုးနှင့် ရိုက်နိုင်ခဲ့ခြင်းမှာ ယောကျ်ားတစ်ယောက်အတွက်နှင့် ကိုယ့်တူမ အရင်းခေါက်ခေါက်ကိုတောင် သူစိမ်းဆန်နိုင်လွန်းသည့် အဖြစ်မျိုးလား။

"ဒေါ်လေးက သမီးကိုတောင် ရက်စက်နိုင်ပြီပေါ့နော်၊ ရိုက်ပါ ဒေါ်

www.burmeseclassic.com

www.burmeseclassic.com

လေးရယ်...ရိုက်ပါ၊ မကျေနပ်သေးရင် သတ်ပစ်နိုင်ပါတယ်''

ဒေါ်လေး၏လက်တစ်ဖက်ကို ဆွဲကိုင်ပြီး ကိုယ့်ပါးပေါ် အပြစ်ပေးနေမိသည်ကို ဒေါ်လေးက မျက်ရည်များဖြင့် ကြည့်နေ၏။

''မလုပ်ပါနဲ့ ကလေးရယ်၊ ဦးတောင်းပန်ပါတယ်၊ ကလေးခံစားနေရတာကို ဦး မကြည့်ရက်ပါဘူး၊ စိတ်ချပါကွယ်၊ ကလေးက လာတာမကြိုက်ရင် ဦး ဘယ်တော့မှမလာတော့ပါဘူး၊ ဦးကိုသွားခွင့်ပြုပါတော့ကွယ်''

ဒေါ်လေး၏ တီးတိုးတားဆီးသံကို ဦးဖေသော်က မကြားချင်ယောင်ဆောင်ပြီး ဆင်းသွားသည်ကို ကျွန်မမှာ ကျေနပ်စွာကြည့်နေမိလေပြီ။ သို့ပေမယ့် ဒေါ်လေး၏မျက်ရည်များကြောင့် ရင်မှာထိထိခိုက်ခိုက် ခံစားခဲ့ရသည်ကိုတော့ မငြင်းနိုင်ပါ။ ထို့နောက်တွင် ဒေါ်လေးသည် ကျွန်မအား မည်သည့်စကားမှ မပြောချင်လောက်အောင် စိတ်ဓာတ်ကျသွားသည့်ပုံမျိုးဖြင့် ယခင်ကလို ပြုံးရွှင်လိုက်မောခြင်း မရှိတော့ပေ။ အချစ်ရေလှိုင်း ရိုက်ခတ်မှုဒဏ်ကို မခံနိုင်သည့်နှလုံးသားကမ်းပါးမှာ တစ်စစီပဲ့ကြေကျိုးပျက်သွားသလိုမျိုး မျက်ရည်မြစ်ထဲ စီးမျောသွားရမည်ပင်။

မကြာမီ စိတ်ထောင်းကိုယ်ကြေဆိုသောစကားကဲ့သို့ ကျန်းမာရေးပါ ထိခိုက်လာရ၏။ ထိုအချိန်မျိုးတွင် ရောက်မလာတတ်သည့် ဦးဖေသော်ကြောင့် ဒေါ်လေးအပေါ် ထားသည့် အတုအယောင်သံယောဇဉ်ကို ပြလိုက်သလိုမျိုးဖြစ်နေ၏။ မစစ်မှန်သည့် မေတ္တာမျိုးကို ဒေါ်လေးတစ်ယောက် မခံစားစေချင်တော့ပါ။ ကျွန်မ ကျောင်းသွားသည့်အချိန်မျိုးတွင် ဒေါ်လေး၏တပည့်မလေးတစ်ယောက်က ရောက်လာတတ်ပြီး အကူအညီပေး၏။ မိတ်ဆွေ စစ်မစစ်ဆိုသည် ကိုယ်ဒုက္ခရောက်နေချိန်မှာ ကူညီပေးသူမျိုးမှ သိလာတတ်ကြောင်း ဒေါ်လေးကို ကျွန်မက သက်သေပြလိုက်မိပါပြီ။ တစ်လတာအချိန်အတွင်းမှာ လုပ်ဖော်ကိုင်ဖက်များက လိုအပ်သမျှ ပံ့ပိုးကူညီပေးကြ၍လည်း ဒေါ်လေးတစ်ယောက် ပြန်လည်ထူထူထောင်ထောင် ဖြစ်ခဲ့ရတော့သည်။

နောက်လဆက်ဖတ်ပါရန် ...

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ


# အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
**ဆရာကြီး၏သား ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊
ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**
၇/၁၂၀၊ ဗိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဉက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဘေဟာသီကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး


www.burmeseclassic.com

www.burmeseclassic.com


ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထုံး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျီးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ငုပ်-လွှန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်. . . . .

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

**အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။**

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၇း၀၀]နာရီထိ**

တိုက်အမှတ်-၁၅၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသုဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)။
ဖုန်း ၇၃၀၁၀၃၄၄



www.burmeseclassic.com

www.burmeseclassic.com



# တိုးမြင့်

## နှလုံးသားအိပ်မက် မေသက်ထားရွှေဆန္ဒ



www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှူးရုံး၊ တိုင်းမှူးယစ်(အထူး)အဖွဲ့မှ ဒုရဲအုပ် စိုးသိန်းနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးဖမ်းဆီးရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထွက်ခွာလာသည်။ ပစ်မှတ်သည် ကြည့်မြင်တိုင်မြို့နယ်တွင်ဖြစ်သည်။ ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ ဝင်ရောက်သည်။ အဝင်ဂျီဒီပြသည်။ သက်သေ ဦးမြလှိုင်၊ ဦးစိုးနိုင်တို့အား ကြိုတင်ခေါ်ယူထားပြီးဖြစ်သည်။

ကြည့်မြင်တိုင်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး စိုးပိုင်က လိုက်လံအကူအညီပေးခဲ့သည်။ ပန်းလှိုင်ရပ်ကွက်၊ ဒေါန(--)လမ်း၊ အိမ်အမှတ် (--)သို့ ဝင်ရောက်စီးနင်းရှာဖွေသည်။ မူးယစ်(အထူး)အဖွဲ့သည် ပစ်မှတ်နေအိမ်သို့ အချိန်တိုအတွင်း ဝင်ရောက်နိုင်ခဲ့သည်။

"ဆရာတို့ ဘာကိစ္စရှိလို့ပါလဲ၊ ကျွန်တော်တို့ မိကောင်းဖခင်သားသမီးတွေပါ"

တင်မောင်ကျော်က မျက်နှာထားတည်တည်နှင့် ဖမ်းဆီးရေးအဖွဲ့အား ရင်ဆိုင်ခဲ့သည်။ မသကာ ပစ္စည်းနှင့်ပတ်သက်၍ လုံခြုံစိတ်ချရသည့်နေရာတွင် ရှိနေပြီဖြစ်သဖြင့် ကြေ့ရွံ့ခြင်းမရှိနေခဲ့သည်။ ယခင်ရက်များက တင်မောင်ကျော်သည် အိမ်တွင် မည်သူ့ကိုမှ အတွေ့မခံပါ။ ပစ္စည်းအိမ်မှာထားဖို့ဝေးစွ။ သည်လုပ်ငန်းသည် နှာတစ်ဖျားသာနေမှဟု ခံယူထားသူဖြစ်သည်။

လူ၏ခန္ဓာကိုယ်ပေါ်တွင် အရင်ရှာဖွေသည်။ အိမ်ပေါ်၌လည်း အနှံ့ရှာကြသည်။ ဘယ်သူမှ ဘာမှလုပ်မရပါ။ တင်မောင်ကျော်အား ရှာဖွေနေစဉ် ထွက်မပြေးရန် အရပ်ဝတ်နှင့်ရဲများက အနားမှ တကောက်ကောက်လိုက်နေကြရသည်။

"တင်မောင်ကျော် မင်းတို့ဆီကို တို့ သတင်းရလို့လာတာပဲ၊ မင်းတို့ ထုတ်ပေးရင် အချိန်မကြာဘူးပေါ့၊ တွေ့အောင်ရှာရမယ့်အလုပ်က တို့တာဝန်ပဲ"

ဒုရဲအုပ် စိုးသိန်းက တင်မောင်ကျော်ကို ပြောပြခဲ့သည်။ အိမ်၏အောက်နှင့် အိမ်ခြံဝင်းထဲ လိုက်ကြည့်နေကြသည်။ အိမ်ဘေးတစ်နေရာတွင် မြေကြီးများမှာ ပုံမှန်မဟုတ်ဘဲ အနည်းငယ်ထူးခြားနေသည်။ မြေကြီးကို ညီအောင်ညှိထားပုံရသည်။

ထိုနေရာကို သက်သေများရှေ့တွင် တူးကြည့်ကြသည်။ တင်မောင်ကျော် မျက်နှာတစ်ချက်ပျက်သွားသည်ကို ဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင်က လှစ်ခနဲမြင်လိုက်ရသည်။ ပလတ်စတစ်နှင့်ထုပ်ထားသည့် ဘိန်းဖြူထုပ်များကို တွေ့ရသည်။ မြေကြီးတွင် နှစ်နေရာတူးသည်။ နှစ်နေရာလုံး တွေ့ရ၏။

ရန်ကုန်တိုင်းဒေသကြီး (အထူး) မူးယစ်အဖွဲ့သည် စနစ် တကျ ဆောင်ရွက်ခဲ့သည်။ ဘိန်း ဖြူများကို ချိန်တွယ်၊ ထုပ်ပိုး၊ ချိပ်ပိတ်သိမ်းဆည်းသည်။ ဘိန်းဖြူတစ်ထုပ်လျှင် (ဒသမ ၁၃၆)ဂရမ်စီခန့်ပါ (၂၅)ထုပ်၊ စုစုပေါင်းအလေးချိန် (၃ ဒသမ ၄၀၂)ဂရမ်၊ ဆေးထိုးပိုက်နှစ်ချောင်း၊ အပ်သုံးချောင်းကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းရာတွင် တင်မောင်ကျော်၏

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကပ်ထဲမှ ငွေကျပ်လေးသောင်း လည်း ပါဝင်၏။

စီအိုင်ဒီ(မှုခင်းတပ်ဖွဲ့)မှလည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရဲ တပ်ဖွဲ့မှလည်းကောင်း၊ မူးယစ် (အထူး)အဖွဲ့များမှလည်းကောင်း မြို့ နယ်များအတွင်း ရာဇဝတ်မှု တစ် စုံတစ်ရာကိုဖြစ်စေ၊ မူးယစ်ဆေးဝါး မှု တစ်စုံတစ်ရာကိုဖြစ်စေ၊ လောင်း ကစားဝိုင်း တစ်စုံတစ်ရာကိုဖြစ်စေ တိုက်ရိုက်ဝင်ရောက်ဖမ်းဆီးတတ် သည်။

ဖမ်းဆီးမိလျှင် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်လေ့ ရှိသည်။ အထက်အဖွဲ့အစည်းများမှ ထိုသို့ဝင်ရောက်ဖမ်းဆီးနိုင်လျှင် သက်ဆိုင်ရာ နယ်မြေခံရဲစခန်းကို စိစစ်မှုပြုလုပ်လေ့ရှိသည်။ ပေါ့လျော့မှု၊ ပျက်ကွက်မှု တွေ့ရှိက အရေးယူမှုများ ရှိသည်။

ယခုအမှုတွင် ကြည့်မြင်တိုင် မြို့မ ရဲစခန်း၏ ပေါ့လျော့ပျက် ကွက်မှုမျိုးမရှိပါ။ ဒုရဲအုပ်စိုးသိန်းက အမှုဖွင့်လှစ်ပြီး တရားခံများနှင့် သက်သေခံ ပစ္စည်းများကို လွှဲပြောင်းပေး ခဲ့သည်။

တရားခံ တင်မောင်ကျော်၊ မြင့်ထွန်းနှင့် ဖိုးလုံး တို့အား မယ(ပ) ၈၃/၉၆၊ မူးယစ် ပုဒ်မ ၁၅/၁၆(ဂ)/ ၁၉(က)/၂၁ အရ အရေးယူခဲ့၏။

ကြည့်မြင်တိုင်မြို့မရဲစခန်းမှ ဒု ရဲအုပ် မြင့်နိုင်က အမှုစစ်အဖြစ် တာ ဝန်ယူစစ်ဆေးခဲ့သည်။ အမှုဖွင့် အရေးယူသူသုံးဦးအား မူးယစ်ဆေး ဝါး သုံးစွဲမှု ရှိ/မရှိ စိတ်ကျန်းမာ ရေးအထူးကုဆေးရုံကြီးသို့ ပို့ကာ စစ်ဆေးရသည်။

တစ်ဖန် တရားခံများအား ပထမရမန်ယူရန် ယခင်အခါက ကြည့်မြင်တိုင်တရားရုံးရှိရာ ကျောက် တံတားမြို့နယ်၊ ဘဏ်လမ်း၊ စု ပေါင်းတိုင်းရုံးကြီးသို့ ဆက်လက်ပို့ ဆောင်ရန် အချိန်မီသွားရသေး သည်။ ပြီးလျှင် တရားခံများကို ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ ပြန်ပါ လာအောင် ပြုလုပ်ရသေးသည်။ အင်းစိန်ထောင်သို့ မပို့သေးဘဲ စစ် ဆေးခြင်းမှာ အမှုကွင်းဆက်များ ဖော်ထုတ်ရန်ဖြစ်သည်။

မူးယစ်(အထူး)အဖွဲ့မှ ဖမ်းဆီး သောအမှုဖြစ်သဖြင့် မိမိရဲစခန်းအမှု ထက် ပို၍ဂရုစိုက်ရ၏။ တရားခံများ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ် လွင်သည်အထိ စစ်ဆေးရ၏။ အမှု ခိုင်မာစွာ တည်ဆောက်ရ၏။

---

**ဘိန်းဖြူဆိုတာ ကျောမလုံဘူး၊ စိတ်မောရတယ်၊ ဒုစရိုက်လုပ်ငန်း ဆိုတာ ဘယ်လောက်ပဲ ပိပိရိရိလုပ်လုပ် အစွန်းတစ်ခုက ထွက်နေမှာပဲ ...**

www.burmeseclassic.com

ပူးတွဲဖမ်းဆီးသော ညော်စိမ်းတရားခံ မြင့်ထွန်းနှင့် ဖိုးလုံးတို့အား တရားခံ တင်မောင်ကျော်နှင့် မည်သို့ပတ်သက်သည်၊ ပြစ်မှုကျူးလွန်ရာတွင် မည်သည့်အတိုင်းအတာအထိ ပါဝင်သည်တို့ကို စစ်ဆေးဖော်ထုတ်ရပေမည်။

၎င်းအပြင် အဓိကတရားခံ တင်မောင်ကျော်အား မူးယစ်ဆေးဝါး ဘိန်းဖြူလောကထဲသို့ မည်သို့မည်ပုံ ရောက်ရှိလာပုံ၊ မူးယစ်ဆေးဝါးလောကအတွင်း မည်သည့်အတိုင်းအတာအထိ ကျွံဝင်နေပုံတို့ကို အမှုစစ် ဒုရဲအုပ် မြင့်နိုင်က စစ်ဆေးရတော့သည်။

✦✦✦

တင်မောင်ကျော်သည် ကြည့်မြင်တိုင်အထက(၁)တွင် (၁၀)တန်းအထိ ပညာသင်ကြားခဲ့သည်။ (၁၀)တန်း နှစ်နှစ်ကျသဖြင့် ကျောင်းမှထွက်ခဲ့သည်။ မြင့်ထွန်းနှင့် ဖိုးလုံးတို့သည် ဘဝတူသူငယ်ချင်းများဖြစ်သည်။ ကြည့်မြင်တိုင်၊ ပန်းလှိုင်ရပ်ကွက်အတွင်းနေထိုင်သည့် ငယ်ပေါင်းများဖြစ်၏။ ဖိုးလုံးက အကြီးဆုံးဖြစ်သည်။

တစ်နေ့ တင်မောင်ကျော်အား သီရိမင်္ဂလာဈေး(ယခု ပိတောက်ချောင်းသို့ ပြောင်းရွှေ့သွားပြီးဖြစ်သည်)၊ မြောင်းကြီးတံတားပေါ်တွင် လူငယ်အချို့ ဝိုင်းရိုက်နေကြသည်ကို ဖိုးလုံးနှင့် မြင့်ထွန်းတို့က တုတ်နှင့်ဝင်ရောက်တိုက်ခိုက်ပြီး တင်မောင်ကျော်ကိုကယ်ခဲ့သည်။ နောက်ပိုင်း သုံးယောက်အတွဲများသွားတော့သည်။

ဈေးအနီးတစ်ဝိုက်ဖြစ်သည့် ရန်ပွဲများ၌ တင်မောင်ကျော်တို့အဖွဲ့က အသာစီးရနေခဲ့သည်။ သီရိမင်္ဂလာဈေးတွင် သူတို့သုံးယောက် ကုန်စိမ်းပွဲစားလုပ်သည်။ ငှက်ပျောသီး၊ အုန်းသီး ပွဲစားလုပ်သည်။ ဝင်ငွေများ ခွဲဝေရရှိလာသောအခါ မိဘများထံ အလုပ်လုပ်ကြောင်း ကြွားလုံးထုတ်ရန်သက်သက်လောက်သာ ငွေပေးသည်။ သုံးဦးပိုင်ငွေများကို အရက်ဆိုင်များတွင်သာ သုံးစွဲနေကြတော့၏။

အလုပ်ကောင်းလာသည်နှင့် သူတို့သုံးယောက်သည် အရက်အဆင့်မှ ဘိန်းဖြူအဆင့်သို့ စမ်းသပ်စွန့်စား သုံးစွဲလာကြသည်။

“မင်းတို့ အရက်သောက်နေတာပဲကောင်းတယ်နော်၊ ဖိုးသုံးတာ လူညွှန့်တုံးမှာ”

တင်မောင်ကျော်က ဝေဖန်ပြောကြား သတိပေးခဲ့သည်။ မြင့်ထွန်းနှင့် ဖိုးလုံးတို့က တင်မောင်ကျော်၏မျက်နှာကို လှမ်းကြည့်ကြသည်။ ဆရာကြီးလေသံပါလားဆိုသည့်အကြည့်နှင့် ကြည့်ခြင်းဖြစ်သည်။

ယခင် အရက်ဝိုင်းတွင် နေ့တိုင်းထိုင်စဉ်က အရက်ကို စိတ်ကြိုက်သောက်ကြသော်လည်း ဘိန်းဖြူစတင်သုံးစွဲသည့်အချိန်မှစ၍ အရက်ကို လုံးဝလှည့်မကြည့်ကြတော့ပေ။ အာဟာရ အစားအစာများ သိသိသာသာ လျှော့ချခဲ့ကြသည်။

သူတို့ အလုပ်နေရာပြောင်းကြပြန်သည်။ ကြည့်မြင်တိုင် စံပြငါးဈေးတွင် တစ်ညလုံး အချိန်ပေးထားကြပြန်သည်။ နံနက်မိုးလင်းပြီး နေထန်းတစ်ဖျားလောက်ရောက်မှ ပြန်ကြသည်။ စံပြငါးဈေးကြီးတွင် ငါးသယ်သည်၊ ငါးပွဲစားလုပ်သည်။ ငါးများလက်လီရောင်းသည်။ ငွေရှင်၏။ ဝင်ငွေကောင်း၏။

လှိုင်မြစ်အတွင်း ငါးသင်္ဘောပေါ်မှ ငါးများကို ဈေးအတွင်း ငါးဒိုင်များသို့ သယ်ယူရာတွင် အလုပ်သမားအဖြစ် ဝင်လုပ်ကြသည်။ နှစ်ယောက်က ငါးသယ်သည်။ ကျန်တစ်ယောက်က ငါးများစုဆောင်းသည်။ ကိုယ့်လူသယ်သွားသော လှည်းပေါ်မှ တစ်ခေါက်ငါးတစ်ကောင်ထွက်ကျလာလျှင် ကောက်ထား၏။ ကိုယ့်လူ အထမ်းတစ်ခေါက် ငါးတစ်ကောင်ထွက်ကျလာလျှင် ကောက်ထား၏။

မိုးမလင်းမီ ရထားသည့် ငါးများကို မြို့နယ်အသီးသီးမှ ဈေးကားများဖြင့် လာရောက်ကြသော ဈေးသည်များအား ဒိုင်ဈေးထက် သက်သာအောင် ရောင်းချကြသည်။ မိမိလုပ်သော ငါးဒိုင်သို့ ဖောက်သည်အသစ် ခေါ်လာပေးလျှင်လည်း ဘောက်ဆူးကောင်းကောင်းရသည်။ ငါးသည်များမှ လိုအပ်သောငါးများကို ရှာဖွေဝယ်ပေးလျှင်လည်း အကျိုးရှိပါသည်။

ဝင်ငွေအခြေအနေမှာအဆမတန်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်လာသည်။ မိဘညီအစ်ကို မောင်နှမများကို ကောင်းမွန်စွာ ထောက်ပံ့နိုင်ခဲ့ကြသည်။ သူငယ်ချင်းသုံးယောက်၏ အသုံးစရိတ်လည်း မြင့်လာ၏။

သူတို့သုံးယောက် အကျိုးတူလုပ်ငန်းသည် ကုမ္ပဏီလီမိတက်သဖွယ်ဖြစ်သည်။ အစားအသောက်၊ အပျော်အပါး၊ ဘိန်းဖြူသုံးစွဲမှု ပိုမိုလာခဲ့သည်။

"သူငယ်ချင်းတို့ ဖိုးကိုအမြဲသုံးဖို့ မစဉ်းစားနဲ့၊ တစ်နေ့နေ့ ဖြတ်ရမှာပဲ၊ ဒီလိုမဟုတ်ရင် ငါတို့အားလုံး ဘဝပျက်တော့မယ်၊ သိလား၊ ငါလည်း ရည်းစားက ကျိန်းလှပြီ"

တင်မောင်ကျော်၏နေအိမ်တွင် သူငယ်ချင်းများ စုမိရာ ပြောဆိုနေကြသည်။ မြင့်ထွန်းနှင့် ဖိုးလုံးတို့က ဆရာကြီးပုံစံပဲဟု လှောင်ပြုံး ပြုံးနေကြသည်။ အတူတူနှင့်အနူနူ ဆုံးမစကားပြောနေသည်ဟု စိတ်ထဲက ပြောကြားနေကြလေသည်။

+ + +

ညနေစောင်းလျှင် တင်မောင်ကျော်တို့သုံးယောက်သည် ကြည့်မြင်တိုင် သီတာရုပ်ရှင်ရုံအနီးသို့ ရောက်ကြသည်။ သူတို့ကိုယ်တိုင် ဘိန်းဖြူထိုးကြသည်။ အလိုရှိသူများကို အဖိုးအခယူ၍ ထိုးပေးသည်။

ဆေးထိုးအပ်ကိုင်ထိုးပေးသူမှာ တင်မောင်ကျော်ဖြစ်သည်။ မြင့်ထွန်းက ဘိန်းဖြူအထုပ်လေးများရောင်းချသည်။ အကြီးဆုံးဖိုးလုံးက စီမံခန့်ခွဲသည်၊ ဈေးစကားပြောသည်။ လုံခြုံမှုတာဝန်ယူရသည်။ ရဲနှင့်ဖမ်းဆီးသူ၊ မသင်္ကာသူများကို စောင့်ကြည့်ခြင်းသည် ဖိုးလုံး၏အလုပ်ဖြစ်၏။

ဖိုးလုံးထံတွင် မူးယစ်ဆေးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ ကိုင်မထားပါ။ ရုပ်ရှင်လက်မှတ်ကိုကိုင်ထားသည်။ လက်မှတ်မှောင်ခိုရောင်းသူအဖြစ် အယောင်ဆောင်သည်။ အကြောင်းတစ်စုံတစ်ရာပေါ်လျှင် တင်မောင်ကျော်နှင့် မြင့်ထွန်းတို့အား အလွတ်ပြေးခိုင်းသည်။ ဖိုးလုံးက အမိခံ၍ ရင်ဆိုင်ဖြေရှင်းသည်။ ဖိုးလုံးအား မေးမြန်းစဉ် သူတို့နှစ်ယောက်က ဝေးရာသို့ ရှောင်တိမ်းသွားခဲ့သည်။

ကြည့်မြင်တိုင်မြို့မရဲစခန်းမှ ရဲများက သူတို့သုံးယောက်အား စံပြငါးဈေးတွင် အလုပ်လုပ်သူများဟု သိထားကြလေသည်။

"ငါပြောမယ် မြင့်ထွန်း၊ ငါအရက်ပဲ ပြန်သောက်တော့မယ်၊ အရက်လည်း တကယ်မပြတ်တာ သေချာတယ်၊ ဘိန်းဖြူဆိုတာ ကျောမလုံဘူး၊ စိတ်မောရတယ်၊ ပတ်ကိုမပတ်သက်ချင်တော့ဘူး၊ ဒုစရိုက်လုပ်ငန်းဆိုတာ ဘယ်လောက်ပဲ ပိပိရိရိလုပ်လုပ် အစွန်းတစ်ခုက ထွက်နေမှာပဲ၊ ဖိုးလုံး ငါပြောတာ သဘောပေါက်လား"

အခင်းဖြစ်မည့်နေ့ ၂၂-၁၂-၁၉၉၆ နေ့ နံနက် (၉)နာရီအချိန် ကြည့်မြင်တိုင်၊ ပန်းလှိုင်ရပ်ကွက်၊ ဒေါန(--)လမ်း၊ တင်မောင်ကျော်၏နေအိမ်တွင် ပြောဆိုနေခြင်းဖြစ်သည်။ ယခုအကြိမ် သူငယ်ချင်းနှစ်ယောက်က တင်မောင်ကျော်၏ စကားကို ပြက်ရယ်ပြုခြင်းမပြုတော့ပေ။ သူတို့၏ မသိစိတ်တို့က ညီညွတ်နေကြပြီဖြစ်လေသည်။

"လက်ကျန်ရှင်းပြီးရင် ငါတို့ ငါးဒိုင်ရှယ်ယာဖွင့်မယ်ကွာ"

မြင့်ထွန်းကပြောသည်ကို ဖိုးလုံးက ခေါင်းညိတ်ပြပြီး ထောက်ခံသည်။ ဖိုးလုံးက သူ၏ဆုံးဖြတ်ချက်ကို သူငယ်ချင်းများအား ညှိနှိုင်းပြောဆိုနေသည်။

"လက်ကျန်ရှင်းမနေတော့ဘူးလို့ ငါသဘောရတယ်၊ မြေကြီးထဲကဟာ ဘယ်တော့မှ ပြန်မတူးတော့ဘူး၊ မင်းတို့ သဘောတူတယ်မဟုတ်လား"

သဘောတူလိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြ၏။ တင်မောင်ကျော်က အဆစ်ထည့်လိုက်သေးသည်။

"အရက်လည်း မသောက်ဘဲနေဦးမလားလို့၊ ရည်းစားနဲ့ပြန်ခေါ်မှ"

မြင့်ထွန်းနှင့်ဖိုးလုံးတို့ စကားပြန်မရမီ အိမ်ရှေ့တံခါးပေါက်မှ အရပ်ဝတ်များနှင့် ပုဂ္ဂိုလ်များ အိမ်ထဲဝင်လာသည်ကို တွေ့ရသည်။ ထိုသူများမှာ ဒုရဲအုပ် စိုးသိန်း ခေါင်းဆောင်သော မူးယစ်ဖမ်းဆီးရေးအဖွဲ့များပင်ဖြစ်ပါသည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com


အမှုစစ် ဒုရဲအုပ် မြင့်နိုင်သည် တင်မောင်ကျော်ပါ သုံးဦး၏ မူးယစ်အမှုအား အမှုကွင်းဆက်များ ဆက်လက်ဖော်ထုတ်ခဲ့သည်။ သီရိမင်္ဂလာဈေးသို့ လှိုင်သာယာမြို့နယ်မှ မချိုကြည်ဆိုသူက ဘိန်းဖြူအမှုန့်များ လာရောက်ရောင်းချကြောင်း ပေါ်ပေါက်ခဲ့သည်။

အဆိုပါ အမျိုးသမီးအား ရန်ကုန်မူးယစ်(အထူး)အဖွဲ့မှ လှိုင်သာယာမြို့နယ်တွင် ဖမ်းဆီးအရေးယူပြီးကြောင်း၊ ယင်းအမျိုးသမီး၏ ထွက်ချက်အရ တင်မောင်ကျော်ပါ သုံးဦးတို့အား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ရဲလုပ်ငန်းများ လုပ်ဆောင်ပြီး ဒုတိယရမန်ကုန်ဆုံးသည့်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် (အနောက်ပိုင်းခရိုင်) သို့ အနောက်ပိုင်းခရိုင်ဥပဒေရုံး၏ အကြံပြုချက်နှင့်အညီ ၁၈-၁-၉၇ နေ့တွင် တရားစွဲတင်နိုင်ရန် ပေးပို့ခဲ့သည်။

လက်ထောက်တိုင်းတရားသူကြီး(၃)ရုံးသို့ တင်မောင်ကျော်ပါ ၃၊ မူးယစ်ဆေးဝါးအမှုကို အနောက်ပိုင်းခရိုင်ဥပဒေအရာရှိမှ မွန်းလွဲ ၂ နာရီအချိန်တွင် တရားစွဲတင်သည်။

"တရားခံ တင်မောင်ကျော် အတွက် ပါဝါတင်ပါတယ်"

အထက်တန်းရှေ့နေမလေး မေသက်ထားရွှေက ရုံးတော်သို့တင်ပြခဲ့သည်။ တရားသူကြီးက ရှေ့နေပါဝါကိုယူကာ စစ်ဆေး၍ လက်မှတ်ရေးထိုးလက်ခံရန် ဆောင်ရွက်ခဲ့သည်။

"အကျိုးဆောင် တရားခံက လက်မှတ်မထိုးရသေးဘူး၊ ထိုးလိုက်ပါ"

"ဪ.....ဟုတ်ကဲ့ပါ"

တရားခံ တင်မောင်ကျော်ထံ သွား၍ လက်မှတ်ရေးထိုးသည်။ တင်မောင်ကျော်မှာ စိတ်ကောက်ပြီး လမ်းခွဲတော့မည့် ရည်းစား မေသက်ထားရွှေ၏ အပြုအမူကို အံ့သြဝမ်းသာစွာ မျက်တောင်မခတ်တဲ့ကြည့်

မေ့ကို
အရက်ဖြတ်မယ်
ပြောပြီး
အရက်ရော၊
ဘိန်းဖြူရောစုံအောင်
မောင်လုပ်လို့ မေ
လမ်းခွဲခဲ့တာပေါ့၊
ဒီတစ်ခါလည်း
ကတိလာတောင်းတာ၊
ကတိမတည်နိုင်ရင်
. . . .



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့သည်။ အရေးကြီး သွေးစည်းသော မေသက်ထားရွှေပေတည်း။ ချစ်သူစိတ်သာမက မိခင်စိတ်၊ ရွှေနေစိတ်နှင့် မေသက်ထားရွှေပေတည်း။

"ညီမ မောင့်ကို စိတ်ဆိုးပြေလို့ လိုက်လာတာပေါ့နော်၊ ဝမ်းသာလိုက်တာကွာ၊ မောင့်အိမ်မက် ပြန်မက်လို့ရပြီပေါ့"

"လက်မှတ်သာထိုးပါ၊ တရားရုံးထဲမှာ မဆိုင်တဲ့စကား မပြောရပါဘူး"

တရားရုံးမှ ရက်ချိန်းရမန်ပေးသည်။ စီပီအိုခန်းတွင် မေသက်ထားရွှေအနေဖြင့် တင်မောင်ကျော်ထံမှ အမှုနှင့်ပတ်သက်သော ညွှန်ကြားမှုကို လက်ခံခဲ့သည်။ နေအိမ်တွင် ဖမ်းဆီးခံရပုံအသေးစိတ်ကို ပြောပြသဖြင့် စာဖြင့်ရေးမှတ်ခဲ့သည်။

"ညီမ လမ်းမခွဲတော့ဘူးနော်"

မေသက်ထားရွှေက တင်မောင်ကျော်ကို မျက်စောင်းလေးထိုးလိုက်သည်။ ကျေအေးသည့်သဘောကိုဆောင်ပါသည်။ သူမ၏မျက်နှာမှာ အပြုံးတစ်ဝက်နှင့်ဖြစ်၏။ တင်မောင်ကျော်က မေသက်ထားရွှေ၏လက်ဖျားလေးကို လူတွေမမြင်အောင် ဆုပ်ကိုင်ထားလိုက်သည်။

မကြာမီ ကြည့်မြင်တိုင်မြို့နယ် ရုံးထုတ်အချုပ်ခန်းမှ တရားခံများကို ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) အချုပ်သို့ ခေါ်ဆောင်သွားကြသည်။

✦✦✦

ပထမရုံးချိန်းတွင် တင်မောင်ကျော်ပါ ၃ အမှုတွင် တရားလို ဒုရဲအုပ် စိုးသိန်းကို စစ်ဆေးခဲ့သည်။ အဓိကစစ်မေးခြင်း ပြီးသောအခါ အကျိုးဆောင် မေသက်ထားရွှေက (၁)တရားခံအတွက် ပြန်လှန်မေးခွန်းမေးရန် မတ်တတ်ရပ်လိုက်သည်။

တင်မောင်ကျော်က မေသက်ထားရွှေ၏ ရွှေနေဝတ်စုံလေးနှင့် ကျက်သရေရှိလှပုံ၊ ဖြူစင်ဝင်းမွတ်လှပပုံတို့ကို မမြင်ဘူးသည့်သူတစ်ယောက်ပမာ ကြည့်မဝရှိနေတော့၏။

"အထူးမူးယစ်အဖွဲ့မှာ တာဝန်ထမ်းဆောင်ချိန်တစ်လျှောက် တရားခံ တင်မောင်ကျော်ကို တစ်ကြိမ်သာဖမ်းဆီးခဲ့တယ်ဆိုရင် မှန်ပါတယ်"

"ယခင်က သတင်းကျော်စောမှုမရှိခဲ့လို့ ဖမ်းဆီးခြင်းမပြုခဲ့တာဆိုရင်လည်း မှန်ပါတယ်"

မေသက်ထားရွှေ၏ တည်ကြည်သောမျက်နှာမှာ အပြုံးရောင်လေးစွက်၍ ပြန်လှန်မေးခွန်းများ ဆက်လက်မေးမြန်းလျက်ရှိသည်။

"(၁)တရားခံ တင်မောင်ကျော် ကိုယ်ပေါ်မှ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မမိခဲ့ဘူးဆိုရင် မှန်ပါတယ်၊ မြေကြီးထဲ တွင်းတူးမြှုပ်ထားရာက တူးဖော်သိမ်းခဲ့တာပါ"

"အခင်းဖြစ်အိမ်မှာ ဖမ်းဆီးတဲ့အချိန် မိသားစုတွေလည်းရှိတယ်၊ ညော့်သည်တွေလည်းရှိတယ်ဆိုရင် မှန်ပါတယ်"

"ဘယ်သူ တွင်းတူးမြှုပ်ထားတယ်ဆိုတာ သက်သေမပြနိုင်ဘူးဆိုရင် ဒါက ဒီလိုရှိပါတယ်၊ တရားခံ တင်မောင်ကျော်အိမ်မှာ တင်မောင်ကျော်ပဲ ဝှက်ထားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ရွှေနေမလေး မေသက်ထားရွှေသည် သူမအတွက် လိုအပ်သည့် ဥပဒေဆိုင်ရာမေးခွန်းများမေးလိုက်ရသည့်အတွက် ပီတိအရိပ်လေးဖြင့် ရုံးတော်အား အရိုအသေပေးပြီး ပြန်ထိုင်လိုက်သည်။ တရားရုံးမှ ရုံးချိန်းနှင့် ရမန်ရရှိပြီး တရားခံများကို ရုံးထုတ်အဖွဲ့မှ ပြန်မခေါ်သေးမီ မေသက်ထားရွှေက တင်မောင်ကျော်တို့အား ခေတ္တတွေ့ချိန်ရခဲ့သည်။

"ဆရာမ ကျွန်တော်တို့နှစ်ယောက်အတွက်ပါ ရွှေနေလိုက်ပေးပါလား"

တရားခံ မြင့်ထွန်းက သူနှင့်ဖိုးလုံးအတွက် ပြောကြားတောင်းပန်ခဲ့သည်။ မေသက်ထားရွှေက တင်မောင်ကျော်၏မျက်နှာကိုကြည့်ပြီး ပြန်ပြောခဲ့သည်။

"ကိုတင်မောင်ကျော်ကို ကျွန်မစကား နားထောင်မလားလို့ မူးယစ်ဆေးဝါး ဖြတ်လေမလားလို့ လိုက်လုပ်နေတာပါ၊ ရှင်တို့က....."

တင်မောင်ကျော်ကို နောင်တရပြီဆိုသည့်မျက်နှာထားနှင့်တွေ့ရသည်။ မြင့်ထွန်းနှင့်ဖိုးလုံးကလည်း အမှုပြီးသွားလျှင် ကောင်းရွှေကောင်းဝယ် လုပ်ကိုင်စားသောက်မည်ဟု နှုတ်မှထုတ်ပြောကြသည်။

"ကိုမြင့်ထွန်းနဲ့ ကိုဖိုးလုံးတို့က

www.burmeseclassic.com

မူးယစ်ဆေးဝါး ဖမ်းဆီးတဲ့အိမ်မှာ ရောက်နေတာပဲ ပေါ်ပေါက်ပါတယ်၊ အခုအချိန်ထိ ငြိစွန်းတာ မရှိသေးပါဘူး၊ ရှင်တို့ မူးယစ်ဆေးဝါးသုံးစွဲတာကိုတော့ ပြစ်ဒဏ်ခံရမှာပဲ၊ လိုအပ်တဲ့အချိန်ကျမှ ပါဝါတင်ပြီးလုပ်ပေးပါ့မယ်”

ရုံးထုတ်အဖွဲ့နှင့် စီအာအိုတို့ ရောက်လာသဖြင့် တင်မောင်ကျော်ပါ သုံးဦးအား တရားရုံးအချုပ်သို့ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

+++

ရုံးချိန်းရက်မတိုင်မီ ကြားအပတ်တွင် ရှေ့နေမလေး မေသက်ထားရွှေသည် အင်းစိန်အကျဉ်းထောင်သို့ အငှားကားတစ်စီးကိုငှားကာ သွားရောက်ခဲ့သည်။ တင်မောင်ကျော်အား တွေ့ရန်ဖြစ်သည်။ သူတို့နှစ်ဦးသည် မူလတန်းကျောင်းကတည်းက အတူကစား၊ အတူကျောင်းသွားခဲ့ကြ၏။

အထက်တန်းကျောင်းတက်ရောက်သည့်အချိန်တွင် ပွင့်ပွင့်လင်းလင်းဖြင့် ချစ်သူရည်းစားဘဝသို့ ရောက်ရှိခဲ့ကြသည်။ မေသက်ထားရွှေ (၁၀)တန်းကို နှစ်ချင်းပေါက်အောင်ခဲ့သော်လည်း တင်မောင်ကျော် ကျကျန်ခဲ့သည်။ မေသက်ထားရွှေမှာ ဥပဒေဘာသာရပ်ဖြင့် ဘွဲ့ရရှိရေး ကြိုးစားနေတော့၏။

တင်မောင်ကျော်မှာ စာမေးပွဲဆက်မဖြေဘဲ အပေါင်းအသင်းများကာ အရက်သောက်၊ ဖဲရိုက်၊ ဘိန်းဖြူထိုးသည့်အလုပ်များ လုပ်နေသည်ကို မေသက်ထားရွှေက ပြောဆိုမရဖြစ်ခဲ့သည်။ ပြောဆိုမကောင်းသဖြင့် လမ်းခွဲရန် ခြိမ်းခြောက်ခဲ့သည်။ ထောင်ဘူးဝသို့ ကားလေးဆိုက်မှ မေသက်ထားရွှေမှာ အတိတ်ဆီမှအတွေးများ ရပ်တန့်သွားတော့သည်။

သာမန်ထောင်ဝင်စာတွေ့ခြင်းမျိုးမဟုတ်ဘဲ ရှေ့နေတစ်ယောက်အနေဖြင့် တရားခံကို ညွှန်ကြားချက်ရယူရန်၊ အမှုကိစ္စတိုင်ပင်ရန် အခွင့်အရေးအရ တွေ့ဆုံခြင်းဖြစ်သည်။ တင်မောင်ကျော်အားထောင်ဘူးဝရုံးခန်းတွင် တွေ့ဆုံခဲ့သည်။

“ညီမ အင်းစိန်ထောင်လာရတာ မလွယ်ပါဘူးကွယ်၊ နောက်မလာပါနဲ့၊ စားစရာတွေလည်းအမေတို့လာပို့သွားပြီ၊ ညီမမှာ တခြားရုံးချိန်းတွေ ရှိသေးတယ်မဟုတ်လား”

“ဒီနေ့ ရုံးအားတယ် မောင်၊ မေ ပြောစရာရှိနေလို့ တွေ့လည်းတွေ့ချင်တာမို့ လာခဲ့တာ”

“ဘာမှပြောမနေနဲ့တော့၊ ညီမစကားကို မောင်နားထောင်ပြီလေ၊ ထောင်ကထွက်ရင် ညီမ အစီအစဉ်ချသလို ဆယ်တန်းဆက်ဖြေမယ်၊ သဘောတက်ဖို့လုပ်မယ်၊ ဟုတ်လား ညီမ”

“အရင်တစ်ခါ မေ့ကို အရက်ဖြတ်မယ်ပြောပြီး အရက်ရော၊ ဘိန်းဖြူရောစုံအောင် မောင်လုပ်လို့ မေလမ်းခွဲခဲ့တာပေါ့၊ ဒီတစ်ခါလည်း ကတိလာတောင်းတာ၊ ကတိမတည်နိုင်ရင် မေနောက်ပြန်ဆုတ်မယ်



မောင်၊ မောင့်ဘဝမှာ နောက်ထပ်ဘာမှမပေးဆပ်ပါနဲ့တော့”

“ညီမပြောတာကို မောင်နားမလည်ဘူး”

“မောင့်ဘဝမှာ အရက်သောက်တယ်၊ ဘိန်းဖြူသုံးတယ်၊ အခု မောင် ငွေတွေ၊ အချိန်တွေ၊ အသက်တွေ၊ စိတ်ဓာတ်တွေ မနည်းပေးဆပ်နေရပြီလေ”

တင်မောင်ကျော်က မေသက်ထားရွှေအား ခိုင်မာသောကတိတစ်ခုကို ပေးလိုက်သည်။ ချစ်သူနှစ်ဦး အိပ်မက်လှလှ၊ ပန်းလှလှကို မျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်မိကြတော့သည်။ မေသက်ထားရွှေ၏ လက်ဖမိုးလေးကို တင်မောင်ကျော်က တစ်ချက်နမ်း၍ နှုတ်ဆက်လိုက်သည်။

မူးယစ်ဆေးဝါးအမှုများကို စစ်ဆေးရာတွင် တရားခံများကို ထုချေခွင့်ပေးထားသည်။ အမှုတိုင်းလိုလို လပေါင်းများစွာ ကြာနေတတ်သည်။ သက်သေများ ရက်ချိန်းမလာနိုင်ခြင်း၊ တရားခံရှေ့နေများမှ ရက်ချိန်းတောင်းဆိုခြင်း၊ ခွင့်တိုင်ခြင်းများကြောင့် အမှုများ မပြီးပြတ်ဘဲ ကြန့်ကြာနေရခြင်းဖြစ်သည်။



✦✦✦

ရှေ့နေမလေး မေသက်ထားရွှေသည် အလုံမြို့နယ်တရားရုံးသို့ အခြားမူးယစ်ဆေးဝါးအမှုတစ်ခု သွားရောက်စစ်ဆေးသည်။ တင်မောင်ကျော်တို့အမှုအား အမိန့်ချမည်ဖြစ်သဖြင့် ရန်ကုန်တိုင်းရုံးကြီး (ယခင်)ဘဏ်လမ်းသို့ ပြေးသွားရပြန်သည်။

၁–၃–၁၉၉၈ နေ့ မွန်းလွဲ ၃ နာရီအချိန် ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)၊ လက်ထောက်တိုင်းမှ အမိန့်ချမှတ်သည်။

မေသက်ထားရွှေ အငှားကားရပ်ပြီး ရုံးကြီးပေါ်ပြေးတက်သွားခဲ့သည်။ တရားရုံးထဲဝင်သွားချိန်တွင် တရားသူကြီးက စီရင်ချက်ချမှတ်နေပြီဖြစ်သည်။ အရိုအသေပေးပြီး တရားခွင်ထဲဝင်ခဲ့သည်။

"တရားခံ မြင့်ထွန်း၊ အသက် ၂၂ နှစ်၊ အဘ ဦး––၊ ဒေါနု(–)လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေသူအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ထောင်ဒဏ် (၃) နှစ်၊ ယင်းဥပဒေပုဒ်မ ၁၆(ဂ)အရ ထောင်ဒဏ် (၅)နှစ် ကျခံစေရန်"

"တရားခံ ဖိုးလုံး၊ အသက် ၂၃ နှစ်၊ အဘ ဦး–––၊ အမှတ်(––)၊ ဒေါနု(–)လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေသူအား မူးယစ်ပုဒ်မ ၁၆(ဂ)/၂၁ အရ ထောင်ဒဏ်(၅)နှစ် ကျခံစေရန် အသီးသီးအမိန့်ချမှတ်သည်"

မေသက်ထားရွှေက တရားခံ တင်မောင်ကျော်အတွက် ချမှတ်သည့်အမိန့်ကို မကြားလိုက်ရသဖြင့် လွတ်မြောက်သွားပြီလားဟု တွေးထင်လိုက်၏။ တရားခံများနေရာသို့ တင်မောင်ကျော်အား ရှာကြည့်နေ၏။ တရားသူကြီးက မေသက်ထားရွှေ၏ အရိပ်အကဲကို တွေ့မြင်နေရသည်။ တရားသူကြီးက ဆက်လက်၍ဖတ်ကြားခဲ့သည်။

"တရားခံ တင်မောင်ကျော်၊ ၂၂ နှစ်၊ (အဘ)ဦး––သည် အသည်းကြွပ်ဆတ်ရောဂါဖြင့် အင်းစိန်ထောင်တွင် ၂၇–၂–၁၉၉၈ နေ့၌ သေဆုံးသွားပါသဖြင့် ဤရာကြီးအမှု ၁၃/၉၇ အမှုမှ ထုတ်ပယ်လိုက်သည်"

ရှေ့နေမလေး မေသက်ထားရွှေသည် တရားရုံးတော်ရှေ့တွင် ရှိုက်ကြီးတငင် ငိုချလိုက်သည်။ လူများက ကရုဏာသက်စွာ ဝိုင်းကြည့်နေကြသည်။ ရဲအုပ် မြဝင်းက ပရိုသတ်ကို ရှင်းလင်းပေးရသည်။ မေသက်ထားရွှေမှာ သူမ၏ အိပ်မက်ကမ္ဘာ ပျက်သွားပြီဖြစ်ကာ တိုင်းရုံးကြီးအောက်သို့ ဆောလျင်စွာဆင်းသွားပါတော့သည်။

တို့မြင်း

www.burmeseclassic.com



# သရက်တန်းစိုးရွှေ (မြစ်ငယ်)

## အရက်ကျွန်ဖြစ်နှံ့နစ်နီဒါန်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းထောင်ဝါနေမင်း ထွက်ပြီဆိုကတည်းက သူ့ရင်ထဲမှာ တသသ မျှော်နေမိပေသည်။ သူ့စိတ်၊ သူ့ဘဝင်တွင် သောက်သုံးနေကျအရက်ကို သယ်ဆောင်လာသည့် ဟန်နွဲ့နွဲ့ အမူအရာကလေးများ၊ ဂွတ်ဆိုသည့်အသံနှင့်အတူ ခုံပေါ်တွင် ကန္တဲ့ကလျ ကျလာသည့် မာန်ပါလှသည့် ပုလင်းဖြူဖြူကလေးများနှင့် အငွေ့တထောင်းထောင်း အမြည်းအစုံအလင်၊ တစ်ဖက်တွင် တည်ခင်းထားသည့် အလှပဆုံးသော ရေတည်ချိုင့်ကလေးများသည် မျက်လုံးထဲတွင် ဖွားခနဲ ဖွားခနဲ ပေါ်လာခဲ့သည်။

တစ်ခွက်သောက်လိုက်သည်နှင့် ပူနွေးနွေး ခံစားမှု အရိပ်အယောင်လေးများ လေမှာလွင့်မျော လာသလို ထင်နေရပေသည်။ မှိုင်းရီရီအသိနှင့် ရှည်လျားသည့်အတွေးကြားတွင် စီးကရက်မီးခိုးငွေ့လေးများ မှုတ်ထုတ်ဆော့မြူးနေပုံတို့သည် အာရုံအား ကလူကျီစယ်နေပေသည်။ ဝါးလာသည့် မျက်ဝန်း၊ စင်းလာသည့်မျက်တောင်၊ မှောင်လာသည့်အတွေး၊ ရေးရေးသိသည့် အသိတွင် ပြောချင်သောစကားတို့သည် လျှာလေး၍ အာထွေးစေခဲ့ပေပြီ။

ကိုယ်ခံယူသည့်အသိ၊ ကိုယ့်စိတ်တွင်ငြိသည့် ခံစားမှု၊ လောကတစ်ခုအား အရှုံ့တိုက်သည့် စွမ်းအင်ပုန်းများ အရက်ဆိုသည့်အရာမှ ထွက်ပေါ်လာခဲ့လေသလားဟုပင် သူတွေးနေမိပေသည်။ ချဉ်၊ ငန်၊ စပ်သုံးခုနှောထားသည့် အရသာကတစ်မျိုး၊ တုတ်ထိုးပြီးကင်ထားသည့် အသားကင်လေးအား တစိမ့်စိမ့်ဝါးခဲ့ရခြင်း၏အသိသည် လေချဉ်တက်ခြင်းနှင့်အတူ စိတ်ထဲတွင် ထင်ဟပ်လာနေပေသည်။

အရက်မူးသည့်အရှိန်နှင့် ဘယ်ညာလျှောက်လှမ်းရင်း ယိမ်းယိုင်သွားသည့် ခန္ဓာကိုယ်သည် လေဟာနယ်တွင် လွင့်လွင့်သွားသလို အော်ဟစ်သီဆိုလိုက်သည့် တေးသံသာသည်လည်း ရင်ထဲမှလာ၍ ပေါ့ပါးခြင်း၊ လွတ်လပ်ခြင်း၊ ပွင့်လင်းခြင်း၊ အာသွက်ခြင်းတို့ အစီအရီဖြစ်ပေါ်လာပြီး အသာယာဆုံးသော တေးတစ်ပုဒ်ကို ရွေးထုတ်လျက် သီဆိုနိုင်ခဲ့ပေသည်။

သူဆိုတဲ့ စံလှရဲ့ရင်ထဲတွင် ပြီးခဲ့သည့်တစ်ပတ်က လှမောင်တိုက်သည့် အရက်ဝိုင်းကို တမ်းတနေမိပေသည်။ လူငါးယောက် ပတ်လည်ဝိုင်းထိုင်၍ အရက်ပုလင်းကိုအလယ်မှချကာ အမြည်းများက စုံလင်လှပေသည်။ အလှည့်ကျဝိုင်းသည့် အရက်ဝိုင်းတွင် တရွေ့ရွေ့လှုပ်ရှားလာသည့် အရက်ခွက်နှင့်အတူ စကားလုံးလေးများက လှပသေသပ်လွန်းလှပေသည်။ ဘဝတဲ့၊ အနာဂတ်တဲ့၊ ကံတရားတဲ့၊ ဒဿနတဲ့။

သာလှ စတင်ဖောက်ခွဲလိုက်သည့် စကားတစ်ခွန်းက.....

"ဘဝဆိုတာ တိုက်ပွဲလို့ ကားတွေရဲ့ နောက်ကာတွေမှာ ရေးထားတာပဲ၊ အဲဒီတိုက်ပွဲမှာ ငါတို့က ဗိုလ်လား၊ တပ်သားလား၊ ဘဝဆိုတာရဲ့ တပ်သားအင်အားဟာဘယ်သူတွေလဲ"

သာလှရဲ့အမေးကို လှဖေရီဝေဝေဖြင့် ဖြေလိုက်သည်က.....

"ဗိုလ်ပဲဖြစ်ဖြစ်၊ တပ်သားပဲဖြစ်ဖြစ် ငါကတော့ ငါချစ်တဲ့အရက်နဲ့ ဘဝအတွက် အားထွက်အောင်လုပ်ရမှာပဲ"

သာဖြိုးကလည်း ငိုက်နေသည့် ခေါင်းကိုထောင်ပြီး တွေးတွေးဆဆ ပြောလိုက်သည်က.....

"ဘဝကို ငါက မယုံချင်ဘူးကွ၊ ဘကုန်းနဲ့ ဝန်ပေါင်းလို့သာ ဖြေကွာ၊ ဗထက်ခြိုက်နဲ့ ဝန်များ ပေါင်းလိုက်ရင် ဗလချာတွေရှက်ကုန်လိမ့်မယ်ထင်တယ်ကွ၊ ဘဝ ဒီအခြေအနေ

မှာ ရင်နာစရာတွေက မြင်းမိုရ် တောင်လောက်ရှိတယ်ကွ၊ ဪ.. ဘဝ...ဘဝ၊ လှခြင်းလည်းရှိတယ်၊ လှခြင်းလည်းကင်းတယ်၊ တကယ်က ဘဝဆိုတာ ကံပြုသမျှ ဇာတ်ရှုပ်ပါပဲကွာ''

ထိုသို့သော ညည်းချင်းတစ်ပုဒ်ဖြင့် အရက်ကိုတက်သုတ်ရိုက် သောက်လိုက်လေတော့သည်။

စံတိုးသည်လည်း အရက်ပုလင်းကိုကိုင်ကာ ခွက်အတွင်းသို့ ငှဲ့ထည့်ရင်း လေးနက်သောအတွေးတို့ဖြင့် ဘဝကို ချဉ်းကပ်နေပေ၏။ အရက်ခွက်အတွင်း အရက်ပြည့်သွားသည်နှင့် ညင်သာစွာ ပုလင်းကိုချ၍ သုန်မှုန်သော မျက်နှာထားဖြင့် လေးနက်စွာ တွေးလိုက်၊ ပြောလိုက်သည်က.....

''ဘဝဆိုတာ ရုပ်သေးရုပ်ပဲ''

စံတိုးသည် သူတင်သွင်းသည့် ဘဝအဆိုကို လေးနက်စွာ သက်သေပြနေပေသည်။

''ရုပ်သေးရုပ်မှာ ကကြိုးစုံတယ်၊ စရိုက်စုံတယ်၊ ဆွဲသူရဲ့ အလိုက်၊ ဆွဲသူအကြိုက် ကပြရတယ်ကွ၊ ငါတို့ဆိုတဲ့ လူတွေလည်း ဘာထူးသေးလဲကွ၊ လူမျိုးစုံ၊ စရိုက်စုံ၊ ခံယူချက်စုံ၊ အလေးထားစုံနဲ့ သတ်မှတ်ပြဋ္ဌာန်း ရှန်းကန်ကြရတာပဲကွ၊ အဲဒီအထဲမှာ ကြိုးဆွဲဆရာက ကံပေါ့ကွာ၊ အဲဒီကံကိုလည်း လူက ပြန်ဖန်တီးနဲ့ လည်လည်ပြီးနေတဲ့ လောကကွ''

ထိုသို့ကောက်ချက်ချရင်း ငှဲ့ထားသည့် အရက်ခွက်ကို အားရစွာ သောက်ချလိုက်လေသည်။

စံတိုး၏ လေးလံသောဒဿနကို ထောက်ခံခြင်းလည်းမရှိ၊ ကန့်ကွက်ခြင်းလည်းမပြုသော ညီညီဦးက ရီဝေသောမျက်နှာဖြင့် သူ့



အမြင်ကို ပြောလိုက်သည်က.....

''အလှဆိုတာ ဘဝထဲမှာပဲ ရှာရတာကွ၊ ဘဝထဲက အလှရှာဖို့ ငါ့မှာ လက်နက်ပါတယ်''

ထိုသို့ဆိုကာ သူကမယ်ဒလင်ကို အသံညှိလိုက်လေသည်။ ပြီးနောက် ''နဂါးနီ''တေးသွားကိုအသံညှိလိုက်ပေသည်။ ညီညီဦး၏မယ်ဒလင်အသံညှိခြင်း ပြီးသည့်အခိုက် အားလုံးသောအဖွဲ့သားများ အရက်ဝိုင်းကို စတင်ဖောက်ခွဲပစ်လိုက်ကြလေပြီ။ ရီဝေသော ဦးခေါင်းများဖြင့် ဝါးတားတားသံစဉ်များသည် သံပြိုင် ထွက်ပေါ်လာခဲ့လေသည်။

''ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်...ဟေ့...ဟေ့ ရတနာခုနစ်သွယ် တကယ်ပင်စုံညီတို့အမျိုးသားတိုင်းပြည် ဟေ့..ဟေ့ မွဲတဲ့သူ လှူဒါန်းနိုင်မည် ကျောင်းဆောက်ကာ ဘုရားတည် ဟေ့ ... ဟေ့ ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါနတို့ မတဲ့ကိန်းဆိုက်မည်၊ ဟေ့..ဟေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်၊ ဟေ့. ....ဟေ့''

ထိုသို့ သံပြိုင်သီဆိုနေသည့် သီချင်းသံများသည် သူ၏နားထဲတွင် ပြန်ပြန်၍ ကြားယောင်နေမိပေ၏။

သီချင်းသံလွင်လွင်လေးများ ပြန်လည်ကြားယောင်ခြင်းအဆုံးတွင် အလုပ်သမားခေါင်း၏ အော်ငေါက်သံကို ကြားနေရပေသည်။ ငေါက်သံအဆုံး ခါးတွင် အပိုစည်းထားသည့် ပုဆိုးအား ပခုံးဘက်သို့ ပြောင်းစည်းရင်း ဂျုံစေ့အိတ်များကို အားရစွာထမ်းပြီး ကားပေါ်မှချလိုက်ရပေသည်။ မြင့်လှသည့် ပိုင်ပုံ၊ များလှသည့် ဂျုံစေ့အိတ်၊ တငြိမ့်ငြိမ့် လျှောက်ရသည့် ကုန်းပေါင် သူ ရှောင်ကိုယ်ရှောင်ဖြင့် နရီစည်းဝါး

www.burmeseclassic.com

www.burmeseclassic.com



ကိုက်လွန်းနေပေသည်။

ညီညာစွာ လုပ်ကိုင်ကြရ သည့် ကုန်တင်ကုန်ချလုပ်ငန်းတွင် ပိုင်စီခြင်း အဆင်ပြေစေရန်အတွက် အလိုက်သင့် ချပေးနေရပေသည်။ ဘားချသည့်အိတ်၊ ကျွမ်းချသည့် အိတ်ဟူ၍ စိတ်ထဲမှရေတွက်၍ ပခုံးထက်မှချလိုက်လျှင်ဖြင့် လေးလံသည့်ပခုံးသည် ဟာခနဲပေါ့သွားပေသည်။ ပေါ့ပါးသည့်ပခုံးဖြင့် ကားပေါ်ပြန်တက်ကာ ဂျုံအိတ်ပင့်သူနှင့် ယှဉ်မရင်း ပခုံးပေါ်ပြန်ချလိုက်သည်နှင့် ပခုံးက အင့်ခနဲ လေးလံသွားခဲ့ပြန်ပေသည်။ အတက်၊ အဆင်း၊ လေးခြင်း၊ ပေါ့ခြင်းတို့ အနိစ္စဆန်စွာ လှုပ်ရှားနေရသည်က ဂျုံမှုန့်ကုမ္ပဏီတွင် လုပ်ကိုင်နေရသည့် ကုန်ထမ်းသမားတစ်ဦး၏ ဘဝပင် ဖြစ်နေပေသည်။

ဂျုံစေ့အိတ် ငါးရာမျှရှိသည့် ကားအားတင်ချခြင်းပြီးသည့်ခဏတွင် နှလုံးခုန်နှုန်းတို့ မြင့်တက်၍ အသက်ရှူခြင်းတို့လျှင်မြန်လာခဲ့ပေသည်။ ထိုအခြင်းအရာကိုမောသည်ဟု ကင်ပွန်းတပ်ထားခဲ့သည့်အစဉ်အလာရှိသည်မို့ စံလှ မော၍နေပေသည်။ ပေနေသော ခန္ဓာကိုယ်၊ ချွေးရွှဲနေသည့် အင်္ကျီများ ပိုင်ဆိုင်ထားသည့် အလုပ်သမားတစ်ဦးအတွက် ပေကျံခြင်းဆိုသည်မှာ ပြောဖွယ်ရာမရှိနိုင်ပေ။ အေးမြလှသည့် ကျောက်သမံတလင်းပြင်တွင် ပုဆိုးပိုင်းကိုခင်း၍ ပက်လက်လှန်လိုက်သည်နှင့် မောပန်းခြင်းတို့ အနည်းငယ် လျော့နည်းသွားခဲ့ပေသည်။ လတ်ဆတ်သန့်ရှင်းသည့် လေကို အပူအပင် အချုပ်အနှောင်ကင်းစွာ ရှူရှိုက်လိုက်ရင်း စိတ်ထဲတွင် အရက်နံ့လေး သင်းပျံ့မွှေးလာသည်ဟုပင် ထင်လိုက်မိပေသည်။

+++

စက္ကန့်၊ မိနစ်၊ နာရီတို့၏ အပြေးပြိုင်ပွဲကြောင့် ညနေ ၅ နာရီပင် ထိုးနေပေပြီ။ နံနက် ၈ နာရီတွင်ဝင်သည့် အလုပ်ချိန်သည် ညနေ ၅ နာရီတွင် သိမ်းသည်မို့ စံလှ အိမ်ပြန်ရန်အတွက် ပြင်ဆင်နေရပေသည်။ အခုအချိန်တွင် စံလှအတွက် အရေးကြီးသည်က ငွေပင်ဖြစ်နေပေသည်။ အများသူငါ ပြောကြသည်က ငွေသည် ဒုတိယဘုရားသခင်ဟု ဆိုထားကြပေသည်။ စံလှအတွက်မူ ဤငွေရမှ နေညိုလျှင်လေပြိုရပေမည်။ လုပ်အားခငွေသည် တစ်ပတ်တစ်ခါရှင်းပေးသည်မို့ စံလှလက်တွင်း၌ ငွေသည် ယာယီကွာရှင်းပြတ်စဲထားပေသည်။ ညနေချိန်တွင် အားရစွာသောက်ရရေးအတွက် အလုပ်ခေါင်းဆောင်ထံမှ ငွေချေးရပေပြီ။ အလုပ်သမားခေါင်းဆောင်ထံမှ ညည်းညူသံနှင့်အတူ နွမ်းချည့်နေသော တစ်ရာတန်တစ်ရွက်သာလျှင် ရလာခဲ့ပေသည်။

တစ်ရာတန်အနွမ်းလေးအား မကျစေရန် ဂရုတစိုက်ထည့်၍ ပြန်လာခဲ့ပေသည်။ လမ်းတစ်လျှောက် ပတ်လည်တွင် တွေ့နေရသည့် ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်နှင့် လုပသည့် ဆည်းဆာရှုခင်းသည် စံလှ၏ရင်တွင်းသို့ မထိုးဖောက်နိုင်ခဲ့ပေ။ စံလှအား ဆွဲဆောင်နိုင်သည့် ရှုခင်းများမှာ လမ်းဘေးဝဲယာမှ ဘီယာဆိုင်၊ အရက်ဆိုင်များပင်ဖြစ်ပေသည်။ သန့်ပြန့်သည့် ဆိုင်ခန်းများ၊ လှပသည့် ယမကာခွက်များနှင့် အမြည်းကင်အနံ့လေးများသည် လေအဝေ့တွင် ပျံ့မွှေးလျက်ရှိပေသည်။

အိမ်ပြန်လာသည့် စံလှသည် လမ်းဘေးလက်ဖက်ရည်ဆိုင်ပြသသည့် ဗီဒီယိုကားအား အမှတ်တမဲ့ကြည့်လိုက်မိပေသည်။ လှပသည့် ခုံပေါ်တွင် အဖိုးတန်အရက်ပုလင်းများ၊ ရေခဲများ၊ အမြည်းများဖြင့် အစီအရီ တည်ခင်းထားပေသည်။ မင်းသားဆိုသူသည် အရက်ခွက်အတွင်း အရက်များငှဲ့ထည့်၍ ရေခဲတုံးလေးများကို ခွက်အတွင်းသို့ ထည့်လိုက်ပြန်ပေသည်။ ခဏအကြာတွင်မူ အရက်ကို ဖြည်းညင်းစွာသောက်၍ အမြည်းတစ်ခုကို လှပသေသပ်စွာ ကိုက်ဝါးလိုက်ပေသည်။

ဗီဒီယိုဇာတ်ကားအတွင်းမှ မင်းသား၏အရက်သောက်ဟန်သည် စံ လှ၏ အရက်သောက်လိုစိတ်ကို နှိုးဆွပေးနေပေသည်။ စံလှ၏စိတ်ထဲတွင် အိမ်ပြန်ရောက်သည်နှင့် ဖိ လာသည့်တစ်ရာကို အရက်ဝယ်ကာ စတိုင်လ်ကျကျနှင့် အားရစွာ သောက်မည်ဟု အားခဲထားလိုက်ပေသည်။ လှပသည့် ညခင်းအစက် အရက်ဖြင့်ကြိုဆိုရန်အတွက် ဘီအီး

www.burmeseclassic.com


အရက်တစ်ပိုင်းကို ပါဆယ်ဆွဲ၍ သွက်လက်သော ခြေလှမ်းတို့ဖြင့် လှမ်းလာခဲ့ပေသည်။

ခြေလှမ်းသွက်လှသည့် စံလု အိမ်အဝင်ဝရောက်ကာမှ သူ၏ပိုင်ဆိုင်မှုများထဲမှ သားငယ်တစ်ဦးနှင့် မယားတစ်ယောက်အား ယခုမှပင် သတိဝင်ခဲ့ပေသည်။ စံလုရောက်လာသည်နှင့် သူ၏မိန်းမ နုဖြိုးမှာ ဆန်ဝယ်သွားရမည်မို့ ကြမ်းပေါ်တွင် အခင်းဖြင့်အိပ်နေသော နှစ်နှစ်သားအရွယ် သားငယ်ကိုပါကြည့်ထားရန် မှာကြားသွားလေသည်။ အရက်သောက်လိုသည့် စံလုမှာ အိပ်နေသည့် ကလေးဘေးတွင် ထမင်းစားပွဲခုံကို ချခင်း၍ အရက်ထုပ်ကို ပုလင်းအတွင်းထည့်ကာ ထားလိုက်ပေသည်။

အားရစွာမြည်းနိုင်ရန်အတွက် အိမ်ထဲတွင် မြည်းစရာများ ရှာကြည့်လိုက်ရာတွင် အသင့်တွေ့ရသည့် စာလေးခွေကို ခရမ်းချဉ်သီးဖြင့် သုပ်လိုက်ပေသည်။ သုပ်ထားသည့် ခရမ်းချဉ်သီးနှင့် စာလေးခွေပန်းကန်ကို ခုံပေါ်တွင်ချ၍ အရက်ကို ဖန်ခွက်အတွင်းသို့ တုန်ယင်စွာ ငှဲ့လိုက်ပေသည်။ အရက်မသောက်ခင် အသုပ်ကို မြည်းကြည့်မိရာတွင် ဆားပေါ့နေသဖြင့် ဆားထည့်ရန် ဆားကိုထ၍ယူလိုက်သည်။

ဆားသွားယူပြီး ပြန်လာသည့် အချိန်တွင် နှစ်နှစ်သားအရွယ် သားငယ်သည် အိပ်ရာမှထလာ၍ အရက်များကိုသွန်ပစ်၍ဆော့နေပေသည်။ အရက်သောက်ချင်နေသော



**စံလုလက်သစ်**
**လာနေပြီ၊**
**အရက်ကျွန်ဖြစ်**
**နွံနစ်နိဒါန်း စနေပြီ**
**”**

စံလုမှာ အားရစွာပြေးလာပြီးအရက်များကိုကြည့်ရာ အရက်အားလုံးကုန်နေသဖြင့် ဒေါသထွက်ကာ ကလေးငယ်အား ခြေထောက်မှဆွဲကိုင်၍ ကိုင်ပေါက်ပစ်လိုက်မိတော့သည်။ အားထည့်ကာ ကိုင်ပေါက်လိုက်သောကြောင့် ကလေးငယ်၏ခေါင်းတွင် သွေးရဲရဲနီ၍ မေ့မြောနေပေသည်။ စံလု ကြောင်ငေးငေးဖြင့် ကြည့်နေပေသည်။ ကလေးငယ်အားကြည့်လိုက်၊ သူ့လက်ကိုကြည့်လိုက်ဖြင့် ကတုန်ကယင်ဖြစ်နေပေသည်။ သူ့မိန်းမ နုဖြိုးလာလျှင် ဘယ်လိုပြောရမည်နည်း။ ကြောင်တောင်ဖြစ်နေသည်။ စံလုသည် ငူငူငေါင်ငေါင်ဖြစ်နေပေသည်။

အပေါက်ဝမှ နုဖြိုး၏အသံကြားနေရပေပြီ။ အိမ်ပေါက်ဝမှ နုဖြိုးသည် သွေးများနှင့် မေ့မြောနေသော သားငယ်ကိုမြင်ကာ အမယ်လေးဟူသောအသံနှင့်အတူ သားငယ်ကို ပြေးပွေ့လိုက်ပေသည်။ အသက်မရှိတော့ဘူးဟူသောအသိနှင့် ကြောင်တောင်တောင်ကြည့်နေသောလင်သားအကြား ဆွံ့အသလိုဖြစ်ကာ ကြောင်ကြည့်နေပေသည်။ နုဖြိုး ပြုံးလိုက်ပြန်ပါသည်။ သားငယ်ခေါင်းမှ သွေးစများကို လက်ဖြင့်ကိုင်၍ ရယ်နေလိုက်ပြန်သည်။ ငိုလိုက်၊ ရယ်လိုက် အမူအရာများဖြင့် နုဖြိုးသည် သူ့အိမ်ပေါက်မှ ဆင်းကာကခုန်နေလိုက်ပြန်ပါသေးသည်။ နုဖြိုး စိတ်မကျန်းမာသူဖြစ်သွားခဲ့ပေပြီ။ စံလုမှာမူ ထောင်ကျသွားခဲ့သည်။

ယခုအချိန်တွင်မူ လက်ပံစင်ရွာကလေးတွင် ကခုန်မြူးထူးနေသည့် နုဖြိုးကို တွေ့နေရပေသည်။ ထို့အတူပင် အရက်သောက်လာသည့် အရက်သမားများတွေ့တိုင်း “စံလုလက်သစ်လာနေပြီ၊ အရက်ကျွန်ဖြစ် နွံနစ်နိဒါန်း စနေပြီ”ဟု ပြောနေလျက်၊ ပြောနေဆဲ၊ ပြောနေလတ္တံ့သာလျှင်.....။

သရက်တန်းစိုးမြွေ (မြစ်ငယ်)

www.burmeseclassic.com

www.burmeseclassic.com

# ရှင်သန်ခြင်းအာသချေ

နှင်းစက် (လားရှိုး)



ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com


"အချစ်အတွက် အသက်ပေးခဲ့ကြတဲ့ ရာဇဝင်တွေရှိတယ်၊ ကမ္ဘာသမိုင်းကိုပဲကြည့်ကြည့်၊ မြန်မာ့သမိုင်းကိုပဲကြည့်ကြည့်"

"ဒါပေမဲ့ အခု အင်တာနက်ခေတ်မှာတော့ အချစ်ဆိုတာ စိတ်အပန်းဖြေရာ တံခါးပေါက်တစ်ခုလိုဖြစ်နေပါလားလို့ ခံစားရတယ် ကိုလွင်"

ထိုအခါကိုလွင်ရယ်လေသည်။

"မှားယွင်းတဲ့ အသုံးချမှုပေါ့လေ၊ ဒါပေမဲ့ အင်တာနက်ထဲက ဟိုအကြောင်းအရာလေးကို ဖတ်ပြီးကြတဲ့အခါမှာကော ရင်ထဲနင့်နေအောင်ခံစားကြရတော့တာပဲမဟုတ်လား ကိုနိုင်"

နှို့မှုန့်နှံ့လေး သင်းသင်းမွှေးနေသည့် ကော်ဖီနှစ်ခွက်က အေးစက်နေလေပြီ။ သူသက်ပြင်းချလိုက်မိပါသည်။

"မျက်လုံးအစုံကို ထုတ်ပေးရဲတဲ့ကောင်လေးက သူ့ရဲ့ကောင်းဖြစ်သွားတာပေါ့၊ တစ်နည်းအားဖြင့် မရှုံးသင့်တာကို ရှုံးခဲ့တာပဲမဟုတ်လား၊ ကောင်မလေးကို သစ္စာမရှိဘူးလို့ အပြစ်ပြောရမှာထက် ကောင်မလေးရဲ့ ရွေးချယ်မှုမှန်ကန်တယ်လို့ ပြောရမှာထင်တယ်"

ဆရာမြသန်းတင့်၏ လေရှူးသုန်သုန် စာအုပ်တွဲကြီးကို သူ့လွယ်အိတ်ထဲ ပြန်ထည့်လိုက်ပါသည်။ ကော်ဖီကို တစ်ငုံသောက်ရင်း ကော်ဖီက ကောင်းလိုက်တာ ကိုလွင်ရာလို့ သူ လိုက်လိုက်လှဲလှဲပြောဖြစ်သည်။

"ဒီကော်ဖီမျိုး သူ့ကိုတိုက်ချင်လိုက်တာ ကိုလွင်ရယ်"

"တစ်ရက်လောက် ခေါ်လာခဲ့ဦးလေ၊ ကိုယ်လည်း သူနဲ့တွေ့ပြီး စကားတွေပြောချင်ပါသေးတယ်၊ ဆောရီး.....ဘောင်ကျော်ပြီးပြောတာမဟုတ်ဘူးနော်၊ သူ့စကားတွေက ကျောင်းဆရာမဆိုတော့ လေးနက်မှုရှိတယ်လေ"

"ဒါပေမဲ့ သူက ကော်ဖီခါးခါးမှကြိုက်တာလေ"

ကျောင်းဆရာမဆိုတော့တဲ့။ ကိုလွင့်ရှေ့မှ ဂျာနယ်နှစ်စောင်ကို ငေးကြည့်ရင်း သူကြေကွဲနေမိပါသည်။

"အဲဒီဂျာနယ်ထဲက အင်တာနက်ဇာတ်လမ်းထဲကလို ကျွန်တော့်ကိုထားခဲ့မယ်ဆိုရင်....."

"ဟား...ဟား...ဟား ကိုနိုင်ရယ်၊ မင်းရဲ့အတွေးက နည်းနည်း

ကောင်လေးနေရာမှာ
ငါသာဆိုရင်လေ
ကိုယ့်မျက်လုံးတွေကို
ထုတ်မပေးနိုင်ပေါင်၊
သေလောက်အောင်
ချစ်ရပါစေ၊
ကိုယ်တအားချစ်ရတဲ့
မိန်းကလေးကို
မျက်မမြင်ဘဝနဲ့ပဲ
တစ်သက်လုံးအလှကြည့်ပြီး
ဖြည့်ဆည်းပေးသွားမှာ၊
ဘာလို့လဲဆိုတော့
မြစ်ဆိုတာ
ကောက်ကွေ့တဲ့အမျိုးလေ
...

www.burmeseclassic.com

www.burmeseclassic.com

အဆင့်ကျော်သွားပြီကွ၊ နံပါတ်တစ်က အဲဒီလို မျက်မမြင်ကောင်မလေးကို မင်းတကယ်ပဲ ချစ်ကြိုက်ရဲတဲ့ အသည်းနှလုံးရှိရဲ့လား၊ နံပါတ်နှစ် မင်း တကယ်ပဲ မင်းရဲ့ဘဝတစ်ခုလုံး ဆုံးရှုံးနိုင်တဲ့ မျက်လုံးအစုံထုတ်ပေးရဲတဲ့ သတ္တိရှိသလား၊ ဒါကို အရင်စဉ်းစား''

+ + +

''အဲဒီကောင်လေးနေရာမှာ ငါသာဆိုရင်လေ ကိုယ့်မျက်လုံးတွေကိုထုတ်မပေးနိုင်ပေါင်၊ သေလောက်အောင်ချစ်ရပါစေ၊ ကိုယ်တအားချစ်ရတဲ့ မိန်းကလေးကို မျက်မမြင်ဘဝနဲ့ပဲ တစ်သက်လုံးအလှကြည့်ပြီး ဖြည့်ဆည်းပေးသွားမှာ၊ ဘာလို့လဲဆိုတော့ မြစ်ဆိုတာ ကောက်ကွေ့တဲ့အမျိုးပဲလေ''

ထိုစကားအဆုံးမှာတော့ အုံးခနဲမြည်သော အသံတစ်ချက်ကို ကြားလိုက်ရပါသည်။ သူထိတ်လန့်စွာဖြင့် လှည့်ကြည့်မိတော့ ကျောင်းသားလေးတစ်ယောက်က အားလားလား နာလိုက်တာ အရှူးမရယ်ဆိုပြီး နောက်ကျောကိုပွတ်သပ်နေတာ တွေ့ရပါ၏။ ကဲ...ထိုင်ကြတော့လို့ ပြောနေသော ဆရာမတစ်ယောက်၏အသံကြောင့် သူစိတ်အေးသွားရပါသည်။

''မှတ်ထား၊ မြစ်ဆိုတာ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေမှ လှတာဟဲ့''

''အေးပါ၊ မှတ်ထားလိုက်ပါ့မယ် စူဠသုဘဒ္ဒါရယ်''

အသံတွေကိုဖြင့် သူ့နားနှင့်ကြားနေရဆဲ။ ကျောင်းသားလေး၏နောက်ကျောကို အုံးခနဲမြည်အောင် ထုရိုက်လိုက်သော လက်သံပြောင်သူ ကျောင်းသူ၏မျက်နှာကိုတော့ မမြင်လိုက်ရ။ စကားနိုင်လုပွဲအသံတွေကိုဖြင့် ကြားနေရဆဲ။

''စူဠသုဘဒ္ဒါက အငြိုးကြီးခဲ့တာမဟုတ်ဘူး၊ အရှက်ကြီးခဲ့တာ အရှူးရဲ့၊ ဆဒ္ဒန်ဆင်မင်းရဲ့ အင်ကြင်းပန်းခိုင်က ခါချဉ်ကောင်ကလည်း တရားခံမဟုတ်ဘူး၊ တဝါးဝါးတဟားဟားနဲ့ လှောင်ပြောင်ရယ်မောသံတွေကြောင့် ဆဒ္ဒန်ဆင်မင်းကိုရှက်ခဲ့တာ''

''အရှက်ကြီးလေ ရက်စက်လေလေပေါ့''

''နင် မတော်သေးဘူးလား ထက်မြတ်အောင်၊ နင့်အမေကမှ မုဆိုးဖိုသူဌေးကိုယူခဲ့တာမို့ စူဠသုဘဒ္ဒါအစစ်''

''နင် ငါ့သမိုင်းကြောင်းတွေ ထည့်မပြောနဲ့နော် အရှူးမ''

''နင်ပဲအရင်ရန်စတာလေ အရှူးကောင်''

''ကဲ.....တော်ကြပါတော့ဆိုမှပဲ၊ ထက်မြတ်အောင် ရှေ့ဆုံးကခုံမှာသွားထိုင်ချေ၊ ရှေ့ကတစ်ယောက်နေရာလာလဲပေးလိုက်''

အောင်မြင်သော ဆရာမတစ်ယောက်၏အသံကြောင့် သူ့နံဘေးမှ ကျောင်းသားလေးတစ်ယောက်ဖွေ့ခနဲထထွက်သွားသည်။

တက္ကသိုလ်ဝင်တန်း ဖြေထားကြတာဆိုတော့ လေ့လာရေးခရီးမှာ ကျောင်းသားလေးများအားလုံး စိတ်လွတ်၊ ကိုယ်လွတ် ရှိနေကြဟန်တူပါသည်။ ထိုသို့တွေးမိပြန်တော့ သူချစ်ရသောသူကို သတိရလာမိပါ၏။

မီမီမြင့်တစ်ယောက် အထက်တန်းပြဆရာမ,ဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် ခုလို ဘုရားဖူးကားကြီးမှာ သူနှင့်အတူ မီမီမြင့်လိုက်ပါခွင့်ရခဲ့လျှင်..။ တွေးရင်း သူ့ရင်တွေ ဖိုသွားရပါ၏။ ရှေ့ဆုံးခုံတန်း၏ အလယ်မှာထိုင်နေရသော သူ့အတွက် ယာဉ်မောင်းကို တစ်လှည့်၊ ယာဉ်ကြောရှင်းပေးနေသည့် ယာဉ်နောက်လိုက်ကို တစ်လှည့်ကြည့်မိရင်း ကြည်နူးနေမိပါသည်။ ကားလမ်းမကြီးကဖြင့် မဆုံးနိုင်အောင် ရှည်လျားလှသော ရန်ကုန်–ပြည် လမ်းမကြီး။

မြစ်ဆိုတာ ကွေ့ကွေ့ကောက်ကောက်စီးဆင်းနေမှ လှတာတဲ့လား။ ထိုအသံပိုင်ရှင် ကျောင်းသူလေး၏မျက်နှာကို သူမမြင်လိုက်ရပေမယ့် အသံကိုဖြင့် ကြားယောင်နေမိဆဲ။

ထိုအချိန်မှာပဲ သူ့နံဘေးသို့ ကျောင်းသားတစ်ယောက် လာဝင်ထိုင်၏။

''အဲဒီလိုပဲ၊ တစ်ချက်တစ်ချက် ထထဖောက်တဲ့ မမျောက်''

''နပုန်းပဏ္ဍုက်ကောင်ကများ''

မကျေနိုင်မချမ်းနိုင် ပြောနေသော ကျောင်းသားလေး၏အသံနှင့် ကား၏ခါးလယ်ပိုင်းမှ ထွက်ပေါ်လာသော ကျောင်းသူလေး၏ ခပ်တိုးတိုးအသံကဖြင့် ရှိနေဆဲ၊ ကြားနေရ

www.burmeseclassic.com

ဆဲ။ လေ့လာရေးခရီးစဉ် ဘုရားဖူး ယာဉ်ငါးစီးမှာလည်း စီကာစဉ်ကာဖြင့် တစ်စီးနှင့်တစ်စီး စောင့်ခေါ်ကာ မောင်းနှင်နေကြဆဲ။

+ + +

“အဲဒီဘူးခါးချောင်းဝ ရေတံခါးနေရာမှာ မပြည့်နိုင်မယ့်ရေကို နေ့တိုင်းလာခပ်ခဲ့ရတဲ့ ဗေဒါရီပေါ့”

သူ့စကားများကို မှတ်စုစာအုပ်ထဲ မှတ်သူကမှတ်၊ ကင်မရာအသေးလေးတွေဖြင့် တဖျပ်ဖျပ် မှတ်တမ်းတင်သူကတင်နှင့် အလုပ်ရှုပ်နေကြ၏။

ဒီပတ်ဝန်းကျင်ဟာ
အရမ်းလှပတဲ့
ဇာတ်လမ်းလေးတွေ
ရှိခဲ့ဖူးတဲ့နေရာပေါ့၊
ဟောဟို
လိုဏ်ဂူသုံးခုကိုတော့
ဘုရားဖူးလာသမျှ
လူတိုင်း
တွေ့တတ်ချင်မှ
တွေ့တတ်ကြတာတဲ့
. . .



“ဗေဒါရီနဲ့ သမ္မာဝညီနောင် တွေ့ခဲ့ကြတာ ဒီနေရာပေါ့နော်”

ကျောင်းသူလေးများထဲမှတစ်ယောက်တိုးထွက်လာရင်း မေးလေသည်။ ထိုမေးသံကို သူရင်းနှီးလှပါသည်။

“အင်းပေါ့ ညီမလေးရယ်၊ ဒီပတ်ဝန်းကျင်ဟာ အရမ်းလှပတဲ့ ဇာတ်လမ်းလေးတွေ ရှိခဲ့ဖူးတဲ့နေရာပေါ့၊ ဟောဟို လိုဏ်ဂူသုံးခုကိုတော့ ဘုရားဖူးလာသမျှလူတိုင်း တွေ့တတ်ချင်မှ တွေ့တတ်ကြတာတဲ့၊ တစ်ဖက်လိုဏ်ဂူမှာ ဗေဒါရီနေခဲ့တာ၊ ဟိုလိုဏ်ဂူထဲမှာ အဘရသေ့ကြီး၊ ဟောဟိုလိုဏ်ဂူထဲမှာတော့ ဗုဒ္ဓဆင်းတုတော်တွေ ကိန်းဝပ်တော်မူခဲ့သတဲ့”

သူသိသရွေ့ ရှင်းပြသမျှ၊ လက်ညှိုးညွှန်သမျှ လိုက်လံကြည့်ရှုနေကြသော ကျောင်းသား၊ ကျောင်းသူလေးများမှာ တငေးတမော။ အခြားကားမှ ကျောင်းသားအဖွဲ့များနှင့် ပေါင်းမိသွားသောအခါ လူအုပ်ကြီးမှာ မနည်းမနော။

ယာဉ်တစ်စီးလျှင် သူ့လိုဘုရားဖူးလမ်းညွှန်တစ်ယောက် ပါတာမို့ ကိုယ်လေ့လာထားမိသလို ရှင်းပြ၊ ပြောပြကြရပါ၏။ ကြာလာတော့လည်း ဖတ်ထားဖူးသမျှ စာပေတွေ၏ အထောက်အပံ့နှင့် အလုပ်က သင်ကြားပြသသွားပါလေ၏။

သူတို့လို ဘုရားဖူးလမ်းညွှန်တွေ မမေ့မလျော့ ပြောပြရသည်က ဘုရားဖူးဧည့်သည်တွေကို ဟယ် ဒီနေရာလေးက သာယာလိုက်တာ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com

နေရာလေးမှာ တစ်သက်လုံးနေရရင် ကောင်းမှာပဲဆိုသောစကားများကို မပြောမိကြစေဖို့ မေတ္တာရပ်ခံရသည့်အချက်။

"အင်း.....ဒီနေရာကိုရောက်လာရတဲ့အခါ ပေဒါရီရဲ့ အငွေ့အသက်၊ ပေဒါရီရဲ့ ငိုသံတွေကို ကြားနေရသလိုပါပဲလား"

ပေဒါရီရဲ့ငိုသံတွေကို ကြားနေရသလိုပါပဲလားတဲ့။ ကဗျာဆန်လှချည်လား။ ဘယ်ကျောင်းသူပြောလိုက်တာပါလိမ့်။ သူလှည့်ကြည့်မိတော့ သူ့ကိုမေးခွန်းတွေမေးတတ်သည့် ကျောင်းသူမလေးကို မြင်လိုက်ရပါချေပြီ။ လူနှင့်အသံ တွဲမိတော့ သူနားလည်သလိုလို ရှိသွားရပါ၏။

"တောက်...ပေဒါရီရဲ့ငိုသံတဲ့၊ နေမြင့်လေ အရူးရင့်လေဆိုတာမျိုးပေါ့"

"အေးလေ၊ နင်တို့တစ်ဆွေလုံးတစ်မျိုးလုံး ရူးနေတာဆိုတော့ အရူးရဲ့အထာတွေ နားယဉ်နေမှာပေါ့၊ သိနေမှာပေါ့"

"အဟားဟား.....ဒါပေမဲ့ နင်ရူးနေတာကိုကုဖို့ ဆေးတော့မရှိဘူး အရူးမရဲ့၊ မမျောက်ရဲ့"

ပြောပြီး ထက်မြတ်အောင်ဆိုသော ကျောင်းသား ထွက်ပြေးလေတော့၏။

"အဲလိုပြောပြီး ထွက်ထွက်ပြေးလို့ နပုန်းပဏ္ဍုက်လို့ပြောတာလေ၊ အလကားကောင်၊ ကိုယ့်စကားကိုယ် တာဝန်မယူရဲဘဲနဲ့"

ဒေါသတကြီးဖြင့် ထိုကျောင်းသူမိန်းကလေးမှာ ခေါင်းမှဆံထုံးကို ဖြေချလိုက်တော့ ရှည်လျားနက်မှောင်သော ဆံပင်ရှည်ကြီးက ဝေါခနဲ ပြုဆင်းလာ၏။ ဘာရယ်မသိနိုင်သော အမွှေးရနံ့တစ်မျိုးကြောင့် သူ့ရင်မှာ နွေးခနဲ။

"အဲဒီထက်မြတ်အောင်ကြောင့် စိတ်တွေရှုပ်ပြီး ရင်တွေပူလိုက်တာဟာ"

ပြောပြီးသောအခါ သူမ လွယ်လာသော အိတ်အဖြူလေးထဲမှ ကျားပါးစပ်တစ်ခုကို ထုတ်ယူပြီး သူမ၏ ရှည်လျားလှသော ဆံပင်များကို ခွေကာလိပ်တင်ညှပ်၏။

"စာမေးပွဲပြီးပြီဆိုတော့ နင်တို့ငါတို့ ပြန်တွေ့ကြဖို့လမ်း သိပ်မရှိတော့ဘူးမဟုတ်လား နွေးထွေးရယ်၊ သူက နင့်လိုစာတော်တဲ့မိန်းကလေးကို အရောတဝင်ရှိချင်လို့ စနောက်နေတာပါ၊ ပိုက်ဆံရှိတဲ့သားသမီးဆိုတော့ လွတ်လွတ်လပ်လပ် ပျော်တတ်တယ်ထင်ပါရဲ့"

နွေးထွေးတဲ့။ ကျောင်းသူအချင်းချင်း၏ နာမည်ကြောင့် ထက်မြတ်အောင်နှင့် စကားများရန်ဖြစ်နေတတ်သော ကျောင်းသူလေး၏ အမည်ကို သူကြားသိလိုက်ရပါချေပြီ။

နွေးထွေးတဲ့လားလေ။ စာလည်းတော်သတဲ့။

သူတို့ဘုရားဖူးယာဉ် ရန်ကုန်မြို့သို့အပြန်မှာတော့ ပဲခူးရွှေမော်ဓောဘုရားသို့ ဝင်ဖူးကြ၏။ ထိုအခါမှာလည်း သိချင်သမျှကို ဦးဆောင်မေးလာသူက နွေးထွေးဆိုသော



ကျောင်းသူလေးပဲဖြစ်ပါသည်။

တကယ်ပဲ ဒီဘုရားစေတီကြီးက မော်ရုံတောကြီးကို ငုံပြီးတည်ထားတာလား၊ အဲဒီစေတီရဲ့ တစ်ဖက်မှာ သိကြားရုပ်၊ ဗြဟ္မာရုပ်၊ ဆင်ရုပ်၊ ဒေါင်းရုပ်တွေမရှိဘဲ ဘာလို့များ ဘီလူးခေါင်းရုပ်ကို တည်ထား၊ ထိုးထားရတာလဲ စသဖြင့် တစ်ခါတစ်ရံ သူထင်မှတ်မထားသော မေးခွန်းများကို မေးလာတတ်သော နွေးထွေးကြောင့် သူ့မှာ ဟန်ဆောင်အပြုံးဖြင့် မျက်နှာပေါ်မှ ချွေးစေးများကို စနိုးတာဝါဖြင့်သုတ်ကာ နွေးထွေးကို ပြန်ဖြေပေးရသည့်အဖြေများအား အပြေအပြား စဉ်းစားရပါ၏။ သူ ဘုရားဖူးဧည့်လမ်းညွှန်

www.burmeseclassic.com

လုပ်ခဲ့သမျှ ငါးနှစ်တာကာလအတွင်း နွေးထွေးလို စေ့စေ့ပေါက်ပေါက် ရှာကြံမေးသူနှင့် မကြုံဖူးသေး။ ဒါမှမဟုတ် နွေးထွေးလိုမေးရမှာကို အားနာနေကြတာလား၊ မမေးတတ်ကြတာလားတော့ မသိနိုင်။

"အစ်ကို သူမေးတိုင်းလျှောက်မဖြေနဲ့၊ သူက စာရေးဆရာမ သိပ်ဖြစ်ချင်နေတာ၊ သူသိချင်နေတာတွေက ကမ္ဘာကုန်ကျယ်သရွေ့ ပြီးမှာမဟုတ်ဘူး၊ တော်သေးတာပေါ့။ ပုဂံဘုရားသာဆိုရင် အစ်ကိုဖြေရလွန်းလို့ လေဖြတ်မယ်"

ထက်မြတ်အောင်နှင့်တော့ သူ ရင်းနှီးခဲ့ရပါသည်။ ထက်မြတ်အောင်ကြောင့်လည်း နွေးထွေး၏ရပ်ကွက်၊ ပတ်ဝန်းကျင်၊ ရှင်သန်နေထိုင်ရမှုများကို သိရှိခွင့်ရခဲ့ပါသည်။

+ + +

ဆရာမကြီး ခင်နှင်းယု၏ မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ် စာအုပ်လေးကို သူလှမ်းပေးလိုက်ပါသည်။

"ဟယ်...တ.....တကယ်ရှာတွေ့ခဲ့တယ်ပေါ့၊ အမယ်လေး...ကိုကို အရမ်းတော်တာပဲ၊ ဒီစာအုပ်ကလေ နွေးထွေးတစ်သက်လုံး သိမ်းထားရမယ့် စာအုပ်စာရင်းထဲမှာပါတယ် သိလား"

သူ နွေးထွေးနံဘေးကခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ဝမ်းသာအားရဖြင့် စာအုပ်ကို တစ်ရွက်ချင်းလှန်ကြည့်ကာဖတ်လိုက်၊ ရင်ဘတ်ထဲ ထည့်ပွေ့လိုက်ဖြင့် နွေးထွေး၏မျက်နှာမှာ အပျော်များ ဝေဝေဆာဆာ။ နွေးထွေးပျော်နေလျှင် သူလည်းပျော်ပါသည်။

"ဒီနေ့ ကော်ဖီ နွေးထွေးတိုက်မှာနော်"

နွေးထွေးသည်လည်း သူ့နည်းတူ နို့မှုန့်ထည့်ဖျော်သော ကော်ဖီကိုမှ နှစ်သက်ပါသည်။

"နေပါစေ ညီမလေးရယ်၊ ညီမလေးမှာ ကျောင်းမုန့်ဖိုးပဲရှိတာမဟုတ်လား"

အနောက်ပိုင်းတက္ကသိုလ် ကြို/ပို့ယာဉ်ကိုလှမ်းကြည့်ရင်း နွေးထွေး ခေါင်းခါပါ၏။ ရွှေပြည်သာမြို့နယ်ထဲကနေ တက္ကသိုလ်တက်နေသော နွေးထွေး၏ဘဝ။

"အိမ်ကပေးနိုင်တာဆိုလို့လည်း ဒီကျောင်းမုန့်ဖိုးပဲရှိတာပါနော်၊ ကိုကိုက ဒီစာအုပ်ဝယ်ပေးခဲ့တာကို အသိအမှတ်ပြုတဲ့အနေနဲ့ ဝယ်တိုက်ချင်တာပါ"

"ကိုင်း.....ဒါဖြင့် ညီမလေးတိုက်တဲ့ကော်ဖီကို ကိုကိုသောက်မယ်၊ ဒါပေမဲ့ ဒီစာအုပ်ဖိုးကိုတော့ ကိုကို မယူဘူး"

"ဟယ်.....ဘယ်ဖြစ်ပါ့မလဲ၊ ဒါဆို နောက်တစ်ခါ ဘယ်လိုမျက်နှာနဲ့ ဘယ်စာအုပ်ကိုရှာပြီး ဝယ်ခိုင်းရဲပါတော့မလဲ၊ ဟင့်အင်း...မရဘူး၊ စာအုပ်ဖိုးလည်း ယူရမှာပဲ"

"နောက်တစ်ခါလည်း ညီမလေးမှာတဲ့ စာအုပ်တွေကို အချိန်ရတဲ့အခါ ကိုကိုရှာဝယ်ပေးမှာအမှန်ပါ၊ ဒါပေမဲ့ ညီမလေး လေးလေးစားစား တန်ဖိုးထားပြီးသိမ်းမယ့် ဒီစာအုပ်အတွက် ကိုကိုဝယ်ပေးတဲ့ စာအုပ်က အမှတ်တရပေါ့၊ ကိုကို ဝယ်ပေးခဲ့တဲ့စာအုပ်ကို တစ်သက်လုံး သိမ်းထားမယ်ဆိုတာ ကိုကိုယုံကြည်ပါတယ်လေ"

ဤမျှလောက်ဆိုလျှင် သူနှင့် မြန်မာစာမေဂျာမှ ကျောင်းသူလေး နွေးထွေးတို့၏စကားဝိုင်း အဆုံးသတ်လို့ ရသွားခဲ့တာချည်းပင်။ သူ့အနေနှင့် နွေးထွေးကို စာအုပ်စာတမ်းများ ဝယ်ပေးလေတိုင်း အမှတ်တရများနှင့် ကြုံရသည်ချည်းပင်။ သူကလည်း ထိုသို့ကြုံချင်သူ။ ကမ္ဘာ့အမှတ်တရနေ့၊ မြန်မာနိုင်ငံ အထိမ်းအမှတ်နေ့တွေ ရှိနေသမျှ နွေးထွေးလိုချင်သော စာအုပ်လေးတွေ တဖြည်းဖြည်းနှင့် ပြည့်စုံသွားမည်ထင်ပါသည်။

+ + +

**သူ့အနေနှင့် နွေးထွေးကို**
**စာအုပ်စာတမ်းများ ဝယ်ပေးလေတိုင်း အမှတ်တရများနှင့်**
**ကြုံရသည်ချည်းပင်။ သူကလည်း ထိုသို့ကြုံချင်သူ။**

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကားမလာမီ နွေးထွေးတို့၏လမ်းထိပ်မှာ ကော်ဖီဆိုင်ထိုင်ရသော အရသာအကြောင်း ကိုလွင့်ကိုပြောပြမိတော့ ကိုလွင် စာနာစွာဖြင့် ခေါင်းတညိတ်ညိတ်ရှိခဲ့ဖူးပါသည်။

"ကိုလွင်နဲ့ နွေးထွေးတူတာက လေ ကော်ဖီထဲကို နို့မှုန့်ထည့်ဖျော်နိုင်းတာ"

"ကိုနိုင်နဲ့လည်း တူတာပဲလေ၊ သွေးကြောင်တဲ့ လူတွေ ကိုးကွ၊ ဟား.....ဟား"

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ ကိုလွင်ရယ်"

ထိုသို့ သူရင်နာစွာ ပြောမိလေတိုင်း သူ့ပခုံးကိုဖက်ကာ သူ့လက်များကိုဆုပ်ကိုင်ရင်း အားပေးတတ်သူက ကိုလွင်ရယ်ပါ။ မင်း အခုမျက်လုံးအစုံ ထုတ်ပေးရပြီလား ကိုနိုင်တဲ့။

နွေးထွေး၏ အကြည့်တစ်ချက်၊ အနိုင်မခံ၊ အရှုံးမပေးသော အသံများ။ ဝဲခနဲကျလာသော နက်မှောင်ရှည်လျားသည့် ဆံပင်များ၊ ချစ်စဖွယ် အမူအရာများအောက်မှာ သူ့နှလုံးသွေးတွေ ပြောင်းပြန်လည်ပတ်ခဲ့ရသည်။ သူ့အတွက်ဆိုပြီး နေ့စဉ်ဘဝရပ်တည်ရေးအတွက် ကိုလွင်ကလည်း ကိုယ်ပိုင်ကားလေးကို နံပါတ်အနီ လဲတပ်ပေးခဲ့ရှာသည်။

"ကောင်မလေးက အသက်အရမ်းငယ်သေးတယ် ကိုလွင်၊ ပြီးတော့ ကထိကတစ်ယောက် ဖြစ်ချင်တာကလွဲရင် အားလုံးချို့တဲ့တယ်၊ ဒါကြောင့်လည်း သူလေးစာမေးပွဲအောင်ခဲ့တော့ ကျွန်တော်ကျောင်းဆက်ထားပေးခဲ့တာ"

"နွေးထွေးရဲ့ကိစ္စ မီမီမြင့်ကို အသိပေးသင့်တယ် ကိုနိုင်"

ချစ်ရလွန်းသော မီမီမြင့်။ တက္ကသိုလ်မှာကတည်းက ချစ်ခဲ့ရလွန်းသူ။ မီမီမြင့် ကျောင်းဆရာမဖြစ်သွားသောအခါ ဂုဏ်သိက္ခာကို အရင်းအနှီးပြုပြီး သူ့ကိုရွေးချယ်ခဲ့သည်။ သူ့ဘဝမှာလည်း မီမီမြင့်တစ်ယောက်ကိုသာချစ်ပြီး မီမီမြင့်တစ်ယောက်ကိုသာ တွဲခဲ့ဖူးပါသည်။ သို့ပေမယ့် သူနှင့်မီမီမြင့်တို့ ကြိုက်နှစ်သက်တာချင်းကတော့ ဆန့်ကျင်ဘက်။

သူ့မှာ မိဘအရင်းတွေမရှိတော့။ တစ်ဦးတည်းသောသားအဖြစ် ခက်ခဲသောလမ်းကို လျှောက်လှမ်းရာမှာ ကိုလွင်သည်သာအမိ၊ ကိုလွင်သည်သာ အဖ။ မီမီမြင့်အိမ်ကိုအလည်လာတိုင်းလည်း ကိုလွင်တို့မိသားစုက ခင်ခင်မင်မင်ရှိပါသည်။

တစ်ရက်မှာတော့ နွေးထွေးကို သူ အိမ်အလည်ခေါ်သွားဖူးသေးသည်။ နွေးထွေး၏အပြော၊ စကားသံ၊ လှုပ်ရှားမှုတိုင်းမှာ ကိုလွင်၏အမျိုးသမီးပင် ပါဝင်စီးမျောသွားခဲ့တာများ ပါးစပ်အဟောင်းသား။

"ဦးကိုကိုလွင်နဲ့ ကိုကို စောလင်းနိုင်နဲ့ကိုလေ ညီအစ်ကိုရင်းလို့ထင်နေတာ"

ကိုလွင်၏အမျိုးသမီး မခင်ခင်မူမှာ ကော်ဖီနှင့်မုန့် ညှော်ခံရင်း နွေးထွေးမေးမြန်းသမျှကို နာရီဝက်လောက် တစ်ထိုင်တည်းဖြေလိုက်ရတာ မောလွန်းလို့ဆိုပြီး ထိုနေ့ညက လူပုံတော်ပတ္တမြား သောက်အိပ်ခဲ့ရပါသည်တဲ့။

မခင်ခင်မူ နေမကောင်းဖြစ်ပြီး အိပ်ရာထဲ သုံးရက်မျှ လဲနေခဲ့သောအခါ နွေးထွေးတစ်ယောက် ချက်ပြုတ်လျှော်ဖွပ် ပြုစုပေးလိုက်တာများ ဆွေမျိုးရင်းချာလိုမျိုးမို့ ကိုလွင်တို့မိသားစုမှာ နွေးထွေးကို ပြုစုရသည်အထိ။

"နွေးထွေးက ဖြူစင်လွန်းလှပါတယ် ကိုနိုင်ရယ်၊ အချက်အပြုတ်လည်းကောင်းတယ်၊ ဆန်ပြုတ်ပြုတ်တာတောင် ဆန်ကိုလှော်ပြီး၊ ညက်အောင်ထောင်းပြီးမှ ငရုတ်ကောင်းမှုန့်၊ ကြက်သွန်ဖြူ၊ ချင်း ခပ်ပြီးပြုတ်တာ၊ ခံတွင်းမြိန်လိုက်တာလေ၊ နွေးထွေးသာ အရွယ်ရောက်ပြီး ရင့်ကျက်လာတဲ့တစ်နေ့ နွေးထွေးကိုရမယ့် အိမ်ထောင်ဖက် အရမ်းကံကောင်းမှာ၊ ဝတ်တာစားတာကလည်း ခုခေတ်မိန်းကလေးတွေလို စကတ်၊ ဘောင်းဘီမဟုတ်ဘဲ ရင်ဖုံးလေးတွေနဲ့ ကျက်သရေရှိလိုက်တာ၊ စကားပြောကြွယ်လိုက်တာမှလေ မမမှာ သားယောက်ျားလေး မထွန်းကားခဲ့လို့ပေါ့၊ နို့မို့ဆိုရင်.....အင်း.....ကိုနိုင်လည်း ခုမှနှစ်ဆယ့်ခြောက်နှစ်ရှိသေးတာပါလေ"

ကိုလွင်တို့မိသားစု၏ တိုက်အိမ်နံဘေးမှအဖီကို အခန်းဖွဲ့ကာ သူ့တစ်ကိုယ်စာ ငှားနေရင်းအလုပ်တစ်ဖက်ဖြင့် ဘွဲ့တစ်ခုရခဲ့တာမို့ ကို

www.burmeseclassic.com


လွင်တို့က သူ့ကျေးဇူးရှင်။ ကိုလွင် ၏သမီးနှစ်ယောက်က အိမ်ထောင်ကျပြီး အိမ်ခွဲနေကြသည်။ သူနှင့် ကိုလွင် အသက်နှစ်ဆယ်မျှ ကွာခြားနေပေမယ့် အစ်ကိုကြီးအရင်းတမျှ ချစ်ခင်စွာဖြင့် ညီအစ်ကိုသဖွယ် နေထိုင်တိုင်ပင်ရင်း နေထိုင်လာခဲ့ကြတာ ဆယ်နှစ်ဆယ်မိုးမကတော့။ သူ့ရိုးသားမှုကြောင့်လည်း ကိုလွင်ပိုင်ဆိုင်သော ဗင်ကားလေးက သူ့အနာဂတ်အတွက် ပံ့ပိုးပေးခဲ့ပြီ။

"မောင့်ထက် ဆယ်နှစ်နီးပါး လောက်ငယ်တဲ့ ကောင်မလေးကို ပညာသင်စရိတ် ထောက်ပံ့နေတာဆို"

မီမီမြင့် ပေါက်ကွဲသောနေ့ ရောက်ဖြစ်အောင် ရောက်လာသောနေ့က သူ့အနေနှင့် သိပ်ပြီးထွေထွေထူးထူး ရှင်းပြစရာမရှိခဲ့ပါ။

"မောင့်ဘဝနဲ့ယှဉ်ပြီး ကိုယ်ချင်းစာမိလို့ပါ"



ယောကျ်ားတွေထဲက
ယောကျ်ားတစ်ယောက်
ပီသပါတယ်လို့
သက်သေ
ပြလိုက်တာပေါ့လေ၊
ဖောက်ပြန်တတ်တဲ့
ယောကျ်ားတွေထဲမှာ
မောင်မပါဘူးလို့
ထင်မှတ်ထားခဲ့တာကို
အလွဲသုံးစားပြုရက်တယ်၊
အဲဒီကောင်မလေးက
အချိန်တန်ရင်
မောင့်ကို
ထားခဲ့မှာပဲ
. . .

"ဒါဖြင့် မီမီတို့ လက်ထပ်ဖို့အတွက် စု ဆောင်းထားတဲ့ငွေကြေးဆိုတာ မရှိဘူးပေါ့ ဟုတ်လား၊ ယောကျ်ားတွေထဲက ယောကျ်ားတစ်ယောက်ပီသပါတယ်လို့ သက်သေပြလိုက်တာပေါ့လေ၊ ဖောက်ပြန်တတ်တဲ့ ယောကျ်ားတွေထဲမှာ မောင်မပါဘူးလို့ ထင်မှတ်ထားခဲ့တာကို အလွဲသုံးစားပြုရက်တယ်၊ အဲဒီကောင်မလေးက အချိန်တန်ရင် မောင့်ကိုထားခဲ့မှာပဲ"

နွေးထွေးက အချိန်တန်ရင် သူ့ကိုထားခဲ့မည်တဲ့လား။ အမိုက်မဲဆုံး အလုပ်ကို ရူးသွပ်စွာဖြင့် သူလုပ်ခဲ့မိပြီလား။ ဆေးလိပ်လည်းမသောက်တတ်၊ ကွမ်းမဝါးတတ်၊ ဘီယာ၊ အရက် ရှောင်သောသူ့အတွက် ထွက်ပေါက်က အဘယ်နည်း။

သူ နွေးထွေး၏မိဘများကို လစဉ်အပ်နေသော ငွေကြေးက ယခု နွေးထွေး ဂုဏ်ထူးတန်းတက်နေချိန်ထိ အဘယ်မျှနည်း။ ဒီကြားထဲ နွေးထွေးတစ်ယောက် M.C.C နှင့် L.C.C.I သင်တန်းတွေ အလည့်ကျ တက်ရောက်သင်ကြားနေခဲ့ရ၏။ ပညာသင်နေသော နွေးထွေးထံမှ လည်း ရေဆိုးတစ်ပေါက် အမည်ပျက် မစွန်းထင်းခဲ့တာမို့ သူပေးဆပ်ခဲ့ရတာ တန်သည်လို့ထင်ပါသည်။

မီမီမြင့် အရာရှိတစ်ယောက်နှင့် လက်ထပ်သွားတော့ သူဝမ်းနည်းစွာကျခဲ့သော မျက်ရည်များကြားမှပင် ဟန်ဆောင်ရယ်မောနိုင်သည်အထိ သူ့ဝေဒနာကို နွေးထွေးမမြင်အောင် ဖုံးကွယ်ထားနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


တုန်းက စဉ်းစားခဲ့တာရှိတယ်၊ စာမေးပွဲအောင်ရင် အလုပ်လုပ်ပြီး ကျောင်းတက်မယ်ပေါ့၊ တကယ့်တကယ် စာမေးပွဲအောင်တော့ နွေးထွေးအတွက် ပညာရေးစရိတ် ရနိုင်တဲ့ငွေကြေးက နွေးထွေးရဲ့အရှက်သိက္ခာ၊ မိသားစုဘဝ အားလုံးရင်းနှီးရမယ့်အလုပ်တွေ ဖြစ်နေတယ်ကိုကို''

ထိုစကားကို နွေးထွေးထံမှ သူတစ်ခါမျှ မကြားဖူးခဲ့ပါ။

''နွေးထွေးရဲ့ တချို့သူငယ်ချင်းမလေးတွေဆိုရင် ကျောင်းတက်ဖို့ပိုက်ဆံရှာရင်း.....''

✦ ✦ ✦

ပညာရေးဖောင်ဒေးရှင်း ထူထောင်ပေးသူတွေကို သူကျေးဇူးအခါခါ တင်မိပါသည်။ ထိုပညာရေးဖောင်ဒေးရှင်း၏ အထောက်အပံ့၊ အကူအညီက လူသားအရင်းအမြစ်တွေကို အောင်မြင်ဖွံ့ဖြိုးလာစေသည်။

ပညာတတ်တွေဖြစ်လာတော့ ပညာတစ်ခု၏ ခွဲခြားပေးနိုင်မှုအသိဉာဏ်ကြောင့် ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသကို တစ်ဖက်တစ်လမ်းကနေ ပြန်လည်စောင့်ရှောက်ပေးနိုင်သည်။ အမှား၊ အမှန် ခွဲခြားတတ်ရုံတင်မဟုတ်တော့ဘဲ လူသားအကျိုးပြုလုပ်ငန်းတွေကိုပါ လုပ်ဆောင်နိုင်သော အရည်အချင်း ရှိလာခဲ့ရလေသည်။

နွေးထွေးကို သူကျောင်းထားပေးစဉ်က နှောင်ကြိုးတစ်ခုနှင့်ဆက်နွယ်ရစ်ပတ်ခဲ့သော မေတ္တာတရားကြောင့်ပါဟုဆိုလျှင် သူယောကျ်ားပီသစွာ ဝန်ခံရပါလိမ့်မည်။

သို့သော် သူသင်ကြားပေးခဲ့သော ပညာရေးက နွေးထွေးအတွက်ပင်မက နွေးထွေးဖြစ်ချင်သော ဘဝအိပ်မက်များကိုပါ ဖန်တီးပေးနိုင်ခဲ့သည်။ စံပြဖြစ်သွားသော နွေးထွေးကြောင့် နွေးထွေး၏ မောင်လေး၊ ညီမလေးတွေသည်လည်း ပညာတတ်များ ဖြစ်လာသောတစ်နေ့ ထိုရပ်ကွက်၊ ထိုမြို့နယ်အတွက် အကျိုးရှိရလေပြီ။

''နွေးထွေးတို့လို ပညာသင်ထောက်ပံ့ကြေးရသူတွေကလည်း လိမ္မာရေးခြားရှိလို့ပါ၊ ပြီးတော့ မင်းကိုကိုယ်ချီးကျူးတယ် ကိုနိုင်၊ မင်းဘာလို့ နွေးထွေးဆီမှာ အခွင့်အရေးမယူခဲ့သလဲဆိုတာကိုလေ''

''နွေးထွေးလည်း အရွယ်ရောက်နေပါပြီ၊ ခုချိန်မှာ နွေးထွေးကို လက်ထပ်ခွင့်တောင်းရင်လည်း နွေးထွေးက ကျွန်တော့်ကို လက်ခံမှာပါပဲ၊ ဒါပေမဲ့ ကျွန်တော်စဉ်းစားနေမိတာက နွေးထွေးလို ပညာဆက်မသင်နိုင်ဘဲ ရှိနေခဲ့ရသူတွေဘယ်နှယောက်ရှိနေပြီလဲလို့ပါ၊ နွေးထွေးပြောပြတာလေးတွေကို ကျွန်တော် အရမ်းခံစားရတယ် ကိုလွင်၊ သူ ပညာတတ်အောင်သင်တာက တတ်နိုင်တဲ့ဘက်ကနေ စွမ်းနိုင်သမျှ ပညာရေးဖောင်ဒေးရှင်းတွေအများကြီးပေါ်လာအောင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ပါဝင်ကူညီနိုင်မယ်ထင်လို့တဲ့''

''နွေးထွေးရဲ့ သိမ်မွေ့နူးညံ့တဲ့စိတ်ထားလေး အကောင်အထည်ပေါ်လာပါစေလို့ ဆုတောင်းရမှာပေါ့ ကိုနိုင်၊ ကျောင်းသား၊ ကျောင်းသူလေးတွေဟာ ကိုယ့်တို့နိုင်ငံရဲ့အနာဂတ်ပဲ၊ ပညာတတ်ဖြစ်ချင်လို့ ငွေရှာရတယ်၊ အဲဒီငွေကပဲ ပညာတတ်မဖြစ်ရခင်စပ်ကြား သူတို့ဘဝကို ချေမွပစ်လိုက်ကြတယ်၊ ဒါကြောင့် အခု မြန်မာနိုင်ငံမှာ ပေါ်လာသမျှ ပညာရေးဖောင်ဒေးရှင်းတွေ၊

---

အချစ်တစ်ခုကြောင့် မျက်လုံးအစုံထုတ်ပေးရရ၊
ရင်ခွဲပြီးအသည်းတွေ၊ နှလုံးတွေ ထုတ်ပေးရရပါလေ၊
အဲဒီနောက် ကျွန်တော့်နှလုံးသားက
ဆက်လက်ရှင်သန်နေခွင့်ရမယ်၊
အဲဒီမျက်လုံးအစုံကြောင့် တစ်ပါးသူအလင်းတန်းတွေ
လင်းလက်လာရမယ်ဆိုရင် ချစ်မြတ်နိုးရသူအတွက်
အသက်ပေးဆပ်ရလည်း တန်ပါတယ် . . .



စကော လားရှစ်ပေးသူတွေကို ဝမ်းမြောက်ဝမ်းသာ လက်ကမ်းကြိုဆိုမိတာပေါ့ ကိုနိုင်''

သူပေးဆပ်လိုက်ရတာက တစ်ယောက်တည်းကို။ သို့သော် ပြန်လည်ရရှိလိုက်တာက လူအများကြီး၏ဘဝ။

သူ မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်မိပါသည်။ ဒီနေ့မှပဲ မိုးကောင်းကင်ကြီး ပိုမိုမြင့်မားနေသည်လို့ အတွေးဝင်မိပါသည်။ တိမ်တိုက်တွေ ကင်းစင်နေတာကြောင့်လား၊ ရာသီဥတု သာယာလို့လား၊ ဒါမှမဟုတ်.....။

''လေထုသန့်ရှင်းမှုကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ မိုးကောင်းကင်ကြီးဟာ အပြာရောင်ကြည်လင်နေရတာမဟုတ်လား ကိုလွင်ရယ်''

ကိုလွင်က ပြုံးရင်းခေါင်းညိတ်ပြပါသည်။ နို့မှုန့်ကဲကဲ ထည့်ဖျော်ထားသောကော်ဖီကို သူတစ်ကျိုက်တည်း မော့ချပစ်လိုက်ပါသည်။

''အချစ်တစ်ခုကြောင့် မျက်လုံးအစုံထုတ်ပေးရရ၊ ရင်ခွဲပြီးအသည်းတွေ၊ နှလုံးတွေ ထုတ်ပေးရရပါလေ၊ အဲဒီနောက် ကျွန်တော့်နှလုံးသားက ဆက်လက်ရှင်သန်နေခွင့်ရမယ်၊ အဲဒီမျက်လုံးအစုံကြောင့် တစ်ပါးသူ အလင်းတန်းတွေ လင်းလက်လာရမယ်ဆိုရင် ချစ်မြတ်နိုးရသူအတွက် အသက်ပေးဆပ်ရလည်း တန်ပါတယ် ကိုလွင်ရယ်.....''

နှင်းစက်(လားရှိုး)


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

**ခရုသင်း သမင်ဖြူ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၇)

ခရုသင်း၊ သမင်ဖြူ။ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညှောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကချိုက်၊ ရေယုန်၊ မက်ခရု၊ ကြွက်နို့ ငါးမျက်စိ၊ ဝဲ၊ ရီဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် တတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com





# ကိုမြူး (ရွှေပြည်သာ)

## ပြပုအသစ်၏ အဖြစ်မရှိသော လှည့်ကွက်

www.burmeseclassic.com

www.burmeseclassic.com

ရုံးမှပြန်ရောက်သည်နှင့် ခုတင်အနောက်ဘက် သစ်သားတိုင်၏သံငုတ်တွင် လွင်မင်းက လွယ်အိတ်ကိုလှမ်းချိတ်ထားလိုက်သည်။ ခုတင်တစ်လုံးစာ အခန်းကျဉ်းလေးက အခုမှအိမ်ထောင်ကျခါစ သူတို့ဇနီးမောင်နှံ၏ နားနေစရာ နေရာဖြစ်သည်။ ခုတင်ပေါ်တွင် ဦးစွာရုံးမှ ပြန်ရောက်နေသော ဇနီးသည် ထားထားဦးက လှဲအိပ်နေရာ သူက ခုတင်ဘေးမှာဝင်ထိုင်လိုက်ရင်း.....

"ဟော့.....ထား အိမ်ပေါ်ထပ် ဝရန်တာဘက်မှာထိုင်နေတာ ထားညီမလား၊ သူ့ဘေးမှာလည်း အမျိုးသားတစ်ယောက်ထိုင်နေတယ်လေ"

သူတို့အိမ်ထောင်ကျခါစက အိမ်တွင်မတွေ့ရဖူးဘဲ လင်နောက်လိုက်ပြေးနေသည်ဟုသိရသူ ခယ်မဟုယူဆ၍ မေးလိုက်မိခြင်းလည်း ဖြစ်သည်။

"ဟုတ်တယ်မောင်၊ တိုးတိုးပြော၊ သူ ခိုးရာလိုက်သွားတာ တစ်လကျော်သွားပြီ၊ လိုက်ရာတဲ့နေရာက တစ်နေရာ၊ အခုပြန်လာတာက တစ်နေရာလေ၊ ပါသွားတဲ့လက်စွပ်နဲ့ ဆွဲကြိုးလည်း ကုန်သွားပြီ၊ စရိတ်မကျန်တော့လို့ အိမ်ပြန်လာတာနေမှာပေါ့"

"သူတို့ ဘယ်ကိုသွားနေတယ်လို့ပြောလဲ"

"တောင်ဒဂုံဘက်လို့ပြောတာပဲ၊ အိမ်ကအဖေနဲ့အမေက မော်လမြိုင်မှာသွားရှာတာ၊ မတွေ့ရဘဲပြန်ခဲ့ရတယ်လေ"

"ဘာပဲပြောပြော ပြန်ရောက်လာပြီပဲကွာ၊ မပူရတော့ဘူးပေါ့၊ မဟုတ်ဘူးလား၊ အခုသူတို့ ဘယ်မှာနေကြမယ်တဲ့လဲ"

"နေစရာဘယ်မှာရှိလို့လဲ၊ ဒီအိမ်မှာပဲ နေကြမယ်တဲ့၊ အဖေကတော့ သမက်ကိုပါ တင်ကျွေးထားတော့ပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ"

လွင်မင်းက ယောက္ခမကြီး ကိုယ်စား သက်ပြင်းချလိုက်မိသွားသည်။

ဤအိမ်၌ပင် သူ့အနေနှင့် သမီးအကြီးဆုံး ထားထားဦးကို မိသားဖသားပီပီ တောင်းရမ်းခဲ့ကာ မင်္ဂလာဆွမ်းကျွေးအလှူလေးနှင့် ထိမ်းမြားလက်ထပ်ယူခဲ့ပါသည်။ ယခုတွင်မူ သူ့အနေနှင့် တစ်ခါမျှ မမြင်မတွေ့ရဘူးသေးသော ခယ်မဖြစ်သူနှင့် အမျိုးသားတို့လည်း အတူနေမည်ဟု ဆိုလာရာ မသက်သာဖွယ်ရာဖြစ်သည်ဟု မှတ်ချက်ချရ

ပိုက်ဆံတွေ
ချေးသုံးထားတာ
ပြန်မရတဲ့အပြင်
ထပ်တောင်
တောင်းသွားသေးတယ်၊
ငါက
သမီးမျက်နှာထောက်လို့
ပေးမိတာ၊
ဒီကောင့်ပုံစံက
ပွဲစားယောင်ယောင်၊
ဘာယောင်ယောင်နဲ့
. . .

မည်ပင်။ အဘယ့်ကြောင့်ဆိုသော် ယောက္ခမကြီးလင်မယား၊ ဦးစွာအိမ်ထောင်ပြုထားသော ယောက်ဖမိသားစု၊ ခယ်မနှင့် သူ့အမျိုးသားအပြင် အပျိုမတစ်ယောက်နှင့် သူတို့လင်မယား အားလုံးတစ်အိမ်တည်းနေရမည့်အရေး စိတ်ပူပန်မိရခြင်းလည်းဖြစ်ပါသည်။

+ + +

www.burmeseclassic.com

ရုံးဌာနတစ်ခု၏ တာဝန်ရှိဝန်ထမ်းတစ်ဦးဆီသို့ ဦးတင်မြင့်နှင့် လွင်မင်းတို့ ရောက်ရှိခဲ့ကြရသည်။ ဝန်ထမ်းစားပွဲတစ်ခုဆီ ဦးတင်မြင့်က ဦးဆောင်ခေါ်သွားပြီး နေရာတစ်ခုသို့ ရောက်ခဲ့သည့်တွင်.....

"ဘာကိစ္စရှိလို့လဲ ကိုတင်မြင့်၊ ကျွန်တော့်ဆီလာတာလား"

စာရေးစားပွဲမှ ဦးထွေးမောင်က ဦးတင်မြင့်ကို တွေ့လိုက်ရသည်နှင့် လှမ်းမေးလိုက်သည်။ ဦးထွေးမောင်နှင့် ဦးတင်မြင့်က ရပ်ကွက်အတွင်း ခင်မင်ရင်းနှီးစွာ သိရှိနေကြသူများဖြစ်သည်။

"အစ်ကိုအားရင် လက်ဖက်ရည်ဆိုင်ဘက် ခဏလိုက်ခဲ့ပေးပါလား"

"ဟေ.....မင်းက ငါ့ကိုလက်ဖက်ရည်မလို့ပဲ၊ အေး...အေး၊ ငါဒီစာလေးရေးပြီးရင် လိုက်ခဲ့မယ်၊ လက်ဖက်ရည်ဆိုင်ကစောင့်ကွာနော်"

ဦးတင်မြင့်၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်ပြီဖြစ်၍ လွင်မင်းက စိတ်ထဲမှ ကျိတ်၍ဝမ်းသာသွားမိသည်။ အကြောင်းရင်းမှာ ရုံး၌ ဦးတင်မြင့်က လွင်မင်း၏ အထက်လူကြီးဖြစ်သည်။ ထို့အပြင် ထားထားဦးကလည်း လွင်မင်းနှင့် တစ်ရုံးတည်းအတူတူ စာရေးမလေးဖြစ်နေသည်။ ထားထားဦးမိဘများဆီသို့ စေ့စပ်ကြောင်းလမ်းရန် လာရောက်ကြမည့်အကြောင်းကို ဦးတင်မြင့်မှ တစ်ဆင့် ကြိုတင်ပြောဆိုပေးရန် လွင်မင်းကခေါ်လာခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ဦး လက်ဖက်ရည်ဆိုင်ရောက်ရှိကြပြီး သိပ်မကြာခင်မှာပင် ဦးထွေးမောင် ဆိုင်သို့ရောက်ရှိလာသည်။

"ကဲ..ကိုတင်မြင့် ပြော၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စက အထူးအထွေတော့ မဟုတ်ပါဘူး အစ်ကိုရာ၊ ဒီကောင်က ကျွန်တော့်ရုံးက ဝန်ထမ်းပါပဲ၊ သူနဲ့ အစ်ကို့သမီးကိစ္စ ပြောစရာရှိလာလို့ပါ"

"ဟေ့.....ငါ့သမီးနဲ့ ဒီကလေးက ဘယ်လိုပတ်သက်နေလို့လဲ"

"သူတို့သမီးရည်းစားတွေဖြစ်နေပြီ အစ်ကို၊ နားနဲ့မနာ ဖဝါးနဲ့သာနာပါတော့၊ ကျွန်တော်က ကြားထဲက အောင်သွယ်ပေးရတာပါ၊ သူတို့မိဘတွေနဲ့ အစ်ကို့အိမ်ကို လာမယ့်တနင်္ဂနွေနေ့ လာမြန်းချင်လို့ပါတဲ့"



ထိုစကားရပ်ကြောင့် ဦးထွေးမောင် မျက်နှာပင်ပျက်သွားရသည်။ အကြီးဆုံးသမီးဖြစ်၍လည်း ယခုမှတွေ့ဖူးသောသူငယ်ကို သူ မယုံကြည်သကဲ့သို့ ဖြစ်ရပါ၏။

"ဟာ.....လာမြန်းမှာရော တကယ်ဟုတ်ရဲ့လားကွာ၊ မင်းက မိဘတွေခေါ်လာခဲ့မယ်ဆိုပြီး ဆိုက်ကားသမားတွေ ငှားပြီးခေါ်လာရင် ဘယ်လိုလုပ်မလဲ"

ထိုစကားကြောင့် လွင်မင်းရော၊ ဦးတင်မြင့်ပါ နှစ်ဦးစလုံး စိတ်ထဲ၌ ကသိကအောင့်ဖြစ်ခဲ့ရသည်။

"ဒီလိုမဖြစ်စေရပါဘူး ဦးလေး၊ ကျွန်တော့်အဖေနဲ့အမေ လက်ရှိနှစ်ဦးလုံးရှိပါတယ်၊ ဒါပေမဲ့ အမေက နေမကောင်းဖြစ်နေတာမို့ ဦးလေးအိမ်ကို လာခဲ့ကြရင် အဖေရယ်၊ အစ်မကြီးလင်မယားရယ် ပါလာမှာပါ၊ ဒီက ဦးတင်မြင့်တို့လည်း အဖော်ပါလာကြမှာပါ"

"အေး.....မှန်မှန်ကန်ကန်တော့ လုပ်ကြကွာ၊ အခုခေတ်သားသမီးတွေက မိဘကိုလိမ်ကြတယ်၊ သူများသားသမီး တောင်းရမ်းယူတာတောင် ကလိမ်ကကျစ်ကျတာတွေ တွေ့နေရတယ်"

"ဒီလိုတော့ မဖြစ်စေရပါဘူး အစ်ကိုရာ၊ ဒီကလေးရဲ့မိဘတွေကို ကျွန်တော်လည်း မြင်ဘူးပြီးသားပဲ၊ လိမ်ပြီးလာတောင်းမယ်ဆိုရင် ကျွန်တော်တို့ရုံးကအဖွဲ့လည်း လိုက်ကူညီပေးစရာမလိုပါဘူးဗျာ"

"အေးဗျာ၊ ခင်ဗျားကိုတော့ မရည်ရွယ်ပါဘူး၊ အခုလူတွေက ယုံ

www.burmeseclassic.com

ချင်စရာမကောင်းလွန်းလို့ပါ”

“အဲဒါဆို လာမယ့်တနင်္ဂနွေနေ့ မနက် ၉ နာရီလောက် အစ်ကို့အိမ်ကို ရောက်မယ်နော်၊ စီစဉ်စရာရှိတာ စီစဉ်လို့ရအောင် ကြိုတင်အကြောင်းကြားပေးတာပါ၊ ထားထားဦးကိုတော့ အသိပေးပြီးသားမို့ အစ်ကို အိမ်ကျမှသာ မေးလိုက်တော့ပေါ့”

“အေး.....အေး၊ မင်းတို့လာမယ်ဆိုရင်တော့ ငါစောင့်ရတာပေါ့ကွာ”

+++

လွှင်မင်းက ယောက္ခမအိမ်ပေါ် မရောက်ခဲ့ရခင် ကြိုတင်စေ့စပ်ခဲ့ရစဉ်က အဖြစ်အပျက်ကို ပြန်တွေးမိရင်း သတိရမိသွားသည်။ ထိုစဉ်က နှစ်လခန့် ကြိုတင်စေ့စပ်ထားခဲ့ကြပြီး ထိုအိမ်၌ပင် မင်္ဂလာဆွမ်းကျွေးပုံစံနှင့် အကျဉ်းရုံးအလှူလေးလုပ်ဖြစ်ခဲ့ပါသည်။ ဇနီးသည်၏အောင်မြင်စွာ စည်းရုံးထားမှုကြောင့် ယောက္ခမအိမ်ပေါ် သူ အလွယ်တကူပင် တက်ရောက်နေထိုင်ခွင့်ရခဲ့ပါသည်။ သို့သော် တစ်အိမ်လုံး အရွယ်ရောက်သူများဖြစ်ကြသော်လည်း မိဘလုပ်စာ ထိုင်စားနေကြသူ များနေခြင်းအပေါ် သူ့အနေနှင့် မနှစ်သက်ဖွယ်ရာပင် တွေ့မြင်ရပါသည်။

ယောက္ခမကြီး ဦးထွေးမောင်၏အိမ်က ၁၅ ပေ၊ ပေ ၄၀ အကျယ် နှစ်ထပ်အိမ်ဖြစ်သည်။ အပေါ်ထပ်နောက်ဆုံးအခန်းက လွှင်မင်းတို့လင်မယား နေစရာအခန်းဖြစ်သည်။ အပေါ်ထပ် အတွင်းခန်းတစ်ခုက သေတ္တာများနှင့် သိမ်းဆည်းစရာများထားခဲ့ကာ အပျိုမခယ်မ၏ အိပ်ခန်းဖြစ်သည်။

အောက်ထပ်မီးဖိုချောင်နှင့် ကပ်လျက်နှစ်ခန်းကိုမူ ယောက်ဖလင်မယားမိသားစုနှင့် ခယ်မအငယ်ဆုံး နီလာထွေး (လက်ရှိလင်နောက်လိုက်ပြီးပြန်လာသူ)တို့လင်မယားက နေခဲ့ကြလေသည်။ လက်ရှိတွင် ယောက်ဖက သမီးလေးတစ်ယောက်မွေးထားပြီး လင်မယားနှစ်ယောက်စလုံး အလုပ်အကိုင်မရှိကြဘဲ မိဘက ကျွေးမွေးထားရသည်။ ယခု နီလာထွေးယူလာသော အမျိုးသားကလည်း အလုပ်လက်မဲ့ပင်ဖြစ်ရာ အားလုံးကို ယောက္ခမကြီးက တာဝန်ယူကျွေးရပါလေ၏။

လွှင်မင်းနှင့် ဇနီးသည် ထားထားဦးတို့က ရုံးစာရေးနှင့် စာရေးမ ဖြစ်သကဲ့သို့ ယောက္ခမကြီး ဦးထွေးမောင်ကလည်း ဝန်ထမ်းတစ်ဦးဖြစ်သည်။ ထိုဝန်ထမ်းသုံးယောက်၏ ဆန်ကိုယ်တာများက အိမ်မှလူအားလုံး စားသောက်ရန် အခြေခံစားကုန် ဖြစ်ရလေသည်။

သည်လိုနှင့် နီလာထွေးတို့လင်မယား အိမ်ပြန်ရောက်ခဲ့ရသည်က နှစ်လသုံးလခန့် ကြာမြင့်ခဲ့လေပြီ။

“ထားရေ.....နီလာထွေး ယောက်ျားက ဘာအလုပ်လုပ်တာလဲဟင်”

“လောလောဆယ်တော့ ဘာမှလုပ်တာမတွေ့ဘူးမောင်၊ သူ့မိန်းမဆီကတော့ လမ်းစရိတ်လေးဘာလေး တောင်းသွားပြီး ညဘက်မှ ပြန်လာတာ တွေ့ရတာပဲ၊ စက်တွေဘာတွေ ပြင်တတ်တယ်လို့တော့ ပြောတယ်၊ ဟိုတစ်နေ့က အိမ်က အပ်ချုပ်စက် ပျက်နေတာကို သူပြင်ပေးလို့ ကောင်းသွားတယ်လေ၊ အခုဘာမှအလုပ်မရှိသေးတော့ အိမ်က စက်တွေ၊ စက်ဘီးတွေ နိုက်ချွတ်ပြင်ပေးနေတာတော့ တွေ့တာပဲမောင်”

နီလာထွေးအမျိုးသား သူရဆိုသူက တစ်ချီတစ်ချီ ပွဲစားလုပ်သည်ဟု ကြားရပြီး ယောက္ခမအဘွားကြီးထံမှ ငွေချေးသုံးခြင်း၊ တန်ဖိုးနှစ်ဆခန့် ပြန်ပေးခြင်းမျိုးနှင့် ယောက္ခမအဘွားကြီးကို အယုံသွင်းနေလေ့ရှိခဲ့သည်။ အပြင်သွား အလုပ်သွားသယောင်ပြုခဲ့ပြီး အဆင်ပြေလျှင် ချေးငွေများပြန်ဆပ်ခဲ့ကာ လိုလျှင် ပြန်တောင်းသုံး၍ တစ်ရက်နှစ်ရက်ခန့် အိမ်မှပျောက်နေတတ်ပြန်၏။

သည်လိုနှင့် ငါးရက်ခန့် အိမ်မှ ပျောက်သွားပြီး တစ်ရက်.....

“ဟဲ့.....နီလာထွေး၊ နင့်ယောက်ျား အိမ်ပြန်မလာဘူးလား”

“ဟုတ်တယ် အမေ၊ သူပြန်မလာသေးဘူး”

“ဟဲ့ကောင်မ.....နင့်ကောင်က ငါ့အပ်ချုပ်စက်ခေါင်းကို ပြင်ပေးမယ်ဆိုပြီး ယူသွားတာ၊ အခုအပျောက်ရိုက်သွားတာများလား”

“ပြန်လာမှာပေါ့ အမေကလည်း၊ သူက သူ့သူငယ်ချင်းနဲ့တွေ့

www.burmeseclassic.com



ပြီးမှ ပြင်လို့ရမှာတဲ့၊ အခုလည်း အဲဒီသူငယ်ချင်းဆီမှာ အလုပ်တွေကူလုပ်ပေးနေလို့ ပြန်မလာနိုင်တာပါလို့ သမီးကို ဖုန်းဆက်ပြောပြီးပြီ"

"အေး.....ပြန်လာရင် ငါနဲ့တွေ့မယ်၊ ငါ့ဆီက ပိုက်ဆံတွေချေးသုံးထားတာ ပြန်မရတဲ့အပြင် ထပ်တောင်တောင်းသွားသေးတယ်၊ ငါက သမီးမျက်နှာထောက်လို့ ပေးမိတာ၊ ဒီကောင့်ပုံစံက ပွဲစားယောင်ယောင်၊ ဘာယောင်ယောင်နဲ့၊ ဖဲသမားလားတောင် မသိဘူးပဲ"

"သူ့အရောင်းအဝယ်ကောင်းရင် အမေ့ကိုပြန်ပေးမှာပဲလေ၊ အခုစက်တစ်ခုကြီးကြီးကိုင်ပြီးရင် ပိုက်ဆံရမှာတဲ့၊ အမေ့ကိုလည်း ပြန်ပေးရမယ်လို့ သမီးကိုပြောပါတယ်နော်"

+++

အိမ်မှ အပ်ချုပ်စက်ခေါင်း ပျောက်သွားခဲ့သည်မှာ (၁၀)ရက်ခန့်ကြာမြင့်ခဲ့လေပြီ။ မယားညီအစ်ကို သူရဆိုသူလည်း အိမ်ကိုပြန်မရောက်ဘဲ လူရောစက်ခေါင်းပါ ပြန်မရောက်ဘဲရှိနေပါ၏။ ဦးထွေးမောင်က ရုံးကိုခပ်စောစောသွားတတ်သည်ပင်ဖြစ်ရာ မနက် ရုံးမသွားခင်မှာပင် လွင်မင်း၏ယောက္ခမအဘွားကြီးနှင့် နီလာထွေးတို့ စကားများနေကြခြင်းကို တွေ့မြင်နေရသည်။

သည်ကြားထဲမှာမှ ရုံးမသွားခင် ထားထားဦးက လွင်မင်းကိုမေးလာသည်။

"မောင်ရေ ထားတို့သေတ္တာကိုဖွင့်သေးလားဟင်၊ သေတ္တာနှစ်ထပ်ထပ်ထားပြီး သော့ခတ်ပိတ်ထားတာတောင် ရွှေယွမ်းအစ်အနီလေးထဲက လက်ကောက်တစ်ကွင်းပျောက်နေလို့"

"ဟာ...မောင်က ဘယ်တုန်းက အကြောင့်မဲ့ဖွင့်ဘူးလို့လဲ၊ ထားကလည်း"

"မောင်အသုံးကိစ္စရှိလို့ ယူထားမိရင်လည်း ထားကိုပွင့်ပွင့်လင်းလင်းပြောပါလား မောင်ရယ်၊ အခု အိမ်မှာ ဒီသေတ္တာကိုဖွင့်တာက မောင်နဲ့ထားပဲရှိတာလေ"

"ဩော်.....မောင်မယူပါဘူးကွာ၊ စိတ်လည်းမဝင်စားဘူး၊ အခုပျောက်နေတာက ဘယ်လက်ကောက်လဲ"

"ဟိုရုံးမှာ အတူတူနေတုန်းက မောင့်ပိုက်ဆံနဲ့ထားပေါင်းပြီး လုပ်ထားတဲ့ လက်ကောက်နှစ်ကွင်းလေ၊ ပိုက်လုံးတစ်ခြမ်းပုံစံနဲ့ တစ်မတ်သားနှစ်ကွင်းလုပ်ထားတာ မှတ်မိတယ်မဟုတ်လား၊ အဲဒါ တစ်ကွင်းပျောက်နေလို့ ပျောက်တာကလည်း ထူးထူးခြားခြားပဲ၊ ဟိုတစ်ခါ မောင် ထားလက်ကို အတင်းလှမ်းဆုပ်လိုက်မိလို့ ရွှေလက်ကောက်ပိုက်လုံးလေးက ချိုင့်တောင်သွားသေးတယ်လေ၊ အဲဒါလေးပျောက်နေတာ၊ နှစ်ကွင်းမှာ ထူးထူးခြားခြား တစ်ကွင်းတည်းပျောက်နေလို့"

"ထားကလည်းကွာ မောင်ကိုယ်တိုင် ဝယ်ဆင်ထားတာ ဘာဖြစ်လို့ မောင်ကယူရမှာလဲကွာ"

"ဒါဆို ဘာကြောင့်ပျောက်ရတာလဲ၊ အဖေနဲ့အမေ့ကိုလည်း ပြောလို့ရမှာမဟုတ်ဘူး၊ အိမ်သားထဲက ယူတယ်ဆိုရင် ငြိုးမှာသေချာတယ်မောင်"

"အေးကွာ မတတ်နိုင်ဘူးပေါ့၊ နောင်ဆို သော့ကိုသေသေချာချာသိမ်းပေတော့၊ လောလောဆယ်မောင်အလုပ်ထပ်ရှာပါဦးမယ်၊ စနေတနင်္ဂနွေ တခြားအလုပ်ကောင်းတွေရှိရင် ထားကိုပြန်ဝယ်ပေးမယ်ကွာ၊ စိတ်မညစ်နေနဲ့နော်"

"အို.....ထားကတော့ မကျေနပ်ပါဘူး၊ မနွဲ့တို့နဲ့ မနက်ဖြန် စနေနေ့ကျရင် ဗေဒင်သွားမေးကြည့်ဦးမယ်၊ ယူတဲ့လူ တိုက်ရိုက်မသိရပေမယ့် အရိပ်အမြွက်တော့ သိနိုင်တယ်တဲ့၊ ပြန်ရခွင့် ရှိမရှိကိုလည်း ဟောပေးတယ်ဆိုတော့ သွားမေးကြည့်ဦးမယ်၊ ပြီးတော့ အဲဒီဆရာက ဖယောင်းတိုင်ထွန်းခိုင်းရင် ယူတဲ့လူက သိသိသာသာ ပုံပျက်နေမှာပဲတဲ့၊ ဒါဆို ပြန်မရရင်တောင် ယူတဲ့သူကို ခန့်မှန်းရရင် တော်ပြီလေ"

များသောအားဖြင့် လွင်မင်းတို့အခန်းက တံခါးမရှိဘဲ ဇီရိအကြီးတစ်လုံးနှင့် ကာရံထားရုံမျှဖြစ်၏။ သော့ကို အိမ်ပြန်ရောက်ခဲ့ချိန်နှင့် စနေ၊ တနင်္ဂနွေနေ့များတွင် ခုတင်ခေါင်းအုံးအောက်၌ လွယ်လွယ်ကူကူပင် သိမ်းဆည်းထားလေ့ရှိသည်။ ယခု ရွှေလက်ကောက်ပျောက်ရခြင်းတွင် အိမ်သားများထဲက တစ်ဦးဦးယူသည်ဟု ခန့်မှန်းနိုင်ဖွယ်ရာရှိနေသည်။ သို့သော် လက်တွေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်သားများသို့ ဖွင့်မပြောရဲဘဲ သီးခြား မိသားစုဝင်သဖွယ် ခင်မင်ရသူများသို့သာ အသိပေးခဲ့ရပေရာ.....

✦ ✦ ✦

လွင်မင်း ထားထားဦးအိမ်သို့ ပြောင်းလာပြီးကတည်းက အိမ်အလုပ်များကိုတော့ ထူးထူးခြားခြား လုပ်ကိုင်ပေးစရာမလိုပါချေ။ အိမ်၌ ရေတိုင်ကီနှစ်လုံးစာခန့်ကို ရေတုံကင် နှိပ်ပေးပြီးသည်နှင့် အနားယူ၍ ရနေခဲ့သည်။ ယောက်ဖဇော်ဇနီး ထားထားဦးညီမ အပျိုမတို့က အဘွားကြီးနှင့် ချက်ပြုတ်ပြင်ဆင်ပေးကြသည်မို့ အစားအသောက်အတွက် အားလုံးအဆင်ပြေခဲ့သည်။ ဦးထွေးမောင်ကလည်း စည်းကမ်းစနစ် ကောင်းမွန်သူဖြစ်သည်။ ထားထားဦးနှင့် လွင်မင်းတို့လင်မယားကို သင့်တော်သော ထမင်းလခမျှသာယူခဲ့ပြီး ကျန်စရိတ်များကို သူ့ဘာသာသူ အားလုံးရှာဖွေကျွေးမွေးခဲ့လေသည်။

သို့ဖြစ်ရာ စနေ၊ တနင်္ဂနွေနေ့များတွင် လွင်မင်းက စက်ဘီးစီး၍ သီးခြားအလုပ်တစ်ခုခုအတွက် သူငယ်ချင်း လှငွေထံ ရောက်ရှိသွားတတ်သည်။ လှငွေက စာအုပ်ချုပ်လုပ်ငန်းကို ဦးဆောင်လုပ်ကိုင်နေလေ့ရှိရာ လွင်မင်းက သူကျွမ်းကျင်သည့် စာအုပ်ချုပ်သည့်အတတ်ပညာနှင့် လက်ခစားဝင်ရောက်လုပ်ကိုင်တတ်ခဲ့သည်။

လုပ်ငန်းကြီးဆောင်ရွက်လေ့ရှိသော လှငွေက ရံဖန်ရံခါတွင် ငွေကြေးအဆင်ပြေလာပါက ရပ်ကွက်ထဲ ဖဲဝိုင်းရှိနေလျှင် မရှောင်နိုင်တော့ဘဲ ဝင်ရောက်ဂဏန်းပေါင်းလေ့ရှိခဲ့သည်။

ယခုလည်း လွင်မင်းတစ်ယောက် လှငွေအိမ်ရောက်ရှိခဲ့ရာ...

"ဟဲ့.....အေးအေးရေ နင့်ယောက်ျား မရှိဘူးလား"

"ဩော်.....ကိုလွင်မင်းပဲ၊ အစ်ကိုရေ သူကတော့ ထုံးစံအတိုင်း



နောက်ဖေးလမ်းက ဖဲဝိုင်းမှာရောက်နေတယ်၊ ဒါပေမဲ့ သူပြန်လာလိမ့်မယ်၊ ခဏစောင့်နေ်ာ"

လွင်မင်းက သူ့သူငယ်ချင်းအိမ်၏ ဘုရားကျောင်းဆောင်အောက်ကိုကြည့်လိုက်မိရာ ချုပ်ရမည့် စာအုပ်အများအပြားကိုတွေ့မြင်ရသည်။ အလုပ်များရှိနေခဲ့လျှင် အလုပ်ကိစ္စအတွက် လှငွေပြန်လာလိမ့်မည်ဟု ခန့်မှန်းမိကာ လွင်မင်း ဆက်စောင့်နေလိုက်သည်။

အချိန်သိပ်မကြာလိုက်။ လွင်မင်း ခန့်မှန်းသည့်အတိုင်းပင် လှငွေ အိမ်ပြန်ရောက်ချလာသည်။

"ဟာ...လွင်မင်း၊ မင်းရောက်နေတာ အတော်ပဲကွာ၊ ငါ တက္ကသိုလ်ရုံးတစ်ရုံးလုံးရဲ့ စာအုပ်တွေချုပ်ဖို့ အော်ဒါရထားတယ်ကွ၊ မင်းလည်း စနေ တနင်္ဂနွေ နှစ်ပတ်စာလောက်လုပ်တာနဲ့ တင် ငွေ ၃၀၀၀ လောက် ရမယ် ဟေ့ ကောင်ရေ၊ အားလုံး ကတ်ထူဖုံးတွေချည်းပဲကွ"

"ဘယ်နှအုပ်တောင် ချုပ်ရမှာလဲ"

"အုပ် ၁၀၀ ကျော်တယ်ကွ၊ ဒီနေ့ရော မနက်ဖြန်ရော မင်း မနက်စာကို ငါ့အိမ်မှာပဲ စားကွာ၊ ငါတို့နှစ်ယောက် ပြီးသလောက်ချုပ်ကြတာပေါ့"

**ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုသော မြန်မာစကားပုံ တစ်ခုရှိပါသည်။ ရွှေထည်ပျောက်ရသူက အဟောင်းကြွေးကို မဆပ်ချင်ပါဘဲလျက် ငွေတန်ဖိုး ပြန်လည်ဖြည့်စွက် ရှင်းလင်းခဲ့ရပါ၏ ...**

ပြောရင်းနှင့် လှငွေက အပေါ် အင်္ကျီချွတ်ပြီး နံရံကပ်အင်္ကျီချိတ်တွင် ချိတ်တင်ထားလိုက်သည်။

"ဩော်.....ဒါနဲ့ မင်းကိုပြစရာ ရှိတယ် ဟော့ကောင်ရေ့ မင့်မိန်းမ က ရွှေတွေဘာတွေ ဝယ်စုတတ်တော့ ငါ့မှာ ရွှေလက်ကောက်တစ်ကွင်း ရထားတယ်ကွ၊ ညကဖဲဝိုင်းမှာ နိုင်ထားတာပါ၊ ငါ ရွှေမလိုချင်ဘူးကွာ၊ ငွေပဲကိုင်သုံးချင်တာ၊ မင်းမိန်းမကို ပြကြည့်ပေးပါဦး၊ ရော့.."

လှငွေက သူ့အင်္ကျီအိတ်ကပ်ထဲပါလာသော လက်ကိုင်ပဝါလေးနှင့်ထုပ်ထားသည့် ရွှေလက်ကောက်လေးကို ယူပြလိုက်သည်။

လွင်မင်းမှာ ရွှေလက်ကောက်လေးကို မြင်လိုက်စဉ်တွင် မျက်လုံးများမှာ ပုစွန်မျက်လုံးကဲ့သို့ ပြူးကျယ်သွားရသည်။ သေသေချာချာ မှတ်မိနေသည်က သူ့ဇနီး ထားထားဦး၏ ပိုက်လုံးတစ်ခြမ်းလက်ကောက်လေးဖြစ်နေခဲ့၍ အံ့ဩမိရခြင်းပင်။ လက်ကောက်လေးကို အသေအချာ လှည့်ပတ်ကြည့်လိုက်သည်။ ချစ်ဇနီးကို နောက်မှသိုင်းဖက်လိုက်မိရင်း လက်နှင့်ဖျစ်ညှစ်မိသွားခဲ့၍ ထိုလက်ကောက်လေးက အနည်းငယ် ချိုင့်ဝင်သွားခဲ့သည်ကို မှတ်မိနေသည်။ ထိုစဉ်က သမိုင်း (၁)ဈေးထဲက ---ရွှေဆိုင်တွင် သူကိုယ်တိုင် လိုက်လံအပ်နှံပေးခဲ့ဘူးသည်ကို သတိရမိသွားသည်။

"ဟေ့ကောင်...ဘယ်လိုလဲ၊ မင်းမိန်းမ ကြိုက်နိုင်တယ်မဟုတ်လား"

"ဩော်.....အေးကွာ လှငွေ၊ ဒါကိုပြရင် ငါ့မိန်းမ ကြိုက်မှာပါ၊ ညနေ အိမ်ပြန်တော့ ငါယူသွားပြလိုက်မယ်လေ၊ မင်းကို ဘယ်လောက်ပေးရမလဲ"

"ညကဖဲဝိုင်းမှာဖြတ်တဲ့ဈေးပဲ ပေးပေါ့ကွာ၊ အခု ရွှေဈေးက ၂၄၀၀၀ ရှိနေတော့ သူ့လက်ကောက် တစ်မတ်သားကို ငါ ၅၅၀၀ နဲ့ ဈေးဖြတ်ပေးခဲ့ရတာကွ"

"အေးပါကွာ၊ ငါလည်း စာအုပ်ချုပ်ခရမှာနဲ့ဆို လိုတာ ငါ့မိန်းမ စိုက်ပေါ့၊ မဟုတ်ဘူးလား"

ဥစ္စာရင်းမှန်ခဲ့၍ ပစ္စည်းက တိုက်တိုက်ဆိုင်ဆိုင်ပင် လွင်မင်းတို့ လင်မယားထံ ပြန်လည်ရောက်ရှိခဲ့ရသည်ဟု ထင်မြင်ချက်ပေးရမည်ပင်ဖြစ်ပါသည်။

+++

ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုသော မြန်မာစကားပုံတစ်ခုရှိပါသည်။ ရွှေထည်ပျောက်ရသူက အဟောင်းကြွေးကို မဆပ်ချင်ပါဘဲလျက် ငွေတန်ဖိုး ပြန်လည်ဖြည့်စွက် ရှင်းလင်းခဲ့ရပါ၏။ ကျေကျေနပ်နပ် ပေးခွင့်ရခဲ့လျှင် ကုသိုလ်ဖြစ်ရပေလိမ့်မည်။ ရယူသူမှာလည်း အပြစ်ကို ထပ်ဆင့်တိုး၍ အရယူခဲ့ပြီး ဘာမျှလက်ဝယ်မကျန်ရှိခဲ့ရဘဲ ဖဲဝိုင်းတစ်ခုတွင်ပင် တစ်ထိုင်တည်း ကုန်ဆုံးခဲ့ရလေသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကျော်ခန့်က ထားထားဦးညီမ နီလာထွေးကို အိမ်ပြန်မလာသော သူ့ယောကျာ်း သူရနှင့် ပစ္စည်းတစ်ခု အပေးအယူပြုလုပ်နေသည်ကိုတွေ့ခဲ့ကြောင်းကို မိတ်ဆွေတစ်ဦးက လွင်မင်းကိုပြောပြခဲ့ပါ၏။

လွင်မင်းအတွေးထဲတွင်မူ နီလာထွေးဆိုသောကလေးမ သူရဟုဆိုသော လင်ယောကျာ်းအတွက် ပေးဆပ်ခဲ့ရမှုများက နောက်ထပ်မည်မျှကျန်ရှိနေသေးသည်ကို ဝေခွဲမရနိုင်အောင်ပင် ရှိနေပါတော့သည်။

**(၁၉၉၃ ခုနှစ်ခန့်က အဖြစ်အပျက်တစ်ခုကို အခြေခံရေးဖွဲ့သည်။)**

ကိုမိုး(ရွှေပြည်သာ)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နွေအလွန် သီးကုန်းအထွက်

ချငှမိုင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ဒီလူတွေက
လူကုန်ကူးသူတွေပါလား၊
မသိနားမလည်တဲ့
မိန်းကလေးတွေကို
သိမ်းသွင်းပြီး
တရုတ်ပြည်မှာ
ရောင်းစားမှာပဲ၊
တို့မိန်းကလေးတွေလည်း
တစ်ဖက်နိုင်ငံမှာ
အနှိပ်စက်ခံ၊
တရုတ်မယားတွေဖြစ်ကြ၊
ကလေးတွေမွေးပေးကြနဲ့
မျိုးဖျက်နေကြတာပဲ
...

"တော်ပါပြီဗျာ၊ ဝါသနာမပါဘူး။ သံဂေါ်လီမိမှာပဲကြောက်တယ်"

ရန်ကုန်–မန္တလေး အမြန်လမ်းသစ်၏ အသွားလမ်းခရီးတွင် ညအချိန် အေးချမ်းသော်လည်း အန္တရာယ်ရှိတတ်၏။ မမြင်နိုင်သော အန္တရာယ်များကြောင့် ကျွန်တော်က မန္တလေးတွင် ညအိပ်ပြီးမှ ပြန်ဆင်းမည်ဟု ကြိုတွေးထားသည်။

"မင်း ကားခဘယ်လောက်ယူမှာလဲ"

"ပေါက်ဈေးပေါ့ အစ်ကိုရာ"

"အေး.....မင်းကို ပေါက်ဈေးထက် ပိုပေးမယ်ကွာ၊ မင်းလည်းပြန်ဆင်းရမှာ ဆီကုန်တာပေါ့၊ မင်းကို ဆီငါထည့်ပေးမယ်"

"ဒါဆို လာရမယ့်နေရာသာ ပြောတော့ အစ်ကို"

"မင်း ဒီလမ်းထိပ်မှာပဲ စောင့်

"မောင်ဖော် မင်းကား အားလားကွ"

"အစ်ကိုက ဘယ်သွားမလို့လဲ"

တက္ကစီဆွဲရန်စောင့်နေစဉ် ရပ်ကွက်ထဲမှအသိဖြစ်သော ကိုကျော်ဇင်ဦးက ကျွန်တော့်ကိုမေးလာ၏။

"မနက်ဖြန် မန္တလေးကိုသွားမလို့ကွာ၊ လူလေးဦးပါမယ်၊ ကိုယ်တို့ကိုပို့ပြီး ပြန်ရုံပဲ"

"ဘယ်အချိန်ထွက်မှာလဲ"

"မနက်စောစော ၄ နာရီပေါ့ကွာ၊ ဒါမှ မင်းမောင်းရတာ မပူမှာ"

"ကျွန်တော်ပြန်ရင် မှောင်မှာပေါ့ဗျ"

"မှောင်မှမိုက်တာကွ၊ ဟော...လမ်းတွေ့တဲ့မိန်းကလေးက ကားတားရင် ခေါ်တင်သွားရုံပဲ၊ ဝါသနာပါရင် အလုပ်တောင်ဖြစ်ဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ပြီးမှ နှစ်ယောက်ကို သွားခေါ်ရမှာ၊ ကားပေါ်ရောက်မှ ပြောတော့မယ်ကွာ၊ ဩော်.....ကိုယ့်ညီ ဖုန်းပြောခဲ့ဦး''

''ကောင်းပါပြီဗျာ''

ကျွန်တော် ဝမ်းသာသွား၏။ ကိုကျော်ဇင်ဦးနှင့် လမ်းခွဲပြီး အိမ်သို့မပြန်သေးဘဲ ဆာဗစ်ဇင်သို့ ကားစစ်ဆေးရန်နှင့် ဘီးများလေထိုးရန် သွားလိုက်သည်။ ခရီးဝေးလမ်းကို တစ်ခါသာလိုက်ဖူး၏။ ယာဉ်ကြံ့ခိုင်ရေးနှင့် ယာဉ်မောင်းသူက အရေးကြီးသည်။ သည်တော့ ကားကိုစစ်ဆေးပြီးသည်နှင့် အိမ်သို့သာပြန်လာရတော့၏။

+++

''ကျော်ဇင်ဦးက ဘာတွေထောနေလဲမသိဘူး ယောကျ်ားရေ၊ ခဏခဏ ခရီးထွက်တယ်၊ သူ့တစ်ကိုယ်လုံးလည်း မိုးကြိုးပစ်မှာတောင် ကြောက်ရတယ်လေ၊ သတိတော့ ထားနော်၊ တော်ကြာ ဘိန်းဖြူကယ်ရီလုပ်နေရင် ကိုယ်ပါအမှုထဲပါနေလိမ့်မယ်''

မိချောက တွေးပူပြီးစိုးရိမ်နေ၏။ သို့ပေမယ့် နှစ်ရက်လောက်နှင့် ငွေများများရမည်ဖြစ်၍ စိတ်မချသော်လည်း.....

''အင်း.....စီးပွားရေးအတွက် လွှတ်ရတော့မှာပေါ့ ယောကျ်ားရယ်၊ အမေသိရင် ဘာပြောဦးမလဲ မသိဘူးနော်''

''မင်းလိုပဲ စိတ်ပူဦးမှာပေါ့၊ ကဲ.....ညစာစောစောစားပြီး အိပ်မယ်ကွာ၊ ဒါမှ မနက်စောစောထနိုင်မှာ၊ ယာဉ်မောင်းရင် အိပ်ရေးဝမှ ကောင်းတာကွ''

''အဆင်သင့်ပါပဲရှင်၊ ခဏနော်၊ အမေ့ကို သွားခေါ်လိုက်ဦးမယ်''

''သားကြီးနဲ့သားငယ်ပါ ခေါ်လာခဲ့ကွာ''

ကျွန်တော်က ထမင်းဝိုင်းတွင် ထိုင်စောင့်နေလိုက်သည်။ အိမ်အကူ ကောင်မလေးက ထမင်းပွဲများကို ပြင်ဆင်နေစဉ် အမေနှင့်မိန်းမက သားနှစ်ယောက်နှင့် ရောက်လာ၏။

''မနက်ဖြန် မန္တလေးအော်ဒါရတယ်ဆို၊ အတော်ပဲ သားရေ၊ ဒေါ်မျက်ခြယ်တို့မိသားစုက ရန်ကုန်လာချင်လို့တဲ့၊ နန်းရွှေမှာနေတာလေ၊ ဝင်ခေါ်လာခဲ့ပေါ့ကွယ်''

''ကားခရော ပေးမှာတဲ့လား အမေ''

''ပေးမှာပါ၊ သူက အဝေးပြေးကားမှ စီးလို့မရတာ၊ အမေ့သားများ မန္တလေးရောက်ရင် ဝင်ခေါ်ဖို့ ကြိုမှာထားတာကွဲ့၊ ပြီးရင် ဖုန်းကြိုဆက်ထားလိုက်မယ်''

ကျွန်တော်က ရန်ကုန်ခရီးသည် ထပ်ရမည်ဖြစ်၍ ဝမ်းသာသွား

www.burmeseclassic.com


သလို မိချောမှာလည်း ပြုံးနေ၏။ တော်ပါသေးသည်။ အမေက မတားသည့်အပြင် သူ့မိတ်ဆွေကိုပါ ဝင် ခေါ်ဖို့ မှာနေသေး၏။ ကျွန်တော့်အတွက် အဆင်ပြေသွားသည်။ ထိုညက မအိပ်မီ အမေ့ကိုရှိခိုးခဲ့၏။ မနက်ဆိုလျှင် အမေအိပ်ရေးပျက်မည်ကိုသိ၍ ညကတည်းက ရှိခိုးလိုက်ခြင်းဖြစ်သည်။

"ဒေါ်မျက်ခြယ်ဆီ ဖုန်းဆက်ပြီးပြီ သားရေ၊ သူကလည်း ဝမ်းသာနေရှာတယ်၊ အပြန်မှာ သူ့အမျိုးကားကြုံရှိတော့ အဆင်ပြေတာပေ့ါ၊ မင်းအတွက် ကားခပေးပါမယ်တဲ့၊ သူပေးတာပဲ ယူလိုက်ပေ့ါကွယ်"

"ဟုတ်ကဲ့ပါ အမေ၊ သား သွားအိပ်တော့မယ်နော်"

"အေး.....အေး"

ကျွန်တော်က အမေ့ရှေ့မှ ထွက်ကာ အိပ်ခန်းဆီသို့ ပြေးဝင်အိပ်ပစ်လိုက်၏။ မိန်းမကတော့ သူ့သားများအား စာပြနေဆဲပါ။ အိပ်ခါနီးတွင် ဖုန်းကို Alarm ပေးထားခဲ့ပြန်သည်။

"တော်ကြာ မနိုးရင် ဒုက္ခ"

+ + +

နံနက်ခင်း အမှောင်ထုအောက်တွင် ကျွန်တော်က အနွေးထည်အပါးကို ထပ်ဝတ်၍ ကိုကျော်ဇင်ဦးတို့နှစ်ယောက် ထွက်လာမည့်လမ်းဆီသို့ ရပ်၍စောင့်ကြည့်နေလိုက်၏။

"ဟော.....မောင်ဇော်က ဝီရိယကောင်းသားပဲကွာ၊ မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုယ့်မိတ်ဆွေ ကိုစိုးတဲ့"

"ဟုတ်ကဲ့၊ မိတ်ဆွေတိုးတာပေ့ါဗျာ"

"ရော့....ဒါက မင်းအတွက် ကားခ ငါးသိန်း၊ လမ်းမှာ ဆီဖြည့်ပေးဦးမယ်၊ မင်းအတွက် အပြန်စရိတ်ပါပေ့ါကွာ"

ကျွန်တော် အံ့သြသွားရ၏။ သို့ပေမယ့် ကိုကျော်ဇင်ဦးက ငွေကိုရေလိုသုံးနိုင်သူ။ လမ်းထဲတွင်လည်း အားကိုးရသည့် အလှူ့ရှင်ကြီးပါ။ တွေ့သမျှလူကို ဒါနပြုတတ်၏။

"အခု ကိုစိုးရဲ့မိန်းမနဲ့ တူမတစ်ယောက်ကို သွားခေါ်ရမှာ၊ ကိုစိုး မင်း လိပ်စာကိုပြောပြလိုက်ကွာ၊ ကဲ.....ကားပေါ်ရောက်မှပဲ ပြောတော့"

သူတို့နှစ်ယောက်က လက်ကိုင်အိတ် တစ်လုံးစီမှလွဲ၍ အခြားခရီးဆောင်အိတ်မျိုး ဘာမျှမပါပေ။ ကျွန်တော့်အထင်နှင့်အမြင် လွဲသွား၏။ ကားထွက်မှ ကိုစိုးပြောသည့်လိပ်စာအတိုင်း ကျွန်တော်က မောင်းပေးလိုက်သည်။ ဆယ်မိနစ်ခန့်အကြာတွင်တော့ ဖုန်းဆက်ထားသည့်အတွက် အမျိုးသမီးနှစ်ဦးက လမ်းထိပ်တွင် ရောက်နှင့်နေ၏။ သူတို့လက်ထဲတွင်တော့ အိတ်တစ်လုံးစီ ပါလာသည်။

"မသီ ငါ့အတွက် အဝတ်အပိုရော ပါရဲ့လား"

"ပါလာပါတယ်တော်၊ လာ... အိသူ၊ မြန်မြန်တက်"

အမျိုးသမီးနှစ်ဦးက ဟိုကြည့်သည်ကြည့်နှင့် ကားထဲသို့ အလျင်အမြန် ဝင်ထိုင်လိုက်ကြ၏။ သူတို့ပြီးစီးမှ ကျွန်တော်က ကားကိုစတင်မောင်းထွက်လာတော့သည်။

"လမ်းရောက်မှ တစ်ခုခုစားကြမယ်ကွာ၊ မင်းတို့ ဘာမှစားမလာကြဘူးမဟုတ်လား"

"ဟုတ်ကဲ့ ကိုကျော်"

"မောင်ဇော်ရေ မြို့ပြင်ရောက်မှ ဆိုင်ရှာတော့ကွာ"

ကျွန်တော်က ခေါင်းညိတ်ပြ ပြီး ကားကိုမှန်မှန်မောင်းနေ၏။ ကား

---

ကိုယ့်ဘဝပျက်မှ
အန္တရာယ်ရှိမှန်း သိမှာလားကွာ၊
ဟိုမိန်းမ၊ ယောကျ်ားရဲ့ မျက်လုံးတွေက
ကောင်မလေးဆီမှာ တစ်ချိန်လုံးရှိနေတာပဲ၊
ပြည့်ပြည့်ဝဝလေးနဲ့
ရွှေရင်သိမ်းသစ်အရွယ်လေးဆိုတော့ • • •

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင် ပါလာသူများလည်း နှုတ်ဆိတ်ငြိမ်သက်ပြီး လိုက်ပါလာကြသည်။ ကျွန်တော်က အိသူဆိုသော မိန်းကလေးအား နောက်ကြည့်မှန်ထဲမှ မသိမသာ အကဲခတ်ကြည့်နေမိသည်။ ကျွန်တော့်အတွေးထဲတွင်လည်း သူတို့တွေ ဘာလုပ်ဖို့ ခရီးထွက်လာကြသလဲဟူသောအတွေးဖြင့် သိချင်နေပြန်၏။

+++

ထောက်ကြန့်အရောက်တွင် စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်စားကြ၏။ ကျွန်တော်နှင့် အိသူကို စားပွဲဝိုင်းတွင်ထားခဲ့ပြီး သူတို့သုံးယောက်က တိုးတိုး၊ တိုးတိုးနှင့် ကားနားတွင် စကားပြောနေကြသည်။ အိသူမှာလည်း မျက်စိသူငယ်နှင့်ပါ။

"ညီမက သူတို့နဲ့အလုပ်လုပ်ဖို့ လိုက်လာတာလား"

"ဟုတ်ကဲ့ရှင့်၊ မသိတို့ လင်မယားက မူဆယ်မှာ အလုပ်ရှာပေးထားလို့ပါ၊ ပြီးတော့ တရုတ်ပြည်ဘက်ကူးရင် သစ်သီးအရောင်းဆိုင်မှာ ငွေသိမ်းတဲ့အလုပ်လည်းရှိတယ်တဲ့၊ လစာကများတယ်တဲ့"

"မူဆယ်မှာက ဘာအလုပ် လုပ်ရမှာတဲ့လဲ"

"စတိုးဆိုင်မှာလို့ပြောတာပဲ၊ အိသူက အဝေးကြီးမှာ အလုပ်လုပ်ရမှာမို့ လိုက်လာမိတာ မှားနေပြီလားမသိဘူး၊ စိတ်ထဲမှာ မရဲတရဲဖြစ်နေမိတယ်"

"ညီမရဲ့မိဘတွေကရော ခွင့်ပြုလို့လား"

"အိသူမှာ မိဘတွေဆုံးသွားကြပြီ အစ်ကို၊ ဒါကြောင့်မို့ အိသူက ရရာအလုပ် လုပ်ဖို့ဆုံးဖြတ်ပြီး အဒေါ်ကိုပြောပြီး လိုက်လာတာပါ၊ အဒေါ်က ခွင့်မပြုချင်ပါဘူး။ ဒါပေမဲ့ အိသူအတွက်နဲ့ အဒေါ်တို့လင်မယားက မကြာခဏ စကားများကြတယ်လေ၊ အိသူလည်း စိတ်ညစ်တာပေါ့၊ အိသူက ပညာရေးမှာ မထွန်းပေါက်တော့ အဒေါ်လည်း သနားပါတယ်၊ သူတို့မှာ ကလေးတွေလည်း ရှိနေသေးတယ်"

ကျွန်တော့်မှာ ပင့်သက်မောကို ချကာ လက်ဖက်ရည်ကို မြန်မြန်သောက်လိုက်၏။ ကိုကျော်ဇင်ဦးတို့သုံးယောက်က စားပွဲဝိုင်းသို့ ပြန်ရောက်မှ ကျွန်တော်က ကားဆီသို့သွားကာ ကားဘီးများကို စစ်ဆေးချင်ယောင်ဆောင်ပြီး တမင်ထွက်သွားလိုက်၏။ သို့ပေမယ့် အိသူအား သူတို့က ဆက်လက်သိမ်းသွင်းနေပုံပါ။ ကောင်မလေးမှာ မျက်လုံးလေးတလည်လည်ဖြင့် ခေါင်းလေးညိတ်နေရှာသည်။

"သြော်.....ဒီလူတွေက လူကုန်ကူးသူတွေပါလား၊ မသိနားမလည်တဲ့ မိန်းကလေးတွေကို သိမ်းသွင်းပြီး တရုတ်ပြည်မှာ ရောင်းစားမှာပဲ၊ တို့မိန်းကလေးတွေလည်း တစ်ဖက်နိုင်ငံမှာ အနှိပ်စက်ခံ၊ တရုတ်မယားတွေဖြစ်ကြ၊ ကလေးတွေမွေးပေးကြနဲ့ မျိုးဖျက်နေကြတာပဲ၊ အင်း ..... ငွေရလွယ်တဲ့ အလုပ်ဆိုတာ ကိုယ့်လူမျိုးအချင်းချင်းကို ရောင်းစားပြီး ကျွန်ဇာတ်သွင်းနေကြပါလား"



ကျွန်တော်လည်း ကိုကျော်ဇင်ဦးလုပ်ရပ်အား ရွံရှာမိ၏။ ထိုအကြောင်းအား မိချောသိရင်ပြောပြချင်ပေမယ့် မိန်းမကမခံချင်စိတ်ဖြင့် လျှောက်ပြောမှ ကိုကျော်ဇင်ဦးထံ

www.burmeseclassic.com

ချက်ချင်းသတင်းပြန်ရောက် ပေမည်။ သည်တော့ ကျွန်တော့်အား ရန်ပြုမှာသေချာ၏။ သည့်နောက်တွင် ကျွန်တော်လည်း သူတို့နှင့် အလိုက်အထိုက်နေပြီး မန္တလေးသို့ အမြန်ရောက်ရန် ဆုံးဖြတ်လိုက်သည်။

✦✦✦

"ရှေ့မှာ ၁၁၅ မိုင်ရောက်ရင် ထမင်းစားကြမယ် မောင်ဇော်၊ မင်းလည်း ကားမောင်းရတာ ညောင်းနေပြီပေါ့"

"ကျွန်တော်က ကားခရေဇီပါ အစ်ကိုရာ၊ ကားမောင်းနေရရင် အိမ်ကမိန်းမတောင် မေ့ထားတယ်"

"ကိုယ့်ညီနဲ့ခရီးသွားရတာ စိတ်ချမ်းသာတယ်၊ နောင်ခရီးထွက်ရင်လည်း မင်းပဲခေါ်သွားတော့မယ် မောင်ဇော်"

"ကျွန်တော်လည်း အစ်ကိုတို့နဲ့သွားရတာ ပျော်ပါတယ်ဗျာ၊ မန္တလေးဆို ညနေစောင်းလောက်ရောက်မယ်ထင်တယ်"

"စိတ်သိပ်မလောနဲ့ကွာ၊ ဖြည်းဖြည်းပဲမောင်းပါ၊ ဘာလဲ မင်းက မိန်းမကို မျက်နှာလုပ်ချင်နေပြီလား"

"ဒါပေါ့ဗျာ၊ သားတွေကိုသတိရလို့ပါ အစ်ကိုရာ၊ ဟား..ဟား..ဟား"

ကျွန်တော့်စိတ်က မန္တလေးကို ရောက်ချင်နေ၏။ သူတို့နှင့်သွားရသည်မှာ အန္တရာယ်ပင်။ တကယ်လို့များ အိုသူအခေါ်က ပြန်ခေါ်ရန် လူပျောက်တိုင်လိုက်လျှင် အဖမ်းခံရမည်မှာ သေချာနေ၏။ ဂုဏ်တော်ကိုးပါးကိုရွတ်လိုက်၊ သမ္ဗုဒ္ဓေဂါထာကိုရွတ်လိုက်နှင့် ကျွန်တော့်မှာ စိုးစိတ်ဖြစ်နေမိသည်။ ပြီးတော့ အိုသူလို အမျိုးကောင်းသမီးလေးကိုလည်း ကျွန်တော်က ကယ်တင်ချင်နေ၏။ မိန်းကလေးက ကျွန်တော့်တူမအရွယ်လေးပါ။ မီးရောင်ကို ရွှေတောင်ထင်မှတ်ပြီး လိုက်ပါမိသည်မှာ သဘာဝပါ။ ဤသည်ကို ကျွန်တော်က အပြစ်မတင်လိုပေ။ သူ့အကြောင်းတရားနှင့်သူ လူတိုင်းတွင် ရှိတတ်ကြသည်။ ထိုအရာကို ကျွန်တော် နားလည်၏။

"သွားနှင့် အစ်ကို၊ ကျွန်တော် Lock ချပြီး လိုက်လာခဲ့မယ်"

"Feel မှာ ရှိနေမယ်နော်"

"ဟုတ်ကဲ့ အစ်ကို"

သူတို့သုံးယောက်ထွက်သွားမှ ကျွန်တော်က မိချောထံဖုန်းဆက်ပြီး ကျွန်တော့်ထံ နောက်ထပ်ဖုန်းမဆက်ရန် ပြောလိုက်သည်။ တော်ကြာ မိန်းမနှင့်ဖုန်းပြောလျှင် သူတို့အကြောင်းကို ပြောနေသည်ဟု အထင်မှားပြီး ကျွန်တော့်အားဒုက္ခပေးနေဦးမည်။

"ရန်ကုန်ရောက်မှ ပြောပြမယ် မိချော၊ ဒီကြားထဲ ကိုယ်ပဲဖုန်းဆက်မယ်၊ ဖုန်းမဆက်ရင်လည်း စိတ်မပူနဲ့၊ အကြောင်းထူးရင် မင်းဆီ Message ပို့မယ်နော်၊ ဒါပဲ.....ဒါပဲ"

ဖုန်းကိုမြန်မြန်ပြောပြီး သူတို့ရှိရာ စားသောက်ဆိုင်သို့ လိုက်သွား၏။ ကျွန်တော်ရောက်တော့ အမျိုးသမီးနှစ်ယောက်က မရှိပေ။ သန့်စင်ခန်းသို့ သွားနေပုံရ၏။

"မင်းအတွက် ဆိတ်သားမှာထားတယ်၊ စားတယ်မဟုတ်လား"

"စားပါတယ်"

"အေးကွာ၊ စောစောက မင်းဆီ ဖုန်းနဲ့လှမ်းမေးသေးတယ်၊ ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

ကျွန်တော်လန့်သွားမိ၏။ ကားငှားစဉ်က ကျွန်တော့်၏ဖုန်းနံပါတ်ကို ယူသွားမှန်း အခုမှသတိရသည်။ ရန်သူ၏ တစ်ကွက်သာပုံက ကျွန်တော့်အတွက် သင်ခန်းစာပါ။ အကွက်မြင်တတ်သူအား ကျွန်တော်က ဆင်ခြင်ရပါမည်။

"မိန်းမပါ အစ်ကိုရာ၊ ဘယ်ရောက်နေလဲ၊ ဘယ်သူတွေပါသေးလဲနဲ့ စစ်ဆေးနေတယ်လေ၊ ဒါကြောင့်မို့ ရန်ဖြစ်ပြီး ဖုန်းမဆက်နဲ့တော့လို့ ပြောပစ်လိုက်တယ်၊ ဘာမှန်းလဲမသိဘူး၊ အစ်ကိုနဲ့သွားတာသိလျက်နဲ့ မိန်းကလေးတွေပါသေးလား၊ ဘာလားနဲ့၊ စိတ်တိုတယ်ဗျာ"

"ဩော်ကွာ မိန်းမဆိုတာ အူတိုတတ်တာ သဘာဝပဲလေ၊ မေးမြန်းစစ်ဆေးဖို့က သူတို့အလုပ်ကွ၊ တို့ယောကျ်ားတွေကလည်း အပြင်ထွက်တာနဲ့ အိမ်ကမိန်းမ သဝန်တိုလည်း တိုစရာပဲလေ၊ မျက်လုံးလေးနဲ့အရသာခံလိုက်၊ စိတ်ထဲကပြစ်မှားလိုက်နဲ့ ကျေနပ်နေကြတာမဟုတ်လား"

ကျွန်တော်လည်း မိချောကို ရမယ်ရှာပြီး သူတို့သံသယမဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com

ရန် လုပ်ဇာတ်ထွင်လိုက်ရသည်။ သူတို့လည်း ယုံကြည်သွား၏။ ထမင်းစားသောက်ပြီးချိန်တွင် ကျွန်တော်လည်း သန့်စင်ခန်းသို့ ထသွားလိုက်သည်။ ပြီးနောက် ကားဆီသို့အတူတူထွက်သွားလိုက်ရတော့၏။

"အင်း.....ကောင်မလေးကတော့ ကျေးတာစားနေရတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ပေါ့၊ ပြီးမှ မင်းလေးဒုက္ခရောက်မှာကို မြင်ယောင်သေး၊ ကိုယ့်ဘဝပျက်မှ အန္တရာယ်ရှိမှန်းသိမှာလားကွာ၊ ဟိုမိန်းမ၊ယောက်ျားတွေရဲ့ မျက်လုံးတွေက ကောင်မလေးဆီမှာ တစ်ချိန်လုံးရှိနေတာပဲ၊ ပြည့်ပြည့်ဝဝလေးနဲ့ ရွှေရင်သိမ်းသစ်အရွယ်လေးဆိုတော့..ဟင်း... ငါ့ဘယ်လို ကယ်တင်ရပါ့မလဲနော်"

မချစ်မနှစ်သက်သူကို
အိမ်ထောင်ပြုခဲ့ရပြီး
အနိုပ်စက်ခံဘဝနဲ့
သားသမီးက
မွေးပေးရသေးတယ်၊
အပြောတစ်မျိုး၊
အလုပ်တစ်မျိုးနဲ့
လူပွဲစားတွေဟာ
ငွေရဖို့ပဲ
ကြည့်တတ်
ကြပါလား
. . .



ကားမောင်းရင်း စိတ်ကတွေးနေမိသေးသည်။ စားသောက်ပြီးနောက် Aircon အေးအေးလေးဖြင့် လေးယောက်သား ဖိမ်ကျနေကြတော့၏။ ကျွန်တော်ကဖြင့် ကားကိုမှန်မှန်မောင်းရင်း အိပ်ငိုက်ဖို့မေ့နေသူပါ။

✦ ✦ ✦

"အဝေးပြေးအမြန်လမ်းမှာ ယာဉ်တိုက်မှုတွေ အဖြစ်များတာ ယာဉ်နဲ့ယာဉ်မောင်းကြောင့် ဖြစ်ရတာပဲ မောင်ဇော်၊ ဟုတ်တယ်မဟုတ်လား"

ညနေစောင်းအချိန်လေးဖြစ်လာ၍ အမှောင်ထုက လွှမ်းမိုးလာ၏။ ကိုကျော်ဇင်ဦးက ကျွန်တော့်အား အဖော်လုပ်သည့်အနေဖြင့် စကားပြောပေးနေသည်။

"မှန်တာပေါ့ဗျာ၊ တချို့ကယာဉ်ကို စစ်ဆေးခြင်းမပြုဘဲမောင်းကြတယ်၊ လမ်းမှာဆီပြတ်မှ ဆီထည့်တော့ ဓာတ်ဆီငွေနဲ့ တစ်ချိန်လုံးပူထားတဲ့ လေအပူငွေ့နဲ့ ထိတွေ့ပြီး မီးလောင်တာတို့၊ ကားဘီးပေါက်လို့ ဒုက္ခတွေ့ရတာတို့နဲ့ကြုံရော၊ အန္တရာယ်ပေးတဲ့သူနဲ့ တွေ့လို့ကတော့ သွားရောပဲ"

"လမ်းတစ်လျှောက်မှာ လုံခြုံရေးအတွက် အမြန်လမ်းရဲ့တပ်ဖွဲ့ကစောင့်ကြပ်နေတာပဲကွာ"

"ဟုတ်တယ်လေ၊ ဒါကြောင့်မို့ အန္တရာယ်နည်းပါးသွားတာပေါ့အစ်ကို၊ ပြီးတော့ ယာဉ်မောင်းဟာ

www.burmeseclassic.com



အိပ်ရေးဝဖို့လိုတယ်၊ သတ်မှတ်အမြန်နှုန်းထက် ပိုမမောင်းရလို့ ပြောထားတဲ့အတိုင်း လိုက်နာရင် ဘာအန္တရာယ်မှမဖြစ်ဘူး၊ မြန်နှုန်းပိုများတော့ ရုတ်တရက် ရှောင်တိမ်းစရာပေါ်လာရင် မထိန်းနိုင်ဖြစ်ပြီး ယာဉ်တိုက်မှု၊ ယာဉ်မှောက်မှုနဲ့ ယာဉ်မီးလောင်မှုတွေ ဖြစ်လာရမှာပဲ၊ ဒီအန္တရာယ်တွေကို ယာဉ်မောင်းသူတိုင်း သတိထားပြီး စည်းကမ်းချက်တွေကို လိုက်နာရမှာပေါ့ဗျာ''

''အေးကွာ၊ အဝေးပြေးအမြန်လမ်းမကြီးကို သက်ဆိုင်ရာက ယာဉ်မောင်းတွေ အိပ်မငိုက်အောင် အပြည့်အစုံ လုပ်ပေးထားတာပဲနော်၊ အချက်ပြ ဆိုလာမီးတွေအပြင် ကွေ့ကြောတို့၊ လမ်းကျဉ်းတို့မှာပါ တံတိုင်း၊ အုတ်ခုံလေးတွေနဲ့၊ လမ်းလယ်ကျွန်းမှာ အလှပန်းပင် ရှောင်စုံစက္ကူပန်းတွေနဲ့ ပန်းရလိုက်တာကွာ''

''အရိပ်ရပင်တွေလည်း စိုက်ပျိုးထားပါသေးတယ် အစ်ကိုရာ၊ နောင်ဆို ခိုနားလို့ရပြီပေါ့၊ ဒါမှ ခရီးသွားတွေအတွက် အဆင်ပြေလာမှာလေ''

ကိုကျော်ဇင်ဦးက ကျွန်တော်နှင့်စကားပြောဖော်လုပ်ပေးရင်း ပီကေလေးဝါးလိုက်၊ ရေလေးသောက်လိုက်နှင့်။ ကျွန်တော်ကတော့ မိချောဝယ်ထည့်ပေးလိုက်သောအချဉ်ထုပ်ကိုစားရင်း ယာဉ်မောင်းနေရ၏။ နောက်ခန်းရှိ သုံးယောက်မှာဖြင့် အိပ်မက်များပင် မက်နေလောက်ပြီ။ တချို့ယာဉ်များက လမ်းတွင်ခေတ္တရပ်နားကာ ကားကိုအနားပေးရင်း လူတွေပါ အနားယူနေကြ၏။ ကျွန်တော်ကတော့ မြန်မြန်ရောက်ချင်၍ မိုင် ၈၀ ကျော်လောက်နှင့်သာ မှန်မှန်လေးမောင်းနေလိုက်သည်။

''သီးကုန်းတိုးဂိတ်ရောက်ရင် ညစာဝင်စားရအောင် မောင်ဖော်၊ မိတ္ထီလာမြို့ရောက်ပြီဆိုရင် မန္တလေးကို သိပ်မဝေးတော့ဘူး''

''သီးကုန်းက ၂၈၄ မိုင်မှာနော်၊ အခုက ၂၅၃ မိုင်ဆိုတော့ ညနေ ၅ နာရီကျော်လောက်ဆို ရောက်ပြီပေါ့''

''အေးကွာ၊ သီးကုန်းမှာနားပြီးရင် တောက်လျှောက်မောင်းတော့ပေါ့၊ ဪ.....မင်းကားဆီထည့်လိုက်ဦးနော်''

''ဟုတ်ကဲ့ အစ်ကို၊ သီးကုန်းမှာထည့်ပါ့မယ်''

ကိုကျော်ဇင်ဦးက ဆီဖိုးထုတ်ပေးရန် သူ့လက်ကိုင်အိတ်လေးကို ဖွင့်လိုက်ရာ တစ်သောင်းတန်များက အုပ်လိုက်ထွက်လာ၏။

''ရော့...အပြန်ဆီထည့်ဖို့ ငါးသောင်းယူထားလိုက်၊ တော်ကြာမန္တလေးရောက်ရင် မေ့သွားမှာစိုးလို့ကွာ၊ အခုထည့်ဖို့က သုံးသောင်းဖိုးသာထည့်လိုက်၊ ပေါင်း ရှစ်သောင်းနော်''

''ဟုတ်ကဲ့ အစ်ကို''

ကျွန်တော်က ငွေရှစ်သောင်းအား အိတ်ထဲထည့်ကာ ကားကို ဂရုတစိုက် မောင်းနှင်နေလိုက်၏။

+++

''အစ်ကို အိသူကို ဖုန်းတစ်ကောလောက် ခေါ်ပေးပါလားဟင်၊ သူတို့ကိုပြောတော့ သူတို့က ခေါ်မပေးဘူး''

အိသူဇာက သူတို့အလစ်တွင် ကျွန်တော့်ဆီ အကူအညီတောင်းလာ၏။ ကျွန်တော်က အခြေအနေကြည့်ပြီး ဖုန်းနံပါတ်တောင်းကာ မြန်မြန်ခေါ်ပေးလိုက်ရသည်။ ကံဆိုးချင်တော့ ဖုန်းကမကိုင်ပေ။

''ဟင်း...ဒေါ်လေးက ဖုန်းနားမှာမရှိဘူးနဲ့တူတယ်၊ ဒုက္ခပဲ၊ သူ့ကိုတိုင်ပင်ပြီး အိသူ အိမ်ပြန်ချင်လို့ အစ်ကို''

''မင်းပဲ အလုပ်လုပ်ချင်တယ်ဆို''

''ဟုတ်ပါတယ်၊ အခုစဉ်းစားလိုက်တော့ အိသူ ကြောက်လာတယ် အစ်ကို၊ ဒေါ်လေးတို့အိမ်မှာပဲ ဦးလေးနဲ့ အဆင်ပြေအောင်နေပြီး အိသူအလုပ်လုပ်တော့မယ်၊ Market တစ်ခုမှာ ဝန်ထမ်းဖြစ်ဖြစ်ပေါ့''

''ညည်းက ဘာကြောင့်ဒီလိုဆုံးဖြတ်လိုက်ရတာလဲ''

''အစ်ကို သတိထားကြည့်လိုက်ရင် သိမှာပါ၊ မသီယောက်ျားကြီးက အိသူကို လက်ကိုင်လိုက်၊ ပခုံးကိုင်လိုက်နဲ့၊ နှာဘူးကြီး၊ ဟိုရောက်ရင် တည်းခိုခန်းမှာ သူတို့နဲ့နေရဦးမှာလေ၊ အိသူဘဝ လုံခြုံပါ့မလား''

''ဟေ့...စကားမပြောနဲ့တော့၊ ဟိုသုံးယောက်ပြန်လာပြီ၊ ကြည့်ရတာ တစ်ခုခုနဲ့ချိတ်ဆက်ပြီး တိုင်

www.burmeseclassic.com

ပင်နေကြသလိုပဲ၊ ညည်းလည်းအခြေအနေကြည့်နေနော်၊ မူမပျက်နဲ့ဦး၊ ဖုန်းဆက်တာလည်း မသိစေနဲ့ဦး''

အိသူဇာက အကင်းပါးသည့် မိန်းကလေးပါ။ ကျွန်တော်ထင်သည်ထက် ပိုသွက်နေ၏။ သူ့တွင်လည်း အကြံအစည်ရှိပေမည်။ သို့ပေမယ့် လှုပ်ရှားရန် အခွင့်မသာရှာပေ။

''စားကောင်းလား မောင်ဇော်၊ တို့က ဒီဆိုင်မှာ စားနေကျကွ''

''စားကောင်းသားပဲ၊ ဆက်ဆံရေးလည်းကောင်းတယ်ဗျာ၊ ထမင်းမာတာကို ချက်ချင်းပြန်လဲပေးတယ်၊ ဒီဆိုင်က FAMOUS နော်''

''ဟုတ်တယ်၊ အစ်ကိုတို့က ဒီဆိုင်မှာပဲစားတော့ ခင်နေတယ်လေ၊ ဟော့...အအေးမှာဦးလေ၊ ကြိုက်ရာမှာသောက်ကြနော်''

အိသူက အစားအသောက်နှစ်သက်ပုံရ၏။ ဝင်းလက်သော မျက်ဝန်းများဖြင့် သွက်လက်စွာမှာနေပြန်သည်။

''မန္တလေးရောက်ရင် ကောင်မလေးနှစ်ယောက်ကို ထပ်စောင့်ရဦးမှာ မောင်ဇော်၊ ပြီးမှ အစ်ကိုတို့က မူဆယ်တက်မှာ''

ကျွန်တော်က စပ်စပ်စုစုမလုပ်ဘဲ နေလိုက်သည်။ ကောင်မလေးနှစ်ယောက်သည်လည်း အိသူဇာလို ရောင်းစားခံရမည့် မိန်းကလေးများသာဖြစ်ပေမည်။

''ဟိုကောင်မလေး စိတ်မပူနဲ့နော်၊ ညည်းနဲ့ အဖော်နှစ်ယောက်ရှိဦးမှာ၊ သူတို့က မုံရွာဘက်က လာကြမှာလေ''

''ဟုတ်ကဲ့ ဦးလေး''

''ညည်းအဒေါ်ကို စောစောက ဖုန်းဆက်လိုက်တယ်၊ ငါတို့နဲ့ စိတ်ချပါတယ်တဲ့၊ ညည်းသာ ကျန်းမာရေးဂရုစိုက်ပြီး ငွေများများရအောင် ရှာလာခဲ့တဲ့''

''ဟုတ်လား၊ ဒါဆိုလည်း ဦးလေးတို့ကို အားကိုးရမှာနော်၊ အိသူကို ငွေများများရတဲ့အလုပ်ရှာပေး''

ကျွန်တော်က အိသူဇာအပြောကို နားမလည်တော့ပေ။ စောစောက အိမ်ပြန်ချင်သည်ဟု ပြောနေသောစကားမှာ မယုံရတော့ပါလား။ ငယ်ရွယ်သူဆိုတော့လည်း ငွေများရာနောက်ကို လိုက်ပါမိမည်ပေါ့။ ရှိစေတော့လေ။ ကျွန်တော်က ကားကို ကြံ့ခိုင်မှုစစ်ဆေးရင်း အိမ်မှယူလာသော ဂျာနယ်တစ်စောင်ကို ဖတ်နေလိုက်သည်။

''ဟင်..မိန်းကလေးငယ်ကို အလုပ်ရှာပေးမယ်ဆိုပြီး တရုတ်ပြည်မှာ ရောင်းစားခဲ့တဲ့ လူကုန်ကူးသူတွေကို ဖမ်းမိဆိုပါလား၊ ကြည့်ပါဦး၊ မချစ်မနှစ်သက်သူကို အိမ်ထောင်ပြုခဲ့ရပြီး အနှိပ်စက်ခံဘဝနဲ့ သားသမီးက မွေးပေးရသေးတယ်၊ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးနဲ့၊ လူပွဲစားတွေဟာ ငွေရဖို့ပဲ ကြည့်တတ်ကြပါလား၊ အိမ်ကမိဘက တော့ မသိရှာဘူး၊ ဟိုမှာအိမ်ထောင်ကျတယ်ဆိုတာသိရအောင် ယုတ္တိရှိရှိ ဓာတ်ပုံကပို့လိုက်သေးတယ်၊ ဗဟုသုတ မရှိတော့လည်း သူများပြောသမျှ ယုံကြည်ကြတာပေါ့လေ''

ကျွန်တော်က ထိုသတင်းအားစိတ်ဝင်တစား ဖတ်နေမိ၏။ စိတ်ထဲတွင် အိသူဇာအား ပေးဖတ်ချင်နေသည်။ ဒါမှလည်း အသိတရားနှင့် ဆင်ခြင်သည့်စိတ်မျိုး ရှိလာပေမည်။

''ကားထဲဝင်မလာကြခင် ဒီဂျာနယ်ကို ဝှက်ထားရမယ်၊ တော်ကြာ အထာပေါက်သွားပြီး ငါ့ကိုရန်ရှာနေဦးမယ်၊ ကောင်မလေးကိုပြလို့မဖြစ်ပါဘူး၊ သူတို့သိရင်ခက်မယ်''

စားသောက်ဆိုင်မှ ထွက်လာကြသည်ကို တွေ့ရ၍ ကျွန်တော်က ဟန်မပျက် ကားမှန်ကိုသုတ်နေမိသည်။

''မောင်ဇော်က ကားကို တသသနဲ့နော်၊ မင်းကြည့်ရတာ မိန်းမကိုလည်း ဒီလိုပဲ အရိပ်တကြည့်ကြည့် လုပ်နေတာလား''

''မိန်းမကို တသသလုပ်နေရင် နောက်လင်ယူသွားမှာပေါ့ဗျာ၊ ကားကမှ ကိုယ်သွားလိုရာကို ပို့ပေးနိုင်တာ အစ်ကိုရ''

''မင်းက ပြောတတ်သားပဲ၊ ကဲ.....ဓာတ်ဆီဆိုင်ကိုမောင်းကွာ၊ ပြီးရင် မန္တလေးအရောက် ခရီးဆက်ရဦးမှာ၊ မင်းလည်း တို့တည်းတဲ့ နေရာမှာ တစ်ညတည်းပြီးမှ မနက်စောစောပြန်ထွက်လေ''

''နေပါစေ အစ်ကိုရာ၊ အမေက လက်ဖက်၊ မိန်းမက ထိုးမုန့်တဲ့ မှာလိုက်တယ်၊ ဝယ်ပြီးရင် ပြန်ဆင်းတော့မှာ''

ကျွန်တော်က တမင်ပင် ခြေရာဖျောက်သည့်အနေဖြင့် သူတို့ယုံကြည်စေရန် ပြောလိုက်ရသည်။

www.burmeseclassic.com

အမေခိုင်းသည့် ဒေါ်မျက်ခြယ်ဆီ ဝင်နားရပေမည်။

+++

သီးကုန်းတိုးဂိတ်မှအထွက်တွင် စစ်ဆေးရန်တားဆီးလိုက်သည့် ရဲ တပ်ဖွဲ့ဝင်များကြောင့် ကျွန်တော် ထိတ်လန့်သွား၏။ ကိုကျော်ဇင်ဦး၏ မျက်နှာတွင် သွေးမရှိတော့ပေ။ ကို စိုးတို့လင်မယားလည်း ချောက်ချား နေကြ၏။

“စစ်ဆေးစရာရှိလို့ အောက် ခဏဆင်းပေးကြပါဗျာ”

ကျွန်တော်တို့ အောက်သို့ ရောက်သည်နှင့် ကိုကျော်ဇင်ဦးနှင့် ကိုစိုးတို့လင်မယားအား လက်ထိတ် ခတ်လိုက်ကြ၏။

“ဗျာ...ကျွန်တော်တို့ကို ဘာ အပြစ်ရှိလို့ ဖမ်းတာလဲ”

“အိသူဇာကို ဖြားယောင်း သွေးဆောင်မှုနဲ့ အိသူဇာရဲ့အဒေါ် အရင်းက အမှုဖွင့်တိုင်ကြားလို့ပါ၊ ကားဆရာကြီးလည်း စခန်းကိုလိုက် ခဲ့ပါဗျာ”

“သူ့အဒေါ်ကိုယ်တိုင် ကျွန် တော်တို့နဲ့ ထည့်လိုက်တာပါ၊ မယုံ ရင် အိသူဇာကို မေးကြည့်ပါဗျာ”

အိသူဇာ၏စကားကို အားလုံး က ရင်တမမဖြင့် စောင့်စားနေကြ သည်။

“ဟုတ်ပါတယ်၊ သူတို့ကသမီး ကို တရုတ်ပြည်မှာ အလုပ်လုပ်ဖို့ ခေါ်သွားမှာပါ၊ မုံရွာကကောင်မ လေးနှစ်ယောက်လည်း လာဦးမယ်



လို့ ပြောပါ တယ်၊ သမီးက အဒေါ်မသိအောင် လိုက်လာတာပါရှင်”

“ကဲ.....ခင်ဗျားတို့ ဘာပြောင်းချင်ကြသေးလဲ၊ သူ တို့သုံးယောက်ကို နောက်က ကား ပေါ်တင်လိုက်ကြကွာ”

ကျွန်တော့်မှာ မစွန့်စားရသေး ချိန်တွင် မထင်မှတ်ဘဲ အဖြစ်တစ် ခုကြောင့် ကိုယ်ပါကြိုရပါဖြစ်သွား ပေတော့မည်။ အိသူဇာအား မျက် နှာငယ်လေးနှင့် အကူအညီတောင်း နေမိ၏။ ရဲအရာရှိကြီးက ကားပေါ် ရောက်မှ.....

“ကားဆရာကြီးက စိတ်ပူနေ တယ်နဲ့တူတယ်၊ နောက်တော့ရှင်း သွားပါလိမ့်မယ်ဗျာ၊ မုံရွာမှာစောင့် နေတဲ့ သူတို့အဖွဲ့ကို ဖမ်းဖို့သွားနေ ပါပြီ၊ လူကုန်ကူးတဲ့ တစ်ဖွဲ့လုံးကို ဖမ်းမိမှာပါဗျာ”

“ကျွန်တော်က သူတို့ဘာလုပ် မှန်း မသိပါဘူးဗျာ”

“ဒါပေမဲ့ ခင်ဗျားက ရိပ်မိမှာ ပါ၊ ခင်ဗျားရဲ့ဇနီးကို ဖုန်းမဆက်ဖို့ လှမ်းပြောကတည်းက ခင်ဗျားရဲ့ ဇနီးက စိုးရိမ်သွားခဲ့တယ်၊ ဒါကြောင့် လည်း ခင်ဗျားရဲ့ဇနီးက စိတ်ပူလို့ တိုင်ချက်ဖွင့်ခဲ့တာပါ”

“ဗျာ.....”

“ဗျာမနေနဲ့ ကားဆရာရေ့၊ ဒါ ကြောင့်မို့ သီးကုန်းတိုးဂိတ် ၂၈၄ မိုင်မှာ လာစောင့်နေတာပေါ့ဗျာ၊ ဒီ လိုမှမဟုတ်ရင် မန္တလေးရောက်ရင် ပြေးဖို့အချိန်ရသွားမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က မိချော၏ဉာဏ် ပြေးပုံကို ကျေးဇူးတင်သွား၏။ သို့မဟုတ်ပါက ကျွန်တော့်မှာ စဉ်းစားရင်းနှင့် တရားခံများက တရုတ်ပြည် ရောက်သွားပါလိမ့်မည်။

"ခင်ဗျားကို မေးစရာရှိတာ မေးပြီးရင် ပြန်လွှတ်မှာပါဗျာ"

"ဟုတ်ကဲ့ပါ ဆရာ၊ သိသမျှ ဖြေပါ့မယ်"

ကျွန်တော်လည်း အခုမှပင် အပူလုံးကြီး ကျသွားတော့၏။ စောစောက သွေးပျက်နေသောမျက်နှာနှင့် တခြားစီပင်။ ဘာပဲပြောပြော မိန်းမက ကျွန်တော်နှင့် အိသူဇာအား ကယ်တင်လိုက်ခြင်းသာဖြစ်၏။



+++

ကိစ္စများ ပြီးစီးသွားချိန်တွင် ကျွန်တော်က ဒေါ်မျက်ခြယ်ရှိရာ မန္တလေးသို့သွားပြီး ဝင်ခေါ်လိုက်၏။ ပြီးလျှင် ရန်ကုန်အပြန်တွင် လက်ဆောင်လေးများဝယ်ယူကာ မန္တလေးလက်ဆောင်များဖြင့် မိန်းမအား ချော့ရပါဦးမည်။

"မင်းလာမယ်ဆိုကတည်းက ဒေါ်လေးက လက်ဖက်နဲ့ ထိုးမုန့်၊ လမုန့်တွေ ဝယ်ထားပြီး ။ သားပါကွယ်၊ သွားဝယ်မနေနဲ့တော့"

"ဟုတ်ကဲ့ ခင်ဗျ"

ကျွန်တော်က မန္တလေးသို့အဝင်တွင် ကြိုဝယ်လာပြီးသားပါ။ သို့ပေမယ့် ဟုတ်ကဲ့ ဟုသာ လိမ်ညာပြောလိုက်ရသည်။ မန္တလေးရှိ ဒေါ်မျက်ခြယ်အိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက်စောစောတွင် မန္တလေးမှ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ကားပေါ်တွင် ဒေါ်မျက်ခြယ်တို့မိသားစု ပါလာသဖြင့် ကျွန်တော့်အဖို့ အလာတုန်းကလိုပျင်းမှုမဟုတ်တော့ပါ။ စိတ်အေးချမ်းသာစွာဖြင့် ရန်ကုန်မြေသို့ ပြန်လာနိုင်ခဲ့ရ၏။

"ယောက်ျားရေ ရှင်အဆင်ပြေရဲ့လား"

"အေး..ပြေတာပေါ့ကွာ၊ မင်းဖုန်းဆက်တာနဲ့ အတော်ပဲ၊ အခု ကိုယ် သီးကုန်းတိုးဂိတ်ကိုဝင်နေပြီ"

"ဩော်.....ရှင်က သတိရနေတယ်ပေါ့လေ"

"ဒါပေါ့ကွာ၊ မိန်းမကြောင့် အန္တရာယ်ဘေးက သီသီလေးလွတ်ခဲ့ရတာလေ၊ နောက်မှသိရတာက ကိုကျော်ဇင်ဦးတို့အဖွဲ့ဟာ ရန်ကုန်ကကားတွေကို ငွေများများပေးပြီး သားကောင်ကိုမျှားတယ်၊ ပြီးရင် ကျန်တစ်ဖွဲ့က ကားခနဲ့ ကားကို ရိုက်လုပြီး မူဆယ်ကနေ တရုတ်ပြည်အထိ နံပါတ်ပြောင်းတပ်ပြီး တက်ကြတယ်တဲ့"

"ရှင် ကံကောင်းတာပေါ့နော်"

"ဒါပေါ့ကွာ၊ ဒါကြောင့်လည်း လမ်းတစ်လျှောက်လုံး ကျွေးမွေးတာကတော့ စပယ်ရှယ်ပဲ၊ စားရသူတောင် အားနာရတယ်၊ ကဲ..ကိုယ် သီးကုန်းကနေ တောက်လျှောက် မောင်းတော့မယ်ကွာ၊ လမ်းမှာတစ်ခါလောက်ပဲ နားတော့မယ်နော်"

"ဆန္ဒမစောနဲ့နော်၊ မှန်မှန်ပဲ မောင်း"

"ကောင်းပါပြီကွာ"

အန္တရာယ်တော့လွတ်မြောက်လာသည့်အတွက် ရန်ကုန်အပြန်

www.burmeseclassic.com

www.burmeseclassic.com





ခရီးသည် ကျွန်တော့်အတွက် စိတ်ချမ်းမြေ့ခြင်းများစွာဖြင့် တရားခွေလေးကိုဖွင့်ကာ အန္တရာယ်ကင်းကင်းမောင်းလာခဲ့နိုင်သည်။ ဒေါ်မျက်ခြယ်က ဘာသာရေးကိုင်းရှိုင်းသူဖြစ်ရာ လက်ထဲတွင် စိပ်ပုတီးလေးနှင့် တရားမှတ်နေတော့သည်။

သည်လိုဘာသာရေးသမားများနှင့် လူလူချင်း ကလိမ်ကကျစ်ကျသည့် လူကုန်ကူးသူ ဝိသမလောဘသား စီးပွားရေးသမားများအား နှိုင်းယှဉ်မိ၏။ အားလုံးသည် ဆန့်ကျင်ဘက်အသွင်ကို ဆောင်နေ၏။ ထို့ကြောင့်လည်း မကောင်းမှုပြုသူများသည် လောကတွင် ကြာကြာဟန်ဆောင်နိုင်ခြင်း မရှိကြပေ။ သီးကုန်းတိုးဂိတ်သည် ခရီးသည်တင်ယာဉ်များ နားခိုရာ၊ ခရီးသည်များ ခရီးတစ်ထောက်နားပြီး စားသောက်ရာနေရာ ဖြစ်သည်။ ထမင်းဆိုင်နှင့် စားသောက်ဆိုင်များ၊ ဈေးဆိုင်တန်းများနှင့် စည်ကားနေသည်။ ခရီးသည်တင်ယာဉ်များမှာ ဝင်လိုက်ကြ၊ ပြန်ထွက်သွားလိုက်ကြနှင့် သီးကုန်းနားနေစခန်းသည် ဘဝသံသရာရထားကြီးနှယ်။

ကျွန်တော်လည်း ထိုအတွေးများဖြင့် သီးကုန်းရှိရာ ၂၈၄ မိုင်ဂိတ်အား နှုတ်ဆက်အကြည့်လေးများဖြင့်ကြည့်ရင်း ကားကိုမောင်းထွက်လာခဲ့လိုက်တော့သည်။

လေးစားစွာဖြင့်

နွေအလွန်


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။


CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆ ၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက်သမိုင်းထဲက အနုပညာအကြမ်းဖက်မှုများ



ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏–

''နာဇီများ ဥရောပတိုက်သို့ ယူဆောင်သွားသည့် ဝေသဝဏ်နတ်မင်းရုပ်တု လွန်ခဲ့သော နှစ် ၁၀၀၀၀ က ကျရောက်ခဲ့သည့် ဥက္ကာခဲဖြင့် ထုဆစ်ထား''

စတူးဂတ်၊ စက်တင်ဘာလ ၂၇

www.burmeseclassic.com

www.burmeseclassic.com


ဂျာမန်နာဇီများ ဥရောပတိုက်သို့ ယူဆောင်လာသော ဗုဒ္ဓဘာသာကျမ်းဂန်လာ နတ်ဒေဝတာတစ်ပါး၏ ရုပ်တုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ (တစ်သောင်း)ခန့်က ဆိုက်ဘေးရီးယားဒေသနှင့် မွန်ဂိုးလီးယားဒေသအကြား ကျရောက်ခဲ့သော ဥက္ကာခဲဖြင့် ထုဆစ်ထားခြင်းဖြစ်ကြောင်း ဂျာမန်သုတေသနပညာရှင်များ၏ အဆိုအား ကိုးကား၍ စက်တင်ဘာလ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ နတ်ရုပ်တုသည် ဗုဒ္ဓဘာသာကျမ်းဂန်လာ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတွင်ပါဝင်သော ဝေဿဝဏ်နတ်မင်းကြီး၏ရုပ်တုဖြစ်ဖွယ်ရှိပြီး အေဒီ ရှစ်ရာစုနှင့် ၁၀ ရာစုအကြား ထုလုပ်ထားခဲ့သည့် အနုပညာလက်ရာဖြစ်နိုင်ကြောင်း ဂျာမန်သုတေသီများက ခန့်မှန်းထားခဲ့သည်။

ဥက္ကာခဲဖြင့် ထုလုပ်ထားသော ဝေဿဝဏ်နတ်မင်းရုပ်တုကို ဂျာမန်ဇီဝဗေဒပညာရှင် အန်ရှားမားက ၁၉၃၈ ခုနှစ်နှင့် ၁၉၃၉ ခုနှစ်အကြား တိဗက်လေ့လာရေးခရီးစဉ်တွင် တွေ့ရှိခဲ့သဖြင့် ဂျာမနီနိုင်ငံသို့ ယူဆောင်လာခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းရုပ်တုကို ဂျာမနီနိုင်ငံ၊ စတူးဂတ်တက္ကသိုလ် သုတေသနပညာရှင်များက ၂၀၀၇ ခုနှစ်မှစ၍ လေ့လာမှုများပြုလုပ်ခဲ့ရာ နီကယ်သတ္တုပါဝင်မှုနှုန်းမြင့်မားသော ရှားပါးသံရိုင်းဥက္ကာခဲဖြင့် ထုဆစ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိကြရသည်။

နမ်ဘီးယားနိုင်ငံ၌ ကျရောက်ခဲ့ပြီး အလေးချိန် တန် ၆၀ ရှိသည့် ဟိုဘိုဥက္ကာခဲ (Hobo-metorite) သည် နီကယ်သတ္တုပါဝင်မှုနှုန်းမြင့်မားသော ရှားပါးသံရိုင်းဥက္ကာခဲအမျိုးအစားဖြစ်သည်။

ဥက္ကာခဲဖြင့် ထုလုပ်ထားသော ဝေဿဝဏ်နတ်မင်းရုပ်တုသည် အမြင့် ၉ ဒသမ ၅ လက်မနှင့် အလေးချိန် ၂၃ ပေါင်ခန့်ရှိပြီး သက်တမ်းခန့်မှန်းချက်သာ မှန်ကန်ပါက အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းရတနာတစ်ပါးဖြစ်ကြောင်း ဂျာမန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျမ်းဂန်များအလိုအရ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးစာရင်းဝင် ဝေဿဝဏ်နတ်မင်းသည် စစ်ပွဲ၊ သို့မဟုတ် ဥတ္တရခေကို စောင့်ရှောက်သည့် နတ်ဒေဝါဖြစ်သည်ဟုဆိုသည်။

**အင်တာနက်**

ထိုသတင်းကိုပင် ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော ဂျာနယ်များကလည်း စာဖတ်ပရိသတ် စိတ်ဝင်စားမည့် သတင်းခေါင်းစဉ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြသည်။ အင်္ဂလန်နိုင်ငံမှ ထုတ်လွှင့်သော ဘီဘီစီရုပ်သံလွှင့်အစီအစဉ်နှင့် အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်(န်)အင်(န်)ရုပ်သံလွှင့်အစီအစဉ်များကလည်း ဓာတ်ပုံအထောက်အထားများနှင့် ထုတ်လွှင့်သွားခဲ့သည်။

မှန်ပါသည်။ နာဇီပါတီ ထိပ်သီးခေါင်းဆောင်များသည် ဂျာမနီနိုင်ငံတော်၏ နိုင်ငံရေးအာဏာကို ရရှိလာသည်နှင့် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း တတိယဂျာမနီနိုင်ငံတော်ကြီးအား နှစ်ပေါင်း ၁၀၀၀ တည်တံ့စေရမည်ဟု ဟစ်ကြွေးထားခဲ့

ဝိသမလောဘသား

ကျွန်းသားအချို့သည် မဟာဂန္ဓာရီပညာအား

အလွဲသုံးစားပြုခဲ့ကြရာ

လောကကို စောင့်ရှောက်ကြသော

လောကပါလနတ်ဒေဝတာများက

အတ္တလန္တိတ်ယဉ်ကျေးမှုကြီး

ပျက်စီးသွားမည်ကို စိုးရိမ်ပူပန်ကြသည်။

ဤတွင် ထိုအတ္တလန္တိတ်နိုင်ငံတော်အား

ရေအောက်ရောက်စေခဲ့၏ . . .

www.burmeseclassic.com

www.burmeseclassic.com

သည်သာမက တတိယဂျာမနီနိုင်ငံတော်ကြီး၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအား အရှိန်အဟုန်မြှင့်၍ တိုးတက်ရေးကို စိတ်စောလျက်ရှိကြ၏။ တတိယဂျာမနီနိုင်ငံတော်ကြီးကို အောင်မြင်ပေါက်ရောက်စွာ တည်ထောင်နိုင်ရန်အတွက် ဘက်စုံစီမံခဲ့ကြသည်။ နက္ခတ်ဗေဒင်ပညာရှင်များအသင်းကို တည်ထောင်နိုင်ခဲ့ကြသည်သာမက နာဇီထိပ်သီးခေါင်းဆောင်များဖြစ်သော ရူဒေါ့ဟတ်(စ်)နှင့် ဟင်းမလားတို့ ဦးဆောင်သော ဂမ္ဘီရဗျူရိုကို အထင်ကရ ပညာရှင်များ ပါဝင်စေပြီး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းခဲ့သည်။




အစဉ်အလာကြီးမားသော ဂျာမနီနိုင်ငံတော်ကြီးသည် ယဉ်ကျေးမှုအရလည်း ကမ္ဘာ့နိုင်ငံအသီးသီးကို ဦးဆောင်စေရန် ရည်ရွယ်၍ ဂျာမနီနိုင်ငံတော်ကြီး၏ ပြတိုက်ကြီးများတွင် နိုင်ငံတကာမှ ရှားပါးသော ရှေးဟောင်းပစ္စည်းများ၊ သမိုင်းဝင် ပန်းချီပန်းပုပစ္စည်းများကို နည်းလမ်းအမျိုးမျိုးနှင့် ရရှိအောင် ကြိုးစားခဲ့ကြသည်။ အထူးသဖြင့် ဂျာမနီနိုင်ငံတော်အတွင်း နေထိုင်လျက်ရှိကြသော ဂျူးအမျိုးသား သန်းကြွယ်သူဌေးကြီးများ ပိုင်ဆိုင်သော ရှေးဟောင်းပစ္စည်းများ၊ ဂန္ထဝင်ပန်းချီကားများကို သိမ်းယူခဲ့ကြသည်။ ခေါင်းဆောင်ကြီး ဟစ်တလာ၏ နာဇီအစိုးရသက်တမ်း (၄)နှစ်ပြည့်လာသည့် ၁၉၃၇ ခုနှစ်တွင်မူ ဂျာမနီနိုင်ငံ၏ စစ်အင်အားမှာ သမိုင်းတစ်လျှောက်တွင် မည်သည့်အချိန်ကနှင့်မျှ မတူအောင် အင်အားကြီးမားတောင့်တင်းလာခဲ့သည်။ စီးပွားရေးတွင်လည်း ထိပ်တန်းရောက်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ လူမှုရေးဘက်တွင်လည်း နာဇီပါတီသည် တတိယဂျာမနီနိုင်ငံတော်အား ထိပ်တန်းရောက်နိုင်ငံဖြစ်ရန် ကြိုးစားသည်။ အားကစားလောကတွင်လည်း ဂျာမနီနိုင်ငံသည် ကမ္ဘာကိုလွှမ်းစေရမည်ဟူသော ရည်မှန်းချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၏။

သာဓကအားဖြင့် ၁၉၃၆ ခုနှစ်တွင် ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ဘာလင်အိုလံပစ်အားကစားပွဲတော်အား ယခင်က သပိတ်မှောက်မည်ဟု ကြွေးကြော်ထားသော အမေရိကန်ပြည်ထောင်စုသည် အားကစားသမားပေါင်း ၃၈၄ ဦးပါဝင်သော အားကစားအဖွဲ့ကို ပြည်သူများ၏ဆန္ဒအရ စေလွှတ်ခဲ့ရသဖြင့် ဘာလင်အိုလံပစ်ပွဲတော်ကို သပိတ်မှောက်ရန် စီစဉ်ထားသော အချို့နိုင်ငံများကလည်း စေလွှတ်ခဲ့ကြရာ နာဇီဂျာမနီနိုင်ငံမှ နာဇီပါတီအဖို့ နိုင်ငံရေးအောင်ပွဲခံနိုင်ခဲ့၏။ ဂျာမနီနိုင်ငံတွင်း အစွမ်းကုန်ပြင်ဆင်ထားမှုကို နိုင်ငံတကာကို ပြသခွင့်ရသွားသည်။ နိုင်ငံတကာမှ ဘာလင်အိုလံပစ်ပြိုင်ပွဲသို့ တက်ရောက်ရန်လာကြသော အားကစားသမားများနှင့် ဧည့်သည်တော်များအား နာဇီပါတီဝင်များ၊ နာဇီကျောင်းသားလူငယ်များ၊ နာဇီအမျိုးသမီးများအသင်းတို့က ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသဖြင့် နိုင်ငံတကာမှ ဘာလံအိုလံပစ်ပြိုင်ပွဲ တက်ရောက်သူများမှာ တအံ့တသြ ဖြစ်ကြရသည်။

အားကစားပွဲတော်ကြီးတွင် အကြီးအကျယ် ကြိုတင်လေ့ကျင့်ထားသော ဂျာမန်အားကစားသမားများသည် ပွဲတိုင်းအောင်ပွဲခံနိုင်ရကား နိုင်ငံတကာမှ တအံ့တသြဖြစ်ကြရသည်။ နာဇီပါတီအဖို့ နိုင်ငံရေးအမြတ်

www.burmeseclassic.com


**အံ့ဖွယ်သရဲဖြစ်ရသည်မှာ ထိုကျောင်းတော်ကြီး၏ တောင်ဘက်ရှိ မြင့်မားသော ကျောက်သားနံရံကြီးတွင် အလွန်ထူးခြားသော စကြာအမှတ်အသားကြီးတစ်ခုရှိပြီး ထိုအမှတ်အသားစကြာကြီးကို မှိုင်အလွန်ဝေးကွာသော နေရာမှပင် ...**

ရသွားခဲ့၏။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော တဲတိယဂျာမနီနိုင်ငံတော်ကြီး၏ ဂမ္ဘီရဗျူရိုအဖွဲ့၏ အောက်ခြေအဖွဲ့အစည်းဖြစ်သော "မဟာမျိုးရိုးစဉ်လာ အနွယ်တော်သုတေသနအဖွဲ့"(Ancentral Heritige Research and Teaching)သည် နာဇီပါတီ၏ မဟာလူမျိုးကြီးဝါဒကို ယုံကြည်သက်ဝင်သူများပါဝင်သော အဖွဲ့အစည်း တစ်ခုဖြစ်၏။ ထိုအဖွဲ့ဝင်တို့ ယုံကြည်ထားသည်မှာ တစ်နေ့တွင် စကြာတံဆိပ် အောင်လံတော်ကြီးသည် ကမ္ဘာကိုလွှမ်းမိုးရမည်ဖြစ်သည်။ ဂျာမန်လူမျိုးများသည် မြင့်မြတ်သော အာရိယန်လူမျိုးနွယ်စဉ်မှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်သည်ဟူ၍လည်း တစိုက်မတ်မတ် ယုံကြည်ထားသူများဖြစ်ကြ၏။

အာရိယန်လူမျိုးနွယ်များသည် အာရှတိုက်အလယ်ပိုင်းနှင့် ကမ္ဘာ့အမိုးဟု ယနေ့ကင်ပွန်းတပ်ထားသော တိဗက်နိုင်ငံမှ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားကြသူများဖြစ်၏။ သူတို့သည် တစ်ချိန်က လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်ခဲ့သော အတ္တလန္တိတ်နိုင်ငံတော်ကြီးတွင် နေထိုင်ခဲ့သော လူမျိုးနွယ်များဖြစ်သည်။


အတ္တလန္တိတ်နိုင်ငံတော်ကြီးမှ တစ်ချိန်က ယနေ့ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း တည်ရှိခဲ့သော ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ ထိုကျွန်းသူကျွန်းသားများသည် ယဉ်ကျေးမှုတွင် အထူးအဆင့်အတန်းမြင့်မားကြသည်။ ဗိသုကာ ပညာရပ်တွင်လည်း မည်သည့်မျိုးနွယ်များမှ လိုက်မမီအောင် ထက်မြက်ကြ၏။ နိုင်ငံတော်ကြီးမှာလည်း သယံဇာတ ပေါများရကား ထူးထူးခြားခြား ချမ်းသာကြွယ်ဝသော နိုင်ငံကြီးဖြစ်၏။

စစ်အင်အားလည်း ကြီးမားရကား နိုင်ငံတကာမှ ထိုနိုင်ငံကြီးအား မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံဟု မှတ်ယူထားကြ၏။ မဟာဂန္ဓာရီပညာအရတွင်လည်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်၏။ သို့သော် ဝိသမလောဘသား ကျွန်းသားအချို့သည် မဟာဂန္ဓာရီပညာအား အလွဲသုံးစားပြုခဲ့ကြရာ လောကကို စောင့်ရှောက်ကြသော လောကပါလ နတ်ဒေဝတာများက အတ္တလန္တိတ် ယဉ်ကျေးမှုကြီး ပျက်စီးသွားမည်ကို စိုးရိမ်ပူပန်ကြသည်။ ဤတွင် ထိုအတ္တလန္တိတ်နိုင်ငံတော်အား ရေအောက်ရောက်စေခဲ့၏။

ဤသို့ အတ္တလန္တိတ်တိုက်ကြီး၊ သို့မဟုတ် နိုင်ငံတော်ကြီး ရေလွှမ်းမိုးရာတွင် ရုတ်တရက် ရေလွှမ်းမိုးခြင်းမဟုတ်ပေ။ တဖြည်းဖြည်းနှင့် မြုပ်ခြင်းသာဖြစ်ရာ သူတော်စင်အတ္တလန္တိတ်သားအများစုမှာ ထိုတိုက်ကြီးမှ လွတ်ရာသို့ တိမ်းရှောင်သွားကြ၏။ ထိုလူမျိုးနွယ်များမှ အစုတစ်စုမှာ တိဗက်နှင့် အာရှတိုက်အလယ်ပိုင်းသို့ ရောက်သွားခဲ့ရာ နောင်အခါ အာရိယန်မျိုးနွယ်စုများဖြစ်လာခဲ့သည်ဟု ဆိုကြ၏။

နာဇီထိပ်သီးခေါင်းဆောင်အများကမူ ဂျာမန်လူမျိုးနွယ်များသည် အစဉ်အလာကြီးမားသော အတ္တလန္တိတ်နိုင်ငံတော်မှ ထွက်ပြေးတိမ်းရှောင်လာသော အာရိယန်မျိုးနွယ်များမှ ဆင်းသက်လာသူများဖြစ်သည်ဟူသော

အယူအဆကို ကမ္ဘာ့နိုင်ငံအသီးသီးမှ သမိုင်းပညာရှင်များ၊ မနုဿဗေဒပညာရှင်များ ယုံကြည်သက်ဝင်လာအောင် ခိုင်မာတိကျသော သက်သေသာဓကအထောက်အထားများ ပြသရမည်ဖြစ်သည်။ ထိုကာလက နာဇီပါတီ ထိပ်သီးခေါင်းဆောင်များနှင့် "မဟာမျိုးရိုးစဉ်လာအနွယ်တော်အဖွဲ့"ခေါင်းဆောင် ဗိုလ်မှူးကြီး ဘရိုနီဘီဂျားတို့ လေ့လာထားသော ဟိန္ဒူဘာသာဝင်တို့၏ ကျမ်းဂန်များ၊ တိဗက်ဗုဒ္ဓဘာသာဝင်တို့၏ ကျမ်းဂန်များအရလည်းကောင်း၊ တိဗက်ဒေသသို့ နိုင်ငံတကာမှ စွန့်စားသွားလာသည့် နယ်သစ်ရှာခရီးသည်များ၏ မှတ်တမ်းများအရလည်းကောင်း တိဗက်နိုင်ငံ၊ ဟိမဝန္တာတောင်စွယ်၊ ဂင်္ဂါမြစ် စတင်မြစ်ဖျားခံသည့် ရေဝေကုန်းတန်းအနီးတွင် ကေလာသတောင်ထွတ်ရှိသည်ဟုဆိုသည်။




၎င်းကေလာသတောင်ထွတ်တွင် ထူးဆန်းသော တိဗက်ဗုဒ္ဓဘာသာဝင်များ၏ ကျောင်းတစ်ကျောင်းတည်ရှိကြောင်း၊ ထိုကျောင်းတွင် သီတင်းသုံးတော်မူကြသော သူတော်စင် ဘုန်းတော်ကြီးများသည် ဝါတော် မည်မျှမည်မျှရှိသည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြောင်း၊ ၎င်းကျောင်း၏ ပိဋကတ်တိုက်ကြီးမှာ ဗုဒ္ဓဘာသာဝင်ကျမ်းစာအုပ်များ ထောင်သောင်းချီ၍ရှိပြီး အရှေ့တိုင်း၏ လျှို့ဝှက်နက်နဲသော ဗေဒင်ကျမ်းများလည်းရှိသည်။

ထို့ပြင် ထူးခြားဆန်းကြယ်သော ရှေးဟောင်းအဆောင်ပစ္စည်းများ၊ ရုပ်တုများလည်းရှိကြောင်း၊ ပို၍အံ့ဖွယ်သရဲဖြစ်ရသည်မှာ ထိုကျောင်းတော်ကြီး၏ တောင်ဘက်ရှိ မြင့်မားသော ကျောက်သားနံရံကြီးတွင် အလွန်ထူးခြားသော စကြာအမှတ်အသားကြီးတစ်ခုရှိပြီး ထိုအမှတ်အသား စကြာကြီးကို မိုင်အလွန်ဝေးကွာသော နေရာမှပင် မြင်နိုင်သည်ဟု ဆိုကြသည်။ ထိုကျောင်းဝိဟာအား ရှာဖွေရန်နှင့် ရှေးဟောင်းနက္ခတ်ဗေဒင်ကျမ်းများ စုဆောင်းရန်၊ အာရိယန်မျိုးနွယ်တို့၏ မူလဇာစ်မြစ်ကို စူးစမ်းလေ့လာရန်နှင့် ရှေးဟောင်းအဆောင်

**ထိုအဖွဲ့၏တာဝန်မှာ နာဇီဂမ္ဘီရဗျူရိုတွင် အကြံပေးပုဂ္ဂိုလ်များအဖြစ် အမှုထမ်းဆောင်နိုင်ရန် တိဗက်အမျိုးသားပညာရှင်များကို စည်းရုံးခေါ်ဆောင်ခဲ့ရန်နှင့် တိဗက်ဗုဒ္ဓဘာသာအား ဘာလင်တက္ကသိုလ်တွင် သင်ကြားပို့ချမည့် ပညာရှင်များကိုပါ ခေါ်ယူခဲ့ရန် တာဝန်ပေးခဲ့သည်။ ။**

www.burmeseclassic.com

ပစ္စည်းများ စုဆောင်းရှာဖွေရန်ဟူသော ရည်ရွယ်ချက်နှင့် အက်(စ်)အက်(စ်)ဗိုလ်မှူးကြီး ဘရိုနီဘီဂျား ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ကို တိဗက်နိုင်ငံသို့ ၁၉၃၈ ခုနှစ် နိုဝင်ဘာလဆန်းကပင် စေလွှတ်ခဲ့၏။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဗိုလ်မှူးကြီး ဘရိုနီဘီဂျားအကြောင်း အနည်းငယ် ဖော်ပြရမည်ဖြစ်၏။ သူသည် ဘာလင်တက္ကသိုလ်မှ မနုဿဗေဒဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး မနုဿဗေဒသုတေသနအရာရှိတစ်ဦးအဖြစ် အမှုထမ်းခဲ့သူဖြစ်၏။ နာဇီပါတီ၏ မဟာလူမျိုးကြီးဝါဒကို ယုံကြည်ထားသူဖြစ်ရာ တစ်နေ့တွင် နာဇီပါတီ၏ စကြာတံဆိပ် အောင်လံတော်ကြီးသည် ကမ္ဘာကိုလွှမ်းရမည်ဟု မျှော်လင့်ထား၏။

သူ့အား ဟင်းမလားခေါင်းဆောင်သော အက်(စ်)အက်(စ်)ဂက်စတာပိုအဖွဲ့၏ ဂုဏ်ထူးဆောင်ဗိုလ်မှူးကြီး ရာထူးခန့်အပ်၍ အထက်ဖော်ပြပါ လေ့လာရေးအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့သည်။ ထိုအဖွဲ့တွင် ကမ္ဘာကျော်မုဆိုးကြီး အာနက်ဖစ်ရှားလည်း ပါဝင်ခဲ့သည်။ သူ့တာဝန်မှာမူ နာမည်ကျော် "နှင်းလူ"ကို ရှာ ဖွေရမည်ဖြစ်သည်။ ထို့ပြင် ဂျာမနီနိုင်ငံ၊ ဘာလင်တက္ကသိုလ်နှင့် မြူးနစ်တက္ကသိုလ်တို့မှ တိဗက်ဘာသာစာပေနှင့် တိဗက်ဘာသာစကား သင်ကြားတတ်မြောက်ထားသော ဂျာမန်ကျောင်းသားများ၊ ပညာရှင်များ၊ သဘာဝဝစ္ဆဘာသာရပ် တတ်ကျွမ်းသော ပညာရှင်များ၊ ဘာလင်မြို့တော်ပြတိုက်ကြီးမှ ပညာရှင်များ၊ နာဇီကမ္ဘာရီဗျူရိုမှ နက္ခတ်ဗေဒင်ပညာရှင်များ ပါဝင်ခဲ့သည်။

ထိုအဖွဲ့စေလွှတ်ခဲ့သည့်အကြောင်းကိုလည်း ထိပ်တန်းလျှို့ဝှက်အဖြစ် သတ်မှတ်ထားပြီး ထိုအဖွဲ့နှင့်ပတ်သက်သောသတင်းအား မှောင်ချထားခဲ့၏။ ထိုအဖွဲ့၏ တာဝန်မှာ အထက်တွင် ဖော်ပြခဲ့သော တာဝန်ဝတ္တရားများအပြင် နာဇီကမ္ဘာရီဗျူရိုတွင် အကြံပေးပုဂ္ဂိုလ်များအဖြစ် အမှုထမ်းဆောင်နိုင်ရန် တိဗက်အမျိုးသားပညာရှင်များကို စည်းရုံးခေါ်ဆောင်ခဲ့ရန်နှင့် တိဗက်ဗုဒ္ဓဘာသာအား ဘာလင်တက္ကသိုလ်တွင် သင်ကြားပို့ချမည့် ပညာရှင်များကိုပါ ခေါ်ယူခဲ့ရန် တာဝန်ပေးခဲ့သည်။ ထိုအဖွဲ့သည် လျှို့ဝှက်စွာ ဂျာမနီနိုင်ငံမှ ထွက်ခွာသွားခဲ့၏။

ထိုအဖွဲ့၏ မှတ်တမ်းများအရ အာရိယန်မျိုးနွယ်စု၏ မူလဘူတ ဇာစ်မြစ်ကို စနစ်တကျ လေ့လာနိုင်ခဲ့သည်။ တိဗက်လူမျိုးနွယ်များ၏ မျက်နှာသွင်ပြင်၊ ကိုယ်ခန္ဓာဖွဲ့စည်းပုံ၊ မျက်လုံးအရောင်အဆင်း စသည်တို့ကို စနစ်တကျ မှတ်တမ်းတင်နိုင်ခဲ့သည်။ မူလရည်ရွယ်ထားသည့်အတိုင်း ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်္ဂါရတ်ကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ တိဗက်ဗုဒ္ဓဘာသာကျမ်းဂန်များကို ကူးယူခြင်း၊ ဝယ်ယူခြင်း၊ နည်းလမ်းအမျိုးမျိုးနှင့် ရှာဖွေယူခြင်း၊ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ခြင်း၊ ရှားပါးသော ပန်းပင်မျိုးများ၊ တိရစ္ဆာန်မျိုးနွယ်များကို မှတ်တမ်းတင်ခြင်းလည်း ပြုလုပ်နိုင်ခဲ့၏။ တိဗက်ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးများနှင့် တိဗက်တိုင်းရင်းသားများက ထိုအဖွဲ့ဝင်များအား လေးလေးစားစားဆက်ဆံ၍ အကူအညီပေးခဲ့ကြရာ ထိုအဖွဲ့မှာ မူလရည်ရွယ်ထားသည်ထက် အောင်မြင်မှုရခဲ့သည်ဟုဆိုသည်။

တိဗက်နိုင်ငံမှ ရှားပါးသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများလည်း ရှာဖွေယူဆောင်သွားခဲ့ကြသည်ဟု သိရ၏။ ထိုအဖွဲ့ ဂျာမနီနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသောအခါ တိဗက်ဘုန်းတော်ကြီးများ၊ တိဗက်နက္ခတ်ဗေဒပညာရှင်များ၊ တိဗက်ဆေးပညာရှင်များ လိုက်ပါသွားကြသည်။ ထိုအဖွဲ့အား နာဇီထိပ်သီးခေါင်းဆောင်များက ခမ်းခမ်းနားနား ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိဗက်အမျိုးသားပညာရှင်များကို ဘာလင်တက္ကသိုလ်နှင့် မြူးနစ်တက္ကသိုလ်ကြီးများတွင် တိဗက်ဘာသာနှင့်စာပေကို သင်ကြားပို့ချစေခဲ့သည်။ ထိုအဖွဲ့ စုဆောင်းယူဆောင်လာသည့် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ ဗုဒ္ဓဘာသာကျမ်းများနှင့် မှတ်တမ်းများ၊ ရှေးဟောင်းပစ္စည်းများအား ပြတိုက်အတွင်းထားရှိခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လျှမ်းထက်

ကျမ်းကိုး– (၁) အင်တာနက်

(၂) Virtual TIBET

By. O.Schell

www.burmeseclassic.com

www.burmeseclassic.com







# ပုစ္ဆာဆန်သော တစ္ဆေမလေး

ဦးဝင်းမြိုင် (သရုပ်ဆောင်)

ကျွန်တော် စာရေးသူ ဦးဝင်းမြိုင် (သရုပ်ဆောင်)ဟာ မော်လမြိုင်ကောလိပ်ကနေ ရူပဗေဒ အဓိကနဲ့ သိပ္ပံဘွဲ့ရခဲ့ပါတယ်။ ကျွန်တော်တို့ခေတ်တုန်းကတော့ မော်လမြိုင်ကောလိပ်ပေါ့လေ။ အခုတော့ မော်လမြိုင်တက္ကသိုလ်ပေါ့။ အခုလို ပြောပြရတာကလည်း ကိုယ့်ကိုယ်ကိုယ် ဘွဲ့ရတယ်ဆိုပြီး ကြွားချင်လို့မဟုတ်ပါဘူး။ တိုက်ဆိုင်မှုလေးတစ်ခု ရှိလို့ပါ။ မှတ်မှတ်ရရ ကျွန်တော်တို့ Final Year နောက်ဆုံးနှစ် ကျောင်းတက်ရတဲ့နေ့လေးမှာ မော်လမြိုင်ကောလိပ် ရူပဗေဒဌာနမှူး ဆရာကြီး ဦးသာလှိုင်က ခွဲခွာရတော့မယ့် တပည့်တွေကို နှုတ်ခွန်းဆက်စကားပြောကြားပါတယ်။ ဆရာကြီး ဦးသာလှိုင်ရဲ့ နှုတ်ခွန်းဆက်စကားထဲမှာပါတဲ့ စကားတချို့ကတော့ ''တပည့်တို့ မနက်ဖြန်ကနေစပြီး ဆရာတွေရဲ့ ဆိုဆုံးမမှုကင်းစွာနဲ့ လောကကို လျှောက်လှမ်းကြရတော့မယ်၊ အဲဒီတော့ ငါ သိပ္ပံနဲ့ ဘွဲ့ရတာပဲဆိုပြီး လူတွေကြားထဲ ငါ့စကားနွားရ မဖြစ်ကြစေနဲ့၊ လောကကြီးမှာ သိပ္ပံပညာနဲ့ ချိန်ဆဖို့မလွယ်တဲ့ ဂမ္ဘီရပညာတို့၊ ပရလောကတို့ဆို တာရှိသေးတယ်၊ လေ့လာကြဦး''တဲ့။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါပဲ။ လောကကြီးကို လျှောက်လှမ်းတဲ့အခါ ဆရာ့ပြောစကားလိုပါပဲ။ ကိုယ့်ဉာဏ်မမီနိုင်တဲ့ကိစ္စတွေ အများကြီးပါပဲ။ ကြုံတုန်း ပြောပြချင်ပါတယ်။ ကျွန်တော် ဘွဲ့ရပြီးတော့ ဒုရဲအုပ်သင်တန်း အမှတ်စဉ် သူရ (၁၃)ကို တက်ခွင့်ရပါတယ်။ တပ်စုတစ်စုတည်း သူငယ်ချင်း ခင်မောင်သိန်းနဲ့ ဒူးယားစီးကရက်လုပြီး သောက်ဖော်သောက်ဖက်ပေါ့။ သင်တန်းပြီးတော့ သူက ရန်ကုန် ယာဉ်ထိန်းမှာ တာဝန်ကျတယ်။ ခင်မောင်သိန်းဟာ ပြစ်ချက်တစ်ခုကြောင့် ခရမ်းမြို့နယ်ရဲစခန်းကိုအပြောင်းခံလိုက်ရလို့ စိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကိုယ် သေနတ်နဲ့ အဆုံးစီရင်သွားတယ်။ မေ့မေ့လျော့လျော့ဖြစ်သွားပြီးတဲ့နောက် ၈၈ အရေးအခင်း ဖြစ်ခါနီးမှာ N/B အဖွဲ့နဲ့ ရန်ကုန်တိုင်း(ယခု ရန်ကုန်တိုင်းဒေသကြီး)အတွင်းမှာရှိတဲ့ ဆန်စက်တွေကို လိုက်စစ်ရပါတယ်။ ကျွန်တော်က ခရမ်းမြို့နယ်မှာရှိတဲ့ ဆန်စက်တွေကို စစ်ရမယ့်အဖွဲ့ထဲမှာပါတယ်။ ကျွန်တော်တို့အဖွဲ့ကို ခရမ်းသံဃာ့ဆေးရုံမှာ စခန်းချစေပါတယ်။ သံဃာ့ဆေးရုံမှာ ညဘက်အိပ်တော့ ကျွန်တော့်ကို ခင်မောင်သိန်းက အိပ်မက်လာပေးတယ်။ ဒူးယားသောက်ချင်လို့တဲ့။ ဘယ်လိုတိုက်ရမှာလဲမေးတော့ ဒူးယားစီးကရက်ကို မီးညှိပြီး ဆေးရုံရှေ့မှာ ပေါက်နေတဲ့ ပိတောက်ပင်လေးကိုင်းကြားမှာ တင်ထားပေးပါတဲ့။

ကျွန်တော် လန့်နိုးသွားတယ်။ မနက်ကျတော့ ကျွန်တော်နဲ့အတူပါလာတဲ့အဖွဲ့ကို ပြောပြပြီး သူငယ်ချင်းရဲ့ ဆန္ဒအတိုင်း ဒူးယားစီးကရက်လေး မီးညှိပြီး ပိတောက်ပင်လေးပေါ်မှာ တင်ပေးထားလိုက်တယ်။ အဲဒီမှာ ထူးခြားမှုတစ်ခုကို တွေ့ရပါတယ်။

ပိတောက်ပင်ကိုင်းကြားမှာ မီးညှိပြီးတင်ထားတဲ့ ဒူးယားစီးကရက်လေးဟာ လေမတိုက်ဘဲနဲ့ လူတစ်ယောက်ဖွာနေသလို ရဲခနဲ ရဲခနဲဖြစ်နေတယ်။ ဒါ နေ့ခင်းကြီးနော်။ လူတွေတော်တော်များများ မြင်နေရတာ။ ဒါတင်မဟုတ်သေးဘူး။ ဆေးလိပ်တိုသွားပြီး ကုန်ခါနီး

www.burmeseclassic.com



မှာ လူတစ်ယောက်က တောက်ထုတ်လိုက်သလို တောက်ခနဲ လွင့်ထွက်လာတယ်။

အဲဒီထက်ပိုဆိုးတာက အဲဒီနေ့ ရွာထဲကို ဆန်စက် စစ်ဖို့ ရောက်လာတော့ ရွာထဲက မိန်းမကြီးတစ်ယောက် က ဆရာတို့ ဘယ်မှာတည်းကြလဲတဲ့။ သံဃာ့ဆေးရုံမှာ ဆိုတော့ အဲဒီမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ရဲကြီး တအားဆိုးတယ်တဲ့။ သူ့သားကိုရင်လေး ဆေး ရုံတက်တော့ ဆေးလိပ်အတင်းလိုက်တောင်းသောက် တယ်တဲ့။ ကဲ.....ဘာပြောကြမလဲ၊ ဘယ်လိုသိပ္ပံပညာ နဲ့ ဘယ်လိုဖြေရှင်းမလဲ။

ဒီလ ပရိသတ်ကြီးကို မိတ်ဆက်ပေးမှာက အခု လိုပဲ ကြုံတောင့်ကြုံခဲ၊ ဖြစ်ခါင့်ဖြစ်ခဲ ပရလောကနဲ့ လူသား ဆက်နွှယ်မိတဲ့ ဖြစ်ရပ်ဆန်းတစ်ခုကို အခြေ ပြု ရိုက်ကူးထားတဲ့ ဇာတ်လမ်းလေးပါ။ ရွှေစင်ဦးဗီဒီယို က ကိုကျော်လင်းထွန်း စီစဉ်တာပါ။ ဒါရိုက်တာ နေ သူရိန်က နေမင်း၊ ခင်ဝင့်ဝါ၊ စိုးမိုးကြည်၊ ဦးလူမုန်း၊ ဦးဝင်းမြို့င်၊ တင်ဇာဝင်းပြည့်၊ ဆုမြတ်နိုးဦး၊ မိုးအိန္ဒြာဂျယ် စတဲ့ အနုပညာရှင်များနဲ့ ရိုက်ကူးထားပါတယ်။


ကဲ.....ဇာတ်လမ်းလေး စလိုက်ကြရအောင်။

ရေနံ့အရာရှိဝင်းတစ်ခုမှာပေါ့။ အရာရှိဝင်းဆိုတော့ ခြံအကျယ်ကြီးတွေ။ အိမ်ခြေမစိပ်ဘူး။ အရာရှိအိမ်တစ် လုံးကို အရာရှိမိသားစုတစ်စု ပြောင်းလာကြတယ်။ လူ သိပ်မများဘူး။ အရာရှိလင်မယားရယ်၊ တစ်ဦးတည်း သော သမီးလေးရယ်။ စုစုပေါင်းမှ သုံးယောက်တည်း။ သူတို့ပြောင်းလာတာကို တစ်ဖက်ခြံကအိမ်က တံခါး လေးဖွင့်ပြီး မိန်းကလေးတစ်ယောက်က ကြည့်နေတယ်။ ဒီဘက်ကမိန်းကလေးနဲ့ ရွယ်တူပါပဲ။ အရာရှိလင်မယား က ဦးလှိုင်ဘွားနဲ့ ဒေါ်အေးသန္တာ၊ သမီးလေးက ရူပါ။ တစ်ဖက်အိမ်က မိန်းကလေးက ကေသွယ်မိုးမြင့်တဲ့။ ကေသွယ့်မှာ အမေတစ်ယောက်ရှိတယ်၊ ဒေါ်မြမြမူတဲ့။ အရာရှိလင်မယားအဖြစ် စာရေးသူ ဦးဝင်းမြို့င်နဲ့ တင် ဇာဝင်းပြည့်၊ သမီးလေး ရူပအဖြစ် ဆုမြတ်နိုးဦး၊ ဟို ဘက်အိမ်က မိန်းကလေး ကေသွယ်နဲ့ သူ့အမေ ဒေါ် မြမြမူအဖြစ် ခင်ဝင့်ဝါနဲ့ စိုးမိုးကြည်တို့က သရုပ်ဆောင် ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ကေသွယ်က အခုမှ ပြောင်းလာကြတဲ့မိသားစုထဲက သူနဲ့ရွယ်တူ ရှုပါကို စိတ်ဝင်စားတယ်၊ စကားတွေ အများကြီးပြောချင်တယ်။ ဒါပေမဲ့ ဒေါ်မြမြမူက လုံးဝကန့်သတ်ထားတယ်။ အိမ်ထဲကအိမ်ပြင် ထွက်ခွင့်မပေးဘူး။ ဒီနေ့တော့ အိမ်အောက်ထပ်မှာ ဒေါ်မြမြမူ ဝတ္ထုဖတ်ရင်း အိပ်ပျော်နေတာနဲ့ ကေသွယ် တစ်ဖက်ခြံကို လစ်ထွက်လာတယ်။ ခြံထဲမှာ ရှုပါကိုမတွေ့ဘဲ ဒေါ်အေးသန္တာကို ခြံထဲမှာ ပုတီးစိပ်ပြီး လမ်းလျှောက်နေတာကိုတွေ့တယ်။ စကားပြောမလို့ အနားကပ်သွားတော့ ကေသွယ်တစ်ယောက် ကြက်သီးမွေးညှင်းတွေထပြီး ဇောချွေးတွေ ပျံလာတာနဲ့ အမြန်ပြန်ပြေးလာခဲ့ရတယ်။ ကေသွယ် သူ့ကိုယ်သူ နားမလည်ဘူး။ ဒီခံစားချက်ကြီး ဟာတော်တော် ကြောက်စရာကောင်းတယ်ဆိုတာတော့ သိလိုက်တယ်။


နောက်တစ်နေ့ ရှုပါက ပြတင်းပေါက်ဖွင့်ပြီး တစ်ဖက်ခြံက အိမ်ကို လှမ်းအကြည့် တစ်ဖက်ခြံက ကေသွယ်ကလည်း ကြည့်နေတာဆိုတော့ လက်ပြနှုတ်ဆက်ရင်းနဲ့ ခြံထဲမှာတွေ့ကြဖို့ လက်ဟန်ခြေဟန်နဲ့ အချက်ပြလိုက်ကြတယ်။ ကေသွယ်က မှန်တင်ခုံထဲက ချောကလက်တစ်ခုယူပြီး ဆင်းလာခဲ့တယ်။ နှစ်ယောက်ဆုံတော့ ရှုပါက ကေသွယ့်ကိုနှုတ်ဆက်မိတယ်။ ကေသွယ်ရဲ့ အဝတ်

www.burmeseclassic.com





အစားတွေက လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်လောက်က အဝတ်အစားဒီဇိုင်းတွေ၊ စကားအပြောအဆို အသုံးအနှုန်းတွေလည်း အခုခေတ်လိုမဟုတ်ဘူး။ ဒီလိုနဲ့ နှစ်ယောက်သား စကားပြောကြရင်း ကေသွယ်က သူမ အမေက ချုပ်ချယ်လွန်းတဲ့အတွက် မလွတ်လပ်ဘူးပေါ့လေ။ ဒီတော့ ရူပါက သူ ဘာကူညီပေးရမလဲဆိုတော့ ''အိုင့်မှာ ချစ်သူရှိတယ်၊ မေမေတို့က သဘောမတူဘူး၊ အဆက်ဖြတ်ခိုင်းထားတယ်၊ အိုင်လည်း ဘယ်မှ မထွက်ရဘူး၊ ဖေဖေက ရန်ကုန်က သူ့မိတ်ဆွေသားနဲ့ ပေးစားဖို့ စီစဉ်နေတယ်၊ ဖြစ်နိုင်ရင် အိုင့်ချစ်သူနဲ့အိုင့်ကို ဆက်သွယ်ပေးပါလား''တဲ့။ အဲဒီအချိန်မှာ ရူပါကို ဒေါ်အေးသန္တာကခေါ်တော့ ကေသွယ်က ကြောက်တယ်ဆိုပြီး ပြန်ပြေးသွားတယ်။



ဒေါ်အေးသန္တာကမေးတော့ ခြေရင်းအိမ်က ကေသွယ်နဲ့ မိတ်ဖွဲ့စကားပြောနေတာလို့ ပြောတာပေါ့။ ဒေါ်အေးသန္တာ အံ့သြသွားတယ်။ သူ့မိတ်ဆွေ ဒေါ်ကျော့မေပြောတော့ အဲဒီအိမ်မှာ လူမနေတာ နှစ်ပေါင်း ၂၀ ကျော်သွားပြီတဲ့။ ရူပါက ''မဖြစ်နိုင်တာ မေမေရယ်၊ အခုပဲ သမီးနဲ့စကားပြောပြီး သမီးကိုချစ်လို့တဲ့၊ ချောကလက်တောင် ပေးသွားသေးတယ်၊ ဒီမှာကြည့် ချောကလက်''လို့ ပြောလိုက်တယ်။

ရူပါအနေနဲ့ကလည်း ဒီအိမ်ကိုပြောင်းလာပြီးမှ စက်ဘီးလျှောက်စီးရင်း ထွင့်မှုထွင့်မှုဆိုတဲ့ကောင်လေးနဲ့ မိတ်ဆွေဖြစ်ရတယ်။ အလှဲတွေ၊ ဘုဘောက်တွေဖြစ်ကြရင်း ခင်သွားခဲ့ကြတာပါ။

နောက်တစ်နေ့ ကေသွယ် သူ့ချစ်သူဆီ စာရေးဖို့ ဘောလ်ပင်နဲ့ စာရွက်ရှာတယ်။ ဘယ်လိုမှရှာမတွေ့ဘူး။ ဒါနဲ့ စာရေးထားဘူးတယ်ဆိုတာ သတိရလို့ ဗီရိုထဲမှာ ရှာကြည့်တော့ တွေ့တယ်။ စာထဲမှာ သူမကို လာခိုးဖို့ ကိုထွင့်မှုဆီကို အကြောင်းကြားတဲ့စာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ကေသွယ် ဝမ်းသာသွားတယ်။ စာလေးနဲ့ သူ့ချစ်သူဓာတ်ပုံကိုယူပြီး ရှုပါနဲ့သွားတွေ့တယ်။ ရှုပ့ါကို ချောကလက် တစ်ခုကျွေးတယ်။ သူ့ချစ်သူနေတဲ့လိပ်စာ ပေးပြီး သူ့ချစ်သူရဲ့ဓာတ်ပုံကိုပြတယ်။ ရှုပါ အံ့သြသွားတယ်။ ကေသွယ်ပြတဲ့ဓာတ်ပုံက ထွဋ်ထွဋ်ရဲ့ပုံ။ ဒါပေမဲ့ အဖြူအမည်းဓာတ်ပုံဖြစ်နေတယ်။ သူ့ချစ်သူရဲ့နာမည်က "ရဲထွဋ်ခေါင်" လို့ခေါ်တယ်တဲ့။

ရှုပါ စာယူပြီး စက်ဘီးနဲ့ထွက်တော့ ဒေါ်အေးသန္တာရဲ့မိတ်ဆွေ ဒေါ်ကျော့မူရောက်လာလို့ အကျိုးအကြောင်းပြောပြတော့ အဲဒီအိမ်မှာ ဘယ်သူမှမနေတာ သေချာကြောင်း၊ အဲဒီမှာနေတဲ့ သားအမိနှစ်ယောက်လုံး ကားတိုက်ပြီး အစိမ်းသေ သေထားတာဖြစ်ကြောင်း ပြောပြတော့ ဒေါ်အေးသန္တာက ဒါဆို သမီးနဲ့စကားပြောတာက ဘယ်သူလဲ၊ တစ်ယောက်ယောက်က ပုံမှားရိုက်နေတာလား၊ ဒါမှမဟုတ် နာနာဘာဝလားဆိုပြီး တော်တော်လေး တွေးရကျပ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ရှုပါရဲ့အဖြစ်ကိုလည်းကြည့်ဦး။ စက်ဘီးတစ်စီးနဲ့ ကေသွယ်ပေးတဲ့လိပ်စာအတိုင်း လိုက်ရှာတာ ရှာလို့ မတွေ့ဘူး။ ဒါနဲ့ ကားဝပ်ရှော့ခ်တစ်ခုနားရောက်တော့ ခြေတုတစ်ဖက်တပ်ထားတဲ့ ဦးစံမင်းဆိုတဲ့ လူကြီးတစ်ယောက်နဲ့ဆုံတော့ ရဲထွဋ်ခေါင်ရဲ့လိပ်စာကို သိရတယ်။ ဒါပေမဲ့ ဦးစံမင်း နားမလည်နိုင်တာက သူနဲ့ရွယ်တူ ဦးရဲထွဋ်ခေါင်ကို ဒီဆယ်ကျော်သက်အရွယ် မိန်းကလေးက ရဲထွဋ်ခေါင်လို့ ခေါ်နေတာကိုပဲ။

ရှုပါကတော့ သူနဲ့ဆုံဖူးတဲ့ ထွဋ်ထွဋ်လို့ပဲထင်ပြီး အိမ်ရှေ့ကနေ ရဲထွဋ်ခေါင်ဆိုပြီး အော်ခေါ်တာပေါ့။ အဲဒီမှာ အသက် ၄၀ ကျော်အရွယ် ဦးရဲထွဋ်ခေါင်ထွက်လာတော့ ဇာတ်ကရှုပ်ရော။ ရှုပါလည်း မအူမလည်ဖြစ်သွားပြီး ကေသွယ်မိုးမြင့်ဆိုတဲ့ မိန်းကလေးက စာပေးခိုင်းလိုက်လို့ လာပေးတာဆိုပြန်တော့ ဇာတ်ကပိုရှုပ်ပြန်ရော။ စာဖတ်ကြည့်လိုက်တော့ လွန်ခဲ့တဲ့ ၂၂ နှစ်က ဆုံးသွားခဲ့တဲ့ သူ့ရဲ့ချစ်သူ ကေသွယ့်ရဲ့လက်ရေးအစစ်ဖြစ်နေပြန်တယ်။ ရှုပါ တော်တော်ကြောက်သွားတယ်။ သူနဲ့စကားပြောနေတဲ့မိန်းကလေးဟာ လူသားမဟုတ်ဘဲ ပရလောကသားတစ်ယောက်ဖြစ်နေတာကို သိသွားတယ်။

ဒီအကြောင်းကို ရှုပါက သူ့မိတ်ဆွေတွေကို ပြောပြတဲ့အခါ မိတ်ဆွေတွေက သုံးသပ်ကြည့်တာပေါ့။ လွန်ခဲ့တဲ့ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ကေသွယ်တို့သားအမိ Car Accident ဖြစ်ပြီး ဆုံးကြတယ်။ အဲဒီတုန်းက ဦးစံမင်းက ယာဉ်မောင်း။ သူက အသက်မသေပေမယ့် ခြေတစ်ဖက်ဖြတ်လိုက်ရတယ်။ အခြေအနေတွေအားလုံး သုံးသပ်ပြီးတဲ့အခါ ဦးလှိုင်ဘွားကပြောတယ်။ ကေသွယ်တို့သားအမိဟာ သေဆုံးပြီး နှစ်ပေါင်း ၂၀ ကျော်အောင် ဒီအိမ်ကြီးထဲမှာ ရှင်သန်နေတာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ဧပြီလ ၁၄ ရက်နေ့မှာ တိုင်တန်းနစ်သင်္ဘောကြီးနစ်တယ်။ အဲဒီ ဧပြီလ ၁၄ ရက်နေ့ရောက်တိုင်း ပင်လယ်ပြင်မှာ တိုင်တန်းနစ်သင်္ဘောကြီး ခုတ်မောင်းနေတာကို အဲဒီပင်လယ်ပြင်ဝန်းကျင်ကို ရောက်သွားတဲ့ သင်္ဘောတွေက အထင်အရှား မြင်တွေ့ကြရတယ်တဲ့။ ရာသီဥတု၊ အချိန်အခါ၊ အကြောင်းတရားတွေ တိုက်ဆိုင်တဲ့အခါ အတိတ်က ပုံရိပ်ယောင်တွေ ပြန်ရှင်သန်လာတတ်တဲ့ သဘောတရားပါတဲ့။

ကေသွယ်တို့က လွန်ခဲ့တဲ့ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာဆုံးတယ်။ ရဲထွဋ်ခေါင်ကို စက်တင်ဘာလ ၂၀ ရက်နေ့ ည ၇ နာရီမှာခိုးဖို့ ချိန်းတဲ့စာ ရေးထားခဲ့တယ်။ ရဲထွဋ်ခေါင် စိတ်လှုပ်ရှားသွားတယ်။ ဒီနေ့က ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ဆိုတော့ ဒီည ၇ နာရီမှာ ကေသွယ်တို့အိမ်ကို သွားရင်တော့ ထူးခြားမှုတစ်ခုခုတော့ ကြုံရမှာပဲဆိုပြီးတော့ ဒီည ၇ နာရီမထိုးခင် ဒီအဖြစ်အပျက်နဲ့ ပတ်သက်ဆက်စပ်နေတဲ့သူတွေ အကုန်စုပြီးတော့ ကေသွယ်တို့ရဲ့အိမ်ရှေ့က စောင့်ကြည့်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီလိုနဲ့ ညနေ ၅ နာရီလောက်ကတည်းက လူစုံနေကြပြီ။ ညနေစောင်းပြီး နေလုံးလည်း တဖြည်းဖြည်း ဝင်သွားပြီ၊ အမှောင်လည်း သန်းလာပြီ။ ည ၇ နာရီထိုးတော့မယ်။ စောင့်နေကြရင်းနဲ့ ၇ နာရီ သံချောင်းလည်း ခေါက်သံကြားရော.....“ဟာ.....”.....။ ။


ဦးဝင်းမြိုင် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com

လှမိုး (ပညာရေး)

# ကိုလိုနီခေတ်နှောင်း ရေကြောင်းကြမ္မာငင်မှုကြီး



ကျွန်တော်တို့မြန်မာနိုင်ငံမှ ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာ လ ၂၀ ရက်နေ့ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာကြီးတွင် ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ နံနက် စောစောက မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ရောဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီပိုင် "ငစိန်"Ngatsein အမည်ရှိ ဆွဲသင်္ဘောသည် သတ်မှတ်ထားသောအချိန်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက် ရောက်လာခြင်းမရှိသဖြင့် ရောဝတီဖလော်တီလာ မီးသင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများက ယိုဆွဲသင်္ဘော "ငစိန်"အား ရှာဖွေရန် စီမံဆောင်ရွက်လျက်ရှိသည်ဟုသိသောသတင်းပါဝင်လာရာ စာဖတ်သူများမှာ တအံ့ တသြဖြစ်ခဲ့ကြရသည်။

www.burmeseclassic.com

ထိုသတင်းကိုပင် ယင်းကာလက မြန်မာ့အလင်း သတင်းစာနှင့်အပြိုင် သတင်းစာကြီးတစ်စောင်ဖြစ်သော ''သူရိယ''သတင်းစာကြီးကလည်း ထိုသတင်းကိုပင် အကျယ်တဝင့် ထည့်သွင်းဖော်ပြခဲ့သည်သာမက ထိုစဉ်က ရောဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီမန်နေဂျာဖြစ်သူ မစ္စတာ ဒဗလျူတီဟင်နရီနှင့် သွားရောက်တွေ့ဆုံ စုံစမ်းမေးမြန်းခဲ့သော်လည်း ပျောက်ဆုံးနေသော ''နတ်စိမ်း''ဆွဲသင်္ဘောနှင့်ပတ်သက်၍ သတင်းတစ်စုံတစ်ရာမရသေးဟု ဖော်ပြထားခဲ့သည်။ ထိုကာလက ထုတ်ဝေလျက်ရှိသော မြန်မာသတင်းစာကြီးများတွင် ''မြန်မာ့အလင်းသတင်းစာ''နှင့် ''သူရိယသတင်းစာကြီး များမှာ စောင်ရေအများဆုံးထုတ်ဝေခဲ့ရပြီး ဩဇာတိက္ကမ ကြီးမားသော သတင်းစာကြီးများဖြစ်ရာ မြန်မာသတင်းစာဖတ်ပရိသတ်များအဖို့ အထက်ဖော်ပြပါ သတင်းစာကြီးများတွင် ပါဝင်သောသတင်းများသည် ရာခိုင်နှုန်းပြည့် မှန်ကန်သည်ဟု ယူဆခဲ့ကြသည်။

ဤသတင်းကိုပင် အခြားမြန်မာဘာသာဖြင့်ထုတ်ဝေသော သတင်းစာများ၊ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာများ၊ တရုတ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာကြီးများ၊ အိန္ဒိယတိုင်းရင်းဘာသာများဖြင့် ထုတ်ဝေသော သတင်းစာကြီးများကလည်း သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားမည့် ခေါင်းစဉ်များဖြင့် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြရာ ''နတ်စိမ်း''ဆွဲသင်္ဘော ပျောက်ဆုံးရမှုမှာ လူအများစိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့သည်။ ပျောက်ဆုံးနေသော ''နတ်စိမ်း''ဆွဲသင်္ဘောမှာ ယခင်က ရန်ကုန်ဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ရသော သင်္ဘောတစ်စင်းဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်လူထုသည် ''နတ်စိမ်း''ဆွဲသင်္ဘောအကြောင်း အတော်အသင့် သိရှိထားခဲ့ပြီးဖြစ်သည်။ ယခင်ကမူ သစ်ဖောင်များနှင့် အခြားကုန်တင်သမ္ဗန်များအား ရန်ကုန်မြစ်အတွင်း ဆွဲပေးရခြင်းနှင့် ရောဝတီမြစ်ဝကျွန်းပေါ်ခရီးစဉ်အချို့တွင် အရေးပေါ်တာဝန်များလည်း ဆောင်ရွက်ခဲ့ရသည်။ ထို''နတ်စိမ်း''သင်္ဘောအား အရေးပေါ်တာဝန်တစ်ရပ် ဆောင်ရွက်ရန် မော်လမြိုင်သို့ စေလွှတ်ခဲ့ခြင်းဖြစ်၏။

ရောဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပင် ထိုသင်္ဘောပေါ်တွင် ဗြိတိသျှအမျိုးသားရေယာဉ်မှူး၊ ဗြိတိသျှအမျိုးသားအင်ဂျင်နီယာ အရာရှိနှစ်ဦး၊ ကျန်သင်္ဘောသားများမှာမူ စစ်တကောင်းပြည်နယ်သား ခေါ်တောလူမျိုးများ လိုက်ပါသွားခဲ့ပြီး အခြားခရီးသည်များ လိုက်ပါသွားခြင်းမရှိဟုဆိုသည်။ ထိုပြောရေးဆိုခွင့်ရှိသူကမူ ထိုသင်္ဘောပျောက်ဆုံးမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ တိကျသောသတင်း မရသေးဟူ၍လည်း သတင်းစာများမှ သတင်းထောက်များအား ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုစဉ်က ပင်လယ်သွားသင်္ဘောများတွင် ဝါယာလက်စက်များ တပ်ဆင်ထားခြင်းမရှိသဖြင့် နတ်စိမ်း ပျောက်ဆုံးရမှု သတင်းအချက်အလက် အတိအကျကို ရန်ကုန်မြို့ရှိ ရောဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများကို သက်ဆိုင်ရာသို့ သတင်းပေးပို့နိုင်ခြင်းမရှိ ဖြစ်ခဲ့ရသည်။ နတ်စိမ်းသင်္ဘော ရုတ်တရက် ပျောက်ဆုံးသွားရသည့်အချိန်တွင် ရာသီဥတု သာယာကြည်လင်လျက်ရှိရကား မိုးသက်မုန်တိုင်းမိသည်လည်း မဖြစ်နိုင်ပေ။ မော်လမြိုင်မြို့မှ ရောဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီ ကိုယ်စားလှယ်ဖြစ်သူကလည်း နတ်စိမ်းသင်္ဘော မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခွာသွားစဉ်က မည်သည့်ချွတ်ယွင်းချက် တစ်စုံတစ်ရာမှမတွေ့ရဟု ဆိုထားရာ နတ်စိမ်းသင်္ဘော ပျောက်ဆုံးရမှုမှာ ပဟေဠိတစ်ပုဒ် ဖြစ်ခဲ့ရသည်။

သတင်းမှန်မရသဖြင့် ကောလာဟလ ယုံတမ်းသတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ ထိုကာလက မုတ္တမပင်လယ်ကွေ့တွင် ပင်လယ်ဓားပြများ ရံဖန်ရံခါ လှုပ်ရှားလေ့ရှိရာ ထိုနတ်စိမ်းဆွဲသင်္ဘောအား ခရီးသည်တင် ကုန်သင်္ဘောအဖြစ် ထင်မှတ်သဖြင့် ပင်လယ်ဓားပြများက ဖမ်းဆီးသွားခဲ့ခြင်းလော၊ သို့မဟုတ် စက်ချွတ်ယွင်းသဖြင့် ပင်လယ်အတွင်း မျောပါသွားခဲ့သလော။ ထိုကာလက သင်္ဘောပျောက်ဆုံးရမှုကို ယခုခေတ်ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် နတ်စိမ်းဆွဲသင်္ဘော ပျောက်ဆုံးမှုမှာ ရက်ကြာမြင့်လာခဲ့သည်။ ထိုစဉ်ကာလက ဗြိတိသျှ

www.burmeseclassic.com


www.burmeseclassic.com

အာဏာပိုင်များကလည်း သတင်းထုတ်ပြန်ခြင်း၊ သတင်းစာရှင်းလင်းပွဲလုပ်ခြင်းများ မရှိသဖြင့် ပျောက်ဆုံးသွားသော နတ်စိမ်းသင်္ဘောနှင့် ပတ်သက်သည့် ယုံတမ်းပါးစပ်သတင်းများ လှိုင်လာသည်။ ရန်ကုန်ဆိပ်ကမ်းပုလိပ်(ရဲ)အဖွဲ့နှင့် မော်လမြိုင်ခရိုင် ပုလိပ်(ရဲ)အဖွဲ့တို့ကလည်း သက်ဆိုင်ရာမှ တာဝန်ရှိသူများအား စုံစမ်းမေးမြန်းခဲ့ကြသော်လည်း နတ်စိမ်းသင်္ဘောနှင့် ပတ်သက်သည့် သတင်းအချက်အလက် မရကြ။ နတ်စိမ်းသင်္ဘောနှင့် မရှေးမနှောင်း မော်လမြိုင်မှ ထွက်ခွာခဲ့ကြသော ကုန်သည်များ၏စက်လှေများ၊ ရေလုပ်သားများ၏ လှေများကလည်း နတ်စိမ်းသင်္ဘော ပုံမှန်အတိုင်း ထွက်ခွာသွားသည်ဟု သက်ဆိုင်ရာသို့ သတင်းပေးကြ၏။

ရဲနှင့်စုံထောက်တို့ကမူ ပင်လယ်ဓားပြများသည် နတ်စိမ်းသင်္ဘောအား ဖမ်းဆီး၍ ပြန်ပေးငွေတောင်းဆိုပေလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း ဧရာဝတီဖလော်တီလာကုမ္ပဏီသို့ မည်သူတစ်ဦးတစ်ယောက်မျှ ပြန်ပေးငွေ တောင်းဆိုခြင်းမရှိသဖြင့် နတ်စိမ်းသင်္ဘော ပျောက်ဆုံးမှုကြီးမှာ တစ်နေ့တခြား ရှုပ်ထွေးလာခဲ့၏။ အတိတ်နိမိတ်၊ တဘောင်တို့ကို ယုံကြည်ကြသော ပုဂ္ဂိုလ်များကမူ နတ်စိမ်းဟူသော သင်္ဘော၏အမည်သည် ခိုက်ကြောင်း၊ ပရလောကသားများက ထိုသင်္ဘောအား ဝှက်ထားခြင်းဖြစ်နိုင်သည်ဟူ၍ မိမိတို့လိုရာတွေး၍ ကောလာဟလသတင်းများ ထုတ်ခဲ့ကြသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီအကြောင်း အနည်းငယ် ရေးသားဖော်ပြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့မြန်မာနိုင်ငံအား ကျွန်ဇာတ်သွင်းခဲ့သည့် ဇာတ်လမ်းတွင် ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီသည် ဇာတ်ပို့အဖြစ် အဓိကနေရာမှပါဝင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုကုမ္ပဏီကြီးမှာ မြန်မာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့ရပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့ကို ကျောထောက်နောက်ခံပြုခဲ့သော ကုမ္ပဏီကြီးလည်းဖြစ်၏။

မှန်ပါသည်။ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် အင်္ဂလိပ်မြန်မာ ဖြစ်ပွားခဲ့သည့် စစ်ရေးကို အခြေခံ၍ မွေးဖွားလာသော ရေကြောင်းသွားလာရေးကုမ္ပဏီဖြစ်သည်။ ထို့အတူ စစ်ကြောင့်ပင် ဇာတာစန်းလဂ် ညှိုးမှိန်လာခဲ့၍ ချုပ်ငြိမ်းသွားခဲ့ရသည်။ မှတ်တမ်းများအရ



www.burmeseclassic.com

www.burmeseclassic.com


ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို စတင်စိတ်ဝင်စားသော ကိုလိုနီခေတ် အရှေ့ဦးက ဗြိတိသျှအမျိုးသားပိုင်ကုမ္ပဏီမှာ "တော့ဒ်ဖင်ဒလေ" ကုမ္ပဏီ ဖြစ်သည်။ ထိုကုမ္ပဏီသည် ထိုစဉ်ကာလက ဗြိတိသျှပိုင် မြန်မာနိုင်ငံရှိ အဓိကဆိပ်ကမ်းမြို့(၃)မြို့ဖြစ်သော ရန်ကုန်၊ မော်လမြိုင်နှင့် စစ်တွေမြို့တို့၌ ဆန်နှင့်ကျွန်းသစ်အား ပြည်ပသို့တင်ပို့ရောင်းချနေသော ကုမ္ပဏီကြီးဖြစ်၏။

ခရစ်နှစ် ၁၈၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ထိုကုမ္ပဏီသည် မီးသင်္ဘောငယ်များကို ဝယ်ယူပြီး ဗြိတိသျှအစိုးရပိုင် မော်လမြိုင်မှ ကော့သောင်းမြို့အထိ ပြေးဆွဲ၍ ကုန်သွယ်မှုကို တိုးချဲ့လာခဲ့၏။

ခရစ်နှစ် ၁၈၆၃ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ အာဏာပိုင် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဖယ်ယာ၏ တိုက်တွန်းချက်အရ ထိုကုမ္ပဏီသည် ဗြိတိသျှ ရေတပ်မတော်မှ ရောင်းချသည့် သင်္ဘောများကို ဝယ်ယူပြုပြင်၍ ခရစ်နှစ် ၁၈၆၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ပင် ဧရာဝတီဖလော်တီလာနှင့် ဗမာမီးသင်္ဘော ရေကြောင်းသွားလာရေးကုမ္ပဏီ လီမိတက်ကို ဖွဲ့စည်းခဲ့၏။ နောင်အခါ ထိုကုမ္ပဏီအား ဧရာဝတီဖလော်တီလာကုမ္ပဏီဟု လူသိများခဲ့ပြီး လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။ အင်္ဂလိပ်–မြန်မာ တတိယစစ် ဖြစ်ပွားခဲ့သည့် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင်မူ သင်္ဘောစင်းရေ လေးဆယ်ရှိ၍ မြစ်ကြောင်းသွား ဝမ်းပြား သင်္ဘော ၅၀ ပြေးဆွဲခဲ့ပြီဖြစ်သည်။ ထိုသင်္ဘောအများစုမှာ ရေဒလက် တစ်စုံစီတပ် ဆင်ထားသော နှစ်ထပ်သင်္ဘောများဖြစ်၍ ပေ ၉၀ မှ ပေ ၁၁၅ ပေထိ အလျားရှိကြသည်။ သို့သော် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော နတ်စိမ်းသင်္ဘောပြေးဆွဲသည့်အချိန်တွင်မူ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် သင်္ဘောစင်းရေ ၆၅၀ ရှိသော ကမ္ဘာတွင်အကြီးမားဆုံး ပြည်တွင်းရေကြောင်းသွားလာရေးကုမ္ပဏီအဖြစ် ဖြစ်လာခဲ့ပြီဖြစ်သည်။

ဤကဲ့သို့ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီ အမြတ်အစွန်းများစွာရ၍ ကမ္ဘာတွင် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော မြစ်ကြောင်းသွားလာရေး မီးသင်္ဘောကုမ္ပဏီ ဖြစ်စေခြင်းမှာ ပြည်တွင်းကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်း၊ ခရီးသည်များ သယ်ယူပို့ဆောင်ခြင်းကြောင့် ထက် ဘီအိုစီရေနံကုမ္ပဏီ၏ ပံ့ပိုးမှုလည်း ပါဝင်သည်ဟု ဆိုရမည်ဖြစ်၏။ ခရစ်နှစ် ၁၈၈၆ ခုနှစ်ကပင် ရေနံရှာဖွေခြင်း၊ စက်ရုံများတည်ဆောက်ခြင်း၊ ရေနံချက်စက်ရုံများ တည်ဆောက်ခြင်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ဘီအိုစီကုမ္ပဏီသည် သူ့ရေနံတွင်းများမှထွက်ရှိသော ရေနံစိမ်းများကို ရန်ကုန်မြို့၊ ဓနိတောရှိ ရေနံချက်စက်ရုံနှင့် သန်လျင်တွင် တည်ဆောက်ထားသော ရေနံချက်စက်ရုံကြီးသို့ ရေနံစိမ်းများ တင်ပို့ရန်ကိစ္စမှာ အရေးပါ အရာရောက်သော အထူးကိစ္စဖြစ်လာသည်။ အခြားရေနံကုမ္ပဏီကြီးများကလည်း ၎င်းတို့ပိုင် ရေနံချက်စက်ရုံများရှိရာ ရန်ကုန်ဆိပ်ကမ်း အနီးရှိ ဆိပ်ကြီးသော နေရာများသို့ ရေနံများတင်ပို့ရန် လိုလာသည်။

**နတ်စိမ်း၏ ရေဒလက်ဝင်ရိုးပေါက်ထဲသို့ ရေများဝင်လာခဲ့သည်။ စစ်တကောင်းသား သင်္ဘောသားများကလည်း ရေများကို ကြိုးစား၍ ခပ်ထုတ်ခဲ့သော်လည်း ဒလဟောဝင်လာသောရေများကို မတားဆီးနိုင်။ ဤတွင် နတ်စိမ်းသင်္ဘောနှင့် လိုက်ပါလာသော သင်္ဘောသားများမှာ အထိတ်တလန့်ဖြစ်ကုန်ကြသည်**

. . .

www.burmeseclassic.com

ထို့အတူ စတီးဘရားသားနှင့် အိန္ဒိယအမျိုးသား ဂျာမား(လ်)ကုမ္ပဏီတို့ကလည်း မြစ်ဝကျွန်းပေးမှ ဆန်စပါးတင်ပို့ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်းမှ ဝါဂွမ်းများတင်ပို့ရေး၊ ဧရာဝတီမြစ်ကြောင်းအတိုင်း မျှောချလာသော သစ်ဖောင်များကို ရန်ကုန်ဆိပ်ကမ်းရှိ သစ်စက်များသို့ အလွယ်တကူရောက်ရှိရေး၊ သစ်များကို နိုင်ငံခြားသို့ ပို့ဆောင်ရေးစသော လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီဖလော်တီလာ မီးသင်္ဘောကုမ္ပဏီသည် ထိုကုန်သွယ်ရေးအလို့ငှာ အထူးရေနံတင် တွဲသမ္ဗန်များ၊ ဆန်စပါးတင် တွဲသမ္ဗန်များ၊ ရေနံတွင်းတူးပစ္စည်းများ၊ အခြားစက်ရုံတည်ဆောက်မည့် စက်ကိရိယာများအား အညာသို့တင်ပို့ရန် တွဲသမ္ဗန်များ၊ သစ်ဖောင်ဆွဲသင်္ဘောများ၊ တွန်းသင်္ဘောများ အမြောက်အမြား တည်ဆောက်ခဲ့ရသဖြင့် ဧရာဝတီဖလော်တီလာကုမ္ပဏီ၏ မီးသင်္ဘောတပ်ဖွဲ့ကြီးမှာ တစ်နေ့တခြား ကြီးထွားလာခဲ့ရပြီး ထိုခေတ်သည် ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီအဖို့ မိုးကောင်းသောခေတ်ဟု ဆိုရမည်ဖြစ်သည်။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော နတ်စိမ်းဆွဲသင်္ဘောမှာ ရန်ကုန်–ဒလဆိပ်ကမ်းသင်္ဘောကျင်းတွင် တည်ဆောက်ခဲ့သော ခေတ်မီဆွဲသင်္ဘောဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းနှင့် မြစ်ဝကျွန်းပေါ်တွင် တာဝန်ယူနေရာမှ အရေးပေါ်လုပ်ငန်းတစ်ခု ဆောင်ရွက်ရန် မော်လမြိုင်ဆိပ်ကမ်းသို့ သွားရောက်ဆောင်ရွက်ခဲ့ရာမှ လုပ်ငန်းပြီးဆုံးသဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားစဉ် ပျောက်ဆုံးသွားခြင်းဖြစ်၏။ မော်လမြိုင်မြို့အခြေစိုက် ဧရာဝတီဖလော်တီလာကုမ္ပဏီကိုယ်စားလှယ်၏ သက်ဆိုင်ရာသို့ သတင်းပေးပို့ချက်အရ နတ်စိမ်းဆွဲသင်္ဘောသည် ရာသီဥတု သာယာနေစဉ်တွင် မုတ္တမကွေ့အားဖြတ်၍ အနောက်ဘက်သို့ ဦးတည်ခုတ်မောင်းသွားခြင်းဖြစ်သည်ဟုဆိုသည်။

ဤသို့ဖြင့် နတ်စိမ်းသင်္ဘော ရှာပုံတော်ဖွင့်ခဲ့ရသည့်လုပ်ငန်းသည် ရက်သတ္တပတ်ကျော်လာခဲ့သည်။ ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်း၌ မုတ္တမကွေ့အား ဖြတ်သန်းခုတ်မောင်းလာခဲ့သော ဗြိတိသျှအိန္ဒိယရေကြောင်းသွားလာရေး ပင်လယ်ကူးသင်္ဘောသည် ဒ္ဓထဲအတွင်း မျောပါနေသော အသက်ကယ်လှေတစ်စင်းကို တွေ့ရှိရသဖြင့် ထိုအသက်ကယ်လှေပေါ်မှ စစ်တကောင်းအမျိုးသား သင်္ဘောသားများကိုတွေ့ရ၍ ကယ်ဆယ်ခဲ့ပြီး ထိုသင်္ဘောမှ ကပ္ပိတန်ဖြစ်သူသည် စစ်တကောင်းအမျိုးသား သင်္ဘောသားများကို ခေါ်ယူစစ်ဆေးခဲ့၏။

ထိုသင်္ဘောသားများ၏ ထွက်ဆိုချက်များမှာ သံသယရှိဖွယ်ဖြစ်ရကား သက်ဆိုင်ရာသို့ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပေးပို့ခဲ့ရာ ထိုစစ်တကောင်းသင်္ဘောသားများအားလုံးအား သက်ဆိုင်ရာမှ ဖမ်းဆီး၍ ချက်ချင်းပင် ရန်ကုန်ဆိပ်ကမ်းပုလိပ်(ရဲ)အဖွဲ့သို့ အပ်နှံခဲ့သည်။ ဆိပ်ကမ်းပုလိပ်(ရဲ)အဖွဲ့ကလည်း စစ်တကောင်းသား


---

**အထိတ်တလန့်ဖြစ်လာသော သင်္ဘောသားများသည် ကပ္ပိတန်၏ အမိန့်ပေးမှုကို နာခံခြင်းမပြုကြတော့ဘဲ အင်ဂျင်ခန်းမှ ကုန်းပတ်ပေါ်သို့ တက်ပြေးသွားကြသည်။ စိတ်ဓာတ်ချောက်ချားနေသော စစ်တကောင်းသား ဆလင်နှင့် သင်္ဘောသားများသည် ကပ္ပိတန်အမိန့်ကို နာခံခြင်းမပြုကြတော့။**
**သင်္ဘောပေါ်ရှိ တစ်စီးသာရှိသောအသက်ကယ်လှေအား ပင်လယ်ပြင်ထက်သို့ချကာ ...**

www.burmeseclassic.com

www.burmeseclassic.com





သင်္ဘောသားများကို တစ်ဦးချင်းစစ်ဆေးမှုများပြုလုပ်ခဲ့၏။

ဤတွင် မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများသည် နတ်စိမ်းသင်္ဘောအရေးအခင်းကိစ္စကို အကျယ်တဝင့် ရေးသားခဲ့ကြသည်။ ထိုစစ်တကောင်းသား သင်္ဘောသားများအား စုံစမ်းစစ်ဆေးချက်များ၊ ၎င်းတို့၏ ထွက်ဆိုချက်များကို သတင်းစာကြီးများက အပြည့်အစုံဖော်ပြခဲ့ကြရာ လူအများစိတ်ဝင်စားဖွယ် သတင်းဖြစ်ခဲ့ရ၏။

စစ်တကောင်းသား သင်္ဘောသားများ၏ ထွက်ဆိုချက်အရ ဖော်ပြရမည်ဆိုလျှင် နတ်စိမ်းသင်္ဘောသည် မော်လမြိုင်ဆိပ်ကမ်းမှ ရာသီဥတု သာယာကြည်လင်သော နံနက်ခင်းတွင် ထွက်ခဲ့သည်။ အဏ္ဏဝါပြင်တွင် လှိုင်းလေငြိမ်သက်ရာ နတ်စိမ်းဆွဲသင်္ဘောသည် တရိပ်ရိပ်ပြေးလျက်ရှိသည်။ ကမ်းခြေမှ ဝေးကွာလာခဲ့သည်တွင် နတ်စိမ်း၏ ရေဒလက်ဝင်ရိုးပေါက်ထဲသို့ ရေများဝင်လာခဲ့သည်။ စစ်တကောင်းသား သင်္ဘောသားများကလည်း ရေများကို ကြိုးစား၍ ခပ်ထုတ်ခဲ့သော်လည်း ဒလဟောဝင်လာသော ရေများကို မတားဆီးနိုင်။ ဤတွင် နတ်စိမ်းသင်္ဘောနှင့် လိုက်ပါလာသော သင်္ဘောသားများမှာ အထိတ်တလန့်ဖြစ်ကုန်ကြသည်။

နတ်စိမ်းသင်္ဘောမှ ကပ္ပိတန် ပင်နင်တန်သည် စစ်တကောင်းအမျိုးသား ဆလင်ဖြစ်သူအား သင်္ဘော၏ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်ထိန်းထားရန် အထူးတာဝန်ပေး၍ ကပ္ပိတန်သည် သင်္ဘောအင်ဂျင်ခန်းသို့ ဆင်းသွားခဲ့၏။ အင်ဂျင်ခန်းအတွင်း သင်္ဘောအင်ဂျင်နီယာဖြစ်သူနှင့် စစ်တကောင်းသား သင်္ဘောသားများသည် ကြိုးစား၍ ရေဒလက်ကို ပြင်ဆင်နေကြသည်။ ဤအချိန်တွင် အင်ဂျင်ခန်းအတွင်း ရေများဒလဟော စီးဝင်လာခဲ့ရာ ကပ္ပိတန်ဖြစ်သူ ပင်နင်တန်က သင်္ဘောသားများအား ရေများပက်ထုတ်ရန် အမိန့်ပေးခဲ့သည်။

အထိတ်တလန့်ဖြစ်လာသော သင်္ဘောသားများသည် ကပ္ပိတန်၏ အမိန့်ပေးမှုကို နာခံခြင်းမပြုကြတော့ဘဲ အင်ဂျင်ခန်းမှ ကုန်းပတ်ပေါ်သို့ တက်ပြေးသွားကြသည်။ စိတ်ဓာတ်ချောက်ချားနေသော စစ်တကောင်းသား ဆလင်နှင့် သင်္ဘောသားများသည် ကပ္ပိတန်အမိန့်ကို နာခံခြင်းမပြုကြတော့။ သင်္ဘောပေါ်ရှိ တစ်စီးသာရှိသော အသက်ကယ်လှေအား ပင်လယ်ပြင်ထက်သို့ချကာ စစ်တကောင်းသား ဆလင်နှင့် သင်္ဘောသားများသည် ကပ္ပိတန်နှင့် အင်ဂျင်နီယာတို့နှစ်ယောက်အား စက်ခန်းအတွင်း ထားရစ်ခဲ့ကြပြီး သင်္ဘောမှ စွန့်ခွာသွားခဲ့ ကြသည်။

ဤတွင် ဥရောပတိုက်သား ကပ္ပိတန်နှင့် အင်ဂျင်နီယာတို့မှာ ကြမ္မာငင်ခဲ့သော နတ်စိမ်းဆွဲသင်္ဘောနှင့်အတူ မုတ္တမကွေ့အတွင်း နစ်မြုပ်ခဲ့ရတော့သည်။

ပုလိပ်(ရဲ)တို့ကမူ ထိုအမှုကို စနစ်တကျ ခိုင်မာစွာ တည်ဆောက်၍ ရာဇဝတ်ရုံးသို့ တရားစွဲဆိုခဲ့သည်။ တရားခွင်တွင် တရားဥပဒေအတိုင်း စစ်ဆေးခြင်းပြုလုပ်ခဲ့ပြီး ကပ္ပိတန်၏အမိန့်ပေးခြင်းကို နာခံခြင်းမရှိ သင်္ဘောအား စွန့်ခွာခဲ့သူ စစ်တကောင်းသား ဆလင်နှင့် တာဝန်ရှိသူ သင်္ဘောသားများအား ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး (၁) Paddy Henderson

(၂) Irrawaddy Flotilla

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းခင်မြေတောက်
## အပူကြိုက်တဲ့ပန်းမိုက် မီးလောင်တိုက်ထဲ

လွင့်ပျောဝေ



www.burmeseclassic.com

ကြာတော့သည်လည်း ကြာခဲ့ပေပြီ၊ သို့သော် ဖြစ်ပျက်မှု အမှန်တရားက ရင်ထဲတွင်ရှိနေဆဲမို့ တွေးမိတိုင်း စိတ်မကောင်းရှာ။

လူ့လောက၏ ဖြစ်ပျက်မှုအစုံစုံထဲက သတိထားစရာ၊ ဆင်ခြင်စရာ၊ သံဝေဂရစရာ ဇာတ်လမ်းတစ်ပုဒ်မို့ စာဖတ်သူတို့ နှလုံးအိမ်သို့ အရောက်ပို့ပေးလိုက်ပါတယ်။

+++

ကာလနောက်ခံက ၁၉၆၀ ပြည့်နှစ်ဝန်းကျင်။

နိုင်ငံကို ပထစ အစိုးရ ကြီးကိုင်အုပ်ချုပ်နေချိန်။ မှတ်မှတ်ရရပြောရရင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်ဝန်းကျင်ကာလ။ တစ်တောတစ်ကြက်ခွတ်နှိုးပြီး ရောင်စုံသူပုန်တို့ ကြိုက်သလိုသောင်းကျန်းနေကြချိန်ပေါ့။

ရခိုင်ဒေသက မြေပုံမြို့နယ်ဆိုတာ မြေပြန့်လွင်ပြင်ရယ်လို့ လုံးဝမရှိ။ အရှင်းဆုံးတင်ပြရရင် နွားလှည်းမောင်းစရာတောင် မြေပြန့်မရှိလို့ မော်တော်ကားကို မဆိုထားဘိ နွားလှည်းတောင် တစ်စီးတလေမျှမရှိတဲ့မြို့နယ်။ ကျွန်းတောင်၊ကျွန်းလမ်း၊ သောင်ကမ်း၊ ကျောက်တန်းတွေကတော့ ပေါသလားမမေးနဲ့။ မြို့နယ်ဧရိယာအတွင်း ကျွန်းပေါင်း (၁၄၅)ကျွန်းထိရှိသဗျ။ တစ်ရွာနဲ့တစ်ရွာ၊ တစ်နေရာနဲ့တစ်နေရာကိုစွကြီးငယ်ရှိလို့ သွားကြလာကြရင် လှေကလေးတွေနဲ့ပဲ လှော်ခတ်သွားလာကြရတာကလား။

အဲဒီထဲမှာ သရက်တောင်ရွာဆိုတာ အဲဒီခေတ်တုန်းက တော်တော်တိုးတက်တဲ့ ရွာကြီးတစ်ရွာပဲလေ။ လူနေအိမ်ခြေက (၅၀၀)ကျော်တယ်။ (ယခု ၁၀၀၀ ကျော်ရှိနေပြီး အထက်တန်းကျောင်းခွဲရထားပြီးဖြစ်သည်။) မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ အုပ်ချုပ်တုန်းက အဲဒီသရက်တောင်ရွာက ရွာသူကြီး ဦးမောင်သာလှဆိုတာ ငွေဓားလွယ်ရ သူကြီးမင်းပေါ့။

အဲဒီရွာမှာ မိန်းမချော၊ မိန်းမလှတွေလည်း ပေါတယ်ခင်ဗျ။ လွတ်လပ်ရေးရပြီး မကြာခင်မှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုကြစဉ်တုန်းက ရခိုင်ဒေသမှာ မြေပုံမြို့နယ်ကို ခြေကုပ်ယူခဲ့ကြတာလေ။ ဗကပမြို့နယ်ခေါင်းဆောင်၊ ခရိုင်ခေါင်းဆောင်တွေ သရက်တောင်ရွာလည်း ရောက်ရော လုံးကြီးပေါက်လှ ရွာသူ့အပျိုချော ငါးယောက်လောက်ကို တစ်ခါတည်း တော်ကောက်သွားပါရော့လား။

၁၉၆၀ ပြည့်နှစ်မှာတော့ အဲဒီကျွန်းစဉ်ဒေသ၊ ကမ်းထောင်းကြီးဆိုတဲ့ရွာမှာ အစိုးရရဲဌာနရဲ့ ဂါတ်(ရဲစခန်း)တစ်ခုကို နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ဖွင့်ပေးခဲ့ပါတယ်။ ဌာနအုပ်(စခန်းမှူး)ကတော့ ဦးတင်နွယ်ပါပဲ။ သူက လူပျိုကြီး။ အရုပ်အမောင်းကောင်းတယ်။ အသားညိုတယ်။ နှုတ်ခမ်းမွေး ရေးတေးတေးလေးနဲ့ တော်တော်ကြည့်ကောင်းတဲ့ ဥပမိရုပ်ဗျ။

သူဟာ နယ်မြေအတွင်းကရွာတွေကို ကိုယ်တိုင် လှည့်ကင်းထွက်လေ့ရှိတယ်။ အဲဒီအချိန်တုန်းက သူပုန်တွေဟာ ကျေးလက်ဒေသတွေမှာ ခြေချင်းလိမ်နေကြတာမို့ ပုလိပ်(ယခု ရဲ)တပ်ဖွဲ့တွေ ရွာထဲဝင်လာရင် တိုက်ပွဲတွေဖြစ်ကြတာတွေလည်းရှိရဲ့။ ဒါပေမဲ့ အဲဒီ ဦးတင်နွယ်ဆိုတဲ့ ရဲအရာရှိဟာ သရက်တောင်ရွာရောက်ရင် တော်ရုံနဲ့မပြန်ဘူးခင်ဗျ။ သူက လူငယ်ပိုင်းပဲဆိုတော့ ရွာက လူပျိုကာလသားတွေနဲ့ ဘောလုံးကန်တဲ့အခါလည်းကန်တယ်။ ရွာသားတွေနဲ့ အသားကျအောင်ပေါင်းတယ်။

သူ တို့ ရဲ တွေ တည်းတာက ကျေးရွာဥက္ကဋ္ဌ(ယခု ကျေးရွာအုပ်ချုပ်ရေးမှူး)ဦးဘထွန်းအိမ်ပါပဲ။ ဦးဘထွန်းတို့ ဇနီးမောင်နှံမှာ သမီးမိန်းကလေးတစ်ယောက် ရှိထားတယ်။ မိန်းကလေးက အရွယ်

www.burmeseclassic.com

ရောက်နေပြီဆိုတော့ ရုပ်ကလေးက အတော်ကြည့်ကောင်းသဗျ။ အရပ်က ခပ်မြင့်မြင့်နဲ့၊ အသားအရောင်လေးက ဝင်းဝါနေတာကလားဗျာ။ ရွာသားတွေကတော့ သူမရဲ့အသားအရေလေးကို မရုမ်းပန်းရောင်ထနေတယ်လို့ တင်စားကြတာလေ။ မျက်နှာလေးက သွယ်သယောင်ရှိပေမယ့် အသားအရေက ပြည့်ပြည့်ဖြိုးဖြိုးလေးဆိုတော့ နှာတံပေါ်ပေါ်လေးနဲ့ အတော်လိုက်ဖက်တင့်မောရှိလှတယ်။ မျက်လုံးလေးက ဝိုင်းတာမဟုတ်ဘူး။ ခပ်စင်းစင်းလေး။ လူတစ်ယောက်ကိုကြည့်ရင် စိုက်ကြည့်တတ်တယ်။ ပန်းထိမ် ကိုကျော်ထင်ကတော့ သူမမျက်လုံးကို ကြာမျက်လုံးလို့ ခေါ်တယ်တဲ့ခင်ဗျ။

ရင်သားအစုံက မြင့်မြင့်မောက်မောက်ကလေး။ တုတ်သယောင်ထင်ရပေမယ့် ကျဉ်သားခါးလေးက တင်ပါးဆုံအလှနဲ့ ပေါင်းဆုံလိုက်တဲ့အခါ အတော်ကြည့်ကောင်းသွားတယ်။ အဲဒီခေတ်တုန်းက အမျိုးသမီးတွေဟာ ပါးလွှာလွှာ ရှယ်ယာအထည်စကို အသားမှာကပ်နေအောင် ချုပ်ဝတ်လေ့ရှိကြတော့ သူမရဲ့ အချိုးအစားကျလှတဲ့ ခန္ဓာကိုယ်

---

ဥပဒေ
ဆိုတာကလည်း
ငြိစွန်းပြီဆိုရင်
ပုလိပ်(ရဲ)အရာရှိကို
မဆိုထားဘိ
ဝန်ကြီးချုပ်၊
သမ္မတတို့တောင်
ရုန်းထွက်လို့မရတဲ့
အခြေအနေမျိုးရယ်လေ
. . .



ဖွံ့ စည်းပုံက အထင်းသား။ ထဘီကိုတော့ တစ်ခေတ်တစ်ခါက ရုပ်ရှင်မင်းသမီးကြီး ခင်ယုမေ ထဘီစည်းသလိုမျိုး ခြေသလုံးကွက်သားလေးပေါ်အောင် ဝတ်လေ့ရှိတယ်။ ဝင်းဝါနေတဲ့ ခြေသလုံးတုတ်တုတ်လှလှလေးက သူမရဲ့အလှတရားကို ဖြည့်ဆည်းပေးသလို ဖြစ်နေတယ်။ ပိုးကိုက်၊ လောက်ထွင်းကင်းတဲ့ အရည်ရွှမ်းသစ်သီးတစ်လုံးလိုပါပဲ။

နာမည်ကတော့ ရွာသူပီပီ ရိုးရိုးလေးပါပဲ။ လှစောသိန်းလို့ ခေါ်ပါတယ်။ သူမရဲ့ အလှတရားက ရွာကကာလသားတွေ တမ်းတမ်းစွဲဖြစ်စေခဲ့တာပေါ့။ ပတ်ဝန်းကျင်ရွာတွေကလည်း လှစောသိန်းရဲ့အလှသတင်းကြောင့် ချစ်ရေးဆိုကြ၊ မြှူဆွယ်ကြနဲ့ပေါ့။ ဒါပေမဲ့ လှမာန်ကြွယ်နေတဲ့ လှစောသိန်းကတော့ ရောက်လာသမျှ ဗိုလ်ဗလဝါတွေကို ကန်တော့ဆွမ်းဆိုတာချည်းပါပဲ။

ဟော.....ခု လူခံ့ကြီး ပုလိပ်(ရဲ)အရာရှိ အိမ်ပေါ်ရောက်နေပေပြီ။ အရာရှိကလည်း သည်ယုန်မြင်လို့ သည်ချုံထွင်လေသလားမသိ။ သည်အိမ်ရောက်ရင် တော်ရုံနဲ့မပြန်ဘူး။ ညဉ့်အိပ်ညဉ့်နေ နေလိုက်သေးတယ်။ သည်သောင်ယံက မခွာရက်နိုင်တယ် ဖြစ်နေလေရော့သလား။ လှစောသိန်းမည်တဲ့ အမျိုးချောကြီးကလည်း ပုလိပ်(ရဲ)အရာရှိကို ကြည့်လိုက်တဲ့ မျက်ဝန်းထဲမှာ ကြာမျက်လုံးက ဆွဲအားပြည့် ဖိတ်ခေါ်ပေးနေတယ်။ အကြည့်ချင်းဆုံတိုင်း ရင်ခုန်မိကြပြီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဆန်မောင်းနှင်းရင်း လှစောသိန်းတစ်ယောက် သူ့အဖော်မချွေခင်ကို ပြောလိုက်တဲ့စကား.....

"ဟယ်.....ငါဘာဖြစ်တယ် မသိဘူး၊ အဲဒီဌာနာကိုကြည့်ရင် အရှမ်းရင်ခုန်တာ သိလား"

"နင်ဘယ်လိုတွေ့လို့လဲ လှစောသိန်းရယ်"

"ဟာ...ငါသူ့ကို ကြည့်လို့မဝဘူး၊ အကြာကြီးစိုက်ကြည့်ချင်နေတာလေ၊ ရင်ထဲကလည်း တထိတ်ထိတ်နဲ့ဟယ်"

"အဲဒီလိုဆို သူငယ်ချင်း နင့်အသည်းနှလုံးတွေ အဲဒီဌာနာညို့ကွင်းထဲဝင်သွားပြီ၊ နင်သူ့ကိုကြိုက်သွားပြီမဟုတ်လား"

"ခစ်.....ခစ်.....ခစ်"

လှစောသိန်းမှာ ဘဝင်တွေ့သွားပြီး တခစ်ခစ် ရယ်ပစ်လိုက်ရာ ကိုယ်လုံးတင်းတင်းရစ်ရစ်ကလေး တထွန့်ထွန့်လှုပ်ခါသွားတယ်။

သိပ်တောင်မကြာပါဘူး။ ဌာနာ (ရဲစခန်းမှူးအား ဒေသအခေါ်ဖြင့်ခေါ်ခြင်းဖြစ်ပါသည်)ဦးတင်နွယ်ဟာ သရက်တောင်ရွာသူ ပျိုဖြူချော လှစောသိန်းကို တောင်းရမ်းလက်ထပ်ပြီး သမုဒယဇာတ်ကို အရှိန်မြှင့်လိုက်တယ်။ သံယောဇဉ်နှောင်ဖွဲ့ခဲ့ကြပြီမို့ အိမ်ထောင်သည်ဘဝမှာ ပိုပြီးလှိုက်မောခဲ့ကြတယ်။ အောက်ချင်းငှက်ဖိုငှက်မ သစ္စာထားသလို ကွယ်ဆိုတဲ့ တေးသွားလေးလို မောင်မယ်ခေါ်ထူး မြူးကြလို့ပေါ့။

လှစောသိန်းတစ်ယောက် ရွာသူပင်ဖြစ်သော်လည်း ပုလိပ်(ရဲ)အရာရှိရဲ့ လက်မောင်းနှစ်ဖက်ကြားသို့ ဝင်ရောက်နိုင်တဲ့အဆင့်ထိ သူ့ရုပ်ရုံက စွမ်းဆောင်ခဲ့ချေပြီပေါ့လေ။

+++

ကျောက်ဖြူမြို့ကတော့ သိပ်သာယာလွန်းတဲ့ မြို့ဖြစ်ပါတယ်ခင်ဗျ။ ဘင်္ဂလားပင်လယ်ပြင်ကြီးထဲ ပေါ်လောပေါ်နေတဲ့ ရမ်းဗြဲကျွန်းကြီးရဲ့ မြောက်ဘက်စွန်း အနားသတ်လေးမှာ လှိုင်းသရမ်းများနဲ့ ထိတွေ့ကျီစယ်ရင်း ချစ်တင်းနှောလို့နေလေရဲ့။ ဒါကြောင့် အင်္ဂလိပ်အရေးပိုင်မောရစ်ကောလစ်က ကျောက်ဖြူမြို့ကို အရှေ့တိုင်းပင်းနစ်လို့ တင်စားခဲ့တယ်ဆိုပဲ။ (ယခုလည်း မြန်မာနိုင်ငံတွင် အသာယာဆုံးပင်လယ်ကမ်းခြေမြို့အဖြစ် သတ်မှတ်ခံထားရသည်။)

"စောက အရမ်းချစ်ဖို့ကောင်းတာပဲ"

"မောင်ကလည်း အရမ်းစွဲလမ်းဖို့ကောင်းတာလေ၊ ရွာမှာတုန်းက စောတို့အိမ်ရောက်လို့ရှိရင် စောကိုစိုက်ကြည့်နေလိုက်တာ၊ စောမနေတတ်တော့ဘူး သိလား၊ စောအရမ်းရင်ခုန်တာပဲ"

"မောင်လည်း အဲဒီလိုပဲ သိလား၊ စောအကြည့်လေးက မောင့်နှလုံးသားအထိ နစ်သွားတာလေ"

"အမယ်လေး.....အရာရှိကြီးရယ်၊ နှလုံးသားစကားပြောတတ်လိုက်တာ"

"အရာရှိမှာလည်း ချစ်တတ်တဲ့နှလုံးသားရှိတာကိုး"

ပုလိပ်(ရဲ)အရာရှိက ဇနီးချောကို အားရပါးရဆွဲဖက်ပြီး ပါးပြင်လှလှလေးကို ခပ်ကြွမ်းကြွမ်းဖိမွှေးပေးလိုက်တယ်။ လှစောသိန်းကလည်း ဘယ်အညံ့ခံလိမ့်လေမလဲ။ သွေးကြောမျှင်များအနှံ့ အချစ်တို့ဖြင့် ပျော်ဝင်စီးနစ်နေခဲ့ပြီမို့ ချစ်လင်ရင်ခွင်ထဲ ပစ်ဝင်ရင်း အားရအောင် ဖက်မွှေးပေးလိုက်တယ်။

အိမ်ထောင်သက် သုံးလဆိုတာ သမုဒယချစ်ကမ္ဘာလေးမှာ ဘာမျှမကြာသေးပါဘူး။ မနေ့တစ်နေ့က လိုပဲ ရှိသေးတာလေ။ ခုတော့ ပုလိပ်(ရဲ)အရာရှိ ဦးတင်နွယ်တစ်ယောက် ဇနီးချောကိုလက်ဆွဲပြီး ကျောက်ဖြူဆိုတဲ့ ခရိုင်မြို့ကြီးကို ပြောင်းခဲ့ရပါရော့လား။ ဝန်ထမ်းဘဝပဲလေ။ ဌာနစေရာ လိုက်ပါထမ်းရွက်ကြရစမြဲပဲလေ။ ချစ်မယားကိုလည်း ပစ်မထားခဲ့ပါဘူး။ သျှောင်နောက်ဆံထုံးပါစေခဲ့သည်ပေါ့။

"ချစ်တယ်ကွယ်"

"ချစ်တယ် မောင်ရယ်"

သမုဒယတို့ဖြင့် ပျော်ဝင်စီးဆင်းနေတဲ့ အချစ်မြစ်ကလေးကတော့ စီးဆင်းမြဲ စီးဆင်းနေတယ်။

+++

လူ့ဘဝရဲ့ အလှည့်အပြောင်းတွေက တစ်ခါတစ်ရံ အံ့ဩဖွယ်ရာများလည်း ကြုံရတတ်ရဲ့။ ဖောက်ပြန်မှု၊ ဆန်းပြားမှုတွေလည်း ပြည့်နှက်နေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ခုပဲကြည့်လေ။ ပုလိပ်(ရဲ)အရာရှိ ဦးတင်နွယ်တစ်ယောက် ချစ်ကြင်သူ ဇနီးမယားနဲ့ ချစ်ရည်တူနှစ်ကိုယ်မျှပြီး သမုဒယရေယဉ်ကြောမှာ စုန်ဆန်မျှောပြီး ကူးခတ်လို့ ကောင်းတုန်း အရေးကောင်း ဒိန်းဒေါင်းဖျက်ခဲ့ပါရော့လား။ ဥပဒေနဲ့ မလွတ်ကင်းတဲ့ ပြစ်မှုတစ်ခုမှာ ပါဝင်ပတ်သက်နေလို့ အချုပ်ခန်းထဲရောက်နေခဲ့ချေပြီကော။ ဥပဒေဆိုတာကလည်း ငြိစွန်းပြီဆိုရင် ပုလိပ်(ရဲ)အရာရှိကို မဆိုထားဘိ ဝန်ကြီးချုပ်၊ သမ္မတတို့တောင် ရုန်းထွက်လို့မရတဲ့ အခြေအနေမျိုးရယ်လေ။

လင်က အချုပ်ခန်းထဲက တရားခံ။ မယားက အိမ်မှာ တစ်ယောက်တည်း။ တောသူဆိုတော့လည်း မြို့ပြရင်ခွင်ထဲမှာ အသိအကျွမ်းရယ်လို့မရှိ၊ အားကိုးရာမဲ့တဲ့ ဘဝ။ မျက်နှာငယ်လေးနဲ့ ယောင်လည်လည်။ လုစောသိန်းတစ်ယောက် လင်နောက်လိုက်လာခဲ့တာ ဘာကြာသေးလို့လဲ။ သုံးလဆိုတဲ့ ကာလတိုလေးပဲရှိပါသေးတယ်။ အိမ်ထောင်သက်ကလည်း အခုမှ ခြောက်လပဲရှိသေးတာလေ။ လင်ရယ်၊ မယားရယ်ဆိုတဲ့ ဘဝသစ်ကလေးမှာ ကြားလေသွေးရင် ဝေးတယ်လို့ ထင်နေကြတဲ့ အချိန်လေးတွေပဲပေါ့။ သူတို့အဖြစ်က ဘယ်လောက်များလွမ်းမောစရာကောင်းလိုက်ပါသလဲခင်ဗျာ။

မြို့ပြရင်ခွင်ထဲ ရောက်နေရတာ လင်မရှိတဲ့ဘဝမှာ လုစောသိန်းအတွက် သီးခြားကမ္ဘာလေးတစ်ခုထဲမှာ တစ်ယောက်တည်းနေရသလိုမျိုးပါပဲ။ ယယ်ချစ်လင်အတွက်လည်း သူမ ဘာမျှလုပ်မပေးနိုင်ရှာဘူး။

မောင်ကြီးပျောက်တယ် သန်းခေါင်ယံဝယ် ဖြစ်ခဲ့ရပြီပေါ့။

+++

ကမ်းရိုးတန်းမိုးကတော့ သိကြတဲ့အတိုင်းပဲ။ ရွာပြီဟေ့ဆို ဒုန်းရိုက်ပြန်းပြန်း ရွာသွန်းတော့တာကလား။ ရဲအရာရှိကတော် လုစောသိန်းအတွက်တော့ လင်လွမ်းမိုး၊ လင်မျှော်မိုးပေပဲပေါ့။ မနက်ကတည်းက ရွာနေတဲ့မိုး။ ခု နေ့လယ်တိုင်ခဲ့ပြီ။ မရပ်သေးပါဘူး။ မိုးသံလေသံမှအပ ဘာသံကိုမျှ မကြားရပါဘူး။ လုစောသိန်းမှာ ယယ်ချစ်လင်ကိုတမ်းတရင်း အိပ်ရာပေါ်မှာ မျက်လုံးလေးမှိတ်ပြီး ငြိမ်နေလိုက်တယ်။ အိမ်မှာကလည်း တစ်ယောက်တည်းဆိုတော့ ပြောဟောနေမယ့်လူကလည်းမရှိ၊ အချိန်ရှိသမျှ လင်လွမ်းစိတ်နဲ့ လွမ်းပင်လယ်ဝေနေခဲ့တယ်ပေါ့။

"ညီမလေး.....ညီမလေး"

အိမ်ရှေ့ကခေါ်သံကြားလို့ အိပ်ရာပေါ်က လူးလဲထလိုက်တယ်။ အသံကို နားစွင့်နေလိုက်ပြန်တယ်။

"ညီမလေးရေ.....ညီမလေး"

ခေါ်သံက ထပ်မံထွက်ပေါ်လာပြန်တယ်။ လုစောသိန်း အလျင်စလိုပဲ အိမ်ရှေ့ခန်းကိုထွက်လာပြီး ခြံဘက်ကို လှမ်းကြည့်လိုက်တယ်။ မိုးကာအင်္ကျီရှည်ဝတ်ပြီး ထီးဆောင်းထားတဲ့ လူတစ်ယောက်ကို အိမ်ခြံဝမှာ မတ်တတ်ရပ်နေတာ တွေ့လိုက်ရတယ်။

"ဘာကိစ္စလဲ၊ အိမ်ထဲဝင်လာခဲ့လေ"

လုစောသိန်းပြောစကားအဆုံးမှာ ဧည့်သည်ဟာ အိမ်ပေါ်သို့တက်လာခဲ့တယ်။ သူ့ထီးကိုပိတ်ပြီး နံရံမှာ ထောင်ထားလိုက်သလို မိုးကာအင်္ကျီကိုပါ အိမ်ရှေ့ဝါးလုံးတန်းလေးပေါ်မှာ ခေါက်တင်ထားတာတွေ့လိုက်ရတယ်။ လုစောသိန်း ဧည့်သည်ကို တစ်ချက်အကဲခတ်လိုက်တယ်။ သူ့ယောက်ျား ဦးတင်နွယ်တို့အရွယ်လောက်ပါပဲ။ လူငယ်ပိုင်း။

"ညီမလေးက ကိုယ့်ကိုမသိပေမယ့် ညီမလေးကို ကိုယ်ကသိနေတယ်လေ၊ အစ်ကို့နာမည် ထွန်းလှိုင်လို့ခေါ်ပါတယ်၊ ကိုတင်နွယ်ရဲ့ သူငယ်ချင်းပေါ့"

"ဟုတ်ကဲ့"

"ဒီက ညီမလေးယောက်ျား ကိုတင်နွယ်နဲ့ သိပ်ခင်တာ၊ ကိုတင်နွယ် ခုလိုဖြစ်သွားတော့ ညီမလေး ဘယ်လောက်ထိ သောကတွေများနေမလဲဆိုတာ ကိုယ်သိတယ်လေ"

ဧည့်သည်က စကားတွေရွှန်းရွှန်းဝေအောင် ပြောနေတယ်။ လုစောသိန်းကတော့ ဧည့်သည်ကို ကြည့်လိုက်၊ မိုးရေထဲကြည့်လိုက်နဲ့ ဝေဝေဝါးဝါးဖြစ်နေတယ်။

"အဲဒါ ဒီကညီမလေးကိုလည်း သနားတယ်၊ ကိုတင်နွယ်ကိစ္စတွေလည်း ပြေလည်အောင် ကူညီချင်လို့ ညီမလေးဆီ လာခဲ့တာလေ"

"ဩော်.....ဟုတ်ကဲ့၊ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com


တင်လိုက်တာရှင်၊ ကူညီပါဦးရှင်၊ ညီမ အရမ်းဒုက္ခများနေလို့ပါ''

''အဲဒီလိုဆိုရင် ညီမ ကိုတင်နွယ်အတွက် ရှေ့နေငှားပေးမယ်လေ''

''ဟာ.....ကျေးဇူးတင်လိုက်တာရှင်''

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးစရာတစ်ခုမို့ လှစောသိန်းရင်ထဲ ဝမ်းသာမှုဂယက်ကလေး ရိုက်ခတ်သွားတယ်။

''ဒါဆို ညီမလေး ခုပဲ ရှေ့နေနဲ့ သွားတွေ့ရအောင်လေ၊ ဒီအမှုနဲ့ ပတ်သက်လို့ ကိုတင်နွယ်ဘက်က ခုခံကာကွယ်နိုင်အောင် အမှုသွားအမှုလာကို ညီမလေးသိသလောက် ပြောပြရမယ်လေ''

အခြေအနေနဲ့ အချိန်အခါက နှေးနေလို့မရတဲ့ကာလမို့ လှစောသိန်း အလျင်စလိုပဲ အိပ်ခန်းထဲသို့ ပြေးဝင်သွားလိုက်တယ်။ ကိစ္စတစ်ခုအတွက် ဖြစ်လိုတဲ့ ဆန္ဒစောတရားက မင်းမူနေတာမို့ ကိုယ်ပေါ်က အဝတ်အစားတွေအကုန်လုံး ချွတ်ချပစ်လိုက်တယ်။ လုံချည်တစ်ထည်ကို အဝတ်ဗီရိုထဲက ဆွဲထုတ်လိုက်ပြီး တဖြန်းဖြန်းခါပစ်လိုက်တယ်။

''အင့်.....''

''ချစ်ဖို့ကောင်းလိုက်တာ၊ ညီမလေးကို ချစ်တယ်၊ သိပ်ချစ်တယ်ကွယ်''

လှစောသိန်း ကမ္ဘာကြီးပျက်ပါပြီ။ ထွန်းလှိုင်ဆိုသူမှာ မိမိဆင်ထားတဲ့ ထောင်ချောက်ထဲသို့ ဝင်ခဲ့ပြီမို့ ပြေးဝင်ပွေ့ဖက်လိုက်ရာ နှစ်ယောက်စလုံး အိပ်ရာပေါ်သို့ ထွေးလုံးရင်း ရောက်သွားကြတယ်။ အဆိုးဆုံးက လှစောသိန်းရဲ့ ကိုယ်လုံးလှလှ၊ ဖွံ့ဖွံ့ထွားထွားပေါ်တွင် ဘာအဝတ်အစားမျှမရှိ။ လှစောသိန်းမှာ အိပ်ခန်းထဲသို့ အလျင်စလို ပြေးဝင်သွားစဉ် တံခါးကို ပိတ်မထားခဲ့ရသည်ကို ခုမှသတိပြုမိလိုက်တယ်။ မိုးကလည်း ရွာပဲရွာနိုင်လွန်းတယ်။ ဘာများတတ်နိုင်ဦးမှာလဲ။ သွေးသားဆူဖြိုးပြီး လှချင်တိုင်းလှနေတဲ့ လှစောသိန်းရဲ့ မျက်လုံးအစုံက ခပ်မှုန်မှုန်းညည်းသံလေးနဲ့အတူ မှေးစင်းသွားရှာပြီလေ။



မိုးသားကောင်းကင်ထက်က မိုးခြိမ်းသံကြီးတစ်ချက်ဟာ လှစောသိန်းရဲ့ ဘဝအလှည့်အပြောင်း ခေါင်းလောင်းသံကြီးဆိုတာ ကာမဂုဏ်နွံအိုင်ကြောမှာ နစ်မျောနေတဲ့ လှစောသိန်းတစ်ယောက် မသိခဲ့ပါလေ။

+++

လှစောသိန်းရဲ့ လင်လွှမ်းနာ အပူခန်းမှာ ဖြေသိမ့်စရာအဖြစ် ကြာကူလီတစ်ကောင် ပန်းဆက်ဖို့ ပုံမှန်ရောက်နေခဲ့လေပေါ့။ ဖသသရဲ့အပြင်းစားရိုက်ချက်အောက်မှာ ဖြေဖျော်မှုပစ္စည်းတစ်ခု ဖြစ်ရုံမက စွဲလမ်းမှုတဏှာကပါ ထက်ကြပ်မကွာလိုက်ပါလာတော့တယ်။ မှားယွင်းနေမှန်းသိလျက်နဲ့ စွဲလမ်းရခြင်းအကြောင်းတရားက စာရိတ္တပိုင်းရဲ့ အနက်

www.burmeseclassic.com

www.burmeseclassic.com

**အိမ်ထောင်ရေးစည်းဖောက်ပြီး စာရိတ္တပျောက်မှုကား အိမ်ထောင်ရေးဘဝ သာယာမှုကင်းပြီး လောကအလယ် ရှက်စဖွယ်ဘဝရောက်ရရုံမက အပါယ်ငရဲတံခါးက အဆင်သင့် ကြိုလင့်ပြီးသား ဖြစ်ပေမည်ကား ကေန်မလွဲပေ ...**

ရောင် ကြက်ခြေခတ်ပဲလေ။ တိုက်စားဖန်များတော့ ပြိုပျက်လာတဲ့ အလှပျက် မြစ်ကမ်းပါးလို လှစောသိန်းအတွက် စာရိတ္တက ယိုယွင်းခြင်းမက ယိုယွင်းလာတယ်။

ဇနီးမယားတစ်ယောက်ဟာ မိမိရဲ့ လင်ယောကျ်ားမှတစ်ပါး အခြားသော ယောကျ်ားတို့အား စိတ်ဖြင့်ပင် မပြစ်မှားအပ်ပါဘူး။

**"အဆင်းဥစ္စာ၊ ဆွေညာသားလျှ ကျင့်သီလ၊ မိန်းမအားငါးတွေ"။**

ရုပ်ဆင်းအင်္ဂါလှပခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း၊ ဆွေမျိုးဉာတိပေါများခြင်း၊ သားလှရတနာ၊ သမီးလှရတနာများ မွေးဖွားထားခြင်းစတဲ့ ဂုဏ်အင်္ဂါတွေနဲ့ ထုံမွမ်းနေပစေ၊ ကိုယ်ကျင့်တရား ဖောက်ပြားလျှင်ကား လူ့ဘဝဟာ ဘာမျှတန်ဖိုးမရှိတော့ပေ။ အလုံးစုံကျဆုံးခြင်းပင်ဖြစ်ပါတော့တယ်။ အိမ်ထောင်ရေးစည်းဖောက်ပြီး စာရိတ္တပျောက်မှုကား အိမ်ထောင်ရေးဘဝ သာယာမှုကင်းပြီး လောကအလယ် ရှက်စဖွယ်ဘဝရောက်ရရုံမက အပါယ်ငရဲတံခါးက အဆင်သင့် ကြိုလင့်ပြီးသား ဖြစ်ပေမည်ကားကေန်မလွဲပေ။ အမျိုးသမီးတွေအတွက် ကိုယ်ကျင့်တရားရောင်ခြည်လင်းဖို့ လမ်းပြအလင်းရောင် သတိဆောင်ရန် အချက်ပေးခေါင်းလောင်းသံလေးပါခင်ဗျ။

သွေးသားဆူဖြိုးပြီး လှချင်တိုင်းလှနေတဲ့ လှစောသိန်းတစ်ယောက်ကတော့ အိမ်ထောင်ရေးစည်းရိုးကျော်တဲ့ နွားမတစ်ကောင်အဖြစ် ပတ်ဝန်းကျင်တံတွေးခွက်မှာ ပက်လက်မျောချေပါရော့လား။

+++

ရဲအရာရှိ ဦးတင်နွယ်တစ်ယောက် အမှုရင်ဆိုင်ပြီးတဲ့အချိန်မှာ ပြစ်မှုမထင်ရှားတာနဲ့ ပြစ်မှုဒဏ်မခံခဲ့ရပါဘူး။ ဒါပေမဲ့ မျိုထားမတတ်ချစ်ခဲ့ရတဲ့ အိမ်ထောင်ဦးဇနီးမယား အချောအလှကတော့ သူ့လမ်းသူ ရွေးလို့ လွင့်ချင်ရာ လွင့်လေခဲ့ပေါ့လေ။ ကိုယ့်ရပ်ကိုယ့်ရွာသို့လည်း ပြန်မရောက်၊ ကျောက်ဖြူမြေမှာလည်းမရှိ။ နွေရွက်ဝါလေးလို လွင့်သွားခဲ့တာ ဒီနေ့အထိပါပဲ။ ဘယ်နေရာလွင့်လို့ ဘယ်သောင်ကမ်းဆိုက်လေမလဲ။

ခုဆို သူလေလွင့်ထွက်ခွာသွားတာ နှစ်ပေါင်း (၄၀)လောက်တော့ ရှိရောပေါ့။ သူမအသက်ကလည်း မသေမပျောက်ရှိသေးရင် (၇၀) ကျော်လောက်တော့ ရှိရော့မယ်။ သူမရဲ့ ကာမဂုဏ်လွန်ကဲမှု စိတ်အစဉ်ဟာ ကျက်သရေရှိလှတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို မိန်းမပျက်တစ်ယောက်အဖြစ်နဲ့ လူမှုဘဝယဉ်ကျေးမှုနယ်ပယ်ရဲ့ အပြင်ဘက်ကို ရောက်စေခဲ့တာပါပဲ။

ဒီနေရာမယ် မေးစရာရှိပါတယ်။ ရဲအရာရှိအနေနဲ့ အချုပ်အနှောင်ကလွတ်လာတော့ သူ့မိန်းမကိစ္စနဲ့ပတ်သက်တဲ့ကောင်ကို အရေးယူမှုတွေ မလုပ်ဘူးလားဆိုတာပါပဲ။

ရဲအရာရှိက ရှင်းပါတယ်။ အဲဒီအမျိုးသမီးကို ဘယ်သူမှ မုဒိမ်းကျင့်တာမဟုတ်ဘူး။ သူ့အလိုတူ သွေးသားဆန္ဒ ဖြေဖျောက်တာပဲ။ သူတို့ချင်း ကျေကျေနပ်နပ် မိုက်တွင်းနက်ခဲ့ကြတာပဲ။ သူ့မိုက်ပြစ်ကို ဘယ်သူမှ အပြစ်ပေးစရာမလိုဘူး။ သူ့ဘဝသူ ကြက်ခြေခတ်လို့ မြို့ရပ်ထွက်သွားခဲ့ပြီလေ။

"ကိုယ်ကျင့်တရား ပိုးကိုက်၊ လောက်ထွင်းထားတဲ့ မိန်းမယုတ်ဟာ ကျုပ်လိုအရာရှိရဲ့ ကတော်မခံထိုက်လို့ သူနဲ့တန်တဲ့လမ်း သူရွေးသွားတာပဲ၊ အပူကြိုက်တဲ့ပန်းမိုက် မီးလောင်တိုက်ထဲ လွင့်မျောစေ"

ရဲအရာရှိရဲ့အသံက ပြတ်သား လှတယ်။

ကျွန်းစဉ့်မြေစောက်

www.burmeseclassic.com

# ထက်ထက်



ဟာသများ

## တို…တို…တို



အဘိုးအိုတစ်ဦးသည် မြို့ရှိ တူဖြစ်သူအိမ်သို့ အလည်ရောက်လာ၏။

**တူဖြစ်သူ။** ။ ဟော့.....ဦးကြီးလာတယ်ကွ၊ ထွက်ခဲ့ကြပါဦး။

ပထမဆုံးအမျိုးသမီးက ဒူးအောက်စကတ်တိုနောက်ကွဲနှင့် ထွက်လာ၏။ အဘိုးအိုမှာ အံ့သြသွားတော့သည်။

**တူဖြစ်သူ။** ။ သူက ဦးကြီးတူမ၊ ကျွန်တော့်မိန်းမလေဗျာ၊ နောက်ကကျွန်တော့်သမီးကြီးပေါ့၊ သူ့နောက်က.....

ဘောင်းဘီတိုနှင့် သမီးကြီးအား တွေ့ရသည့်နောက်.....

**အဘိုးအို။** ။ တော်ပါတော့ကွယ်၊ နောက်တစ်ယောက်မြင်ရင် ပိုတိုလာလိမ့်မယ်၊ မပြပါနဲ့တော့။

အဘိုးအိုက တားလိုက်ရတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# အမြန်ခုတ်ပစ်လိုက်

အညာသို့ ညော့်သည်အဖြစ်ရောက်လာသော အမျိုးသားကြီးသည် ထမင်းဝိုင်းသို့ရောက်တိုင်း.....

**ညော့်သည်။** ။ ဒီနေ့လည်း မန်ကျည်းရွက်သုပ်ပဲလားဟေ့။

**အိမ်ရှင်။** ။ မဟုတ်ဘူးရှင့်၊ မန်ကျည်းရွက်ချဉ်ရည်ပါ၊ ငါးနဲ့ချက်ထားတာလေ။

**ညော့်သည်။** ။ ကောင်းတယ်ကွာ၊ တမာမီးဖုတ်လေးနဲ့ဆိုတော့ မြိန်တာပေါ့။

နောက်တစ်နေ့တွင်လည်း.....

**ညော့်သည်။** ။ ဒီနေ့ရော ဘာဟင်းလဲကွဲ့။

**အိမ်ရှင်။** ။ မန်ကျည်းရွက်ချဉ်ရည်နဲ့ငါးကြော်ပါရှင်၊ တမာချဉ်လည်းပါတယ်။

ညော့်သည်မှာ မျက်နှာရှုံ့မဲ့သွားကာ အားနာနာနှင့်စားနေလိုက်၏။ နောက်နေ့တွင်တော့.....

**အိမ်ရှင်။** ။ မန်ကျည်းရွက်နဲ့ ဖရစ်ဖူးချဉ်ရည်ပါ၊ ငါးခေါင်းနဲ့ချက်ထားပါတယ်ရှင်။

ညော့်သည်လည်း အားမနာနိုင်တော့ပေ။

**ညော့်သည်။** ။ ညည်းတို့အိမ်က မန်ကျည်းပင်နဲ့ တမာပင်ကြီးကို ခုတ်လိုက်ပါတော့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



# ကြောက်ပါပြီ



အဖော်မပါလျှင် ခရီးမသွားတတ်သော အပျိုကြီး တစ်ယောက်သည် ဘုရားဖူးထွက်လာသည့်နောက် မိန်းကလေးတစ်ယောက်အား အဖော်ခေါ်လာ၏။

**ခရီးဖော်။** ။ အပျိုကြီးတို့များ ဘော်ဒီဂတ်ပါမှ လမ်းထွက်တတ်သကိုး။

**အပျိုကြီး။** ။ ဩော်.....ကိုယ့်အတွက် လက်တို လက်တောင်းခိုင်းလို့ရတာပေါ့ရှင်။

သို့သော် အပျိုကြီးသည် မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်ရတော့၏။

**မိန်းကလေး။** ။ ကြီးကြီး သမီးက စောစောဆာ တတ်လို့ပါနော်။

ထမင်းဆိုင်တွင်နားသည့်နောက် ဟင်းကောင်းနှင့် သာစား၏။ ခေါင်းမူးလိုက်၊ အော့အန်လိုက်နှင့် အပျိုကြီးလည်း စိတ်ညစ်သွားသည်။ သည်တော့ ခရီးဖော်များက အပျိုကြီးကို သရော်ကြတော့၏။

**ခရီးဖော်။** ။ ရှင်က ရှင့်ကိုပြုစုဖို့ အဖော်ခေါ်လာတယ်၊ အခုတော့ခေါ်လာတဲ့အဖော်ကို ပြန်ပြုစုတော့နော်။

အပျိုကြီးလည်း ကိုယ့်အပြစ်နှင့်ကိုယ် ငြိမ်နေလိုက်ရတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# မှားသွားလို့ပါ

ခွေးချစ်တတ်သူ အမျိုးသမီးသည် ခရီးထွက်လာသည့်နောက် သူမ၏ခွေးလေးအား ထားရစ်ခဲ့ရ၏။ သို့သော် အိမ်မွေးအလှခွေးလေးများကိုမြင်တိုင်း.....

**အမျိုးသမီး။** ။ မေ့သားလေးကို သတိရလိုက်တာနော်။

အနားတွင်ထိုင်နေသော အဘိုးအိုတစ်ဦးက ခေါင်းတညိတ်ညိတ်ဖြင့်.....

**အဘိုးအို။** ။ ဩော်.....သားသမီးကို သတိရတတ်တာ မိဘတိုင်းရဲ့ သံယောဇဉ်ပါလား။

**အမျိုးသမီး။** ။ အဘက ဘာတွေပြောနေတာလဲရှင့်၊ ကျွန်မ သတိရတာက ကျွန်မရဲ့ခွေးလေးကိုပါနော်၊ နောက်ပြီး ကျွန်မက အပျိုကြီးရှင့်။



ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

သူနှင့်ကျွန်မတို့ ဆုံစည်းခါစက အဆင်မပြေမှုနှင့် စတင်ခဲ့ခြင်းဖြစ်သည်။ ပန်းဆိုးတန်းသို့အသွား ဘတ်စ်ကားပေါ်မှအဆင်းတွင် ကျွန်မနောက်မှ ဒရောသောပါးပြေးဆင်းလာသူက ကျွန်မအား တိုးဝှေ့ပြေးဆင်းသွား၍ ကျွန်မမှာ လိမ့်မကျစေရန် မနည်းထိန်းခဲ့ရသည်။

"ရှင် တော်တော်ဆိုးပါလား"

ထိုသူမှာ လက်လေးကာပြကာ တောင်းပန်တိုးလျှိုးသော မျက်ဝန်းလေးဖြင့် ကားပေါ်မှပြေးဆင်းသွားသည်။ နောက်တစ်ပတ်ခန့်အကြာ ကျွန်မ ရုံးသို့အသွား ထော်လီကွေ့ဂိတ်၌ သူနှင့်ပြန်ဆုံသည်။

"ဩော်.....ရှင်ကိုး"

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ရှေ့ကလူကိုမီဖို့ အတင်းဆင်းလိုက်ရလို့ မမကို တိုက်မိသွားတာပါ၊ ခွင့်လွှတ်ပါ၊ အခုကားတက်ရင် မမရဲ့ထမင်းချိုင့်ပေးထားလေ၊ ကျွန်တော် ယူခဲ့ပေးပါ့မယ်"

"အမယ်လေး...ထမင်းဝတ်နေပါဦးမယ်ကွယ်"

ကျွန်မမှာ ထိုသူအား မျက်စောင်းခဲကာ မဲ့ရွဲ့၍ပြောပစ်လိုက်သည်။

"ဟော.....ကားလာပြီ"

"တက်.....မမ အရင်တက်၊ ပေး....ပေး ထမင်းချိုင့်"

ထိုသူမှာ လက်ထဲမှထမင်းချိုင့်ကို အတင်းယူရင်း ကျွန်မအား ကားပေါ်အရင်တက်စေသည်။ နောက်မှ ကပ်၍တက်လာပြီး ထိုင်ခုံအလွတ်တစ်ခုကို အလျင်ဦးအောင် ပြေးထိုင်လိုက်ပြီး ကျွန်မအားခေါ်ကာ ထိုင်စေခဲ့သည်။

"မမ.....လာ.....ဒီမှာထိုင်"

ထိုင်ခုံပေးပြီး သူက ထမင်းချိုင့်ကို လက်တစ်ဖက်မှဆွဲကာ လက်တစ်ဖက်က အပေါ်တန်းကို ဆွဲကိုင်ထားလျက် ရပ်နေရှာသည်။

ကျွန်မမှာ ထိုသူအားကြည့်၍ ကျေးဇူးတင်မိသလိုလို ဖြစ်သွားသည်။ လူကလည်း ကျပ်ချိန်ဖြစ်၍ တစ်ဦးနှင့်တစ်ဦးကပ်နေကာ ပူးပူးကျပ်ကျပ် စီးနေရသည်။

"မမ ပန်းဆိုးတန်းပဲလား"

"အင်း"

ကျွန်မကတိုတိုတုတ်တုတ်သာ ဖြေလိုက်ပြီး ကားရှေ့ကိုသာ ကြည့်နေမိသည်။ ပန်းဆိုးတန်းဂိတ်သို့ ရောက်သော် သူက လမ်းဖယ်လိုက်ပြီး ထမင်းချိုင့်လေးကို လှမ်းပေးလိုက်သည်။

သူ့အပြုံးက ရှင်းသန့်လှသည်။ စူးရှသော မျက်ဝန်းအစုံက ကျွန်မကို ခွင့်လွှတ်နိုင်စေရန် ဆုတောင်းနေပုံရသည်။ နှုတ်ခမ်းထူထူလေးကို စေ့စေ့လေးပြုံးကာ နှုတ်ဆက်ရင်း ကားပေါ်သို့ ဆက်လက်ပါသွားသည်။

ဘဏ်လမ်းရှိ -----ရုံးသို့အရောက် ကျွန်မမှာ အမှုသည်များနှင့် စကားပြောရင်း သူ့ကိုမေ့သွားသည်။ နောက်တစ်နေ့ ရုံးအဆင်းတွင် ကျွန်မတက်နေကျ ပန်းဆိုးတန်းအပြန်ဂိတ်၌ ဆုံစည်းပြန်သည်။

"မမ ပေးလေ၊ မမချိုင့်ကြီး"

ထမင်းချိုင့်ကိုပြေးဆွဲ၍ အပြုံးလေးနှင့် လာကြိုဟန်မှာ ကျွန်မ၏ မောင်ငယ်လေး ထူးကိုပင် ပြန်၍ သတိရမိစေသည်။

"ဟော.....မင်းပါလား၊ ဘာလာလုပ်တာလဲ"

ကျွန်မက ခပ်ပြတ်ပြတ်မေးလိုက်သည်။

"ကျွန်တော်က အလည်သက်သက်ပဲ ပြောရလေမလား၊ ရှာပုံတော်လို့ပဲ ပြောရလေမလားပဲ"

"မင်းက ရှာပုံတော်လုပ်နေတာဆိုတော့ ဘယ်သူ့ကိုရှာနေတာလဲ"

"အဖေ့ကိုပါ"

"ဟင်.....ဘာ.....ဘယ်လို"

ကောင်လေးမှာ ငိုမယောင်မျက်နှာလေးနှင့် မြေကြီးကိုငုံ့ကြည့်လျက် ငြိမ်နေရာ ကျွန်မမှာ သနားစဖွယ် နုနုငယ်ငယ်မျက်နှာလေးအား စိုက်ကြည့်နေမိသည်။

ကောင်လေးက ခေါင်းပြန်မော့လာရာ စိုက်ကြည့်နေသော ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com





မမရဲ့
နလုံးသားထဲမှာ
မင်းရဲ့ရုပ်သွင်၊
မင်းရဲ့အပြုအမူနဲ့
စကားသံတွေပဲ
လွှမ်းမိုးနေတယ်၊
မမလေ
မင်းကိုချစ်မိနေပြီလို့
ပြောလိုက်ချင်ပါဘိ
...

အားတွေ့သွား၍ ပြုံးပြုံးကြီးလုပ်ကာ ပြုံးထော့ထော့လေးဖြင့် ကျွန်မအားပြန်၍ စူးစူးရှရှကြည့်နေရာ အပျိုကြီးဖြစ်သူ ကျွန်မမှာ ရှုံးတိုးရှုံ့တွန့်ဖြစ်သွားမိသည်။

"မမရယ် ကျွန်တော်က အဖေပျောက်ကို လိုက်ရှာနေသူပါ၊ အဖေနဲ့အမေကွဲပြီး အမေဆုံးတယ်၊ တစ်ကောင်ကြွက်ဘဝနဲ့ လူ့ပြည်မှာရှိနေသေးတဲ့ အဖေ့ကိုလိုက်ရှာတယ်၊ ရန်ကုန်မှာရောက်နေတယ်ကြားလို့ ရန်ကုန်မှာ အလုပ်လုပ်ရင်း အဖေ့ကို အမြဲရှာနေမိတယ်"

"ဩော်...မင်းကလည်းကွာ၊ နေရပ်လိပ်စာ အပြည့်အစုံမသိဘဲ ရန်ကုန်မြို့ကြီးမှာ ဘယ်လိုရှာလို့ရမလဲ"

"တွေ့လိုတွေ့ငြားပေါ့ မမရာ"

အသံလေးက တိုးဝင်သွားပုံကြောင့် အပျိုကြီးရေ့နေမဖြစ်သော ကျွန်မမှာ သနားသွားမိသည်။

"ကားလာပြီ မမ"

ကားပေါ်သို့အတက်တွင် ကျွန်မ၏ လက်ဖဝါးနုနုလေးကိုဆွဲကာ အသာအယာ ဖေးမတင်ပေးပြီး ထမင်းချိုင့်လေးကို အောက်မှ ကားပေါ်သို့ လှမ်းပေးလိုက်သည်။

"သွားတော့နော် မမ"

✦ ✦ ✦

ကားအောက်မှ လက်ကာလေးပြကာ ပြုံးပြုံးရွှင်ရွှင်လေး နှုတ်ဆက်သွားသော ကောင်လေးကို ရှေ့နေမကြီးခမျာ လည်တပြန်ပြန်နှင့်ကြည့်နေမိသည်။

ရှေ့နေအပျိုကြီးမမ ထားခင်ခင်မှာ အမည်မသိရသေးသော ကောင်လေးကို သတိရနေမိ၏။ ဖြူဖြူသွယ်သွယ်နှင့် အသက်နှစ်ဆယ်ခန့်၊ နုနုငယ်ငယ် အပြုံးရှင်ကောင်လေး၏မျက်လုံး၊ သူ့အပြုံးများ၏ ရစ်ပတ်ချည်နှောင်ခြင်း ခံထားရမှုကြောင့် ထားခင်ခင်၏ ရပ်တန့်နေသော နှလုံးသားများ နိုးထခံစားလာမိသည်။ မျက်ဝန်းလှလှလေးနှင့် ဆွဲဆောင်မှုရှိသော ကောင်လေးကို ရှာပုံတော်လေးဟု ရင်၌ အသိ

www.burmeseclassic.com

အမှတ်ပြုရင်း ကရုဏာသက်နေမိသည်။

သူဘာယ်မှာအလုပ်လုပ်သည်၊ သူ့ပညာအရည်အချင်း၊ သူ့မိဘအသိုင်းအဝိုင်း ဘာမျှမသိမီ သူ့ကို စိတ်ဝင်စား၍ သနားနေမိသည်။

သူမ၏ဘဝနှင့် နှိုင်းယှဉ်၍ ကိုယ်ချင်းစာမိသည်။ အဖေနှင့်အမေ ဆုံးပြီး မောင်နှမနှစ်ဦးသာကျန်ခဲ့သော ထားခင်ခင်မှာ မောင်လေး ငထူးကိုသာ သံယောဇဉ်ပိုခဲ့သည်။

အစ်မနှင့်မောင်လေးတို့မှာ မှီခိုရာအချင်းချင်းမို့ မခွဲနိုင်၊ မခွာရက် ဖြစ်သည့်ကြားက ငထူးလေး B.E ဘွဲ့ရပြီး စင်ကာပူသို့ ပို့ခဲ့ရပြန်သည်။

အစ်မဖြစ်သူ ထားခင်ခင်မှာ တောမှအဒေါ်ဝမ်းကွဲအပျိုကြီးကို အဖော်လုပ်ကာ မြန်မာပြည်၌ တစ်ဦးတည်းကျန်ရစ်ခဲ့ရသည်။

မောင်လေးကိုလွမ်းမိတိုင်း ရွှေတိဂုံဘုရားသို့သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ဆုတောင်းလေ့ရှိသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် အတွေးထဲ၌နစ်မြုပ်နေစဉ် ခေါ်သံကိုကြားလိုက်ရသည်။

"မမ"

"ဟင်..ရှာပုံတော်ကြီးပါလား"

"လုပ်ပြီ၊ မမရောတစ်ယောက်တည်းလား"

"အဒေါ်ပါတယ်၊ တနင်္ဂနွေထောင့်မှာ ပုတီးစိပ်နေလေရဲ့"

"မမရဲ့မွေးနေ့မို့ ဘုရားလာတာလား"

"ဩော်....မောင်လေးရဲ့မွေးနေ့ဖြစ်တဲ့ တနင်္ဂနွေနေ့ ရုံးပိတ်ရက်တိုင်း အလုပ်အနားရလို့ ဘုရားကို လာကြတာပေါ့"

"ဩော်.....ဩော်"

ထိုသို့ပြန်ပြောရင်း စနေထောင့်၌ ထားခင်ခင်တစ်ယောက် ရေချမ်းကပ်ပြီး ဘုရားတွင်ဆုတောင်းနေစဉ် ရှာပုံတော်ကောင်လေးမှာ သူမ၏နံဘေးတွင်ထိုင်ချပြီး အတူတူဦးချနေခဲ့သည်။

ဘုရားရှိခိုးပြီးချိန်၌ ထားခင်ခင်ကိုလှည့်ကြည့်ရင်း မေးသည်။

"မမ....."

"ဟင်....."

"ဟို...မမက အဒေါ်ပဲခေါ်လာတော့ ချစ်သူတွေဘာတွေနဲ့ မလာဖူးဘူးလားဟင်"

"ဟဲ့..တောက်တီးတောက်တဲ့၊ ချစ်သူဆိုလို့ မူးလို့တောင် ရှူစရာမရှိပါဘူးဟဲ့"

"ဒီလောက်လှတဲ့ မမရှေ့နေကြီးမှာ ချစ်သူမရှိတာ နမြောလိုက်တာဗျာ"

"ဟာ...ဒီကောင်လေး၊ ပေါက်တတ်ကရတွေ ပြောနေပြန်ပြီ"

အပြစ်တင်ခံရသည့်တိုင် ကောင်လေးက အပြုံးမပျက်ပေ။

"မင်းရော ဘုရားမှာ ဘာလာလုပ်တာလဲ"

"ဟိုဗျာ အဖေ့များ တွေ့လေမလားလို့"

ထားခင်ခင်မှာ ကောင်လေးကို ကြည့်ရင်း စိတ်ထိခိုက်သွားရပြန်သည်။ ကောင်လေးမှာ ကြမ်းပြင်မှကျောက်ပြားကို လက်နှင့်ခြစ်ရင်း ခေါင်းငုံ့နေရှာသည်။ သို့သော် ပြုံးနေဟန်တူသည်။

သို့ဖြင့် တနင်္ဂနွေနေ့တိုင်း ရှာပုံတော်ကောင်လေးနှင့် အပျိုကြီးထားခင်ခင်တို့ ခဏခဏဆုံရာမှ နောက်ပိုင်းကာလတွင် ရှာပုံတော်ကောင်လေးမှာ ထားခင်ခင်၏ အဖော်ဖြစ်လာတော့သည်။

"မမဘေးမှာလိုက်ရတာ ဂုဏ်ရှိသလိုပဲ"

ကောင်လေးမှာ လှလွန်းသော ထားခင်ခင်၏မျက်နှာ ဝင်းပပလေးအားကြည့်ရင်း ပြောနေပုံကြောင့် ထားခင်ခင်မှာ ကောင်လေးအား စေ့စေ့ကြည့်မိပြန်သည်။

"မင်းဟာလေ နားလည်ဖို့ခက်တဲ့ကောင်လေးပဲ"

"မမရယ် အဲဒီလို နားမလည်တာပဲ ကောင်းပါတယ်၊ တစ်ခါတစ်ခါ ကျွန်တော့်ကိုယ်ကျွန်တော်လည်း နားမလည်နိုင်ဘူး၊ မမနဲ့ဆုံစည်းမိမှ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ဆန်းစစ်နေမိတယ်"

✦ ✦ ✦

လူတို့မည်သည် ရင်းနှီးမှုအတိုင်းအတာလွန်ကဲလျှင် စိတ်ဖောက်ပြန်တတ်သည်။ အထူးသဖြင့် လှသောမိန်းမတစ်ဦးနှင့် အနီးကပ်နေခွင့်ရလာသော ကောင်လေးအတွက် စက္ကန့်တိုင်းက ချိုမြိန်နေတတ်သည်။

ထို့အတူ နုနုငယ်ငယ် လူပျိုလူလွတ် လူခံ့ညားတစ်ဦးက အနီး

www.burmeseclassic.com



ကပ်လိုက်ပါ၍ အပျော်ပွဲ့မှုများ ပေးနေခဲ့၍ ထားခင်ခင်မှာ ကျေနပ်နေမိ၏။

ထိုသို့သော နူးညံ့သိမ်မွေ့သည့် သံယောဇဉ်တရားများကို လက်တွေ့ခံစားနေရသော အပျိုကြီးမှာလည်း ရင်ခုန်လိုက်မောလာလေ့ရှိသည်။ ဤသည်မှာ ကျား၊ မတို့ သဘာဝပင်ဖြစ်သည်။

သို့သော် ပညာနှင့်အသက်အရွယ်က ထားခင်ခင်၏ စိတ်ဆန္ဒကို ထိန်းချုပ်ထားသကဲ့သို့ ဘဝအဆင့်အတန်း မတူညီမှုက ကောင်လေးကို ထိန်းချုပ်ထားသည်။

သူတို့နှစ်ဦးမှာ ချစ်သူများဟု ဖွင့်ဟပြောဆို၍မရသော်လည်း သူတို့နှစ်ဦး၏ မျက်ဝန်း၊ သူတို့၏ခံစားမှု၊ အပြုအမူလေးများက ချစ်သူများ သဖွယ် သိမ်မွေ့လာကြသည်။

"ကောင်လေး"

"ဗျာ.....မမ"

"မနက်ဖြန် မမမွေးနေ့"

"ဟင်.....ဟုတ်လား၊ ဒါဆို မမကို လက်ဆောင်ပေးရဦးမယ်"

ထိုသို့ပြောပြီး နံနက်စောစော အချိန် လက်ဖက်ရည်ဆိုင်၌ နှစ်ဦးသားထိုင်သောက်ရင်း ရုတ်တရက် ထွက်သွားသော ကောင်လေးကို ထားခင်ခင်မှာ အငေးသားကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ထိုနေ့က တစ်နေ့လုံး ပေါ် မလာချေ။ နောက်တစ်နေ့နံနက် ၉ နာရီခန့်တွင် သူမထံ ပြန်ရောက်လာခဲ့သည်။ ထိုနေ့က သူမသည် နေအိမ်၌ရှိနေချိန်ဖြစ်သည်။

"မမအိမ်လိပ်စာကို မေးပြီး လာတာလေ၊ ရှေ့နေတစ်ဦးက ညွှန် လိုက်တာဗျ"

"ကဲ..ကဲ ထိုင်ပါ ကိုယ်တော် လေး"

ထားခင်ခင်နှင့် ကောင်လေးတို့မှာ ရင်းနှီးပွင့်လင်းလာ၍ တစ်ဦး အပေါ်တစ်ဦး သံယောဇဉ်ထားမိကြသည်။ ကောင်လေး နေအိမ်သို့လာသည်ကိုပင် ထားခင်ခင်က အပြစ် မတင်ဘဲ ကြည်နူးဝမ်းသာနေမိသည်။

မကောင်းမှုမှ
ရရှိသော
လက်ဆောင်ကို
လွှင့်ပစ်ခဲ့သော်လည်း
နလုံးသားကို
ကိုင်လှုပ်နိုင်သည့်
ကောင်လေး
ပြန်ရောက်လာချိန်တွင်
...



www.burmeseclassic.com

www.burmeseclassic.com

"မမ.....ရော့၊ မမအတွက် မွေးနေ့လက်ဆောင်"

"ဟယ်.....နာရီလေးပါလား"

ဘူးလေးတစ်လုံးအတွင်း နာရီလေးတစ်လုံးကို ဖဲပြားပန်းရောင်လေးချည်ကာ ကောင်လေးက ထားခင်ခင်ကို ပေးလိုက်သည်။ အပျိုကြီး ထားခင်ခင်မှာ နာရီလေးကို ကိုင်ထားရင်း ကောင်လေးကို လှပစွာ ပြုံးပြလိုက်၏။

"ဟယ်.....ကောင်လေးရယ် ပိုက်ဆံကုန်အောင် ဘာဖြစ်လို့ဝယ်လာရတာလဲကွယ်၊ ဘာမှမပေးလည်း ရပါတယ်"

"အိုဗျာ.....ဒီထက်မက တန်ဖိုးကြီးကြီးကို ပေးချင်တာဗျ။ ဥပမာ အသည်းတို့၊ နှလုံးတို့ပဲ ပေးရပေးရဗျာ"

ကောင်လေး၏နှုတ်မှ ဖွင့်ဟလာသော အမှတ်မထင်စကားလေးကြောင့် ထားခင်ခင်၏ရင်ကို တုန်ခါစေခဲ့သည်။ ထိုနေ့က ဘုရားဖူး အတူထွက်ခဲ့ကြသည်။ ယှဉ်တွဲသွားလာရ၍ အထိအတွေ့များက ရင်ကို သိမ့်သိမ့်တုန်စေခဲ့သည်။ အနီးကပ်ထိတွေ့သွားလာနေရသောကြောင့် ထားခင်ခင်၏နှလုံးသားများသည် ထိန်းချုပ်မရအောင် လှုပ်ရှားနေခဲ့သည်။

ထိုနေ့ညက အိပ်ရာထဲဝင်ခဲ့သော်လည်း ချက်ချင်းအိပ်၍မရခဲ့။ အိပ်ရာထဲလှဲရင်း အသည်း၌ငြိတွယ်နေသော ရှာပုံတော်ကောင်လေး၏ပုံရိပ်များကို ပြန်လည်စဉ်းစားကြည့်နေခဲ့မိသည်။ ကောင်လေး၏အပြုံးဝင့်သော ပုံရိပ်များက သူမ၏မျက်ဝန်းထဲတွင် အချိန်ပြည့်နေရာယူထားခဲ့သည်။

တစ်ဦးကိုတစ်ဦး သံယောဇဉ်ဖြစ်နေမိရာမှ ကောင်လေးမှာ ရုတ်တရက်ပျောက်ကွယ်နေခဲ့သည်။ စုံစမ်းရှာဖွေသော်လည်း မတွေ့ရပေ။

ဤသို့ဖြင့် ထားခင်ခင်နှင့် ကောင်လေးတို့ မဆုံဖြစ်သည်မှာ သုံးလခန့်ရှိပြီဖြစ်သည်။ ကောင်လေးမလာသောရက်များ၌ ထားခင်ခင်မှာ အိမ်ရှေ့သို့ လည်တဆန့်ဆန့်ဖြင့် မျှော်ကြည့်နေမိသည်။ ဘတ်စ်ကားဂိတ်တိုင်း၌လည်း ရှာကြည့်မိသည်။ လွမ်းသလိုလိုနှင့် ငိုချင်စိတ်များ ဖြစ်လာမိသည်။

"ဘယ်သွားနေလဲ မောင်လေးရယ်"

အသံမထွက်ဘဲ တမ်းတမိသည်။

"လွမ်းလိုက်တာ ရှာပုံတော်လေးရယ်"

ရင်ထဲမှ တီးတိုးစကားကိုပြောမိသည်။

ထားခင်ခင်မှာ အနေအထိုင်၊ အမူအရာများပင်ပျက်နေ၍ အဒေါ်ဖြစ်သူက ထားခင်ခင်၏ခံစားချက်ကို ရိပ်မိနေသည်။

"ဟဲ့...ဟိုကောင်လေးလည်း မတွေ့တာကြာပြီနော်"

အဒေါ်ဖြစ်သူကမေးတော့မှ ထားခင်ခင်မှာ ငိုချင်လျက်လက်တို့ဆိုသလို လွမ်းစိတ်ကိုမထိန်းနိုင်၍ မျက်ရည်ဝိုင်းလာမိသည်။

"ကောင်လေးရယ် မမရဲ့နှလုံးသားထဲမှာ မင်းရဲ့ရုပ်သွင်၊ မင်းရဲ့အပြုံအမူနဲ့ စကားသံတွေပဲ လွှမ်းမိုးနေတယ်၊ မမလေ မင်းကိုချစ်မိနေပြီလို့ပြောလိုက်ချင်ပါဘိ ကောင်လေးရယ်"

✦ ✦ ✦

အပျိုကြီးထားခင်ခင်မှာ လွမ်းစိတ်များကို အလုပ်ထဲတွင်မြှုပ်ထားရင်း အလွမ်းကိုဖြေသိမ့်ခဲ့ရသည်။

မကြာခင် ရဲအရာရှိတစ်ဦးနှင့် တွေ့ဆုံရန် ပန်းဘဲတန်း ယာယီရဲအချုပ်ခန်းသို့အရောက် လက်ထိတ်တန်းလန်းနှင့် ရှာပုံတော်ကောင်လေးကို တွေ့လိုက်ရ၍ ထားခင်ခင်မှာ အံ့သြတုန်လှုပ်သွားမိသည်။

ရင်ထဲ၌ 'ကောင်လေး' ဟု အားပါးတရ အော်ခေါ်နေမိသလိုဖြစ်နေစဉ် ကောင်လေးကလည်း 'မမထား' ဟု အားကိုးတကြီးအသံလေးဖြင့် ခေါ်လိုက်သံကို ကြားလိုက်ရ၏။

သို့သော် မည်သူမျှ အသံထွက်၍မခေါ်မိ။ တစ်ဦးနှင့်တစ်ဦး ရင်ထုမနာဖြစ်စွာကြည့်ရင်း ကောင်လေးမှာ အချုပ်ကားပေါ်သို့ လိုက်ပါသွားသည်ကို တွေ့လိုက်ရ၏။

ရဲအရာရှိတစ်ဦးအား ထားခင်ခင်က ကောင်လေးအကြောင်းကို စုံစမ်းမိသည်။

"အဲဒီကောင်လေးက ဘာဖြစ်လို့လဲဟင်"

"ဩော်.....ကားပေါ်ပါသွားတဲ့ တရားခံလား၊ သူက ခါးပိုက်နှိုက်

www.burmeseclassic.com





အကြီးစားလေ၊ နာမည်ကြီးစာရင်းဝင်ပေါ့၊ လက်ပတ်နာရီကိုမှရွေးပြီး လိုင်းကားပေါ်မှာ အမြဲအလစ်သုတ်လေ့ရှိတာ၊ လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ကားပေါ်မှာ အင်းစိန်ပြည်လမ်းမပေါ်မှာ ဘတ်စ်ကားအတွင်း နာရီကိုအဖြုတ် လူတစ်ဦးကမြင်လို့ ဝိုင်းဖမ်းလိုက်တာ နာမည်ကြီးခါးပိုက်နှိုက် စိုးသိမ်းဆိုတဲ့ ကောင်ဖြစ်နေတာပေါ့၊ သူ့ကို တရားရုံးက ထောင်ဒဏ်သုံးနှစ်ချ မှတ်လိုက်ပြီလေ''

''ရှင်.....''

ထားခင်ခင်မှာ ကြားရသည့် သတင်းဆိုးကြောင့် ရင်ထဲတွင်တုန်ခါသွားခဲ့ရ၏။ ရှင်ဟုရေရွတ်ပြီး အနီးရှိ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်ပမာ ထိုင်ချလိုက်ရသည်။

ယင်းနောက် ကားတစ်စီးကိုငှား၍ အိမ်သို့ပြန်လာပြီး အိပ်ရာပေါ်၌ လှဲချကာ ခေါင်းအုံးနှင့်မျက်နှာအပ်၍ ငိုချလိုက်မိသည်။

နောက်တစ်နေ့ ရုံးသို့ရောက်သောအခါ လူတစ်ဦးက စာတစ်စောင်လာပေးသည်။ စာရွက်ခေါက်နွမ်းနွမ်းလေးဖြစ်၍ စိတ်ဝင်တစားနှင့်ကြည့်လိုက်သည်။

**မြတ်နိုးရပါသော မမထား....**

**ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ မပြောတော့ပါဘူး။ မမထားကို တောင်းပန်ပါရစေ၊ မမနဲ့ ကျွန်တော် ဆုံစည်းမိချိန်ကစပြီး ကျွန်တော်ဟာ ကျွန်တော့်ဘဝကို နားလည်လာမိပါတယ်။ ငယ်ငယ်က စာကိုအသေအချာမသင်ခဲ့ဘဲ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား လုပ်ခဲ့မိလို့ ငွေသုံးလိုလာချိန်မှာ ခါးပိုက်နှိုက်ဘဝ ရောက်ခဲ့ရပါတယ်။ ဒါပေမဲ့ မမနဲ့တွေ့ဆုံပြီးနောက်ပိုင်းမှာ မမရဲ့ ကရုဏာစကား၊ မမရဲ့ဆုံးမမှုတွေကြောင့် ကျွန်တော့်ဘဝကိုပြောင်းလဲစေခဲ့ပါတယ်။ လုံးဝရှောင်ကြဉ်တော့မယ်လို့ ဆုံးဖြတ်ချိန် မမထားကို လက်ဆောင်ပေးချင်လွန်းလို့ နာရီလေးတစ်လုံး သွားနှိုက်ခဲ့မိတာပါ၊ နောက်တစ်နေ့ မမကို ကျွေးချင်ပြုံနိုင်တယ်၊ ငွေရပေါက်ရလမ်းလုပ်ရင်း ကျွန်တော် အဖမ်းခံရပါတယ်။ အရင်အမှုတွေနဲ့ပေါင်းပြီး ထောင်သုံးနှစ်ကျခဲ့ပါပြီ။ ထောင်ကထွက်လာရင် မှန်ကန်တဲ့လမ်းပေါ် မှာပဲ လျှောက်မှာပါ။ ကားပေါ်မှာ မနေတော့ပါ။ ကျွန်တော့်မှာ အဖေရှိပါတယ်။ အဖေက လူချမ်းသာပါ၊ မိုက်မဲတဲ့ကျွန်တော့်ကို စွန့်လွှတ်ထားလို့ ဒုစရိုက်လောကထဲ ရောက်နေရတာပါ။ ကျွန်တော်သာ မိုက်ခဲ့သူပါ။ ပြန်လာရင် ကောင်းကောင်းမွန်မွန်နဲ့ ဖိတာတွေကို လုပ်ကျွေးမှာပါ။ မမကို ကျေးဇူးတင်ပါတယ်။ မောင်လေးလို့ဆုံးမခဲ့တာတွေကို မမေ့ပါဘူး။ ယုံပါ မမရယ်၊ မမကို ကျွန်တော် မြတ်နိုးလွန်းလို့ မမရဲ့စကားတွေကို တစ်သဝေမတိမ်း နားထောင်ပါ့မယ်။**

**မမက ပြောခဲ့တယ်လေ။ လူဆိုတာ မိမိကောင်းကျိုးနဲ့ မိမိလူနေမှုအဖွဲ့အစည်းရဲ့ ကောင်းကျိုးတစ်ခုခုကို လုပ်နိုင်မှ လူပီသတယ်ဆိုတာလေ။**

**ကျွန်တော် လူလုပ်ပါတော့မယ်။**

**မမရဲ့**

**ရှားပုံတော်**

ထားခင်ခင်မှာ ထိုစာလေးအား ဖတ်ပြီးမျက်ရည်တစ်စက် ပေါက်ခနဲ ကျခဲ့မိသည်။

အိပ်ခန်းထဲအရောက် အိပ်ရာထက် ခေါင်းအုံးအောက်မှ နာရီလေးကိုယူပြီး ခြံထဲသို့ဆင်းကာ အဝေးသို့ လွှင့်ပစ်လိုက်မိသည်။

မကောင်းမှုမှရရှိသော လက်ဆောင်ကို လွှင့်ပစ်ခဲ့သော်လည်း နှလုံးသားကို ကိုင်လှုပ်နိုင်သည့် ကောင်လေးပြန်ရောက်လာချိန်တွင် မျက်ကွယ်ပြုနိုင်၊ မပြုနိုင် စဉ်းစား၍မရအောင် ဖြစ်နေခဲ့၏။

သင်မျိုး

www.burmeseclassic.com



# အိမ့်(ရှုပဗေဒ)
# မိဘစကား

နွေရက်ရောက်တိုင်း မီမီကျော်က ခရီးထွက်ချင်နေ၏။ သည်နှစ်တွင် အဘိုးဖြစ်သူ ကျန်းမာရေးမကောင်းသဖြင့် သူတို့မိသားစုမှာ ခရီးမထွက်ဖြစ်ချေ။ သို့ပေမယ့်.....

"ဦးမွာတို့နဲ့ မန္တလေးဘုရားဖူးလိုက်ခဲ့ပါလားကွာ၊ ပြင်ဦးလွင်နဲ့ မုံရွာအထိ သွားကြမှာကွ"

"မေမေ့ကိုပြောကြည့်ဦးမယ် ဦးမွာရယ်၊ ရပါ့မလားမသိဘူး"

ခင်ဦးမွာက သူတို့မိသားစုနှင့်လိုက်ရန် ခေါ်သော်လည်း မီမီကျော်မှာ မိဘများက ထည့်မည်မဟုတ်ချေ။ သည်တော့ မပြောဘဲနှင့် အခြေအနေ စောင့်ကြည့်နေလိုက်သည်။ ထိုနေ့ညတွင် အဘိုးအား အထူးကုဆေးရုံသို့ တင်လိုက်ရ၍ အိမ်တွင် မီမီကျော်နှင့် ကြီးကြီးဝင်းတို့သာ ကျန်ရစ်ခဲ့၏။ မိဘများမှာဖြင့် အိမ်နှင့်ဆေးရုံသာ ကူးနေကြတော့သည်။

+++

"ဖြစ်ပါ့မလား မီမီရယ်၊ သမီးရဲ့အမေမေးလာရင် ဘယ်လိုပြောရမလဲ"

"ဦးမွာတို့အမေလာပြောလို့ ထည့်လိုက်ရတယ်ပေါ့ ကြီးကြီးဝင်းရယ်၊ နော်.....နော် မီမီလိုက်သွားမယ်"

ကြီးကြီးဝင်းထံမှ ခေါင်းညိတ်မိ တွင် မီမီကျော်က ကျောပိုးအိတ်လွယ်၍ အဝတ်အိတ်ဆွဲကာ ထွက်သွားတော့၏။ အဝတ်အစားနှင့် အသုံးအဆောင်များမှာ အဆင်သင့်ဖြစ်နေပြီးသားပါ။ လမ်းရောက်မှ ဖုန်းဆက်ကြည့်ရာ.....

"တို့ကားထွက်သွားပြီ မီမီရေ့၊ မန္တလေးမှာ ဆုံကြမယ်၊ မင်း ရရာကားနဲ့သာ လိုက်ခဲ့ပေတော့"

မီမီကျော် စိတ်ညစ်သွားမိ၏။ တစ်ခါမျှ တစ်ယောက်တည်းခရီးမသွားဘူးသည့်အတွက် စိတ်ထဲတွင် ကြောက်လန့်နေသည်။ သို့သော် အဝေးပြေးကားဝင်းဆီသို့ တက္ကစီဖြင့် ထွက်လာခဲ့၏။

+++

"အစ်မ ဘယ်လဲ၊ ဘယ်သွားမှာလဲ၊ လက်မှတ်ဝယ်ပြီးပြီလား"

မီမီကျော်မှာ ဝမ်းသာသွား၏။ မန္တလေးကားဂိတ်တွင် တက္ကစီရပ်သည်နှင့် အပြေးအလွှားလာမေးကြရာ ထိုကောင်လေး၏အကူအညီဖြင့် ထွက်တော့မည့်ကားတွင် လက်မှတ်ရသွားသည်။ အဝေးပြေးခရီးသည်တင်ယာဉ်ကြီးပေါ်သို့ရောက်မှပင် မီမီကျော်တစ်ယောက် စိတ်ချလက်ချဖြစ်သွားရတော့၏။ ကားထွက်သည်နှင့် မီမီကျော်လည်း သက်ပြင်းချနိုင်တော့၏။

+++

"ညီမကတစ်ယောက်တည်းလား"

"ဟုတ်ကဲ့ရှင့်"

သူ့ဘေးမှ အမျိုးသားတစ်ဦးက မီမီကျော်အား တစ်ယောက်တည်းမှန်းသိ၍ မိတ်ဖွဲ့၏။ လမ်းတစ်လျှောက်လုံးတွင် ရင်းနှီးစွာ စကားပြောဆိုလာကြပြီး သူသည် တာဝန်ဖြင့်လာသည့် ရဲအရာရှိတစ်ယောက်ဟုဆိုသည်။ မည်သို့ပင်ဆိုစေ မီမီကျော်မှာဖြင့် ထိုလူအား ယုံကြည်စိတ်ချသွားမိ၏။ သူ့အဖို့ ကံကောင်းသည်ဟု ထင်မှတ်မိ၏။ လမ်းသွားရာတွင် ကိုယ်ရံတော်နှင့်ဖြစ်နေ၍ ပြုံးမိသေးသည်။

+++

"၁၁၅ မိုင်ရောက်ရင် ကားခဏနားမှာနော်၊ ညီမလည်း ဆာနေပြီပေါ့၊ တစ်ခုခုစားလိုက်ပါလား၊ အစ်ကို ဒကာခံပါ့မယ်ကွာ၊ အပေါ့အပါးလည်းသွားရတာပေါ့"

"ဟုတ် အစ်ကို၊ ကျေးဇူးပဲနော်"

မီးထိန်ထိန်လင်းနေသည့် ၁၁၅ မိုင်စခန်းတွင် ကားရပ်သည်နှင့် ခရီးသည်များက အလျှိုအလျှိုဆင်းကုန်ကြ၏။ မီမီကျော်လည်း ထိုအမျိုးသား၏နောက်မှ လိုက်ပါသွားရသည်။ စားသောက်စရာများ မှာ၍စားသောက်ကြပြီးနောက်.....

"အပေါ့အပါးသွားဦးလေ၊ မန္တလေးကို တောက်လျှောက်မောင်းတော့မှာနော်၊ အိတ်ကိုထားခဲ့လိုက်"

"ဟုတ်၊ ဖုန်းပါထားခဲ့မယ်နော် အစ်ကို"

မီမီကျော်က ရှေ့မှခရီးသည်အမျိုးသမီးများနောက်မှ သန့်စင်ခန်းရှိရာသို့ လိုက်သွား၏။ အဝေးပြေးယာဉ်များပေါ်မှ ခရီးသည်များစွာကြောင့် သန့်စင်ခန်းတွင် တန်းစီနေရပြန်သည်။ အပေါ့အပါးကိစ္စပြီးသည်နှင့် စားပွဲရှိရာသို့ပြန်လာရာ.....

"ဟင်.....ဟိုအစ်ကို ဘယ်ရောက်သွားပါလိမ့်"

အနီးအနားသို့ ရှာဖွေရာ မတွေ့ရပေ။ သည်တော့ ကားများထွက်သွားပြီလားဟူသော စိုးစိတ်ဖြင့် ရပ်နားရာနေရာသို့ ရောက်သွား၏။ ကားကိုတွေ့သော်လည်း သူမက ထိုင်ခုံနေရာသို့ ရောက်သည်အထိ ထိုအမျိုးသားက ရောက်မလာပေ။ ယာဉ်အကူက ယာဉ်ပေါ်ရှိ ခရီးသည်များကို စစ်ဆေးမှ တစ်ယောက်လိုမှန်းသိသွား၏။ သူ့အတွက်နှင့် နောက်ထပ် ဆယ်မိနစ်ခန့် စောင့်နေရသည်။

"အဲဒီလူက ဆလွန်းကားတစ်စီးပေါ် တက်သွားတာတွေ့လိုက်တယ်၊ သူ့လက်ထဲမှာ ကျောပိုးအိတ်တစ်လုံးပါသွားတယ်"

သေချာပါပြီ။ မီမီကျော်တစ်ယောက် လှလှပပကြီး ခံလိုက်ရတော့သည်။ သူ့အား အယုံသွင်း၍ ကျောပိုးအိတ်ကို ယူပြေးသွားလေပြီ။ ကျောပိုးအိတ်ထဲတွင် ငွေ ၁၀ သိန်းနှင့် လက်ဝတ်ရတနာများ ၁၅ သိန်းဖိုးခန့် ပါသွား၏။ ပြီးတော့ ခုနစ်သိန်းတန် Handsett ထို Handset တွင် ဝှမ်းကတ်ပါ ပါ၏။ မီမီကျော်၏မျက်လုံးများ ပြာဝေသွားတော့သည်။

အိမ့်(ရှုပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်


ရရအေးအောင်
TMR. 011758(1215)

ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com



# သိကၡာသန္႔ေအာင္

(မြင်းခြံ)

အဆိုးအမှားအသွင်ကို
အကျိုးတရားဖြင့်
မြင်သော်

www.burmeseclassic.com

□

သိန်းတင်မောင်က နာရီကို ငုံ့ကြည့်လိုက်၏။ ကလေးကျောင်းကြို ဟုပြောကာ စက်ဘီးကိုယူ၍ အစ်ကိုလှခင်မောင် ထွက်သွားသည်မှာ အချိန်တွေအတော်ပင် ကြာသွားခဲ့ချေပြီပဲလေ။ စင်စစ် အစ်ကိုအရင်းမို့သာ စက်ဘီးကိုပေးလိုက်ရသည်။ စိတ်ကတော့ တထင့်ထင့်နှင့်ပင်။ စိတ်ထဲအနှောင့်အယှက်ဖြစ်ရသည်ကလည်း မပြောနှင့်။ လှခင်မောင်က ဂျင်သမား၊ ဖဲသမား။ လောင်းကစားဆိုလျှင် မြန်မာပြည်တွင် တီချဲ့စလောင်းတွေ မပေါ်ခင်ကတည်းက မမြင်ရသည့် ကမ္ဘာဖလားဘောလုံးပွဲများကိုပင် စိတ်ကူးဖြင့် အလောင်းအစားလုပ်တတ်သည့်လူစားမျိုးရယ်လေ။

ခဏလောက်အကြာတွင် ကျောင်းတက်သွားသည့် တူမလေး သူဇာအိမ့်မှာ လွယ်အိတ်လေး တယမ်းယမ်းဖြင့် အိမ်သို့ပြန်ရောက်လာတော့သည်။ သူ့အဖေ အစ်ကို လှခင်မောင်ကတော့ ပါမလာပါချေ။ သိန်းတင်မောင်က တူမလေး သူဇာအိမ့်အား အလုပ်လုပ်နေရာမှ လှမ်းမေးလိုက်ပါလေ၏။

"ဟဲ့.....သူဇာ၊ ညည်းဖေဖေနဲ့မတွေ့ခဲ့ဘူးလား၊ သမီးကိုကျောင်းကြိုဆိုပြီး သွားတယ်လေ"

တူမလေး သူဇာအိမ့်က မျက်နှာငိုမဲ့မဲ့နှင့် ပြန်ဖြေလိုက်သည်။ ကြည့်ရသည်မှာ တစ်ဦးတည်း ခြေကျင်ပြန်လာခဲ့ပုံပေါ်သည်။ မျက်နှာတွင်လည်း ချွေးကလေးများပင် စို့ထွက်နေသည်ပဲ။

"ဟင့်အင်း၊ ဖေဖေကြီးလာမကြိုလို့ သမီးတစ်ယောက်တည်း ကျောင်းကပြန်လာခဲ့တာ လေးလေးရဲ့၊ ဖေဖေကြီးကောဟင် လေးလေး"

"အေး.....လေးလေးကလည်း အဲဒါကိုပဲသိချင်လို့ မေးနေတာ၊ သမီးအဖေကတော့ လုပ်လိုက်ပြန်ပြီထင်ပါရဲ့ကွာ"

သိန်းတင်မောင်က အလုပ်လုပ်နေရာမှထ၍ သူတို့အဖေစီးသည့် စက်ဘီးကိုယူစီးရန် ဟန်ပြင်နေလိုက်စဉ်.....

"ငါ့စက်ဘီးယူပြီး ဘယ်သွားဦးမလို့လဲ၊ ငါသွားစရာရှိတယ်"

ဖခင်ဦးချစ်က ရေနွေးကြမ်းသောက်နေရာမှ လှမ်းမေးလိုက်၏။

"အဖေ့သား ကိုလှခင်မောင်လေ၊ ကလေးကျောင်းသွားကြိုမယ်ဆိုပြီး စက်ဘီးယူပြီးထွက်သွားတာ အခုထိ ပြန်မရောက်သေးလို့၊ ကလေးကဖြင့် ပြန်တောင်ရောက်လာပြီ၊ အခု သူ့ကိုသွားရှာရတော့မှာပေါ့"

"အာ.....မိုက်လည်းမိုက်ပါ့ သိန်းတင်မောင်ရာ၊ မင်းအစ်ကိုအကြောင်းကို သိရဲ့သားနဲ့၊ တော်ကြာ စက်ဘီးပေါင်ပြီး ဂျင်ဝိုင်း၊ ဖဲဝိုင်းရောက်နေရင် မခက်လား၊ မင်းသွားရှာလည်း အပိုပဲနေမှာပေါ့၊ အဖေကတော့ တွေ့လိမ့်မယ်မထင်ပါဘူးကွာ၊ ဒီကိစ္စက သူမမှားဘူး

**လောင်းကစားကို မစွန့်နိုင်သမျှကာလပတ်လုံး**
**မိသားစုရဲ့ စားဝတ်နေရေးကို**
**ဘယ်လိုလုပ်ပြီး အဆင်ပြေအောင် စွမ်းဆောင်နိုင်မှာတဲ့လဲ၊**
**အေး...ခုချိန်တော့ အိမ်ကပစ္စည်းကိုခိုးတယ်၊ ပေါင်တယ်၊**
**မိဘမောင်နှမတွေကိုလည်း လိမ်တယ်၊ ညာတယ်၊**
**နောက်ပိုင်းကျတော့ လက်ရဲဇက်ရဲဖြစ်လာပြီး ...**

www.burmeseclassic.com

ကွာ၊ မင်းမှားတာ.....မင်းမှားတာ''

ဖခင်ဖြစ်သူ ဦးချစ်က ဗေဒင်မတတ်ဘဲနှင့် အတတ်ပြောလိုက်၏။ သို့သော်လည်း သိန်းတင်မောင်မှာ မတတ်နိုင်တော့ပြီ။ အဖေ့စက်ဘီးကို တက်စီးကာ 'အင်တာနက်' ကဖေးဆိုင်သို့ ထွက်လာခဲ့တော့သည်။ ကလေးကျောင်းသွားကြိုမည်ဆိုတော့လည်း သူ့စက်ဘီးကို မငှား၍မဖြစ်၊ ညီအစ်ကိုအရင်းတွေ မဟုတ်လား။

သိန်းတင်မောင် စိတ်တထင့်ထင့်ဖြင့် စက်ဘီးနင်းလာရင်း အင်တာနက်ကဖေးသို့ ရောက်လာခဲ့သည်တွင် အစ်ကိုလှခင်မောင်ကို လှမ်းမြင်လိုက်ရသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်းရယ်လေ။ တော်ပါသေးရဲ့။ လှခင်မောင် ဖဲဝိုင်းသို့ မရောက်သေး။ သိန်းတင်မောင်က စက်ဘီးကို လမ်းဘေးတွင်ရပ် ထားခဲ့ကာ လှခင်မောင်ထံသွားလိုက်တော့၏။

''အစ်ကိုကလည်း ဗျာ ကလေးကျောင်းကြိုဆိုပြီး ထွက်သွားလိုက်တာပြန်မလာတော့ဘူး၊ အိမ်မှာ သူဇာက ရောက်နေပြီဗျ''

သိန်းတင်မောင်က လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ပြောလိုက်ပါလေ၏။ လှခင်မောင်ကတော့ ခပ်အေးအေးပင်။

''ပြောလည်းမပြောချင်ပါဘူးကွာ၊ ငါလည်း ကျောင်းကြိုဖို့စောသေးတယ်ဆိုပြီး လက်ဖက်ရည်ဝင်သောက်နေလိုက်တာ၊ ထွန်းအောင်ပေါ့ ထမင်းသွားဝယ်ချင်လို့ စက်ဘီးကို ခဏဆိုပြီး ယူသွားလိုက်တာ ခုထိပြန်မရောက်လာသေးဘူး၊ သူ့ကိုစောင့်ရင်း ဒီဆိုင်မှာထိုင်နေလိုက်တာ ညီလေးရ''

''ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ၊ ထမင်းသွားဝယ်တာ ဒီလောက်ကြာရသလားဗျာ၊ ခင်ဗျားလိုက်မသွားဘူးလား''

''အေး ဒါဆို ငါလိုက်သွားလိုက်မယ်၊ မင်းဒီဆိုင်ကစောင့်နေ၊ သူစားတတ်တဲ့ ထမင်းဆိုင်ကို ငါသိတယ်၊ ပေးစမ်း မင်းစက်ဘီးသော့''



ပြောပြောဆိုဆို လှခင်မောင်က စက်ဘီးသော့ကို ဖျတ်ခနဲ သိန်းတင်မောင်လက်ထဲမှဆွဲယူ၍ စက်ဘီးကိုစီးကာ ထွက်သွားပြန်သည်။ ရုတ်တရက်ဆိုတော့လည်း သိန်းတင်မောင်က စက်ဘီးသော့အား ပေးလိုက်မိသည်။ ခဏကြာမှ စဉ်းစားမိတော့ သူမှားသွားပြန်ပြီလား ဟု အတွေးရောက်သွားရတော့၏။ သည်တစ်ခါတော့ သိန်းတင်မောင် သိပ်ပြီးမစောင့်လိုက်ရပါ။ ကြည့်လိုက်တော့ လက်ဖက်ရည်ဆိုင်ထဲဝယ် သူတစ်ယောက်မှလွဲ၍ လူမရှိပါလေတော့။ နာရီကို ပြန်ကြည့်လိုက်တော့ နာရီဝက်သီသီပင်စွန်းနေချေပြီပဲလေ။ ထိုင်စောင့်နေရင်းက သိန်းတင်မောင်စိတ်ထဲ၌ တွေးပူလာသည်။ သူ့အစ်ကိုလုပ်ပုံကို သံသယတွေဝင်လာသည်မှာမမှားပါလေ။ ထိုနေ့က လှခင်မောင်တစ်ယောက် လုံးဝပြန်ပေါ်မလာတော့ပါ။ ဒေါသကိုထိန်းရင်း သိန်းတင်မောင် အိမ်သို့ခြေကျင်ပြန်လာခဲ့ရလေတော့သည်။

+++

ဦးချစ်က လက်ကိုနောက်ပစ်လျက် အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။ သူ့မျက်နှာဝယ် ဒေါသဖြစ်ခြင်း၊ သောကဖြင့်ဝမ်းနည်းကြေကွဲခြင်းသည်တို့ဖြင့် ရောပြွမ်းနေသည်။

သူ့ရှေ့၌ မျက်နှာမသာမယာ

www.burmeseclassic.com

www.burmeseclassic.com


ညီးငယ်စွာဖြင့် လှခင်မောင်တစ်ယောက် ငြိမ်သက်စွာ ငုတ်တုတ်ထိုင်နေသည်။ အပြစ်ရှိနေသည့် ကျောင်းသားတစ်ယောက် ဆရာ့ရှေ့မှောက်သို့ ရောက်နေဘိသို့ မျက်နှာကိုငုံ့ထားသည်။ သူတို့နှစ်ဦး၏ အနီးတွင်ထိုင်နေသူများမှာ မိခင်ဒေါ်တိုးတိုး၊ ညီဖြစ်သူ သိန်းတင်မောင်နှင့် ညီမ ဝင်းဝင်းတင်တို့ပင် ဖြစ်ပါလေ၏။

"မင်းဟာ ဒီလောင်းကစားကို မစွန့်နိုင်သမျှကာလပတ်လုံး မိသားစုရဲ့ စားဝတ်နေရေးကို ဘယ်လိုလုပ်ပြီး အဆင်ပြေအောင် စွမ်းဆောင်နိုင်မှာတဲ့လဲ၊ အေး...ခုချိန်တော့ အိမ်ကပစ္စည်းကိုခိုးတယ်၊ ပေါင်တယ်၊ မိဘမောင်နှမတွေကိုလည်း လိမ်တယ်၊ ညာတယ်၊ နောက်ပိုင်းကျတော့ လက်ရဲဇက်ရဲဖြစ်လာပြီး အနီးပတ်ဝန်းကျင်ကို လိမ်မယ်၊ ညာမယ်၊ ခိုးမယ်၊ ဝှက်မယ်၊ မကောင်းတဲ့အကျင့်စရိုက်ဆိုးတွေ ကြီးထွားလာမှာ သေချာတယ်"

သားသမီးများကို ဆုံးမရာ၌ ဦးချစ်က ဒေါသကိုမျိုသိပ်ရင်း အတွင်းကျိတ်ဆိုဆုံးမတတ်သည်။ အမှန်အတိုင်းဆိုလျှင် ဦးချစ်စိတ်ထဲတွင်မူ သောကဆိုသည့် ပူပင်စိတ်ကတော့ ဖက်နေခဲ့သည်သာ။

မိမိရင်သွေးတစ်ဦး လူဆိုး၊ သူခိုး ဖြစ်သွားမည်ကို စိုးရိမ်ကြောင့်ကြတတ်သည်က မိဘတိုင်းရင်ဝယ် ကိန်းဝပ်တတ်စမြဲမှာ ဓမ္မတာပင်။

"ခုကြည့်စမ်း၊ သိန်းတင်မောင်ရဲ့စက်ဘီးကို ကျောင်းကြိုသွားဖို့ဆိုပြီး ယူပေါင်တယ်၊ ပေါင်လို့ရတဲ့ငွေတွေကို ဖဲရိုက်ပစ်တယ်၊ ဖဲရှုံးတော့ အိမ်ပြန်မလာတော့ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အကြံထုတ်တယ်၊ အဲ.....သိန်းတင်မောင်က လိုက်ရှာတာနဲ့လည်းတွေ့လိုက်ရော နောက်အကြံတစ်မျိုးနဲ့ မလိမ့်တစ်ပတ် စက်ဘီးကိုယူပေါင်ပြန်တယ်၊ ရှုံးတဲ့ငွေပြန်ရမလားလို့ ဂျင်ဝိုင်းသွားထိုးပြန်တယ်၊ ပါသမျှငွေကုန်တော့ အိမ်ကို ညဉ့်နက်မှဝင်လာပြီး အိပ်တယ်၊ မိသားစုအပေါ်လည်းမကောင်းဘူး၊ ဆွေမျိုးသားချင်းတွေအပေါ်လည်း မညှာဘူး၊ မင်းဒီအတိုင်း ဆက်နေသွားမယ်ဆိုရင်တော့ မလွယ်ဘူး ငါ့သား လှခင်မောင်၊ မင်းစဉ်းစားကြည့်လေ၊ အဖေကတော့ ဒီလောက်ပဲပြောချင်တယ်"

လှခင်မောင်က တစ်ခွန်းမျှ ပြန်မပြောပါ။ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပဲမဟုတ်လား။ သူလုပ်ခဲ့သည်က သည်တစ်ကြိမ်သာမဟုတ်ပါလေတော့။ အကြိမ်ကြိမ်အခါခါပင် ရှိနေချေပြီပဲလေ။ အိမ်သားတွေ ဆူပြောသည်ကို ငြိမ်နေလိုက်လျှင် သူ့ကိစ္စပြီးဆုံးသွားသည်ဟုများ သဘောထားနေသည်လားမဆိုတတ်။ မိဘဆွေမျိုးများက ဆူလိုက်ငေါက်လိုက်ပြန်တော့လည်း မခုတ်တတ်သည့် ကြောင်တစ်ကောင်အလား။ သို့တမင့်ငြား ပြောဆိုဆုံးမစကားများကိုတော့ သည်ဘက်နားမှဝင်၍ ဟိုဘက်နားမှ ဖောက်ထုတ်လိုက်ဘိသို့သာ ရှိနေတတ်သည်လေ။ ပြန်မပြော၊ နားမထောင်ဆိုသည့် လူစားမျိုးရယ်လေ။

"ကဲ.....မှန်မှန်ပြောစမ်း၊ စက်ဘီးနှစ်စီးကို ဘယ်လောက်နဲ့ပေါင်ထားပြီး ဖဲရှုံးခဲ့သလဲဆိုတာ"

မိဘကိုယ်တိုင်က စစ်မေးနေသည်ဆိုတော့လည်း မပြော၍မဖြစ်၊ မိမိလုပ်ခဲ့သည်ကို ပြောပြရပေတော့မည်။ ဝန်ခံဖြောင့်ချက် ပေးရပေတော့မည်ပင်။ လှခင်မောင်က ခေါင်းကိုငုံ့ထားရင်း အဖြေပေးလိုက်ရတော့၏။

"တစ်စီးကိုသုံးထောင်နဲ့ နှစ်စီးကို ခြောက်ထောင်နဲ့ အပေါင်ထားခဲ့ပါတယ် အဖေ"

"အဲဒီငွေခြောက်ထောင်ကို မင်း လက်ကြောတင်းအောင် မရှာနိုင်ဘူးမဟုတ်လား၊ အေး.....ထားတော့၊ အဖေ့အနေနဲ့ မင်းဆီကို ငွေခြောက်ထောင်ရစရာရှိတယ်လို့ အကြွေးမှတ်ထားမယ်၊ ကြားလား"

"ကဲပါ ကိုချစ်ရယ်၊ ပြီးခဲ့တာတွေကို ပြောမနေပါနဲ့တော့ရှင်၊ လူကြားလို့လည်း မကောင်းပါဘူး၊ ကိုယ့်မိဘရဲ့ပစ္စည်းတွေပဲဟာ၊ အတိုးမတက်ခင် ပြန်ရွေးယူလိုက်ကြတာ ကောင်းပါတယ်ရှင်၊ အင်း...မင်းကလည်း နောက် ဒါမျိုးမလုပ်နဲ့၊ ကြားလား"

မွေးမိခင်ဆိုတော့လည်း မနေသာ။ သားသမီးအပေါ် အပြစ်မမြင်တတ်ကြသည်က ဖခင်ထက် မိခင်က ပိုပေလိမ့်မည်။ မိခင်ဆိုတာ ကိုးလလွယ်၊ ဆယ်လဖွား၍ဖြင့် ကရုဏာတရား ပွားများတတ်သည်

www.burmeseclassic.com

www.burmeseclassic.com

ပဲမဟုတ်ပါလား။ သားမိုက်အပေါ် အပြစ်မမြင်မိ။ တွေ့မိပြန်တော့ လည်း ရင်မှအသိဖြင့် ခွင့်လွှတ် တတ်စမြဲသာ။

"အေးလေ၊ မင်းက အဲဒီလို လျှော့ပေးနေ၊ ကြာရင် မင်းသား လူ ဆိုးသူခိုးဖြစ်သွားမယ်ဆိုတာ နား လည်ရဲ့လား"

ဦးချစ်က ဇနီး ဒေါ်တိုးတိုးကို အပြစ်တင်လိုက်သည်။ တကယ် တော့ ဖခင်တစ်ဦးအနေနှင့် ဒေါသ ဖြစ်ရုံတင်မက တွေးခေါ်မြော်မြင် တတ်သည့် သောကကိုပါ ထည့် တွက်ထားပြီးဖြစ်သည်။

"သားက မေမေ့စကားကိုနား ထောင်နော်၊ နောက် ဒီလိုကိစ္စမျိုး တွေ မလုပ်ရဘူး၊ ကြားလား"

"ဟုတ်ကဲ့ပါ မေမေ၊ သား နောက်ဆို ဒီလိုကိစ္စမျိုး မဖြစ်စေရ ပါဘူး"

လှခင်မောင်က သံဝေဂရသည့် လေသံမျိုးဖြင့် မိခင်ကိုအဖြေပေး လိုက်ပါလေ၏။ ဦးချစ်ကမူ သား ဖြစ်သူကိုကြည့်ရင်း မျက်နှာမဲ့ပြ လိုက်မိသည်။ သိန်းတင်မောင်နှင့် ဝင်းဝင်းတင်တို့က မိဘနှစ်ပါး၏ သားသမီးအပေါ်ထားသည့် မေတ္တာ တရားအပေါ် လေးစားမိသဖြင့် ရင် ထဲမှခံစားလိုက်ရခြင်းနှင့်အတူ ကျိတ် ၍ပင် ပြုံးမိလိုက်ကြလေတော့သည်။

"စက်ဘီးရွေးဖို့ငွေကို အမေ တိုးတိုးက ထုတ်ပေးလိုက်လေ၊ သိန်းတင်မောင်နဲ့ ဝင်းကျော်တို့နှစ် ယောက်က လိုက်ပြီးရွေးခဲ့ကြ၊ ကြား လား"

သိန်းတင်မောင်က ဦးညွှတ် ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်တိုး တိုးက စက်ဘီးရွေးဖို့ငွေအတွက် အခန်းအတွင်းသို့ ဝင်သွားသည်။ ထို စဉ် ဝင်းဝင်းတင်သွားခေါ်သဖြင့် မောင်ဝမ်းကွဲ ဝင်းကျော်ရောက်လာ သည်။ ဒေါ်တိုးတိုးကလည်း ငွေယူ ၍ ပြန်ထွက်လာသည်။ ငွေကိုပေး ရင်း လှခင်မောင်အား ဒေါ်တိုးတိုး က ဆီမန်း,မန်းသလို တတွတ်တွတ် နှင့် ဆုံးမနေရှာသည်။ တောင်းဆို ပလုံးဆိုးသာ စွန့်ပစ်ရိုးထုံးစံရှိသည်၊ သားဆိုးသမီးဆိုးကိုတော့ စွန့်ပစ်ရိုး မရှိပါလေခဲ့။ ရင်မှဖြစ်သော ရင်သွေး ဆိုသည်ကား မိဘများ၏ နှလုံးသား များသာ မဟုတ်တုံလော။

+++

"မင်းတို့နှစ်ယောက် ဒီဆိုင်က စောင့်နေရစ်ကြ၊ အပေါင်ခံတဲ့အိမ် ကို စက်ဘီးသွားရွေးလိုက်ဦးမယ်၊ သူတို့က ပစ္စည်းအပေါင်ခံတာကို လူ သိခံချင်ကြတာမဟုတ်ဘူး"

စက်ဘီးရွေးယူရမည့်ငွေက သူ တို့လက်ထဲမှာဆိုတော့ သိန်းတင် မောင်နှင့် ဝင်းကျော်တို့နှစ်ယောက် က တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ ထုတ်ပေးလိုက် ရတော့သည်။ လှခင်မောင်က သူ တို့နှစ်ယောက်ကို အင်တာနက်လက် ဖက်ရည်ဆိုင်တွင်ထားခဲ့၍ အနောက် ဘက်ရပ်ကွက်ထဲသို့ ထွက်သွားခဲ့ သည်။ မကြာမီ လှခင်မောင်နှင့်လူ တစ်ယောက် စက်ဘီးကိုယ်စီစီး

လျက် ရောက်လာကြသည်။ စက် ဘီးများရောက်လာသည်နှင့် အတိုး နှင့်အရင်းများကိုတွက်ချက်၍ ငွေကို ပေးချေလိုက်ကြသည်။

"ကဲ.....စက်ဘီးတွေကို မင်း တို့ပြန်ယူသွားကြတော့၊ ငါတော့ အဖေက ငါ့ကိုမြင်ရင် ဆူနေမှာစိုး လို့ အိမ်ပြန်မလိုက်သေးဘူး"

လှခင်မောင်ပြောစကားကြောင့် သိန်းတင်မောင်နှင့် ဝင်းကျော်တို့နှစ် ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြပြန်သည်။ သို့သော် လည်း လှခင်မောင်အား ဘာမျှပြန် မပြောကြ။ စက်ဘီးကိုယ်စီစီးရင်း ထွက်လာခဲ့ကြတော့သည်။ သူတို့ နှစ်ယောက် ပြန်ထွက်သွားကြသည် နှင့် လှခင်မောင်က သူနှင့်အတူ စက်ဘီးယူလာသည့်သူအား ပြော လိုက်လေသည်။

"အချိန်သိပ်မရှိဘူး ကိုယ့်လူ ငါပိုပြောထားတဲ့ ငွေနှစ်ထောင်ကို ပေးတော့၊ ခုလောက်ဆိုရင် ဝိုင်းက စနေလောက်ပြီ"

"အေးပါကွာ ပေးမှာပါ လှခင် မောင်ရာ၊ မင်းသာကြိုတင်ပြီး ငါ့ကို လာမပြောရင် မင်းပေါင်ထားတဲ့ အတိုင်း တောင်းယူထားလိုက်မိမှာ ကဲ.....ရော့၊ မင်းအတွက် ကျန်တဲ့ ငွေ၊ ဒီနေ့ဝိုင်းမှာ အဆင်ပြေပါစေ လို့ ဆုတောင်းလိုက်ပါတယ်၊ ဟဲ..... ဟဲ.....ဟဲ"

ပြောရင်း ပါလာသူက လှခင် မောင် သူ့အိမ်မှ ပိုတောင်းထား သောငွေကို ပြန်ပေးလိုက်ပါလေ၏။ သူတို့နှင့် မလှမ်းမကမ်းရှိ မုန့်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



မှ သိန်းတင်မောင်နှင့် ဝင်းကျော်တို့နှစ်ယောက်ကလည်း ပီကေဝါးရင်းလှမ်းကြည့်နေကြသည်ကိုမူ လှခင်မောင်တစ်ယောက် မြင်တွေ့လိုက်ခြင်း မရှိပါချေတကား။ ထိုနှစ်ဦးက လှခင်မောင် အကြံအဖန်လုပ်ထားသည်ကို သိလိုက်ရသဖြင့် နှစ်ဦးသား ပြုံးလိုက်မိကြလေတော့သည်။



လှခင်မောင်က သူ့အကျင့်ကို သေမှဖျောက်မယ့်ကောင်ပါကွာ၊ အဖေက ဒါကိုသိထားလို့ ငွေထုတ်ပေးပြီး တို့နှစ်ယောက်ကို သူ့နောက်ကနေ ရှုံဒိုးလိုက်ခိုင်းလိုက်တာပေါ့"

"ဒါဆို တို့ သူ့နောက်က အသာကပ်လိုက်သွားကြတာပေါ့"

ထောင်ချောက်မိသောကျား၊ ပိုက်ကွန်ကြားတွင် မိနေသည်ဆိုခြင်းအား နေရာတိုင်း ပန်ကာထိပ်မှ ဝက်အူဆိုသည့် လှခင်မောင်တစ်ယောက် မသိပါချေတကား။

+++

"မင့်သားကို ဒီအတိုင်းလွှတ်ထားနေလို့တော့ မဖြစ်တော့ဘူး မတိုး၊ ပြီးခဲ့တဲ့ကိစ္စမှာလည်း မင်းစိတ်ဆင်းရဲမှာစိုးလို့သာ ခွင့်ပြုလိုက်ရပေမယ့် ဒီကောင့်ကို ငါက သိပ်မယုံမကြည်ဖြစ်နေတာကလား၊ ခုတော့ ငါတွေးတဲ့အတိုင်း မိဘတွေကို တစ်ပတ်ရိုက်ပြီး ငွေတွေပိုတောင်းသွားတယ်၊ နောက်ပြီး ဖဲဝိုင်းကို အဲဒီငွေတွေနဲ့ ဝင်ကစားနေတာပဲမဟုတ်လား"

ခင်ပွန်းဖြစ်သူစကားတွေက သွေးထွက်အောင်မှန်နေတာပါလား။ ဒေါ်တိုးတိုးအနေဖြင့် ဦးချစ်ကို အထွန့်တက်မပြောနိုင်ပါလေတော့။ သည်သားမိုက်အတွက် တစ်ရက်မှ စိတ်မအေးရ။ သားမို့ ချစ်သည့်စိတ်ကြောင့်သာ ဖုံးရဖိရနှင့် ညှာတာခဲ့သော်လည်း လှခင်မောင်ကမူ သူ့ဝသီအတိုင်း ဆက်လက်မိုက်မဲဆဲပါကလား။

"နောက်တစ်ခါ ဒီလိုမဟုတ်မဟတ်လုပ်တာတွေ့ရင်တော့ မင်းအဖေ့ကို အဆိုးမဆိုနဲ့၊ ငါလည်း ဖခင်တစ်ယောက်ပဲကွာ၊ ကိုယ့်သားအပေါ်မှာ မေတ္တာမပျက်ပါဘူး၊ ဒါပေမဲ့ ဒီအတိုင်း ပြဿနာကို အိမ်က လိုက်ဖြေရှင်းပေးနေရင် မင်းသားက ရောင့်တက်နေမှာ၊ ဒီတော့ ကျောင်းမှန်းကန်မှန်းသိအောင် ပြတ်ပြတ်သားသားလုပ်မှရတော့မယ်၊ နောက်တစ်ခါဖြစ်ရင် မင်းဝင်မပါနဲ့၊ ဒီကောင့်ကိစ္စကို ငါကိုယ်တိုင်ကိုင်တွယ်မယ်၊ ဒါပဲ"

မိဘတစ်ဦးအနေဖြင့် မေတ္တာပျက်၍ အမုန်းဖက်ရိုးထုံးစံမရှိကြပါ။ မိမိသားသမီးအပေါ်ဝယ် ဆင်စီး၍ မြင်းရံစေချင်ကြသည်သာ။ သို့သော်ငြားလည်း သူ့ဘဝရေရှည်ခရီးလမ်း ဖြောင့်ဖြူးစေရန်အတွက် သက်သက် ညှာညှာ ဆိုဆုံးမနေ၍မရပါ။ ဒေါ်သကိုရှေ့ထား သဘောတရားမပါဘဲ အပြစ်ချည်းပြောနေ၍လည်းမဖြစ်နိုင်။ စိုးရိမ်ကြောင့်ကြ သောကစိတ်ဖြင့် ပြုပြင်ပေးခြင်းဖြင့်သာ ပြောင်းလဲနိုင်မည်ကို ဦးချစ်က သဘောပေါက်ထားပြီးလည်းဖြစ်သည်။ လူဆိုတာကလည်း အခက်သားလား။ အမြင့်ရောက်စေလို၍ ဆွဲတင်ပါမှ မြင့်သည်ဆိုကာ ခုန်ချတတ်သော လူစားမျိုး။ လှခင်မောင်က သည်လိုလူစားမျိုးရယ်လေ။ သူ၏အလေ့စရိုက်ကိုမပြောင်း။ လူတစ်ယောက်၏

www.burmeseclassic.com

အကျင့်စာရိတ္တမှာ ဗီဇနှင့် ပတ်ဝန်းကျင်တို့ရှိသည်။ ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုကလည်း လူတစ်ယောက်အတွက် ဘဝတစ်ခုကို ပြောင်းလဲစေတတ်သည်ပင် မဟုတ်ပါလား။

သည်တော့ လောင်းကစားနှင့် သောက်စားသူတို့၏ ပတ်ဝန်းကျင်နှင့် ပျော်မွေ့သူတို့အတွက် စရိုက်ဆိုးကို ပြုပြင်ပြောင်းလဲ၍ အလွယ်တကူ မရနိုင်စကောင်း။ ခုပဲကြည့်တော့လေ။ စက်ဘီးကိစ္စ ပြီးဆုံးပြီးနောက် လှခင်မောင်တစ်ယောက် နည်းနည်းတော့ ဂနာငြိမ်သွားသလိုလိုရှိသည်။ သိသာသိစေ မမြင်စေနဲ့ဆိုဘိသို့ မိဘကွယ်ရာတွင် ဖဲမကစားရတော့ အရက်ကလေးတမြမြနှင့် ဖြစ်နေတော့သည်။ သို့ပေမင့် ဆူဆူပူပူတော့မလုပ်။ အိမ်မှာအေးအေးဆေးဆေးနေသည်။

လှခင်မောင်မိသားစုတို့က ဒေါ်တိုးတိုး၏ ညီမဖြစ်သူ နေခဲ့ဖူးသော အိမ်ခန်းလွတ်တစ်ခန်းတွင် နေထိုင်ကြရန် ဒေါ်တိုးတိုးကပင် စီစဉ်ပေးထားခဲ့ခြင်းဖြစ်သည်။ ဒေါ်တိုးတိုး ညီမက လုပ်ငန်းတစ်ခုဖြင့် တခြားတွင်နေသောကြောင့် အိမ်စောင့်အဖြစ်လည်းထားခဲ့ခြင်းဖြစ်ပေသည်။

မကြာပါချေ။ လှခင်မောင်တစ်ယောက် ဖောက်ပြန်လာသည်။ ငြိမ်သက်နေခြင်းသည် အရာရာတွင် စိတ်ချ၍မရစကောင်း။ တစ်ချိန်ချိန်ဝယ် လှုပ်ရှားဖောက်ပြန်လာတတ်ကြသည်ပင်မဟုတ်ပါလား။ တစ်နေ့တွင် အဒေါ်ဖြစ်သူလင်မယား စီးပွားရေးလုပ်ငန်းတစ်ခုဖြင့် ခရီးထွက်နေခိုက်အချိန်မှာပင်ဖြစ်ပါလေ၏။ ယခင်လုပ်ငန်းလုပ်စဉ်က အသုံးပြုခဲ့၍ ယခုအခါ အသုံးမပြုဘဲ သိမ်းထားသည့် အဲယားကွန်ပရက်ဆာကို လှခင်မောင်က ခိုးယူရောင်းချခဲ့လေသည်။ အဒေါ်ဖြစ်သူ ပြန်လာသောအခါ လှခင်မောင်လုပ်ရပ်မှာ ဖုံးမရဖိမရ ဖြစ်လာသောကြောင့် ပြဿနာပေါ်လာတော့သည်။

နွားသူခိုး နွားကောင်းမှန်းမသိဆိုသလိုပင်။ တန်ကြေးရှိလှသော ကွန်ပရက်ဆာကို ဈေးပေါပေါဖြင့် ရောင်းချပစ်လိုက်သတဲ့လေ။ သည်တော့လည်း ဝယ်သူကလည်း ဝယ်ပေလိမ့်မည်။ ဝယ်သူကို လိုက်စုံစမ်းကြည့်လိုက်တော့ ဦးချစ်၏အသိတစ်ယောက်ဖြစ်နေသည်။ ဦးချစ်က ထိုကိစ္စနှင့်ပတ်သက်၍ မည်သူ၏အကြံဉာဏ်ကိုမှလည်းမတောင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းလည်း မပြုပါလေတော့၊ သူ၏ဆုံးဖြတ်ချက်အတိုင်း ရဲစခန်းသို့သွားရောက်ကာ အမှုဖွင့်လိုက်လေတော့သည်။ သူတစ်ပါးပစ္စည်းခိုးယူရောင်းချမှုဖြင့် သားဖြစ်သူ လှခင်မောင်အား ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခဲ့လေတော့သည်။

+++

စီးပွားရေးသမားမို့ ဦးချစ်က အပေါင်းအသင်းဆံ့သည်။ သို့အတွက် လှခင်မောင်ကိစ္စအားကိုင်တွယ်ရာ၌ နောင်ကြဉ်စေရန်တစ်ခုတည်းကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ခြင်းမျိုးမဟုတ်ဘဲ ပါဝင်ပတ်သက်သူများ မထိခိုက် မနစ်နာစေရန် စီစဉ်ခဲ့ခြင်းသာဖြစ်ပေသည်။ ကွန်ပရက်ဆာ ဝယ်မိသည့်လူကိုလည်း မနစ်နာစေရန် ငွေကိုပြန်ပေးခဲ့၍ ခယ်မအား ပစ္စည်းပြန်ပေးကာ နှစ်သိမ့်စေပါသည်။ သို့ရာတွင် မကျေမနပ်ဖြစ်နေသူက သူ၏ဇနီး ဒေါ်တိုးတိုး။

"ကိုချစ်ရယ် ရှင်စဉ်းစားကြည့်ပါဦး၊ တော်လုပ်လိုက်တဲ့လုပ်ရပ်က ကိုယ့်သားကို ထောင်ချလိုက်တာနဲ့ မတူဘူးလား"

လှခင်မောင်အား သူတစ်ပါးပစ္စည်းအား ခိုးယူရောင်းချမှုဖြင့် ရဲစခန်းမှ လာရောက်ဖမ်းဆီးလာသောအချိန်၌ ဇနီးဖြစ်သူ ဒေါ်တိုးတိုးက မကျေမချမ်း မျက်ရည်စမ်းစမ်းဖြင့် ပြောလိုက်ခြင်းဖြစ်ပါလေ၏။

"ဟ...ထောင်ချတာနဲ့တူတာ မဟုတ်ဘူး၊ မင့်သား ထောင်ကျအောင်ကို လုပ်လိုက်တာလေ၊ ဒါမှ မင့်သားဟာ မကောင်းမှုလုပ်ရင် တရားဥပဒေက ဘယ်လိုဒဏ်ခတ်တယ်ဆိုတာ သိသွားအောင်လုပ်လိုက်တာလေ"

"ကိုယ့်သားကိုပဲ အေးအေးဆေးဆေးနဲ့ ဖြည်းဖြည်းချင်း ဆိုဆုံးမရင် ဖြစ်တာပဲမဟုတ်လား ကိုချစ်ရယ်၊ ရှင်ခုလိုလုပ်လိုက်တာက သားလေးအပေါ်ကို ရက်စက်လွန်းရာမကျဘူးလားရှင်"

ဇနီးသည်၏ မျက်ရည်စမ်းစမ်းနှင့် စိတ်မချမ်းမြေ့သောမျက်နှာကို ဦးချစ်က စိုက်ကြည့်နေလိုက်

www.burmeseclassic.com

သည်။ သူ့နှုတ်ကမူ တိတ်ဆိတ်စွာ နှုတ်ပိတ်နေသည်။ ခဏကြာတော့ မျက်ရည်စများကြောင့် ဦးချစ်မျက်လုံးအစုံမှာ တောက်ပရွှန်းလဲ့နေတော့သည်။

"ဩော်.....မင့်သားအပေါ်ကို ဒါက ရက်စက်တယ်လို့ ပြောချင်တာလား၊ မင်းစဉ်းစားကြည့်စမ်း၊ လှခင်မောင်ဆိုတာက မင်းနဲ့ငါနဲ့က ပေါက်ဖွားလာခဲ့တဲ့ ရင်သွေးစစ်စစ်ပါကွာ၊ သူဟာ တို့ရဲ့သားပါ၊ ခုလိုလုပ်လိုက်တာက သူ့ကိုမုန်းလို့ မဟုတ်ဘူး၊ ချစ်လွန်းလို့ လုပ်လိုက်တာကွ၊ ချစ်တဲ့သားလေးကို လိမ္မာရေးခြားရှိစေချင်တယ်၊ စိတ်ကောင်းတွေ မွေးစေချင်တယ်၊ ဒါပေမဲ့ မင့်သားက ဘယ်လိုမှ ပြုပြင်ထိန်းမတ်လို့ မရလို့ ဘာ့ကြောင့်လဲဆိုတာကို လေ့လာစဉ်းစားကြည့်လိုက်တော့ သူ့အပေါ်ကို တို့ရဲ့မေတ္တာတရားတွေက ယိုစိမ့်နေလို့ပဲ မတိုး၊ သူဘာတွေကိုပဲ လုပ်လာလုပ်လာ မိဘတွေဖြစ်တဲ့တို့က ဖြေရှင်းပေးခဲ့တာပဲ မဟုတ်လား"

ဦးချစ်က စကားပြောရင်း သူ့မျက်နှာပေါ်သို့ ယိုစိမ့်ထွက်ကျလာသော မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်နေလိုက်၏။ ခင်ပွန်းဖြစ်သူ၏ ခံစားမှုကို ဒေါ်တိုးတိုး မျှဝေခံစားလိုက်ရပုံရပါလေ၏။ စကားတစ်လုံးမှ ပြန်မပြောတော့ဘဲ အသာငြိမ်၍ နားထောင်နေလိုက်သည်။ သည်တော့မှ ပြီးဆုံးသွားဟန်မရှိသေးသော သူ့စကားကို ဦးချစ်က ဆက်ပြောပြန်သည်။

"အကျဉ်းထောင်ဆိုတာမျိုးက မိဘတွေက ဘယ်လောက်ပဲ ကိုယ့်သားသမီးကို ပြုစုစောင့်ရှောက်ချင်ပေမယ့် ဝင်ရောက်ပေးစွမ်းနိုင်အား မရှိဘူးလေ၊ ဒါတွေကို မင့်သားလက်တွေ့ခံစားတတ်လာမှ သူ့အပေါ်မှာထားခဲ့တဲ့ မေတ္တာတရားကို သူနားလည်သဘောပေါက်လာမယ်လေ၊ မိဘဆိုတာ မကောင်းမြစ်တားကောင်းရာညွှန်လတ်ဆိုတဲ့ ဝတ္တရားနဲ့အညီ သူ့အပေါ် မေတ္တာစေတနာထားခဲ့တယ်ဆိုတာ မင့်သား သိလာလိမ့်မယ်၊ အေး.....အဲဒီလို မင့်သားအသိစိတ်ဓာတ်တွေ ပြုပြင်ပြောင်းလဲလာမယ်ဆိုရင် သူ့ကိုထောင်ထဲပို့လိုက်ရတဲ့အဖြစ်က အကျိုးအမြတ်ထွက်လာပြီဆိုတာ ပြောလို့ရတာပေါ့ မတိုးရယ်"

အံကိုတင်းတင်းကြိတ်ထားသော ဦးချစ်၏မျက်နှာဝယ် လှခင်မောင်အပေါ် ထားရှိခဲ့သော အနာဂတ်အတွက် မျှော်လင့်ချက်များအား မြင်ယောင်နေပုံပေါ်နေသည်ပဲလေ။ အမှန်ဆိုရလျှင် ဖခင်တစ်ဦးအနေဖြင့် မိမိရင်သွေးအား ကျဉ်းမြောင်းကျပ်တည်းသော အကျဉ်းထောင်တွင်း သို့ မပို့လိုပါချေ။

"သူထောင်ကထွက်လာရင် လိမ္မာရေးခြားရှိလာလိမ့်မယ်လို့ ရှင်မျှော်လင့်သလားဟင်"

တစ်ချိန်လုံး နှုတ်ဆိတ်နေသော ဒေါ်တိုးတိုးက မေးခွန်းတစ်ခုကို ထုတ်ဖော်မေးမြန်းလာတော့သည်။ သူမ၏မျက်နှာတွင်မူ မိန်းမသားတို့၏ စွမ်းပကားလက်နက် မျက်ရည်စက်တွေက အထင်းသား။

"အေး.....ထောင်ဆိုတာ မကောင်းတဲ့လူတွေကို ပြုပြင်ပြောင်းလဲအောင် ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ ဘဝတက္ကသိုလ်ကြီးလို့ပြောရင်လည်း ရတာပေါ့ မတိုးရယ်၊ ဒါကြောင့် လှခင်မောင် ထောင်က ထွက်လာရင် လူကောင်းတစ်ယောက်ဖြစ်လာမယ်လို့ မျှော်လင့်ခဲ့တာတော့ အမှန်ပဲ၊ သားလေးကို လူဆိုးတစ်ယောက်မဖြစ်စေလိုတဲ့ သောကလှိုင်းတံပိုးတွေ ငါ့ရင်ထဲမှာ ထန်နေတယ်ကွာ၊ ဒီသောကစိတ်တွေကြောင့် ငါကိုယ်တိုင် သားလေးကို ထောင်ထဲထည့်လိုက်တာပဲ မတိုး"

ဦးချစ်က သူ့ရင်တွင်းခံစားနေရသည့် သားအတွက်သောကများကို ရင်ဖွင့်ပြောလာသောအခါ ဒေါ်တိုးတိုးမှာ စိတ်မကောင်းခြင်းများစွာဖြင့် ဝမ်းနည်းဝမ်းသာဖြစ်နေမိတော့သည်။ မိဘတစ်ဦး၏ မိမိရင်သွေးအပေါ် ထားရှိခဲ့သည့် မေတ္တာတရားကြောင့် ဒေါသ၊ ဆန္ဒမပါ သောကဗျာပါရဖြင့် လုပ်ဆောင်လိုက်ခြင်းအပေါ် အပြစ်မမြင်နိုင်တော့ဘဲ သိရှိနားလည်လိုက်ရသဖြင့် ရင်တွင်းအေးချမ်းကြည်နူးသွားမိလေတော့သည်။ စိတ်ထဲကလည်း ဆုတောင်းလိုက်သည်။

"ငါ့သားလေး ထောင်ကလွတ်လာရင် မိဘရဲ့ မေတ္တာစေတနာကို နားလည်သဘောပေါက်ပြီး လူကောင်းတစ်ယောက် ဖြစ်လာပါစေတော်"

သိကြားသန်းအောင် (မြင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ရတဲ့နေ့ပါ။ ရပ်ကွက်ရုံးမှအပြန်တွင် မေမေ့ရှေ့၌ပင် ကိုကျော်စိုးနှင့် မမခိုင်အား တည့်တည့်ပဲ ပြောချလိုက်သည်။

"ကိုကျော်စိုးနဲ့ မမခိုင်၊ ကျွန်မကို အခုပဲ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့အဖွဲ့က ခေါ်ပြောပြီးပြီ၊ ရှင်တို့နှစ်ယောက် ကက်ဆက်ကြီးကို သံကုန်ဖွင့်၊ အနောက်တိုင်းသီချင်းတွေကို နှစ်ယောက်သား သံပြိုင်ဟစ်ဆိုပြီး မွတ်သသင်ကသလို အရှက်မရှိက၊ စွပ်ကျယ်အကျီကို ဆွဲချွတ်လိုချွတ်၊ အရက်ကို နှစ်ယောက်သားအရမ်းသောက်ပြီး အစွမ်းကုန်သောင်းကျန်းကြတာကို ရပ်ကွက်လူကြီးပိုင်း၊ လူလတ်ပိုင်းတွေက ကြည့်မရတော့ဘူးရှင့်၊ ကနေ့ည သောင်းကျန်းရင် အိမ်ပေါ်ကိုတက်ပြီး ရှင်တို့နှစ်ယောက်ကို ဆွဲရိုက်ကြဖို့ လူစုထားပြီးပြီ၊ အဲဒါ ရပ်ကွက်ထဲက လူကြီးပိုင်းက အဲဒီလိုမဖြစ်ရအောင် ကျွန်မကိုခေါ်ပြီး သတိပေးလိုက်တာပဲ"

ကျွန်မက ထိုသို့ပြောပြီး အစ်မဖြစ်သူကိုပါ ပြောလိုက်ပြန်သည်။

"မမခိုင်..မမခိုင်ဟာ ရွှေဘိုသူစစ်စစ်ပါ၊ ဗုဒ္ဓဘာသာဝင်စစ်စစ်က မွေးခဲ့တာပါ၊ ညီမတို့ ပြည်ရွှေဘိုဟာ ရာဇဝင်ရှိတဲ့မြို့ပါ၊ မြန်မာ့သမိုင်းမှာ ဘယ်မြို့နဲ့မှ နှိုင်းမရယှဉ်မရတဲ့ ငါးမည်ရပြည်ရွှေဘိုပါ၊ မြန်မာပီသတဲ့ မြန်မာတွေ ပေါက်ဖွားတဲ့ဒေသပါ၊ အင်္ဂလိပ်တွေကို ဓားတစ်လက်နဲ့ တော်လှန်ခဲ့ကြတဲ့ ရွှေဘိုပါ၊ အင်္ဂလိပ်နယ်ချဲ့ရဲ့ သရုပ်သဏ္ဌာန်တွေကို အမြဲတော်လှန်ခဲ့တဲ့ ရွှေဘိုသူရွှေဘိုသားတွေပါ၊ ဇာတိသွေး၊ ဇာတိမာန် ကြီးမားလှတဲ့ ရွှေဘိုမြေက မမခိုင်တစ်ယောက် ကိုကျော်စိုးနဲ့ညားပြီးကာမှ အခုလို ဟိုရိုးသြတ္တပ္ပတရား ကင်းမဲ့လှတဲ့ပြည်ပစရိုက်တွေကို အကောင်းထင်ပြီး ရွှေဘိုမြေမှာ လာရောက်ပြုမူတာဟာ ဦးအောင်ဇေယျကို စော်ကားလိုက်တာပါပဲ"

ကျွန်မက အစ်မဖြစ်သူကိုပြောပြီးသည်နှင့် ကိုကျော်စိုးဘက်လှည့်ပြီး ပြောလိုက်ပြန်သည်။

"ဒီမယ် ကိုကျော်စိုး၊ ဒါ ရွှေဘိုရှင့်.....ရွှေဘို၊ ကျွန်မတို့ရွှေဘိုဟာ မြန်မာပီသကြသေးတယ်၊ ကပြားမြို့မဟုတ်သေးဘူး၊ မြန်မာ့ယဉ်ကျေးမှုတွေကို ရွှေဘိုသူရွှေဘိုသားတွေက ထိန်းသိမ်းထားဆဲပဲ၊ ရှင်လာရောက်ဖျက်ဆီးလို့မရဘူးလို့ မှတ်ထားလိုက်ပါ၊ ရှင် ရွှေဘိုမြေကိုနင်းတာ သုံးရက်ပဲရှိသေးတယ်နော်၊ အခု ရှင့်လို ကပြားလိုလို၊ ဘိုလိုလိုလုပ်ရပ်ကြောင့် ရှင့်ခေါင်းကို ဒင်္ဂါးစိတ်ဖြစ်အောင် လုပ်ချင်ကြတဲ့လူတွေ ရှိနေကြပြီ သိရဲ့လား၊ ရှင့်အကျင့်ဆိုးတွေကို ဘာဖြစ်လို့ မြန်မာပြည်ကို သယ်ယူလာရတာလဲ"

"ကျွန်တော်တို့က အပျော်သက်သက်ပါ၊ ဘယ်သူ့ကိုမှမစော်ကားပါဘူး"

"မြန်မာပြည်က ယဉ်ကျေးမှုကို အလေးဂရုပြုတဲ့နိုင်ငံရှင့်"

ကိုကျော်စိုး တုတ်တုတ်မှ

ပြည်ရွှေဘိုဟာ
ရာဇဝင်ရှိတဲ့မြို့ပါ၊
ငါးမည်ရပြည်ရွှေဘိုပါ၊
မြန်မာပီသတဲ့
မြန်မာတွေ
ပေါက်ဖွားတဲ့ဒေသပါ၊
အင်္ဂလိပ်တွေကို
ဓားတစ်လက်နဲ့
တော်လှန်ခဲ့ကြတဲ့ ရွှေဘိုပါ၊
ဇာတိသွေး၊ ဇာတိမာန်
ကြီးမားလှတဲ့
ရွှေဘိုမြေက
မမခိုင်တစ်ယောက်
ကိုကျော်စိုးနဲ့
ညားပြီးကာမှ
...

www.burmeseclassic.com

www.burmeseclassic.com

မလှုပ်နိုင်မီ ထပ်ပြောမိပြန်သည်။

"ရှင့်အကျင့်တွေက မယဉ်ကျေးဘူး၊ သိပ်ရိုင်းတယ်၊ ရှင်ဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှ ဟုတ်ပါလေစ"

ကျွန်မက ဒေါသကို မနည်းထိန်းထားရသည်။

"ကိုင်း.....ဆက်မပြောတော့ဘူး၊ ခု ရှင်တို့လင်မယားနှစ်ယောက် ပြန်ကြတော့၊ ရွှေဘိုမှာမနေနဲ့၊ ရွှေဘိုမြေက ရှင်တို့ကို လက်သင့်မခံဘူး၊ မေမေ သူတို့ပေးထားတဲ့ငွေ တစ်သိန်း ပြန်ပေးလိုက်ပါ"

ကျွန်မ ခပ်ပြတ်ပြတ် ပြောလိုက်သည်။ နှစ်ယောက်သား သနားစရာအသွင် မြင်ရ၏။ မေမေကတော့ သူ့သမီးကြီး မတင်တင်ခိုင်အား မျက်တောင်မခတ် စိုက်ကြည့်နေရှာသည်။

"မိလှိုင်.....ညည်းက ငါ့ယောကျ်ားကို ပက်ပက်စက်စက် ပြောလှချည်လား၊ ညည်းဒီလောက် ပြောဖို့မလိုဘူး၊ နားလည်ပါ"

"အံမယ်....သူ့ယောကျ်ားထိတော့ နာတယ်ပေါ့လေ၊ ဒီလောက် အောက်တန်းကျတဲ့လူစားမျိုး ရွှေဘိုမှာ တစ်ယောက်မှမရှိဘူး၊ မှတ်ထားလိုက်ပါ"

ကျွန်မအစ်မ၏အသားတွေ တဆတ်ဆတ် တုန်တုန်ယင်ယင် ဖြစ်နေ၏။

"ခင်ဗျားက ဘယ်လိုလဲ၊ မိုက်ရိုင်းလှချည်လား"

ကိုကျော်စိုးက ရုတ်တရက် ကျွန်မကိုကြည့်ပြီး ထအော်သည်။

"ဘာ.....မိုက်ရိုင်းတာက ရှင်သိလား"

"ကျုပ် မိကောင်းဖခင်သား တစ်ယောက်ဗျ၊ ခင်ဗျားသိထားဖို့က"

"ဟင်း....မိကောင်းဖခင်သား ဆိုရင် ဘာဖြစ်လို့ ဘုရားစင်ရှေ့မှာ ကရတာလဲ၊ ဘာဖြစ်လို့ ဘုရားစင်ရှေ့မှာ အရက်သောက်ရတာလဲ၊ ဘာဖြစ်လို့ ဘုရားခန်းမှာ ဝေါကင်း ရှူးစီးလာရတာလဲ၊ ကဲ.....ပြော"

"ပြောတယ်ကွာ...ပြောတယ်ကွာ"

ကိုကျော်စိုးက ဒေါသပေါက်ကွဲကာ ကျွန်မကို လက်သီးနှင့် ထထိုးပါတော့သည်။ အနာပေါ်တုတ်ကျသလိုဖြစ်ကာ ရှက်ရမ်း ရမ်းလိုက်ခြင်းပါ။ ကျွန်မ၏ နဖူး၊ ရင်ဘတ်တို့သို့ သူ့လက်သီးနှစ်လုံးထိပြီး လဲကျသွားပါသည်။ သတိမလစ်ပါ။

"ငါ့သမီးလေး သေပါပြီ"

မေမေ၏ အက်ကွဲစွာပြောလိုက်သောအသံကို ကြားလိုက်ရသည်။ ဒေါသကြောင့် ကျွန်မမျက်စိတွေ ပြာဝေသွားပြီး အမှားနှင့်အမှန် ချင့်ချိန်ရန် မတတ်နိုင်တော့။ စားပွဲပေါ်ရှိ သားလှီးဓားကို ကောက်ယူပြီး ရုတ်ခြည်း ကိုကျော်စိုးရပ်နေရာသို့ တစ်ရှိန်ထိုးပြေးကာ လူချင်းပူးကပ် လုံးလိုက်ပါတော့သည်။

ကိုကျော်စိုးဝမ်းဗိုက်အတွင်းမှ သွေးများကျလာသည်။ သူသည် ကြောက်အားလန့်အားနှင့် တအားကုန် အော်ဟစ်နေသည်။ မမခိုင်က သူ့ကိုဖက်ထားသည်။ ရပ်ကွက်ထဲမှ အိမ်နီးချင်းများ ပြေးချလာကြ၏။ ကျွန်မက သွေးစွန်းသောဓားကိုကိုင်ကာ ငိုင်နေမိသည်။

"ဟင်...ဆရာမ...ဆရာမ၊ ဘယ်လိုဖြစ်ရတာလဲ"

"ဟာ.....ဓားနဲ့ထိုးလိုက်ပြီ"

"အို...သွေးတွေ..သွေးတွေ"

"ဆေးရုံကို မြန်မြန်ပို့မှဖြစ်မယ်၊ ဆိုက်ကားခေါ်.....ဆိုက်ကားခေါ်"

လူတွေ တစ်ယောက်တစ်ပေါက် ပြောနေကြ၏။ မေမေက ကျွန်မကိုဖက်ထား၏။ မေမေ့လက်တွေ တုန်ယင်နေသည်။ ကျွန်မ ရုတ်တရက် ဘာဆက်လုပ်ရမည် မသိ။ တစ်ခါဖူးမျှ သူတစ်ပါးကို သွေးထွက်သံယိုဖြစ်အောင်မလုပ်ဖူးပါ။ လက်တော့လွန်သွားပါပြီ။ ကျွန်မချက်ချင်း ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်၏။

"ကိုင်း..မေမေ သမီး ရဲစခန်းကိုသွားမယ်၊ မေမေ ခဏလိုက်ခဲ့ပါ၊ မေမေ ဘာမှမကြောက်နဲ့၊ သမီး လုပ်ရဲတယ်၊ ခံလည်းခံရဲတယ်၊ လာ.....သွားမယ်"

ထိုးချလိုက်သည့်ဓားကို လက်နှင့်ဆုပ်ကိုင်လျက် ရွှေဘိုမြို့မရဲစခန်းသို့ ကိုယ့်ကိုယ်ကိုယ်သွား၍ အပ်လိုက်သည်။

ကျွန်မ ဖြောင့်ချက်ပေးပြီးလျှင် ပေးပြီးချင်း အချုပ်ခန်းတွင်းသို့ ဝင်ရတော့သည်။ မေမေတစ်ယောက် မူးလဲသွား၍ ရင်ထုမနာဖြစ်ရပြန်သည်။

ကျွန်မ အချုပ်ခန်းအတွင်း သ

www.burmeseclassic.com




ရက်ကြာပြီးသည့်နောက် ကျွန်မ ဓားနှင့်ထိုး လိုက်သည့် ကိုကျော်စိုး အသက်မသေ ကြောင်း သတင်းရရှိ၏။ သူ မန္တလေး ဆေးရုံကြီးတွင်ရှိ နေသည်။

ကျွန်မ ကံကောင်းသလား၊ ကို ကျော်စိုးပဲ ကံကောင်းသလားတော့ မပြောတတ်။ သူ့အသက်သာသေသွားရင် အခက်ကြီး ခက်ပြီ။

ကျွန်မ အာမခံနှင့်နေရစဉ် သုံးလအကြာ ကာလ၌ အမှုကိုစစ်ဆေး ပြီး ပြစ်ဒဏ်ချမှတ်ခဲ့၏။

ထောင်ဒဏ် (၃)နှစ်တဲ့။

+++

အလယ်တန်းပြဆရာမ ဒေါ်တင်တင်လှိုင်တစ်ယောက် ရွှေဘိုထောင်ကြီးတွင် ထောင်ကျနေခိုက် ထောင်ကျသက် တစ်နှစ်ကျော်ကျော်ရှိစဉ် ဆရာမ၏အမေ သေဆုံးသွား၏။ ဓားထိုးမှုဖြစ်ပြီးနောက် နှလုံးရောဂါ ခံစားနေရပြီဖြစ်သော ဆရာမသည်လည်း လျှော့ရက်နှင့် ထွက်ရန် ရက်ပိုင်းအလိုတွင် ထောင်ထဲ၌ ရုတ်တရက်ကွယ်လွန် သွားရှာသည်။

တိုက်တိုက်ဆိုင်ဆိုင် ဆရာမ ဒေါ်တင်တင်လှိုင် ထောင်တွင်း၌ ကွယ်လွန်၍ ခုနစ်ရက်အတွင်း ရန်ကုန်မြို့တွင်နေသည့် မတင်တင်ခိုင်၏ခင်ပွန်း သင်္ဘောသားကြီး ကိုကျော်စိုးလိုက်ပါသည့် ဂျပန်ကုန်တင်သင်္ဘောသည် တောင်အမေရိကတိုက်၊ ဂွတ်ဟုတ်(ပ်)--- အနီးတွင် လေမုန်တိုင်းမိ၍မှောက်ပြီး ရေ အောက်သို့ စုံးစုံးမြုပ် သွားခဲ့သည်ဟုသိရ၏။ ကိုကျော်စိုးတစ်ယောက် သေပွဲဝင်ခဲ့ရလေပြီ။

ဖြစ်ပျက်မှုကွင်းဆက်တွေမှာ တစ်ခုမျှမကောင်းလှ။ နောက်ဆက်တွဲဖြစ်ပျက်မှုကတော့ ကိုကျော်စိုး၏ ဇနီးချော မတင်တင်ခိုင်သည် ဘိန်းဖြူစွဲရောဂါဖြင့် ကွယ်လွန်ပြန်သည်။

ထိုဖြစ်ပျက်မှုသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က တကယ့်ဖြစ်ရပ်ရာဇဝတ်မှုဖြစ်ခဲ့သည်။ ကျွန်တော်သည် နာမည်တွေပြောင်းလဲ၍ ရေးထားသည်မှတစ်ပါး အားလုံးအမှန်ချည်းဖြစ်ပါသည်။

ကံကြမ္မာဆိုးကြုံရမှုများကို ဆရာမ မတင်တင်လှိုင်၏ကျိန်စာဟု ရွှေဘိုမြို့လူထုက ယနေ့ထက်တိုင် စကားစပ်မိလေတိုင်း ပြောဆိုနေကြဆဲဖြစ်သည်။

ဩော်...တကယ့်ဖြစ်ရပ်သည် စိတ်ကူးယဉ်ဇာတ်လမ်းထက် စိတ်ဝင်စားဖွယ်ကောင်းလှပါတကား။

ရွှေဘိုတာမဏီအောင်

www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်ဇော

# နောက်ဆုတ်မရတဲ့ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



“ရော့....ကိုမိုးနောင်၊ ခင်ဗျားအတွက် ဝေစုအမြတ်”

မိုးနောင်က စားပွဲပေါ်တင်ပေးသော ငွေထုပ်ကို ကြည့်လိုက်သည်။

ကျပ် ၅၀၀၀ တန် (၁၀)အုပ်ဖြစ်သည်။ ကျပ် ၅၀၀၀ တန် တစ်အုပ်လျှင် ရွက်ရေ ၁၀၀ ပါရှိ၍ ကျပ်ငါးသိန်းဖြစ်သည်။ ကျပ် ၅၀၀၀ တန် (၁၀)အုပ်ဆိုပါက ကျပ်သိန်း(၅၀)ဖြစ် သည်။

ငွေထုပ်အား လက်လွှဲထုတ်ပေးသူမှာ လုပ်ငန်းရှယ်ယာ စပ်တူလုပ်သူ ဝေလင်းဖြစ်သည်။

ဝေလင်းနှင့် မိုးနောင်တို့သည် ငယ်သူငယ်ချင်း၊ ရန်ကုန်၊ အလုံမြို့နယ် ဇာတိများဖြစ်သည်။ သူတို့နှစ်ဦးစလုံး ဘွဲ့ရပညာတတ်များဖြစ်၍ အိမ်ထောင်ရှိသူများဖြစ်ကြသည်။

သူတို့နှစ်ဦး ရွှေထွက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့သို့ လာရောက်ပြီး တစ်နိုင်တစ်ပိုင်ဖြင့် ရွှေတူးကြသည်။

ရွှေကျင်မြို့သည် စစ်တောင်းမြစ်၏ အရှေ့ဘက်ခြမ်း၊ အရှေ့ရိုးမတောင်တန်း၏ အနောက်ဘက်ခြမ်းတွင်ရှိသည်။

ရွှေကျင်မြို့သည် ရှေးယခင်ကတည်းက ရွှေထွက်ရှိကြောင်း မြို့ခံများက သိကြသည်။ မိုးရွာသွန်းသည့်ကာလတွင် ရွှေမျှောပါရာဟု ယူဆရသည့် ရေစီးကြောင်းလမ်းတွင် ကျင်ခွက်တစ်ခွက်၊ ရွှေခြစ်ယူသည့် ဂေါက်တံတစ်လက်ဖြင့် ရွှေကျင်ကြသည်။ ကျင်ခွက်ကို ရေနှင့်သန့်စင်၍ အနည်ထိုင်သော မြေသားထဲမှရွှေကို ထပ်မံသန့်စင်ထုတ်ယူလျှင် တစ်နေကုန်လုပ်အားရှင်အတွက် ရွှေသားတစ်မူး၊ တစ်ပဲဆိုသည်မှာ မပြောပလောက်သော ရွှေသားရရှိမှုဖြစ်သည်။

ကံကောင်းသူများက တစ်မတ်သား၊ တစ်ကျပ်သားအထိ ရရှိကြသည်။

ရွှေထွက်သောမြို့မို့ ရွှေကျင်မြို့ဟု အမည်တွင်သည်လားမသိ။

မိုးနောင်နှင့် ဝေလင်းတို့သည် ကျောင်းနေဖက် ရွှေကျင်သားတစ်ဦး၏ ဖိတ်ခေါ်ချက်ဖြင့် ရွှေကျင်မြို့သို့ ရောက်လာကြခြင်းဖြစ်သည်။

သူတို့နှစ်ဦးလုံး ရွှေတူးသည့်လုပ်ငန်းကို မကျွမ်းကျင်ကြ။ ရွှေကျင်မြို့ခံ မင်းညိုကြောင့် တစ်ပိုင်တစ်နိုင် ရွှေတူးသူများဖြစ်ခဲ့ကြ၏။

သူတို့တစ်တွေ ကံလိုက်သည်ဟု ဆိုရမည်။

ရွှေတွင်းစတင်တူးသည့်နေ့က အနက် (၁၈)ပေခန့်တွင် ရွှေကြောကို စတင်တွေ့ကြသည်။ ရွှေတူးသည့် ကုမ္ပဏီကြီးများကတော့ အင်အားသုံးပြီး တူးကြသည်။

လုပ်အားချင်းကွာသလို အကျိုးအမြတ်ကလည်းကွာသည်။

ကုမ္ပဏီများက လူအား၊ စက်အား ကောင်းလှသည်။

မိုးနောင်နှင့် ဝေလင်းတို့က လက်လုပ်အားဖြင့်တူးကြသည်။

အလုပ်သမား ငါးဦးခန့်တော့ ရှိသည်။

ရွှေဝယ်သူများက လုပ်ကွက်များအနီးတွင် အစီအရီရှိသည်။

ရွှေတူးသောနေရာသည် ရွှေကျင်မြို့၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက် တောင်ကြောပေါ်တွင် ရှိသည်။

ထိုသို့သောနေရာတွင် ဝယ်သူ၊ ရောင်းသူ၊ ရွှေကျင်သူ၊ ရွှေတူးသူ၊ ကုန်စုံရောင်းသူတွေနှင့် အလွန်စည်ကားလှသည်။

ဝေလင်းက တူးဖော်ရရှိသမျှ ရွှေများကို တာဝန်ယူရောင်းပေးရသည်။ လုပ်အားအလိုက် အလုပ်သမားများကို အချိုးကျဝေစုပေးရသည်။

မိုးနောင်က အလုပ်သမားများနှင့်အတူ ရွှေတူးသည်။ မြေကြီးထဲသို့ တွင်းတူးပြီးဆင်းကာ ရွှေကြောရှာရသည်။ ရွှေကြောရှိလျှင် လိုဏ်ခေါင်းထပ်တူးပြီး ရှာရသည်။

လိုဏ်ခေါင်းများကို မျှောတိုင်နှင့် ထောက်ရသည်။

အသက်အန္တရာယ်နှင့် လွန်စွာနီးကပ်သော အလုပ်မျိုးဖြစ်သည်။

ဝေလင်းက ရက်သတ္တ တစ်ပတ်စာရရှိသည့် ရွှေများကို တာဝန်ယူရောင်းချပြီး မိုးနောင်ကို ဝေစု ရှင်းပေးရသည်။ မိုးနောင်၏ဝေစုများကို မိုးနောင်၏ဇနီး သင်းလဲ့ဖြူထံ ဝေလင်းက ပို့ပေးရလေ့ရှိသည်။

ဝေလင်းက ရွှေများကို ရွှေကျင်မြို့ရှိ ရွှေကောက်သူများထံ

www.burmeseclassic.com

www.burmeseclassic.com

ရောင်းချခြင်းထက် ရန်ကုန်မြို့ရှိ ရွှေဈေးကွက်သို့ သွားရောက်ရောင်းချရသည်က ပိုများသည်။

သို့ဖြစ်၍ မိုးနောင်ရရှိသော ဝေစုများကို ဝေလင်းက မိုးနောင်၏ ခိုင်းစေချက်အရ သင်းလဲ့ဖြူထံသွားရောက်ပေးရသည်။

ယနေ့တွင် ရက်သတ္တပတ်လုပ်အားအတွက် မိုးနောင်က ဝေစုကျပ်သိန်း(၅၀)ရရှိသည်။ ကျပ်သိန်း(၅၀)ဆိုသည်မှာ ရွှေကျင်မြို့ဈေးကွက်တွင် ရောင်းချရာမှ ရရှိငွေဖြစ်၍ ရန်ကုန်တွင်ရောင်းရန် စုဆောင်းထားသည့်ဝေစု မပါသေးပေ။

"ကဲ.....ဝေလင်း၊ အဲဒီငွေကို မင်းဆီမှာယူထား"

"သင်းလဲ့ဖြူဆီ ပို့ပေးရမှာလား"

"ဟုတ်တယ်၊ ရန်ကုန်မှာထပ်ရောင်းလို့ ရမယ့်ငွေပါ တစ်ပါတည်းပေးခဲ့ကွာ"

ဝေလင်းက မိုးနောင်ကိုကြည့်ရင်း အကြံပြုသည်။

"ဒီတစ်ခါ မင်းပဲရန်ကုန်သွားပါလား၊ ငါဒီမှာကြီးကြပ်မယ်"

"ရပါတယ်ကွာ၊ မင်းပဲသွားပါ"

"မဟုတ်ဘူးလေ၊ မင်းရန်ကုန် ကိုမပြန်တာ သုံးလကျော်ပြီ"

"အလုပ်က အချိန်ရှိတုန်းလုပ်ရတာ၊ ရသမျှငွေတွေကို ငါ့မိန်းမဆီ ပို့ပေးနေတာပဲ"

"ငွေကိုပဲ သဲသဲမဲမဲ မရှာနဲ့၊ အိမ်ထောင်ရေးအတွက်လည်းစဉ်းစား"

"အိမ်ထောင်ရေး ဟုတ်လား၊ နောင်ရေးအတွက် ရှာနေတာပဲ၊ အခုဆို အိမ်ခန်းဝယ်ပြီးပြီ၊ ဘဏ်မှာ သိန်းတစ်ထောင်ကျော် စုမိနေပြီ၊ သင်းလဲ့ဖြူကိုယ်ပေါ်မှာ လက်ဝတ်ရတနာသုံးစုံလောက်ရှိနေပြီ"

ဝေလင်းက မိုးနောင်ကိုကြည့်ရင်း ခေါင်းညိတ်သည်။

"အိမ်ထောင်အတွက် ငွေရှာတာ ဘာမှပြောစရာမရှိဘူး၊ အိမ်ထောင်ဖက်အတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးဖို့ မမေ့နဲ့"

"ဘာမှမလိုပါဘူးကွာ"

"အေး.....အေး၊ ယောကျ်ားသားတွေဟာ အိမ်ထောင်အတွက် စီးပွားရေးပဲလုံးပန်းပြီး ဇနီးကို ပြန်မကြည့်လို့ အိမ်ထောင်ရေးပြိုကွဲတာတွေ အများကြီးပဲ"

"အိမ်ထောင်ရှင်တိုင်း သစ္စာရှိရင် ပြီးတာပဲ"

"အဲဒီသစ္စာကို အရည်ကျိုပြီး ဖျက်ဆီးပစ်တာ ဘာလို့ထင်လဲ"

မိုးနောင်က အဖြေမပေးနိုင်ခဲ့ပေ။

ဝေလင်းက သူ့အနေဖြင့် ရှေ့ဆက်ပြောပြလိုသည့် စကားများကို ရင်ထဲတွင် မျိုသိပ်ထားလိုက်သည်။ မိုးနောင်ကို သနားစရာလူသားအဖြစ် လှမ်းကြည့်ရင်း သက်ပြင်းမှုကို မှုတ်ထုတ်လိုက်မိသည်။

+++

"မမ....."

"ဟင်...ဘာလဲ မောင်လေး"

"မမနဲ့မောင်လေးတို့ရဲ့ သံယောဇဉ်သက်တမ်းက ခြောက်လကျော်လောက်ရှိနေပြီ"

"အင်းလေ၊ မမက မင်းကို အမြဲလိုက်လျောနေတာပဲ၊ မမနဲ့မောင်လေးတို့ တူနှစ်ကိုယ်တွေ့ခဲ့ကြတဲ့ အကြိမ်ပေါင်းက မနည်းတော့ဘူး"

အင်းယားကန်ပေါင်ပေါ်ရှိ ခုံတန်းရှည်ပေါ်တွင် ယှဉ်တွဲထိုင်နေသော သင်းလဲ့ဖြူက သူမ၏ချစ်သူအသစ် မင်းခိုင်၏မျက်နှာကို စေ့စေ့ကြည့်နေခဲ့သည်။

သင်းလဲ့ဖြူသည် ခင်ပွန်းဖြစ်သူ မိုးနောင် အလုပ်ရှိရာတွင် နေထိုင်စဉ်ကာလအတွင်း သားငယ်ဖြစ်သူကို မူကြိုကျောင်းရှိရာသို့ နေ့စဉ်သွားရောက်ပို့ပေးရာမှ မင်းခိုင်ဆိုသောလူငယ်နှင့် တွေ့ခဲ့ခြင်းဖြစ်သည်။

မင်းခိုင်မှာ အသက် (၂၀) ကျော်ဝန်းကျင်သာရှိ၍ သင်းလဲ့ဖြူနှင့် (၁၅)နှစ်ခန့်ငယ်သူဖြစ်သည်။ မင်းခိုင်မှာ ခေတ်လူငယ်ဖြစ်၍ သင်းလဲ့ဖြူအတွက် စိတ်ဝင်စားထိုက်သူဖြစ်ခဲ့သည်။

မင်းခိုင်က သွယ်သွယ်၊ ပိန်ပိန်၊ အသားဖြူသည်။ ရုပ်ရည်တင့်တယ်သည်။

သင်းလဲ့ဖြူမှာ နာမည်နှင့်လိုက်အောင် ဖြူဝင်းသူအသားအရေပိုင်ရှင်ဖြစ်ပြီး အမြဲတစေ ပြင်ဆင်ထားသူဖြစ်၍ အသက် (၂၅)နှစ်ဝန်းကျင်ခန့်သာရှိသူဟု ယူဆနိုင်သူဖြစ်၏။

ခေတ်လူငယ် မင်းခိုင်က သင်းလဲ့ဖြူကို နေ့စဉ်မြင်တွေ့နေရသူဖြစ်သဖြင့် သင်းလဲ့ဖြူအကြောင်း စုံစမ်းခဲ့သည်။

မင်းခိုင်က သိုက်ဖူးသမား။

ခေတ်စကားအရ ခွကောင်းလျှင် တက်ထိုင်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်များတွင် ကိုင်းဖျား၊ ကိုင်းနား၌ထိုင်ပါက ပြုတ်ကျနိုင်သည်။ သစ်ကိုင်းနှင့်ပင်စည်အကြား ခွကောင်းသောနေရာတွင် ထိုင်ပါက ပြုတ်ကျစရာမရှိပေ။

သင်းလဲ့ဖြူသည် လေးနှစ်အရွယ် သားငယ်ဖြစ်သူကို မူကြိုသို့ပို့ထားပြီး တစ်နေကုန် သွားလာနေသူဖြစ်သည်။ မသွားရလျှင် နေအိမ်၌ တစ်ဦးတည်း အဖော်မဲ့နေထိုင်ရသူဖြစ်၏။

သင်းလဲ့ဖြူ၏ခင်ပွန်းမှာ နယ်တွင်အလုပ်လုပ်နေသူဖြစ်သည်။

ဇနီးဖြစ်သူမှာ အိမ်ထောင်ရှိလျက် အဖော်မဲ့ အထီးကျန်နေရသူဖြစ်သည်။ အသက်ငယ်ငယ် အိမ်ထောင်ရှိမိန်းမက လင်ယောကျာ်းနှင့် ကာလတာရှည်စွာ ခွဲခွာနေထိုင်ရသည်ဖြစ်၍ အိမ်ထောင်တစ်ခု၏ လိုအပ်ချက်ကို မင်းခိုင်က ကောင်းစွာသိနေသည်။

အိမ်ထောင်ရေးလိုအပ်ချက်သည် မင်းခိုင်အတွက် ဝင်ပေါက်



ချဉ်းကပ်လမ်းဖြစ်ခဲ့သည်။ မင်းခိုင်က သင်းလဲ့ဖြူကို သာမန်ရင်းနှီးခင်မင်သူဖြစ်အောင် ကြိုးစားကြည့်ရင်း ချဉ်းကပ်ခဲ့သည်။

အမြင်၊ အတွေ့ ကြာမြင့်လာသောအခါ သင်းလဲ့ဖြူက မင်းခိုင်ကို မောင်လေးတစ်ယောက်လိုသဘောထားပြီး တုံ့ပြန်ခင်မင်ခဲ့သည်။

ခင်မင်ရင်းနှီးမှု ပိုလာသောအခါ အတူသွားအတူလာဘဝသို့ ရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိစေရန် မင်းခိုင်ဘက်မှ ဇာတ်လမ်းထွင်၍ အခွင့်အရေးရအောင်ယူခဲ့သည်။

ကြိမ်ဖန်များစွာ အတူသွားအတူလာရှိလာချိန်၌ အထီးကျန်ဘဝဖြင့် တောင့်တမှုများကို ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရသော သင်းလဲ့ဖြူကို မင်းခိုင်က မေတ္တာရှင်အဖြစ် မြင်လာစေရန် ရင်ဖွင့်ခဲ့သည်။

သင်းလဲ့ဖြူက ငြင်းသည်၊ ရှောင်သည်။

မင်းခိုင်က ဖို,မကိစ္စတွင် ဇျူ ဟာမြောက် ဖန်တီးရှင်ဖြစ်သည်။

နည်းပရိယာယ်အမျိုးမျိုးသုံးပြီး တိမ်းညွှတ်လာစေရန် ဆွဲဆောင်နိုင်ခဲ့သည်။ အချစ်ငတ်နေသော အထီးကျန် သင်းလဲ့ဖြူကို အထိအတွေ့ဖြင့် အာရုံချောက်ချားစေရန် ကျူးထဲသို့ မောင်းသွင်းခဲ့သည်။

သင်းလဲ့ဖြူ တောင့်မခံနိုင်တော့။ အချစ်ကြမ်း တစ်ဖွတ်ထိုး သမားအဖြစ် ဟန်ဆောင်ထားသူ မင်းခိုင်ဆင်ထားသည့် ထောင်ချောက်ထဲ တိုးဝင်မိခဲ့တော့သည်။

အထိအတွေ့၊ အယုအယဖြင့် ချည်နှောင်ထားခဲ့သော မေတ္တာအမည်ခံ လှောင်အိမ်ထဲတွင် သင်းလဲ့ဖြူမှာ ရေငန်သောက်မိသူလိုဖြစ်ခဲ့သည်။

မင်းခိုင်၏ မာယာလှည့်ကွက်ထဲ၌ သင်းလဲ့ဖြူမှာ ကြိုးဆွဲရာလိုက်ပါကပြနေရသူအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

ထိုအခြေအနေကြောင့် မင်းခိုင်ကချိန်းလျှင် သင်းလဲ့ဖြူ နာခံရစမြဲဖြစ်သည်။

ယနေ့ သူတို့နှစ်ဦး အင်းယားကန်ပေါင်ပေါ်တွင် ချိန်းဆိုတွေ့ကြသည်။

အကြိမ်ကြိမ် အထိအတွေ့၊ အယုအယများနှင့် အချိန်များစွာကို ကျော်ဖြတ်ခဲ့ရသူများဖြစ်၍ တစ်ဦးကိုတစ်ဦး မခွဲနိုင်မခွာရက်ဖြစ်ခဲ့ကြသည်။

"မမရယ် မောင်လေးနဲ့ အတူနေကြပါစို့"

"မောင်လေးကို မမ မခွဲနိုင်သလို သံယောဇဉ်ဟောင်းကို ဘယ်လိုဖြတ်ရပါ့မလဲလို့ စဉ်းစားနေတာ"

"စဉ်းစားရင် ကြောက်စိတ်ဝင်လာတတ်တယ်၊ ဒီတော့ မမနဲ့မောင်လေးတို့ နယ်ခြားမြေခြားမှာ သွားနေရအောင်၊ မမကိုချစ်လို့ အတူနေချင်လှပြီ၊ မမကို မောင်လေးက ရှာကြံကျွေးမှာပါ"

သင်းလဲ့ဖြူအတွက် ဘေးကျပ်နံကျပ်ဖြစ်ကုန်သည်။

အထိအတွေ့များ၏ဆွဲဆောင်အားက ပြင်းထန်လွန်းလှသည်။

ခင်ပွန်းဖြစ်သူ မိုးနောင်နှင့် သားငယ်ဖြစ်သူကိုလည်း မပစ်ရက်ပေ။ ခြေလှမ်းက ကျွံခဲ့မိလေပြီ။ နောက်ပြန်ဆုတ်ရခက်နေခဲ့သည်။

နောက်ပြန်ဆုတ်မည်ဟု ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ပါက မင်းခိုင်၏ တစ်ဇွတ်ထိုး နိုင်မှုက ဘဝတစ်ခုလုံးကို ပြိုလဲသွား စေနိုင်သည်။

သည်တော့ သင်းလဲ့ဖြူက စကားအလှဖြင့် အချိုသတ်ရသည်။

"ဒီလိုလုပ်၊ အချိန်ယူပြီး ပြင်ဆင်ရမှာဆိုတော့ မမဘက်က အချိန်ယူရလိမ့်မယ်"

"ဒါလည်းသဘာဝကျပါတယ်၊ လောလောဆယ် မောင်လေး အရောင်းအဝယ်လုပ်ပြီး ငွေစုချင်တယ်"

"လုပ်လေ၊ ပိုကောင်းတာပေါ့"

"ခက်တာက အရင်းအနှီး မရှိဘူး၊ မမနဲ့မောင်လေးတို့ရဲ့နောင်ရေးအတွက်ဖြစ်လို့ အရင်းအနှီးထုတ်ပေးဦး မမရယ်"

"ဘယ်လောက်လဲ"

"သိန်းတစ်ရာတည်းပါ"

သင်းလဲ့ဖြူက အလုပ်ကိုမေးသည်။

မင်းခိုင်က ယုတ္တိရှိစေရန် ကြိုတင်ကြံစည်ထားပြီးဖြစ်၍ သင်းလဲ့ဖြူ ယုံကြည်စေရန် ပြောပြခဲ့သည်။

သင်းလဲ့ဖြူက ခေါင်းညိတ်ပြခဲ့တော့၏။

+++

"မိုးနောင်၊ ရော့....အဲဒါ မင်းပေးခိုင်းလိုက်တဲ့ငွေပဲ"

"ဟင်..မင်းငါ့အိမ်ကိုမရောက်ဘူးလား"

"ရောက်တယ်၊ မင်းမိန်းမ အပြင်သွားနေတယ်ဆိုလို့ မပေးခဲ့ရဘူး"

"မင်းက မစောင့်ဘူးလား"

"ဟ.....စောင့်တာပေါ့၊ ညပိုင်းသွားတယ်၊ မတွေ့ဘူး"

"ဘယ်အချိန်သွားတာလဲ"

"ညနေပိုင်း၊ မင်းရဲ့ကလေး မူကြိုကျောင်းက ပြန်တဲ့အချိန်အထိပေါ့၊ မတွေ့ဘူး၊ ဒါနဲ့ ည (၁၀)နာရီလောက် ထပ်သွားတယ်၊ မတွေ့ဘူး"

ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေး လုပ်ကွက်သို့ ပြန်ရောက်လာသော ဝေလင်းက မိုးနောင်ပေးလိုက်သည့် ငွေကျပ် သိန်း(၅၀)အထုပ်ကို ပြန်ပေးသည်။

"ဒါက ရန်ကုန်မှာထပ်ရောင်းလို့ရတဲ့ငွေပဲ၊ တစ်ယောက်ကို သိန်း(၁၈၀)ရတယ်၊ ဒါက မင်းအတွက်"

ဝေလင်းက ဝေစုကိုထပ်ပေးသည်။

"နေပါဦး၊ ငါ့မိန်းမက ဘယ်သွားနေလို့တဲ့လဲ"

"အိမ်နီးနားချင်းတွေကို မေးတယ်၊ မသိဘူးတဲ့"

"ဟုတ်လား၊ သူ့မိဘအိမ်များသွားသလား"

"မင်းယောက္ခမတွေက ဘယ်မှာလဲ"

"လှိုင်သာယာမှာနေတယ်၊ အရင်က ပုတောကကွ၊ လှိုင်သာယာကို အပြီးပြောင်းလာတာ"

"မင်းမိဘတွေရဲ့အိမ်များသွားတာများလား"

"ငါ့မှာ အဖေရော၊ အမေရော မရှိတော့ဘူး၊ သွားစရာမရှိဘူး"

မိုးနောင်က မိဘများမရှိတော့ကြောင်း ရှင်းပြသည်။

ဝေလင်းက ငြိမ်ပြီးစဉ်းစားနေသည်။

သူရရှိလာသည့်သတင်းစကားအား မိုးနောင်ကို ပြောပြသင့်၊ မပြောပြသင့် စဉ်းစားနေခဲ့သည်။

"မိုးနောင်၊ မင်းကို ငါအကြံပေးချင်တယ်"

"ပြော.....သူငယ်ချင်း"

"မင်းမိန်းမကို ရွှေကျင်မှာခေါ်ထားပါလား"

"ဘာဖြစ်လို့လဲ"

"ဩော်.....သူ့ခမျာ မင်းမရှိတော့ အားငယ်မှာပေါ့ကွာ၊ လင်နဲ့မယားဆိုတာ အနီးကပ်နေမှ အားလုံးအဆင်ပြေမှာ"

"အခု ငါရသမျှငွေ သူ့ဆီပို့ပေးနေတာပဲ"

"မင်းကလည်းကွာ တော်တော်နားဝေးတာပဲ၊ အိမ်ထောင်ရေးမှာ ငွေလိုအပ်သလို အနီးကပ်ပြုစုနေထိုင်မှုက အိမ်ထောင်ရေးကို ပိုပြီးခိုင်မြဲစေတယ်"

"မင်းအခုဘာကြားလာလို့လဲ"

"ဘာမှမကြားပါဘူး၊ အခုငွေသွားပို့တော့ အဆင်မပြေခဲ့ဘူးလေ၊ ငါက ငါ့အတွေးနဲ့ အကြံပေးတာပါ"

ဝေလင်းကလင်မယားအကြား မဝင်ထိုက်ကြောင်း သတိပေးစကားရှိ၍ စကားကိုလှီးလွှဲပြောလိုက်ရသည်။

"ငါ သူ့ဆီဖုန်းဆက်တော့လည်း အမြဲဖုန်းပိတ်ထားတယ်"

မိုးနောင်က ယခုမှ သူ့အဖြစ်ကို ဝေလင်းသို့ ပထမဆုံးအကြိမ်အဖြစ် ပြောပြခဲ့သည်။ လင်နှင့်မယား အနေဝေးပေမယ့် ဖုန်းဖြင့် အနေနီးအောင်ပြုလုပ်ကြလေ့ရှိသည်။

မိုးနောင် ဖုန်းဖြင့်ဆက်အသွယ်

www.burmeseclassic.com



မရသည်မှာ မည်မျှကြာပြီမသိ။

မိုးနောင်သည် တစ်သက်လုံး အရက်မသောက်ခဲ့သူဖြစ်သည်။

မကြာမီက အလုပ်ပင်ပန်းမှုကို အကြောင်းပြုပြီး အရက်သောက်လာခဲ့၍ ဝေလင်းပင်လျှင် အံ့အားသင့်နေခဲ့ရသည်။

"တခြား ဘာကြားသေးလဲ သူငယ်ချင်း"

"ဘာမှမကြားဘူး၊ ငါ့စိတ်အထင် ကလေးနေမကောင်းလို့ ဆေးရုံ၊ ဆေးခန်းများ သွားနေသလားလို့"

"ကလေး.....ငါ့သားက အခုမှ အသက် (၄)နှစ်ပဲရှိသေးတယ်၊ ကလေးက နုသေးတယ်ကွ၊ ကျန်းမာရေးကြောင့်လည်း ဖြစ်နိုင်တယ်"

"ဟုတ်တယ်၊ မင်းဖုန်းဆက်ကြည့်ပါလား"

ဝေလင်းက အကြံပြုသည်နှင့် မိုးနောင်က လက်ကိုင်ဖုန်းဖြင့်ခေါ်ကြည့်သည်။ တစ်ဖက်က စက်ပိတ်ထားကြောင်း ပြန်ဖြေသည်။

မိုးနောင်၏ဖုန်းဖြင့် ဆက်သွယ်၍မရသဖြင့် ဝေလင်းက ဖုန်းနံပါတ်မေးပြီး သူ့ဖုန်းဖြင့်ဆက်ကြည့်သည်။

တစ်ဖက်က ဖုန်းပိတ်ထားကြောင်း ပြန်ဖြေသည်။

ဝေလင်းက ကြိုးစားမှုကိုရပ်တန့်ပစ်လိုက်၏။

"ငါ အကြံပေးမယ် သူငယ်ချင်း"

"ပြော၊ ဘာများလဲ"

"မင်း ရန်ကုန်ကို တစ်ခေါက်လောက်ပြန်ကြည့်လိုက်ဦး၊ လိုအပ်ရင် မင်းမိန်းမကို ဒီကိုခေါ်လာခဲ့လေ၊ ဒီမှာအတူနေပေါ့၊ ကလေးက မူကြိုပဲရှိသေးတော့ အိမ်မှာသင်လည်း ရတာပဲ"

"ဒီကိုခေါ်လာတော့ အိမ်ကရှိသေးတယ်"

"အိမ်ကလူငှားတင်လိုက်ပေါ့"

"ဟုတ်ပြီ၊ ငါသွားမယ်၊ ဒီက အလုပ်ကို သုံးရက်လောက်တော့ မင်းတာဝန်ယူပေးပါကွာ"

"စိတ်ချ၊ မင်းသာအဆင်ပြေပါစေ"

ဝေလင်းက စကားကို အပိုမပြောခဲ့။

မိုးနောင် စိတ်ချမ်းသာစေမည့် စကားများကိုသာ ရွေးချယ်ပြောခဲ့သည်။ မိုးနောင်က နောက်တစ်နေ့ နံနက် (၇)နာရီတွင် ရွှေကျင်–ရန်ကုန် အဝေးပြေးခရီးသည်တင်ကားဖြင့် ရန်ကုန်သို့လိုက်ပါရန် စီစဉ်ခဲ့သည်။

+++

မိုးနောင် ရန်ကုန်သို့ မွန်းတည့် (၁၂)နာရီတွင် ရောက်ရှိခဲ့သည်။

အဝေးပြေးကားဝင်းထဲမှ အလုံမြို့နယ်သို့ တက္ကစီငှားပြီးပြန်ခဲ့သည်။

မိုးနောင်နှင့် သင်းလဲ့ဖြူတို့ နေထိုင်ရာအိမ်မှာ ဌာနာရပ်ကွက်ထဲတွင်ဖြစ်သည်။

နေအိမ်က စုပေါင်းလူနေတိုက်ခန်း၏ ပထမထပ်တွင်ဖြစ်သည်။

မိုးနောင်ရောက်သွားတော့ အိမ်နီးနားချင်းများက သတိမထားမိကြ။

တိုက်အဝင်လှေကားအတိုင်း တက်ခဲ့သည်။

မိုးနောင်ကို မည်သူကမျှ သတိမထားမိ။

မိုးနောင်က သူနေထိုင်ရာ တိုက်ခန်းအဝတွင် ရပ်လိုက်သည်။

တံခါး၏အပြင် သံပန်းတံခါးမှာ သော့ပိတ်ထားသည်။

အတွင်းသစ်သားတံခါးကိုလည်း ပိတ်ထားသည်။

အတွင်းသစ်သားတံခါးသော့မှာ ခတ်ထားခြင်းမရှိ။ အတွင်းမှ ကန့်လန့်ထိုးထား၍ အတွင်းတွင်လူရှိနေမှန်း သိသာသည်။

မိုးနောင်က တံခါးနားကပ်၍ အိမ်ထဲမှ လှုပ်ရှားသံများကို နားထောင်လိုက်သည်။ အိမ်ထဲမှ မသင်္ကာဖွယ်အသံတွေက မိုးနောင်၏ရင်ကို အခုန်မြန်စေခဲ့သည်။

မိုးနောင်က သစ်သားတံခါး၏ လက်ကိုင်ဘုကို အပြင်မှလှည့်ကြည့်သည်။ အတွင်းမှ လော့ခ်ချထားမှန်း သိသာလှသည်။

သော့အားလုံးကို ပြန်ကြည့်သည်။

သော့များက ယခင်သုံးစွဲခဲ့ကပင် ခတ်ထားသောသော့များဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သော့များကို ပြောင်းလဲခတ်ထားခြင်းမရှိ၍ ဖွင့်ရန်အခက်အခဲမရှိ။

သူ့ထံတွင် သော့အပိုတစ်စုံရှိသည်။

အပြင်သော့ခလောက်ကိုအသံမကြားစေရန် သတိထားပြီးဖွင့်လိုက်၏။ အပြင်သံပန်းတံခါး ပွင့်သွားသည်နှင့် အသာအယာဖွင့်၍ သံပန်းတံခါးကို အလိုက်သင့်ခေါက်လိုက်၏။

သံပန်းတံခါးပွင့်သွားသည်နှင့် သစ်သားတံခါးလက်ကိုင်ဘုသော့ကို အသံမကြားရစေရန် သတိထားပြီး ဖွင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့် အသံမမြည်အောင်ပိတ်သည်။

ဇနီးဖြစ်သူ အံ့အားသင့်သွားစေရန် အိမ်ထဲအရောက်ဝင်မည်ဟု တွေးခဲ့သော မိုးနောင်မှာ စိုးရိမ်စိတ်တစ်ဝက်၊ ဝမ်းသာမှုတစ်ဝက်ဖြစ်နေ၏။

သူ့စိတ်ထဲသို့ ဝမ်းနည်းမှုက အလိုလိုစီးဝင်လာရ၏။ ဘာမှန်းတော့မသိရ။ ဇနီးဖြစ်သူကိုတွေ့သည်နှင့် အတိုးချ၍ ချစ်ကြောင်းသက်သေပြမည်ဟု စဉ်းစားခဲ့သော မိုးနောင်မှာ အလိုလို စိတ်တထင့်ထင့်ဖြစ်နေ၏။

အိမ်ထဲတွင်မြင်လိုက်ရသော ယောက်ျားစီး ဝေါ့ကင်းရှူးတစ်ရန်ကြောင့် သူ့စိတ်များသည် ဂနာမငြိမ်ဖြစ်ခဲ့ရသည်။

အိပ်ခန်းတံခါးကို စေ့ရုံစေ့ထားသည်။

အိပ်ခန်းထဲမှ ထွက်ပေါ်လာသော စကားသံများက မိုးနောင်၏ အသိများကိုနောက်ကျိသွားစေခဲ့သည်။

တံခါးရွက်ကို ဟရုံဟကြည့်လိုက်၏။

အိပ်ရာပေါ်မှမြင်ကွင်းက သူ့ဘဝတစ်ခုလုံးကို ချောက်ချားသွားစေခဲ့သည်။ သူစိမ်းယောက်ျားသားတစ်ဦးနှင့် သူ့အပေါ်အချစ်ဆုံးပါဟု တဖွဖွပြောဆိုလေ့ရှိသော သင်းလဲ့ဖြူကို အဆိုးဆုံးအခြေအနေဖြင့်မြင်လိုက်ရသည်။

မိုးနောင်၏ဦးခေါင်းမှာ ဓာတ်လိုက်ခံရသလို ထုံကျဉ်သွားသည်။

ခန္ဓာကိုယ်တစ်ခုလုံး ပုရွက်ဆိတ်အကိုက်ခံနေရသူလို စူးစူးကျင်ကျင် ခံစားနေရ၏။

ရင်တစ်ခုလုံး တဆစ်ဆစ်ကိုက်ခဲနာကျင်နေသည်။

သူ့မျက်လုံးများ ပြာဝေသွားခဲ့ရသည်။ သူ့ဒေါသက သူ့တစ်ကိုယ်လုံးကို ပူခနဲဖြစ်သွားစေခဲ့သည်။ နားထင်ကြောများပင် ခုန်နေခဲ့၏။

မိုးနောင်က အိမ်နောက်ဖေးသို့ ခြေသံဖော့ပြီး ဝင်သွားသည်။ မီးဖိုချောင်ထဲတွင်ရှိသော အသားခုတ်ဓားမကို ဆွဲယူခဲ့၏။

"ဝုန်း....."

တံခါးကို ဆောင့်ကန်ပြီးဖွင့်လိုက်သည်။

ခုတင်ပေါ်တွင် အချစ်ရေယဉ်ကြော၌ စီးမျောနေသူနှစ်ဦးတို့ လန့်ဖျပ်သွား၏။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လှည့်ကြည့်ရင်း ခုတင်ပေါ် စုပုံထားသော အဝတ်အစားများကို ကောက်ယူဝတ်လိုက်ကြ၏။

သူစိမ်းယောက်ျားက ထွက်ပြေးရန်ကြံပြီး အခန်းဝသို့ပြေးလာသည်။

မိုးနောင်က ရင်ဝကိုခြေဖြင့် ဆောင့်ကန်လိုက်၍ အခန်းထဲတွင် ပစ်လဲကျသွားသည်။

"ခွေးမ.....ခွေးထက်မိုက်တဲ့ မိန်းမ၊ ဒီမှာလူ့တော်သလင်းဓာတ်လမ်း ဖွင့်နေတယ်ပေါ့လေ"

သင်းလဲ့ဖြူက ရှိုက်ကြီးတငင်ငိုပြီး တောင်းပန်သည်။

မိုးနောင်က အခန်းဝတွင် ဓားကိုင်ပြီး ပိတ်ရပ်နေ၍ သူတို့နှစ်ဦးစလုံး အပြင်သို့မထွက်ရဲကြပေ။

"ကျွန်တော်တို့ မှားပါတယ်၊ ခွင့်လွှတ်ပေးပါ"

လူငယ်က လက်အုပ်ချီ၍ တောင်းပန်သည်။

"လောကမှာ တောင်းပန်ရင် ခွင့်လွှတ်လို့ရတဲ့ကိစ္စရှိသလို ခွင့်မလွှတ်နိုင်တဲ့ကိစ္စရှိတယ်၊ မင်းတို့ကို ဘယ်သူက ခွင့်လွှတ်မှာလဲ"

"သားလေးရဲ့မျက်နှာကို ထောက်ထားပြီး ဖြူတို့ကို ခွင့်လွှတ်ပေးပါ နောင်ရယ်"

"လွယ်လွယ်နဲ့ တောင်းပန်စကားဆိုပေမယ့် ခွင့်လွှတ်ရမယ့်လူရဲ့ရင်ထဲမှာ သွေးပင်လယ်လွှမ်းနေပြီ၊ နှလုံးသားတွေ အစိတ်စိတ်အမွှာမွှာ ပျက်ကုန်ပြီ"

"တောင်းပန်ပါတယ် အစ်ကို"

"တောင်းပန်ပါတယ် နောင်ရယ်"

တောင်းပန်စကားက အခန်းထဲတွင် ထပ်မနားလွှမ်းနေသည်။

ယခုဖြစ်ရပ်သည် လင်ယောက်ျား၏ သဘောတူခွင့်ပြုခြင်းမရှိ၍ ဥပဒေအရ မယားခိုးမှုမြောက်နေသည်။

လင်ယောက်ျား၏ရှေ့မှောက်တွင် ဇနီးဖြစ်သူ၏ လင်ယောက်ျား

ခံယုံကြည်မှုကို ရရှိစေလို၍ အနိုင့်အထက်ပြုမှုမြောက်အောင် လီဆယ်ပြောဆိုပါက လူငယ်မှာ မုဒိမ်းမှုဖြင့် အရေးယူခံရပေမည်။

သဘောတူလိုက်လျောပြီးမှ အခြေအနေတစ်ခုခုကြောင့် ရုတ်တရက်အပြောင်းအလဲကို အမျိုးသမီးက ဖန်တီးလိုက်လျှင် မုဒိမ်းမှုမဟုတ်သော မုဒိမ်းမှုက ပေါ်ပေါက်ရပေတော့မည်။

မိုးနောင်က ခါးကိုကိုင်ထားရင်း လူငယ်ကိုကြည့်သည်။ မျက်နှာမှာ နုနုဖပ်ဖပ်၊ ပျို့မျှစ်မှုက ပေါ်လွင်နေသည်။

လူငယ်၏အသက်မှာ သူ့ညီအရွယ်မျှသာ ရှိမည်ဖြစ်သည်။

ဇနီးဖြစ်သူဘက်ငဲ့စောင်းကြည့်သည်။ ချောမောလှပမှုကြောင့် အပျိုစင်ဟု ထင်မြင်ယူဆစရာရှိသည်။

နှစ်ဦးလုံး ငယ်ရွယ်သည်။



သွေးသားဆူဖြိုးလွယ်သောအရွယ်ဖြစ်သည်။ သွေးသား၏တောင်းဆိုမှုကို ဟန့်တားထိန်းချုပ်နိုင်စွမ်းရှိသည့်အရွယ်များမဟုတ်။

သွေးသားတောင်းဆိုမှုကို အချစ်ဟုထင်နေကြသည်။

လင်ယောက်ျားနှင့် အနေဝေးသော သင်းလဲ့ဖြူက သွေးသားတောင်းဆိုမှုကို မလွန်ဆန်နိုင်သော အခါ သွေးသစ်လောင်းအချစ်ဆိုပြီး ဟစ်ကြွေးသည်။

လူငယ်ကို မိုးနောင်က ကြည့်ရင်းမေးလိုက်၏။

"မင်းနာမည် ဘယ်သူလဲ"

"မင်းခိုင်ပါ အစ်ကို"

"မင်းက အိမ်ရှင်ဖြစ်ချင်တဲ့ ခေတ်လူငယ်ပဲ"

"ဗျာ....."

"အခုခေတ်လူငယ်တွေက အိမ်ပိုင်နဲ့ စီးပွားရေးတောင့်တင်းတဲ့ မိန်းကလေးတွေကိုရှာတယ်၊ လက်ထပ်ယူပြီးတာနဲ့ အိမ်ပိုင်လုပ်ပြီး အိမ်ရှင်အဖြစ် ဟစ်ကြွေးတော့တာပဲ၊ နှောင်းခေတ်စကားအရ သိုက်တူးသမားပေါ့ကွာ"

လူငယ်က ဘာမှပြန်မပြောခဲ့ပေ။

မိုးနောင်က သူတို့နှစ်ဦးကို ကြည့်ရင်း သူ၏ရင်ထဲမှ ဒေါသမုန်တိုင်းကို မောင်းထုတ်ပစ်လိုက်၏။

သူရွှေကျင်မြို့တွင်ရှိနေစဉ်က သူ့ကိုဆုံးမစကားဟောပြောခဲ့ဖူးသော ဆရာတော်တစ်ပါး၏အသံကို ကြားယောင်လိုက်မိသည်။

"သတ္တဝါမှန်သမျှ ရုပ်၊ နာမ် ရှိနေသရွေ့ ရုပ်ရဲ့နှိပ်စက်မှုကို ခံကြရမယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ငါတို့တစ်တွေ အချိန်ပေးပြီး စောင့်နေကြရတယ်၊ ရုပ်ကြောင့် ပူခြင်း၊ အေးခြင်း၊ နာကျင်ခြင်း၊ ကြည်နူးဖွယ်ရှိခြင်း၊ ဆာလောင်ခြင်း၊ ရောဂါဝေဒနာနှိပ်စက်ခြင်းခံရတယ်၊ ဒီတော့ သောက၊ ဒုက္ခအပေါင်းက ကင်းဝေးတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကျင့်ကြံကြရမယ်"

"ဒကာကြီးတို့ရှာနေတဲ့ပစ္စည်း၊ ချစ်ခင်တဲ့မယား၊ သံယောဇဉ်ကြီးတဲ့ သားသမီး၊ ဆွေမျိုးဆိုတာ သေရင်ထားခဲ့ရမှာပဲ၊ လူ့လောကထဲကို ဘာမှမပါဘဲ လာခဲ့သူကို ဘာပစ္စည်းမှ ယူဆောင်ခွင့်မပြုဘဲ ပြန်လည်ထွက်ခွာခိုင်းမှာပဲ၊ ကိုယ်နဲ့ မကွဲမကွာ လိုက်ပါမှာက တရားပဲ၊ တရားကို ဘယ်တော့မှမမေ့နဲ့၊ လောကမှာ တရားလက်လွှတ် ဘာမှမလုပ်နဲ့"

ဆရာတော်၏ ဆုံးမစကားများက မိုးနောင်၏နားထဲသို့ အဆက်မပြတ် ဝင်လာခဲ့သည်။ တရားသံနောက်မှကပ်လိုက်လာသောမေတ္တာတရားအမြင်က မိုးနောင်၏ရင်ထဲမှ သောကမုန်တိုင်းကို မောင်းထုတ်ပစ်လိုက်၏။

ရင်ထဲမှ သောကနှင့် ဒေါသများ ထွက်ပြေးသွားခဲ့၍ မိုးနောင်၏ ရင်ထဲတွင် မေတ္တာမိုးများ တဖွဲဖွဲရွာသွန်းနေခဲ့၏။

"ငါ ဘာလုပ်ရမလဲ၊ မှားတဲ့သူနောက်လိုက်ပြီး ငါက အမှားလုပ်ရမှာလား၊ အမှားရဲ့တန်ပြန်အကျိုးက ငါ့ကို သက်သာခွင့်ပေးမှာမဟုတ်ဘူး"

မိုးနောင်က သူ့ကိုယ်သူ သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကြောက်လန့်တကြားဖြင့်ကြည့်နေသော မင်းခိုင်နှင့် သင်းလဲ့ဖြူကို လှမ်းကြည့်လိုက်၏။

သူတို့နှစ်ဦးလုံး သူတို့ကိုယ်သူတို့ သေလူဟု မှတ်ယူနေကြသည်။

မိုးနောင်က စိတ်လိုက်မာန်ပါဖြင့် အရက်စက်ဆုံးတုံ့ပြန်မည်ဟု ထင်နေကြ၏။ ထိုအထင်များကို မိုးနောင်၏အသံက ချေဖျက်ပစ်လိုက်၏။

"ကဲ.....မင်းတို့နှစ်ယောက်လုံး အိမ်ရှေ့ဧည့်ခန်းကို လိုက်ခဲ့ကြ"

+++

မိုးနောင်က အပြင်လူများ မကြား၊ မမြင်စေရန် အိမ်အဝင်တံခါးကို သော့ခတ်ပိတ်လိုက်၏။

မိုးနောင်၏လုပ်ရပ်ကိုကြည့်၍ မင်းခိုင်နှင့်သင်းလဲ့ဖြူတို့က ကြောက်ဒူးတုန်နေကြသည်။

မှုခင်းဂျာနယ်သတင်းများထဲတွင် အိမ်ထောင်ရေးဖောက်ပြန်သည့်ဇနီးကို လင်ဖြစ်သူက သတ်ပစ်လိုက်သည့်သတင်းကို ဖတ်ရှုခဲ့ကြရပြီးဖြစ်သည်။

သို့ဖြစ်၍ မိုးနောင်က အသေသတ်လိမ့်မည်ဟု သင်းလဲ့ဖြူက ယူဆနေခဲ့သည်။

"သူက ရပ်ကွက်လူကြီးတွေ နဲ့ ရဲကိုအပ်ရင် ဒုက္ခ"

မင်းခိုင်က တွေးရင်းကြောက်နေသည်။ အိမ်ထဲရှိ အိပ်ခန်းထဲတွင် လက်ပူးလက်ကြပ်ဖမ်းမိခဲ့သောအဖြစ်ကို သူက ချေပရုန်းထွက်ရန် မတတ်သာပေ။

မယားခိုးမှုဖြင့် အရေးယူခံရလျှင် ထောင်ကျမည့်အပြင် ဂျာနယ်များထဲတွင် ဖော်ပြခံရပါက ဆွေစဉ်မျိုးဆက် အရှက်ကွဲပေရော့မည်။

ဖြစ်သမျှကံဟု ယူဆထားခဲ့သည်။

"မင်းတို့ တွေ့ပြီးကြောက်နေကြပြီမဟုတ်လား၊ မင်းတို့ကိုသတ်လိုက်ပြီဆိုပါစို့၊ တရားဥပဒေက ငါ့ကိုခွင့်လွှတ်မှာမဟုတ်ဘူး၊ မင်းတို့ရဲ့အမှားက ငါ့အမှားဖြစ်သွားတော့မယ်"

သင်းလဲ့ဖြူနှင့် မင်းခိုင်တို့က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် တစ်ခုခုမတုံ့ပြန်မီ သွေးအေးအေးနှင့် လက်စားချေရန် ပြင်ဆင်အချိန်ယူနေသလားဟု ထင်ခဲ့ကြ၏။

"မင်းတို့နှစ်ယောက်လုံး တရားဥပဒေအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ ခွင့်မလွှတ်နိုင်တဲ့အမှားကို မှားခဲ့ကြတယ်၊ မင်းတို့ရဲ့အမှားက ရာဂလွှမ်းထားလို့ နောက်ဆုတ်မရတဲ့အမှားတွေ ဖြစ်နေကြတယ်၊ ဒီတော့ ဒီအိမ်ကို မင်းတို့အတွက် လက်ဖွဲ့ခဲ့တယ်၊ မင်းတို့ကြောင့် ဥပဒေကို မချိုးဖောက်ချင်ဘူး၊ ငါကိုယ်တိုင် နောက်ဆုတ်လို့မရတဲ့ ခြေလှမ်းနဲ့ ရှေ့ကိုလှမ်းရပေတော့မယ်"

မိုးနောင်၏ဆုံးဖြတ်ချက်ကြောင့် သင်းလဲ့ဖြူမှာ ချုံးပွဲချငိုလိုက်မိတော့သည်။ လင်သူတော်ကောင်းအပေါ် ပြစ်မှားမိလေပြီဟု သူမကိုယ်သူမ မှတ်ယူခဲ့၏။

"တကယ်တော့ ငါ့အပြစ်လည်းပါတယ်၊ အိမ်ထောင်ဆိုတာ ယုယကြင်နာမှုနဲ့ နွေးထွေးမှုရှိရမယ်၊ ငါက ငွေကိုသာရှာနေပြီး မိန်းမကို ပစ်ထားခဲ့တယ်၊ လူမှန်သမျှ သွေးသားရဲ့တောင့်တမှုရှိတယ်၊ အလုပ်ကို ပင်ပင်ပန်းပန်း မလုပ်ရဘဲ အနားယူနိုင်သူက တောင့်တမှုပိုပြင်းတယ်၊ ဒီတော့ ဒါတွေကို ဂရုမစိုက်ခဲ့တဲ့ငါက လောကပြစ်ဒဏ်ကို ခံယူမယ်"

မိုးနောင်က သင်းလဲ့ဖြူနှင့် မင်းခိုင်တို့ကို ဆုံးမစကားပြောသည်။

ရာသက်ပန်၊ ရိုးမြေကျ ကြင်ကြင်နာနာနေသွားကြရန် မှာကြားသည်။

နောက်ဆုတ်မရသောခြေလှမ်းကို လှမ်းမိလိုက်ကြပြီဖြစ်၍ ရှေ့သို့ ခြေလှမ်းညီညီ၊ အသိညီညီဖြင့် တစ်ဦးကိုတစ်ဦး သစ္စာစောင့်ထိန်းသွားကြရန် မှာကြားသည်။

၎င်းအပြင် သူ၏အမှားကဲ့သို့ အိမ်ထောင်ရေးတွင် သွေးခဲအေးစက်စေသော ဆက်ဆံမှုမျိုးကိုမပြုစေဘဲ နွေးထွေးသော အပြန်အလှန်ပြုစုမှုဖြင့် ဘဝသက်ဆုံးတိုင် နေသွားကြရန် အကြံပြုခဲ့သည်။

မိုးနောင်က သူနှင့်အတူပါလာသော ငွေများအားလုံးကို သင်းလဲ့ဖြူထံ ပေးအပ်ခဲ့ပြီး အိမ်ထဲမှ ချာခနဲလှည့်ထွက်သွားခဲ့သည်။

ရာဂကြောင့် ဒေါသကိုမပွားစေဘဲ တရားဥပဒေအောက်မှ ငြိမ်းချမ်းစွာနေထိုင်ရန် ကြိုးစားခဲ့သော မိုးနောင်ကို မင်းခိုင်နှင့် သင်းလဲ့ဖြူတို့က အငိုမျက်လုံးများဖြင့် လှမ်းကြည့်ရင်း မလှုပ်မယှက် ထိုင်နေမိခဲ့ကြ၏။

**စာပေသစ္စာဖြင့်**
**အောင်ကျော်ဇော**

www.burmeseclassic.com

www.burmeseclassic.com


## ယခင် ဗိဗိတပျားရည် ဆရာတော်၏သို့ဖ

## ဒေါက်တာဝေ့းဝေ့း ယတြာ ဒေဗီဒေအာင်

C.T.M.P (Ygn) wq - 4959 (Ph.D) India Spiritual & Gold Medal

အဆင်မပြေမှုတွေ၊ ဆုံးရှုံးမှုတွေထဲမှာ အခွင့်အလမ်းကောင်းတွေ ရှိနေတတ်ပါတယ်။ ယုံကြည်စိတ်ချစွာ တိုင်ပင်ဆွေးနွေးအဖြေရှာရအောင်၊ကိုယ်ရေးလုံခြုံမှုကိုအာမခံပါသည်။

### ပျားရည်ဆေးကုခန်း

(ပျားရည်ဆေး)ဖြင့် ရောဂါမျိုးစုံ ကုသပေးပါသည်။

သွေးကင်ဆာ၊ သည်းခြေကျောက်တည်၊ လေးဘက်နာ၊ ဘီပိုး၊

ချောင်းဆိုးသွေးပါ၊ ရင်ကြပ်၊ အစာအိမ်အောင့်၊ အမြုဆင်းရောဂါများကို အထူးကုသပေးပါသည်။

အမှတ် (၆၅၀)၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၇)ရပ်ကွက်၊ တ/ဒဂုံ၊ ရန်ကုန်မြို့။

ဖုန်း – ၀၉–၇၃၁၃၁၇၉၆၊ ၀၉–၃၁၉၄၅၁၂၄



# ခရုသင်း ၊သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊

ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော

အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊ အခန်း (၀၁၁)၊ ၄-လွှာ၊ စက်ရုံလမ်း၊မင်္ဂလာဈေး၊ ကမ္ဘာ့ဇဘက်အပေါ်ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာသတင်း

## ၁၂ နှစ်အရွယ် မိန်းကလေးမှ ကလေးမွေးဖွား



ဗြိတိန်နိုင်ငံတွင် အသက် ၁၂ နှစ်အရွယ် မိန်းကလေးနှင့် အသက် ၁၃ နှစ်အရွယ် ယောကျ်ားလေးတို့သည် ယခုအခါ ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံးမိဘများ ဖြစ်လာကြသည်။ ထိုမိန်းကလေးသည် အသက် ၁၁ နှစ်တွင် သူမအိမ်နီးချင်းကောင်လေးနှင့် စတင်ချစ်ကြိုက်ပြီး အသက် ၁၂ နှစ်တွင် ၇ ပေါင်ရှိသော ကလေးငယ်ကို မွေးဖွားခဲ့သည်။

မိန်းကလေး၏မိခင်မှာအသက် ၂၇ နှစ်ဖြစ်ပြီး အသက်အငယ်ဆုံး အဘွားဖြစ်လာခဲ့သည်။ နှစ်ဖက်မိဘများကလည်း သူတို့နှစ်ဦးကို ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးပြီး မိန်းကလေးက ကျောင်းပြန်တက်ချင်ကြောင်း ပြောဆိုခဲ့သည်။

သူတို့သည် တစ်သက်လုံး မခွဲမခွာ အတူနေကြမည်ဖြစ်ပြီး သူတို့သမီးငယ်နှင့် မိသားစုဘဝ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref: International News

---

## စိတ်ကူးထဲမှ စပိုင်ဒါလို ဖြစ်မလာဘဲ သေဆုံးသွားတဲ့ ကလေးငယ်



အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တော်တွင် အသက်(၅)နှစ်အရွယ် ကလေးတစ်ဦးသည် (၁၉)ထပ်အမြင့်ရှိ အိပ်ခန်းပြတင်းပေါက်မှ ခုန်ချပြီး သတ်သေသွားကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

ကလေးငယ်သည် Amazing Spiderman 2 ဇာတ်ကားသစ်ရုံတင်

www.burmeseclassic.com



နေသည်ကို ပြသရန် မိခင်ကိုပူဆာခဲ့သည်။ ကလေးငယ်၏ အသက် (၁)နှစ်အရွယ် ညီဖြစ်သူမှာ ဖျားနာနေသောကြောင့် မိခင်ဖြစ်သူက သား၏တောင်းဆိုမှုကို ငြင်းဆန်ခဲ့သည်။ ကလေးမှာ အခန်းတံခါးကို လော့ခ်ချကာ ပြတင်းပေါက်မှ ခုန်ချသွားခဲ့သည်။

ကလေး၏ရုပ်အလောင်းကို ၎င်းတို့နေထိုင်ရာ တိုက်အောက်ထပ်ရှိ ဈေးဆိုင်တန်းအမိုးပေါ်တွင် တွေ့ရှိခဲ့သည်။

ကလေးငယ်သည် Spiderman ကဲ့သို့ အမြင့်မှပြုတ်ကျလျှင် ထိခိုက်မှုမရှိဘဲ ပြန်လည်ထနိုင်သည်ဟု အမြဲစိတ်ကူးယဉ်လေ့ရှိကြောင်း မိခင်ဖြစ်သူက ပြောကြားခဲ့သည်။

Ref: World News

---

# လက်ထပ်ရန်အတွက် ကိုယ်အလေးချိန်လျှော့ချမည့် ကမ္ဘာ့အဝဆုံးအမျိုးသမီး

အသက် ၃၈ နှစ်အရွယ်ရှိ Charity Pierce သည် သူမနှင့်လက်ထပ်ရန် ရည်ရွယ်ထားသည့် ချစ်သူလူငယ်ထက် အလေးချိန် နှစ်ဆရှိပြီး ကိုယ်အလေးချိန် ၇၆၄ ဒသမ ၄ ပေါင်နှင့် ကမ္ဘာ့အဝဆုံးအမျိုးသမီးဆုကို ဆွတ်ခူးထားသူဖြစ်သည်။ သူမသည် အစာအိမ်ဖယ်ထုတ်၍ လမ်းကြောင်းလွှဲခွဲစိတ်မှုကို ပြုလုပ်မည်ဖြစ်သည်။

သူမထက် အသက် ၁၆ နှစ်ငယ်ပြီး အသက် ၂၂ နှစ်အရွယ်ရှိ ရည်းစားနှင့် လက်ထပ်မည်ဖြစ်၍ ဘုရားကျောင်းရှိ လျှောက်လမ်းတွင် လမ်းလျှောက်ဝင်နိုင်ရန်နှင့် ကခုန်ရန် မျှော်လင့်ထားသူဖြစ်သည်။

Ref:World Inetrested News



www.burmeseclassic.com

www.burmeseclassic.com

# ပျားကောင်ရေ (၁၂၀၀၀)ကျော်ကို ခန္ဓာကိုယ်ပေါ်တင်ထားနိုင်သည့်အမျိုးသမီး



အမေရိကန်နိုင်ငံ၊ အော်ရီဂွန်တွင်နေထိုင်သော အသက် (၄၄)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ပျားမွေးမြူရေး အလုပ်သမားတစ်ဦးဖြစ်ပြီး သူမ၏လည်ပင်းနှင့် ရင်ဘတ်ပေါ်တွင် ပျားကောင်ရေ (၁၂၀၀၀) ကျော်ကို တင်ဆောင်ကာ လှည့်လည်သွားလာနေသူဖြစ်သည်။


သူမသည် ၂၀၀၁ ခုနှစ်မှ စတင်၍ ပျားများ၏ မှီတွယ်မှုကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားသူဖြစ်သည်။ သူမသည် ပျားများကို ဆွဲဆောင်နိုင်သည့် ရနံ့ဆီတစ်မျိုးကို လည်ပင်းတွင် လိမ်းကျံပြီး ပျားများလာရောက်တွယ်ကပ်အောင် လုပ်ဆောင်ခဲ့သည်။ အဆိုပါ ရနံ့ဆီသည် ပျားဘုရင်မ အကောင်(၁၀၀) ခန့်၏ ရနံ့မျိုးထွက်ပေါ်နေကြောင်း သိရသည်။

ပျားများကို ဖယ်ရှားသည့်အခါ စုတ်တံတစ်ချောင်းကို အသုံးပြုကာ ညင်သာစွာ လုပ်ဆောင်လေ့ရှိသည်။

Ref: World Interesting News

---

# မြည်းအတွက် ပျားမတုတ်သည့်အင်္ကျီကို သခင်ကချုပ်လုပ်ပေး



ဘရာဇီးနိုင်ငံမှ ပျားမွေးသူ Manuel Juraci သည် သူ၏လုပ်ဖော်ကိုင်ဖက်မြည်း Boneco အတွက် ပျားတုတ်မည့်ရန်မှ အကာအကွယ်ပေးနိုင်သည့် ဝတ်စုံကို တီထွင်ချုပ်လုပ်ပေးခဲ့သည်။

Boneco မြည်းလေးသည် ကမ္ဘာ့ပထမဆုံး ပျားမွေးမြူရေးကို လုပ်နိုင်ပြီး Boneco နှင့် သခင် Manuel တို့သည် အီတလီနိုင်ငံ၊

www.burmeseclassic.com

Itatira မြို့၏ ပျားမွေးမြူရေးလုပ်ငန်းရှင်ပေါင်း ၁၂၀ ကြားတွင် အအောင်မြင်ဆုံးဖြစ်သည်။ ထိုမြည်းလေးကြောင့် ပျားရည်အမြောက်အမြားရရှိသည်ဟု Manuel က ပြောကြားခဲ့သည်။

Ref: World interested News

---

# MERS ရောဂါပိုးကြောင့် အရှေ့အလယ်ပိုင်းသို့ ခရီးသွားမည့် ဩစတြေးလျနိုင်ငံသားများကို အစိုးရက သတိပေးမှုများထုတ်ပြန်



MERS ဟုခေါ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ပိုးကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီး အမေရိကန်နိုင်ငံတွင်လည်း ရောဂါပိုးကူးစက်ခံရသူတစ်ဦးထွက်ပေါ်လာခဲ့သည်။

ဇူလိုင်လတွင် ဆော်ဒီအာရေးဘီးယားနိုင်ငံတွင် နိုင်ငံတကာမှ အစ္စလာမ်ဘုရားဖူးများ မက္ကာတွင် ဘုရားဖူးကြမည်ဖြစ်သည့်အတွက် အဆိုပါ ဗိုင်းရပ်စ်ပိုးများ တစ်ကမ္ဘာလုံးအနှံ့ ကူးစက်ပျံ့နှံ့သွားမည်ကို စိုးရိမ်နေကြသည်။

အရှေ့အလယ်ပိုင်းဒေသသို့ မသွားရန် တားမြစ်ပိတ်ပင်ခြင်းမဟုတ်ဘဲ တိရစ္ဆာန်ဈေးများကို ရှောင်ရှားရန်၊ ကုလားအုတ်အသားများကို မစားရန်နှင့် အသည်းရောဂါရှိသူများနှင့် သက်ကြီးရွယ်အိုများ သတိထားပြီး ခရီးသွားလာကြရန် ဩစတြေးလျနိုင်ငံ ကူးစက်ရောဂါ ပြန့်ပွားမှုတားဆီးရေးအဖွဲ့က ပြောကြားခဲ့သည်။

Ref: World News

www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းသတင်း

## လင်နဲ့စကားများလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ဇနီးဖြစ်သူရဲ့လုပ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း ခင်ပွန်းဖြစ်သူနှင့် စကားများခဲ့သည့် ဇနီးဖြစ်သူက မိမိကိုယ်ကိုမိမိ ကြိုးဆွဲချ၍ သတ်သေသွားသည့် သေမှုသေခင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၄-၅-၂၀၁၄ ရက်နေ့၊ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်အချိန်ခန့်က မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ ရေစက်ဝင်းအတွင်း အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံးသွားကြောင်း ဝေဘာဂီနယ်မြေရဲစခန်းမှ သတင်းရရှိခဲ့သည်ဆို၏။

သတင်းအရ ဝေဘာဂီနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် စိုးမိုးနိုင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကြိုးဆွဲချသေဆုံးသူမှာ မမြတ်စကားဝါဖူး (၂၈ နှစ်)၊ ရေစက်ဝင်း၊ စိန်ချယ်လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းသည် မြေပြင်မှ (၈)ပေအမြင့်ရှိသည့် နေအိမ်နောက်ဖေးပေါက် အပေါ်ထုပ်တန်းတွင် အရှည် (၁၀)ပေခန့်ရှိ သုံးပင်လိမ်နိုင်လွန်ကြိုးအား အသုံးပြု၍ မြေပြင်သို့ ခုန်ချပြီး ကြိုးဆွဲချသတ်သေသွားခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဆို၏။

စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ရာ ၁၄-၅-၂၀၁၄ ရက်နေ့၊ နံနက် ၇ နာရီ ၃၀ မိနစ်အချိန်က ခင်ပွန်းဖြစ်သူ အောင်ကိုကိုထွန်း (၂၉ နှစ်)၊ (မျက်မှန်ဆိုင်)နှင့် စကားများခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

အလောင်းအား မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ ပီအာရ်-၁၇ ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ် ဇော်မင်းထွန်းက တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ ဝေဘာဂီနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ရဲအုပ် စိုးမိုးနိုင်က အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်သို့ဆေးကုဖို့လာတဲ့ အသည်းဝေဒနာရှင်မှာ ရန်ကုန်မြေသို့အရောက်၌ သေဆုံးသွားခဲ့ရှာမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ ဒဂုံဧရာ အဝေးပြေးဝင်းထဲသို့ ရောက်ရှိလာသည့် ခရီးသည်တင်ယာဉ်နှင့် လိုက်ပါလာသော ရန်ကုန်မြို့တွင် ဆေးကုသရန် လိုက်ပါလာသူမှာ ကားရပ်နားချိန်၌ ယာဉ်အတွင်းသေဆုံးနေပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၄-၅-၂၀၁၄ ရက်နေ့၊ မွန်းတည့် ၁၂ နာရီအချိန်ခန့်က သောင်ကြီးနယ်မြေရဲစခန်းသို့ ဒဂုံဧရာအဝေးပြေးဝင်းထဲသို့ရောက်ရှိလာသည့် ယာဉ်တစ်စီးတွင် အမျိုးသားခရီးသည်တစ်ဦး သေဆုံးခဲ့ကြောင်း သတင်းပေးပို့မှုကို ရရှိခဲ့သဖြင့် သောင်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ် ချစ်ကိုကိုနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြသည်။

စစ်ဆေးခဲ့ရာတွင် သေဆုံးသူမှာ နိုင်လင်း (၃၃ နှစ်)၊ (လယ်လုပ်)၊ ပေါက်သာကုန်းကျေးရွာ၊ ကွင်းကောက်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းသည် အသည်းရောဂါဖြစ်နေ၍ ရန်ကုန်သို့ လာရောက်ဆေးကုသရန် ဦးလေးဖြစ်သူ ဦးတင်ဝင်း (၅၃ နှစ်)၊ (လယ်လုပ်)နှင့်အတူ ကွင်းကောက်မြို့မှ နံနက် ၆ နာရီအချိန် မှန်လုံယာဉ်ဖြင့် လိုက်ပါလာခဲ့ရာ ဒဂုံဧရာအဝေးပြေးကားဝင်းထဲရှိ ကားဂိတ်သို့ရောက်ရှိပြီး ကားရပ်နားချိန် နိုင်လင်းအား လှုပ်နှိုးချိန်တွင် သေဆုံးနေပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။

အလောင်းအား လှိုင်သာယာဆေးရုံသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၀၁ ဖြင့် လက်ခံထားရှိခဲ့သည်။ ရဲအရာခံ မင်းမင်းထွန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့၍ သောင်ကြီးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂၁/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ်စခန်းမှူး ရဲအုပ် ချစ်ကိုကိုက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မွေးမေမေ အကြင်နာမဲ့လွန်းလို့ ...

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း မွေးကင်းစကလေး ယောက်ျားလေးအလောင်းတစ်လောင်းအား ကျွတ်ကျွတ်အိတ်အနက်ရောင်ဖြင့်ထည့်လျက် လမ်းဘေးအမှိုက်ပုံတွင် စွန့်ပစ်ထားခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၄-၅-၂၀၁၄ ရက်နေ့၊ ညနေ ၆ နာရီ ၃၀ မိနစ်အချိန်ခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အမှတ်(၂) လမ်းမကြီးဘေး၊ ညောင်နှစ်ပင်မှတ်တိုင်အနီး၊ လမ်းဘေးအမှိုက်ပုံတွင် မွေးကင်းစကလေးအလောင်းတစ်လောင်း စွန့်ပစ်ထားကြောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းသို့ သတင်းပေးပို့မှု ရရှိခဲ့သည်ဆို၏။

သတင်းအရ စခန်းမှူး ဒုရဲမှူး အောင်ဆန်းဦးနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကလေးအလောင်းအား ချက်ကြိုးတန်းလန်းဖြင့် တွေ့ရှိခဲ့ရသဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ ပီအာရ်-၂၆ ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ် မင်းမင်းထွန်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက (ပ)၄၅၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၁၈ ဖြင့် အမှုဖွင့်လှစ်ပြီး လေးထောင့်ကန်ရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ် ဗိုလ်အောင်က ကလေးမိခင်နှင့် အလောင်းစွန့်ပစ်ခဲ့ကြသူများအား စုံစမ်းစစ်ဆေး ဖော်ထုတ်နေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးချင်းကစားနေတာကို ဖခင်ဖြစ်သူက ခဲနဲ့ပစ်ပေါက်ခိုင်းလို့ ကစားဖော်ကလေး ဒဏ်ရာရရှိခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်း လမ်းမပေါ်တွင် ဆော့ကစားနေကြသည့် ကလေးနှစ်ဦးအား တစ်ဦး၏ဖခင်ဖြစ်သူက သားဖြစ်သူအား အတူကစားနေသည့် ကလေးကို မြေကြီးခဲဖြင့် ပစ်ပေါက်ခိုင်းခဲ့မှုကြောင့် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာတစ်ချက် ရရှိခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၁၄-၅-၂၀၁၄ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်က ဦးအေးချစ်၊ (၅၄ နှစ်)၊ (လယ်လုပ်)၊ ကလီထော်ကျေးရွာ၊ တွံတေးမြို့နယ်နေသူသည် နေအိမ်တွင်ရှိနေစဉ် သားဖြစ်သူနိုင်နိုင်ကိုမှာ တစ်ရွာတည်းနေ ဦးလှိုင်ဝင်းရွှေ၏သားဖြစ်သူ စောသဲအောင်နှင့်အတူ ရွာလယ်လမ်းမပေါ်တွင် ဆော့ကစားနေခဲ့ကြသည်ဆို၏။

၎င်းတို့ဆော့ကစားစဉ် ဦးလှိုင်ဝင်းရွှေက ၎င်း၏သားဖြစ်သူ စောသဲအောင်အား အတူဆော့ကစားနေသူ နိုင်နိုင်ကို (၁၄ နှစ်)ကို မြေကြီးခဲဖြင့် ပစ်ပေါက်ခိုင်းခဲ့သည်ဆို၏။

ဖခင်ဖြစ်သူ၏ ခိုင်းစေချက်ကြောင့် စောသဲအောင်က မြေကြီးခဲဖြင့် ပစ်ပေါက်လိုက်ရာ နိုင်နိုင်ကို၏ ဦးခေါင်းနောက်စေ့ကိုထိမှန်၍ ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး သတိလစ် မေ့မြောသွားခဲ့ကြောင်း တစ်ရွာတည်းနေ ဦးသန်းရွှေက ပြောပြသဖြင့် သိရှိခဲ့ရသည်ဆို၏။

ဦးအေးချစ်က သားဖြစ်သူ နိုင်နိုင်ကိုမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် တက်ရောက်ကုသမှု ခံယူခဲ့ရသောကြောင့် မြေကြီးခဲဖြင့် ပစ်ပေါက်ခိုင်းသူနှင့် ပစ်ပေါက်သူတို့အား အရေးယူပေးရန် တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ ခလောက်ချိုက်နယ်မြေရဲစခန်းက (ပ)၄၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၅/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ်မြင့်ဇော်က ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## အသက် (၇၁)နှစ်အရွယ်ရှိသူက အသက် (၇)နှစ်အရွယ် မိန်းမငယ်ကို ပြုကျင့်ခဲ့ပါတယ်ဆိုတဲ့ တိုင်ကြားမှုဖြစ်စဉ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်တွင် မိဘအုပ်ထိန်းမှု မကင်းသေးသည့် လူမမည်မိန်းကလေးငယ်တစ်ဦးအား တစ်လမ်းတည်းနေ အသက် (၇၁ နှစ်)အရွယ် အဘိုးအိုက ပိုက်ဆံပေးမည်ဟုပြောဆိုကာ နေအိမ်ထဲသို့ခေါ်သွားပြီး သားမယားအဖြစ်ပြုကျင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၃-၅-၂၀၁၄ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်ခန့်က ဒေါ်---၊ (၃၄ နှစ်)၊ (စျေးရောင်း)၊ --လမ်း၊ ---ရပ်ကွက်၊ ကော့မှူးမြို့နယ်နေသူသည် နေအိမ်တွင် နေအိမ်တွင်ရှိနေစဉ် သမီးကြီးဖြစ်သူက သမီးငယ် မ--၊ (၇ နှစ်)အား အမေ့ကိုတိုင်ပြောမယ်ဟု ပြောဆိုသံကို ကြားရသဖြင့် မေးမြန်းခဲ့သည်ဆို၏။

မိခင်ဖြစ်သူက မေးမြန်းခဲ့ရာ လွန်ခဲ့သော ရက် (၂၀)ခန့်၊ နေ့လယ်ပိုင်းအချိန်၌ တစ်လမ်းတည်းနေ တိုင်းရင်းဆေးဆရာ ဦး--(၇၁ နှစ်)က လမ်းအတွင်း ကလေးများနှင့် အတူဆော့ကစားနေသော မ---အား ပိုက်ဆံပေးမည်ဟုပြောဆိုကာ နေအိမ်သို့ခေါ်သွားပြီး သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း သမီးဖြစ်သူက ပြောပြ၍ သိရှိခဲ့ရသည်ဆို၏။

ဒေါ်--က သမီးငယ်ဖြစ်သူအား သေချာစေရန် မေးမြန်းပြီး တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကော့မှူးမြို့မရဲစခန်းက (ပ)၉၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ပြီး စခန်းမှူး ဒုရဲမှူး တင့်လွင်က ပြစ်မှုကျူးလွန်သူအား ဆက်လက်စုံစမ်းစစ်ဆေးအမှုတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

T.T သိန်း

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း နိုင်ငံခြားခရီးထွက်ရခြင်း ကြုံတတ်သည်။ လုပ်ငန်းဆိုင်ရာ လေ့လာရေးခရီးစဉ်ဖြစ်နိုင်သည်။ အဖွဲ့အစည်းနှင့် သွားရတတ်သည်။ လုပ်ငန်း၊ ရာထူး၊ နေရာ တိုးတက်ကိန်း မမြင်သေးပါ။ ဓာတ်သတ္တုပစ္စည်း၊ သယံဇာတပစ္စည်း၊ ရှေးဟောင်းပစ္စည်းရောင်းဝယ်က ကံကောင်းမည်။

**ကံကောင်းအရောင်။** အစိမ်းနုထဲတွင် အဖြူ၊ အနီပွင့်ရိုက်ဝတ်ဆင်ပါ။
**အချစ်ရေး။** မပြေလည်သေးပါ။
**ကျန်းမာရေး။** နှလုံး၊ လေးဘက်နာ၊ ကျောက်ကပ် သတိထားပါ။
**ထီထိုးရန်။** (က) ၆–၉၊ (ခ) ၆–၈၊ (ဂ) ၆–၄။
**ယတြာ။** အရှေ့စူးစူးကို မျက်နှာမူပြီး စာကလေး ၉ ကောင်လွှတ်ပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ကိုယ်ပိုင်လုပ်ငန်းဖွင့်ရမည်။ ဆန်၊ ဆီ၊ ဆေးဝါးရောင်းဝယ်မှု ကံအထူးကောင်းတတ်သည်။ လုပ်ငန်းပြိုင်ဘက်ပေါ်မည်။ သတိထားပါ။ သည်းခံစိတ်မွေးပါ။ မိဘတို့ကို ငွေ၊ အိမ်ဆောက်ပေးရတတ်သည်။

**ကံကောင်းအရောင်။** ပန်းရောင်၊ စကားဝါရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**အချစ်ရေး။** ချစ်သူ ရုတ်တရက်လက်ထပ်သွားကိန်းမြင်သည်။
**ကျန်းမာရေး။** မူးဝေ၊ ဖက်ကြောတက်၊ အာရုံကြောရောဂါ သတိထားပါ။
**ထီထိုးရန်။** (ဃ) ၅–၄၊ (င) ၅–၈၊ (စ) ၅–၉။
**ယတြာ။** တောင်အရပ်သို့မျက်နှာမူ၍ ခိုကလေးများကို အစာကျွေးပါ။

BURMESE CLASSIC

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း မိမိစေတနာကို ဝေဒနာထင်နေမိသော ဆွေမျိုးဉာတိ၊ ပတ်ဝန်းကျင်တို့နှင့် တွေ့ဆုံတတ်သည်။ မေတ္တာပို့ပါ။ သည်းခံစိတ်မွေးပါ။ အောင်မြင်မှုရမည်။ ငွေကြေးခနကံ ကောင်းနေ၍ လွယ်ကူစွာရှာဖွေရရှိမည်။ တိုက်၊ ကား၊ ခြံ၊ မြေ အသစ်ဝယ်ယူရတတ်သည်။ မေတ္တာသုတ်၊ မင်္ဂလသုတ် နေ့စဉ်ရွတ်ပါ။

**ကံကောင်းအရောင်။** အဝါနု၊ နံ့သာရောင်၊ နီညိုရောင်ယှက်ရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** ချစ်သူကို သံသယမဝင်သင့်ပါ။
**ကျန်းမာရေး။** နှလုံးတုန်၊ ရင်ခုန်၊ သွေးတိုးရောဂါ သတိထားပါ။
**ထီထိုးရန်။** (စ) ၂–၄၊ (ဆ) ၂–၆၊ (ဇ) ၂–၈။
**ယတြာ။** မွေးနံထောင့်တွင် ကန်စွန်းညွန့်ငါးညွန့်၊ ကံ့ကော်ညွန့် လေးညွန့်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း စီးပွားဒီရေအလားတက်ပြီး အလှူကြီးပေးလှူရခြင်း၊ ဘုရားစုံဖူးရခြင်းကြုံမည်။ ဝန်ထမ်းများ အလုပ်မထွက်သင့်ပါ။ ရာထူးတိုးတက်ရန်ရှိသည်။ အချိန်အနည်းငယ်စောင့်ပါ။ ထီပေါက်ခြင်း၊ ဇိမ်ခံပစ္စည်းမျိုးစုံဝင် ခြင်းကြုံမည်။

**ကံကောင်းအရောင်။** နီ၊ ပြာ၊ ဝါ ရောယှက်အရောင်အားလုံး ဝတ်ဆင်ပါ။

**အချစ်ရေး။** စိတ်ရှည်ရှည်ထားပါ။ သင်ချစ်နေသည့်သူက မာနကြီးသည်။

**ကျန်းမာရေး။** ဆီးရောဂါ၊ ကျောက်ကပ်ရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (ဋ္ဌ) ၁–၈၊ (ဍ) ၁–၇၊ (ဌ/ပ) ၁–၆။

**ယတြာ။** အိမ်ဘုရားတွင် ထီးနီငါးလက်၊ တံခွန်၊ မုလေးပွား ငါးခုစီလှူပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း သားသမီးတို့အတွက် ဂုဏ်ယူစရာကြုံတွေ့မည်။ ပညာရေး သို့မဟုတ် အားကစားတစ်ခုခု ဖြစ်နိုင်သည်။ ယခုလက်ရှိနေသောအိမ်မှ မြန်မြန်ပြောင်းလိုက်ပါ။ စီးပွားတိုးတက်သွားမည်။ အထည်အလိပ်၊ ဒန်၊ သတ္တု၊ ရွှေထည်၊ ငွေထည် ရောင်းဝယ်က ကံကောင်းတတ်သည်။ ခရီးဝေးထွက်ရမည်။

**ကံကောင်းအရောင်။** အဖြူထဲတွင် အနက်ပွင့်ရိုက်ပါသောအရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** လိုက်လေဝေးလေဖြစ်နေဦးမည်။ ဆက်ကြိုးစားပါ။

**ကျန်းမာရေး။** ဆီးကျန်၊ ဆီးပူ၊ ဆီးညှောင်းကျရောဂါရတတ်သည်။

**ထီထိုးရန်။** (ဏ) ၆–၃၊ (တ) ၆–၄၊ (ထ) ၆–၉။

**ယတြာ။** အိမ်ဘုရားတွင် ရဲယိုသီးမှည့်သုံးလုံး၊ သရက်သီးသုံးလုံး ကပ်လှူပါ။

BURMESE CLASSIC

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘေးရန်၊ အနာရောဂါတို့ဖြစ်တတ်သည်။ သတိထားပါ။ ဝန်ထမ်းဖြစ်ပါက နယ်သို့ ရာထူး တိုးမြှင့်ရွှေ့ပြောင်းကိန်းမြင်သည်။ ဘာပဲလုပ်လုပ် ရန်အန္တရာယ် သတိထားပါ။ စာပေ၊ စက္ကူ၊ စာပုံနှိပ်စက်၊ စာအုပ် ထုတ်ဝေသူ၊ စာရေးဆရာဖြစ်ပါက အထူးကံကောင်းနေချိန်ဖြစ်တတ်သည်။ မြေဝယ်၊ ကားဝယ် သတိထားပါ။ ပြဿနာများမည်။

**ကံကောင်းအရောင်။** အဖြူရောင်ထဲတွင် ဘော်ကြယ်ထိုးဝတ်ဆင်သင့်သည်။

**အချစ်ရေး။** ချစ်ကြိုက်ညားကိန်းထဲရောက်နေသည်။

**ကျန်းမာရေး။** နှလုံးသွေးကြောကျဉ်းခြင်း၊ အာရုံကြော၊ ဇက်ကြောတက်ခြင်း ဖြစ်တတ်သည်။

**ထီထိုးရန်။** (လ) ၆–၃၊ (ဝ) ၅–၈၊ (သ) ၇–၂။

**ယတြာ။** အိမ်ဘုရားတွင် ဆွမ်းပေါ်သကြားဖြူး၍ သောက်တော်ရေနှင့် အတူကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဆန်ရေစပါး၊ ကျွဲ၊ နွားအသုံးအဆောင်ပစ္စည်းအသစ်တို့ ဝယ်ယူရတတ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေဩဇာ၊ ဥ၊ သစ်သီးစုံ ရောင်းဝယ်လုပ်ငန်းရှင်တို့ စီးပွားရေးတွင် သိန်းသန်းဝင်ငွေရရှိတတ်သည်။ အိမ်ထောင်ရေး ပဋိပက္ခဖြစ်မည်။ ထီဆုကြီးပေါက်နိုင်သည်။ ထီမှန်မှန်ထိုးပေးပါ။

**ကံကောင်းအရောင်။** ကြက်ဥနှစ်ရောင်ဝမ်းဆက်ဝတ်ဆင်၍ အကြံပြုပါ။
**အချစ်ရေး။** ဆက်လက်ကြိုးစားပါ။ လက်ခံလာလိမ့်မည်။
**ကျန်းမာရေး။** ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါ သတိထားပါ။
**ထီထိုးရန်။** (လ) ၆-၂၊ (ဠ) ၆-၄၊ (န) ၆-၅။
**ယတြာ။** မွေးနံထောင့်တွင် ဗယာကြော်၊ စမူဆာသုပ် လှူဒါန်းပါ။

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အိမ်မှာမနေချင်စိတ်များနေသည်။ စိတ်လေလွင့်ပြီး ထင်ရာ စိုင်းတတ်သည်။ သတိထားပါ။ မိသားစုတို့နှင့် မသင့်မတင့်ဖြစ်တတ်သည်။ စိတ်လိုက်မာန်ပါ ဒေါသကြောင့် ရဲစခန်းရောက်၊ အချုပ်ခံရမည်။ စီးပွား ရေးအရ ဆီးသီးပင်၊ အုန်း၊ သစ်ဆိမ့်စိုက်ပျိုးခြင်း၊ ကွမ်းခြံ၊ ငရုတ်ကောင်း စိုက်ပျိုးပါက အထူးလာဘ်ဝင်မည်။

**ကံကောင်းအရောင်။** နို့နှစ်ရောင်၊ ကျောက်ကွဲရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** ချစ်သူတွေများပြီး ပြဿနာတက်တတ်သည်။ သတိပြုပါ။
**ကျန်းမာရေး။** ခန္ဓာကိုယ်၌ အကြိတ်၊ အဖုပေါက်တတ်သည်။
**ထီထိုးရန်။** (က) ၅-၄၊ (ခ) ၆-၃၊ (ဂ) ၇-၂။
**ယတြာ။** အိမ်ဘုရားတွင် မုန့်စိမ်းပေါင်း၊ ကောက်ညှင်းပေါင်း ကပ်လှူပါ။

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း မြေဝယ်ပြီး အိမ်ဆောက်ရမည်။ နိုင်ငံခြားခရီးသွားရတတ်သည်။ စီးပွားရေးဓနကံ တိုးတက် ကြီးပွား ချမ်းသာကိန်းမြင်သည်။ ဘာပဲလုပ်လုပ် အနန္တငါးပါးမမေ့နှင့်။ မိဘဆရာသမားများကို ရိုသေပါ။ ထူးခြား သောဖြစ်စဉ်နှင့် ကြုံတွေ့တတ်သည်။

**ကံကောင်းအရောင်။** စိမ်း၊ ဝါ၊ ပြာ ရောယှက်ရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** မင်္ဂလာရက်မြတ်ရွေးပြီး လက်ထပ်ကိန်းကြုံတတ်သည်။
**ကျန်းမာရေး။** အရိုးအက်၊ အရိုးပွရောဂါ သတိထားပါ။
**ထီထိုးရန်။** (စ) ၄-၆၊ (ဆ) ၄-၇၊ (ဇ) ၄-၈။
**ယတြာ။** အိမ်ဘုရားတွင် သရက်သီး၊ နာနတ်သီးဆွမ်း ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရည်ရွယ်ထားသောလုပ်ငန်းများ ပျက်ပြီး မရည်ရွယ်သောလုပ်ငန်း ဝင်လာတတ်သည်။ အစုစပ်၊ ရှယ်ယာဝင် ဘဏ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းတို့ ကံကောင်းတတ်သည်။ အမှုအခင်းဖြစ်ပြီး တရားစွဲဆိုခြင်းခံရမည်။

**ကံကောင်းအရောင်။** စတော်ဘယ်ရီရောင်၊ ပန်းရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** လိုက်လေ ဝေးလေ၊ ဆွေးလေဖြစ်နေဦးမည်။
**ကျန်းမာရေး။** အိပ်မပျော်သော၊ ဦးခေါင်းမူးဝေသောရောဂါဖြစ်တတ်သည်။
**ထီထိုးရန်။** (င) ၆–၈၊ (စ) ၆–၉၊ (ဆ) ၆–၆။
**ယတြာ။** မွေးနံထောင့်တွင် အုန်းပန်းခိုင်၊ အုန်းသီးစိ[illegible] အုန်းရည်ကပ်လှူပါ။


## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာပဲလုပ်လုပ် သတိထားလုပ်ပါ။ အဆင်မပြေမှု၊ ရန်ဘက် ပြိုင်ဘက်တို့ တွေ့ကြုံတတ်သည်။ ပတ်ဝန်းကျင်နှင့် ရန်ဖြစ်ပြီး ရဲစခန်း ရောက်ကိန်းမြင်သည်။ ခန္ဓာကိုယ်၌ သွေးထွက်သံယိုမြင်သည်။ ညဘက်အသွားအလာ အနေအထိုင်ဆင်ခြင်ပါ။ ပုတီးစိပ်၊ ဘုရားရှိခိုးပေးပါ။ ဘေးကင်းမည်။

**ကံကောင်းအရောင်။** ရွှေဖလားရောင်၊ ငွေဖလားရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** နှစ်ကိုယ်တူချစ်ရည်မှုပြီး ရုံးတက်လက်မှတ်ထိုးကိန်းမြင်သည်။
**ကျန်းမာရေး။** ဝမ်းချုပ်၊ ဆီးချုပ်ဖြစ်တတ်သည်။
**ထီထိုးရန်။** (တ) ၅–၉၊ (ထ) ၅–၈၊ (ဒ) ၅–၂။
**ယတြာ။** အိမ်ဘုရားတွင် ဆီမီးကိုးတိုင်၊ ရေကိုးခွက်၊ ဆွမ်းကိုးခွက် ကပ်လှူပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရည်ရွယ်ထားသော ကိစ္စအားလုံး ချောမောလွယ်ကူ အောင်မြင်မှုရမည်။ နိုင်ငံခြားခရီးစဉ်၊ ရာထူးအတွက် စာမေးပွဲတို့ အောင်မြင်မည်။ မိန်းမအဖျက်ရှိသည်။ ငယ်ရွယ်သူတို့ကို အရောတဝင်မနေသင့်ပါ။ အဆိပ်ရှိသော သတ္တဝါဖြစ်ပါသည်။

**ကံကောင်းအရောင်။** နီ၊ ဝါ၊ ပြာ၊ စိမ်း ရောယှက်အရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** လမ်းခွဲလေးက သင့်ချစ်သူက နှုတ်ဆက်သွားလိမ့်မည်။
**ကျန်းမာရေး။** ဦးခေါင်းကိုက်ခဲ ထုံကျဉ်ရောဂါ မကြာခဏဖြစ်တတ်သည်။
**ထီထိုးရန်။** (မ) ၆–၄၊ (ယ) ၆–၅၊ (ရ) ၆–၉။
**ယတြာ။** မွေးနံထောင့်တွင် မေမြို့ပန်း ငါးပွင့်၊ သပြေခက်ညွှန့် လှူပါ။

ဆက်လိုအေး၍ ပန်းလိုမွှေးပါစေ

သာစာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်)

www.burmeseclassic.com